# ဆာလံကျမ်းနိဒါန်း

(by J. Sidlow Baxter)

ဤဆာလံကျမ်းကို အဘယ်စကားလုံးအားဖြင့် တိကျဆီလျော်စွာ ဖော်ပြနိုင်ပါမည်နည်း။ ဘုရားသခင်ကို ကြောက်ရွံ့သောသူအဖို့ ဤဆာလံကျမ်း၏အကျိုးကြီးမားပုံကို မည်သူကအကုန်အစင် ဖော်ပြနိုင်မည်နည်း။ ဤဆာလံကျမ်းသည် Milton နှင့် Shakespeare တို့၏ စာပေ၊ အလွန်လက်တွေ့ကျသော ကဗျာအလင်္ကာဖြစ်ပါသည်။ "ခန္ဓာကိုယ်သည် အဝတ်အစားထက်ပို၍အရေးကြီးသကဲ့သို့" စာပေအရေးအသားထက် လက်တွေ့ကျမှုသည် ပို၍ အရေးကြီးလှပါသည်။ ထို့ကြောင့် ဤဆာလံကျမ်းသည် လက်တွေ့မဆန်သော သွန်သင်ချက်သာသာမဟုတ်ဘဲ၊ လူတို့ကြုံတွေ့ရသော လက်တွေ့ကျကျဆုံတွေ့ရသော ဘုရားသခင်၏သွန်သင်ချက်များဖြစ်ပါသည်။ စိတ်ကူးယဉ်အတွေးမဟုတ်ဘဲ၊ တိကျသေချာသော လူ့အတွေ့အကြုံများဖြစ်ပါသည်။ ဤအချက်သည် ဆာလံကျမ်းကို ဘုရားသခင်ကြောက်ရွံ့ခြင်းရှိသောသူအဖို့ အလွန်တန်ဖိုးကြီးသောရတနာတပါးဖြစ်စေသော အဓိကအချက်ဖြစ်ပါသည်။

C.J. Ellicott က "ကောင်းမွန်စွာထိန်းသိမ်းထားသော ဂရိဘုရားများချီးမွမ်းခြင်းသီချင်းတို့သည် ဆာလံကျမ်းနှင့်အလွန်ခြားနားခြင်းရှိပါသည်။ Shelley ဘာသာပြန်ထားသော ထိုသီချင်းကို ဆာလံဆရာ၏သီချင်းနှင့် နှိုင်းယှဉ်ကြည့်ကြပါ။ ထိုသီချင်းတို့တွင် ထိုဘုရားများ၏ မွေးဖွားခြင်းကို ဂုဏ်ပြုချီးမွမ်းလျက်၊ လှပစွာသီကုံးပြီး၊ သူတို့၏အလိုကို ကျေနပ်စေခြင်းငှါ မဟုတ်မမှန်လွန်ကဲစွာ ချီးမြှောက်သောစကားလုံးများတွေ့ရပါသည်။ ဆာလံကျမ်း၌တွေ့ရသော၊ လူတို့၏စိတ်ခံစားမှုဖော်ပြသော၊ မျက်ရည်ကျလျက် ဆုတောင်းခြင်း၊ ယုံကြည်ခြင်းသေချာမှုစသည့် လူတို့အစဉ်ကြုံတွေ့နေရသောအချက်တို့ကိုမတွေ့ရပါ။"

ဤဆာလံကျမ်းသည် ပြောင်းလဲတတ်သော လူ့စိတ်သဘောခံစားချက်တို့ကို ပေါ်လွင်စေသော၊ အတွေ့အကြုံကြွယ်ဝသော ကဗျာအလင်္ကာဖြစ်ပါသည်။ မျက်ရည်ကျလျက် ဝမ်းနည်းပင်ပန်းနေသောသူအဖို့ နှစ်သိမ့်မှုကိုပေးသော ဝမ်းမြောက်ခြင်းစမ်းရေလည်း ဖြစ်ပါ၏။ ထို့ပြင်အချို့သော ပန်းပင်တို့၌ ဆူးများရှိသော်လည်း၊ မွှေးရနံ့ကိုအစဉ်သင်းပျံ့ထုံသင်းစေသော ပန်းခြံကဲ့သို့ဖြစ်၏။ လူ့အတွေ့အကြုံတို့ကို စုံလင်စွာ သီကုံးဖွဲ့ဆိုထားသော၊ ချီးမွမ်းခြင်းနှင့်ဆုတောင်းခြင်းသံစဉ်၊ အောင်နိုင်ခြင်းနှင့်ဆင်းရဲဒုက္ခသံစဉ်၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်းသံစဉ်၊ မျှော်လင့်ခြင်းနှင့် စိုးရိမ်ခြင်းသံစဉ် စသည့် သံစဉ်စာသားပါဝင်သော သီချင်းတစ်ပုဒ်ဖြစ်ပါသည်။

တနင်္ဂနွေ၊ ဇူလိုင် (၁)
**ဆာလံ ၁**
မသဲ ၇း၁၃-၁၄

*"ထာဝရဘုရား၊ အကျွန်ုပ်ကို အသက်လမ်းထဲသို့ ပို့ဆောင်တော်မူပါ"*

# လမ်းနှစ်လမ်းတည်းသာရှိ၏

ဘုရားသခင်၏အမြင်၌လူသားအဖို့ လမ်းနှစ်လမ်းတည်းသာလျှင်ရှိပါသည်။ ဤအချက်ကို ဆာလံဆရာက သိမြင်ခဲ့ပါသည်။ လူ့ဘဝအတွက် ဤအကြောင်းသည် အလွန်အရေးကြီးသည်ဖြစ်သောကြောင့် ဤဘုရားသခင်ပေးတော်မူသော ဆာလံကျမ်း၏ အဖွင့်စာမျက်နှာ၌ ကျွန်ုပ်တို့အတွက် ဖော်ပြခဲ့ပါသည်။

ထိုလမ်းနှစ်လမ်းဟူမှုကား၊ (၁) ကောင်းကင်ဘုံသို့ ခေါ်ဆောင်သောဘုရားတရားလူတို့ လျှောက်သောလမ်း၊ (၂) ငရဲသို့ခေါ်ဆောင်သောလမ်းတည်းဟူသော ဘုရားကို ကြောက်ရွံ့ခြင်းမရှိသူတို့ လျှောက်လှမ်းရာလမ်း (ဆာလံ ၁း၆) ဟူ၍ဖြစ်ပါသည်။ ဤဆာလံဆရာမိန့်တော်မူသော အချက်ကို ယေရှုက တောင်ပေါ်ဒေသနာအဆုံးသတ်၌ ဤသို့အတည်ပြုတော်မူခဲ့၏- "ကျဉ်းသော တံခါးကိုဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သောလမ်းနှင့်တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သောသူတို့သည်နည်းကြ၏" (မသဲ ၇း၁၃-၁၄)။ စာဖတ်သူ၊ သင်ဘယ်လမ်းသို့လျှောက်နေပါသနည်း။

လူ့ဘဝခရီးအဆုံး၌ လူသားတိုင်းဘုရားသခင်ရှေ့မှောက်၌ စီရင်ခြင်းခံရမည့်အကြောင်းကို ဆာလံ ၁း၅ ထဲတွင် ဖော်ပြထားပါသည်။ ဘုရားသခင်ကြောက်ရွံ့ခြင်းမရှိသောသူတို့သည် ပြစ်ဒဏ်စီရင်ခြင်းခံလျက် အောက်သို့ပစ်ချခြင်းခံရကြမည်။ ဘုရားသခင်ကြောက်ရွံ့ခြင်းရှိသောသူတို့သည် ဝမ်းမြောက်စွာအပြစ်လွှတ်ခြင်းခံရပြီး၊ အထက်အရပ်သို့ ပို့ဆောင်ခြင်းခံရကြမည်ဖြစ်၏။ သင်သည်မည်သို့သောစီရင်ချက်ကို ခံရလိမ့်မည်နည်း။

ဤလောက၌ပင် ထိုသူနှစ်ဦးတို့သည် အလွန်ခြားနားခြင်းရှိကြပါသည်။ ဘုရားသခင်၏ နောက်တော်သို့လိုက်၍ မကောင်းသောအပေါင်းအသင်းကို ရှောင်ကြဉ်လျက် သမ္မာကျမ်းစာကို ဖတ်ရှုပြီး၊ သွန်သင်ချက်တို့ကို နေ့ညမပြတ်ဆင်ခြင်တွေးတောသောသူသည် မြစ်နား၌ စိုက်သောအပင်ကဲ့သို့ သန်မာကြီးထွားခြင်းရှိ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ နေ့စဉ်ခွန်အားယူပြီး၊ ဝိညာဉ်အသက်တာကြီးထွားခြင်းရှိလျက်၊ ကောင်းသောအမှုကို ပြုခြင်းဖြင့်ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေ၍ လူတို့အကျိုးကို ပြုတတ်၏။ ထိုအသက်တာကို ဆာလံဆရာ၊ ရှင်ဘုရင်ဒါဝိတ်၏ အသက်တာ၌ မြင်တွေ့ရသည်မဟုတ်လော။

ဘုရားသခင်ကြောက်ရွံ့ခြင်းမရှိသောသူသည် မကောင်းမှုကို ကြံစည်၍ မသန့်ရှင်းသော အကျိုးအမြတ်ကို ရှာဖွေခြင်းဖြင့် ပျက်စီးခြင်းသို့ ရောက်မည်အကြောင်း သေချာလှပါသည်။ သူသည် ရိတ်သိမ်းခြင်းကာလ၌ လေတိုက်၍လွင့်သောဖွဲ့နှင့်တူပါသည်။ ဒါဝိတ်၏ရန်သူ (ဥပမာအဟိသောဖေလနှင့်ယောအာ) တို့၏ ဝမ်းနည်းဖွယ်အဆုံးသတ်သည် ထိုနည်းတူဖြစ်ပါသည်။ ရောက်ရှိလာမည့်စီရင်ခြင်း၌သေခြင်းဖြင့် အဆုံးသတ်ရမည်သာမက၊ ယခုလျှောက်လှမ်းနေသောလမ်းခရီး၌လည်း ဝမ်းနည်းခြင်းနှင့် ရင်ဆိုင်နေရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အဘယ်လမ်း၌ ကျွန်တော်လျှောက်လှမ်းနေပါသနည်း။
**ဆုတောင်းချက်** - (ဆာလံ ၁၃၉း၂၃-၂၄ ကိုအသုံးပြုပါ)။

တနင်္လာ၊ ဇူလိုင် (၂)

**ဆာလံ ၁**

ဗျာ ၆း၁၅-၁၇ *“လမ်း၌မလွဲသော သူတို့သည် မင်္ဂလာရှိကြ၏. . . ”*

## ခရစ်တော်မေရှိယ၊ ဘိသိတ်ခံရှင်ဘုရင်

ဤဆာလံ ၂ ၌ရေးသားသော ပုဂ္ဂိုလ်၏နာမဖော်ပြခြင်းမရှိသော်လည်း၊ ဒါဝိတ်သည် ဤစာကြောင်းရေးသားသောသူဖြစ်ကြောင်းကို တမန်တော်ဝတ္ထု ၄း၂၅ ထဲတွင် ပေတရုက ဖော်ပြခဲ့ပါသည်။ ဤဆာလံကိုအကြောင်းအရာအားဖြင့်သာမက၊ စာကြောင်းအားဖြင့် အပိုဒ်ငယ်သုံးပိုဒ်စီအားဖြင့် လေးပိုင်းပိုင်းထားပါသည်။ ထိုအပိုင်းလေးပိုင်းသည် (၁) လူမျိုးတို့၏ပုန်ကန်ခြင်း၊ (၂) ထာဝရဘုရား၏အုပ်စိုးတော်မူခြင်း၊ (၃) သားတော်ကိုကြေငြာခြင်း၊ (၄) လူမျိုးတို့အားဆုံးမခြင်းတို့ဖြစ်ပါသည်။

ပေတရုသည် ဤဆာလံအားဖြင့် မိမိခေတ်၌ဖြစ်ပျက်သော ပုန်ကန်မှုကို ကြည့်သောအခါ၊ ဘုရားသခင်၏သားတော်ခရစ်တော်ကို ဆန့်ကျင်ခဲ့သော ဟေရုဒ်မင်း၊ ပိလတ်မင်း၊ တပါးအမျိုးသားတို့နှင့် ယုဒလူတို့၏ဆိုးညစ်သောအကြံအစည်တို့သည် အချည်းနှီးဖြစ်ကြောင်း မြင်တွေ့ခဲ့၏။ ထိုနည်းတူ ယနေ့ခေတ်ကြုံတွေ့ရသော လူဆိုးတို့၏အပြုအမူကို ဤတရားအားဖြင့်ကြည့်မြင်လျက်၊ ဘုရားသခင်၏ရန်သူတို့သည် ယေရှုခရစ်တော်၏အသင်းတော်ကို ညှင်းဆဲခြင်းပြုသောအခါ ကျွန်တော်တို့နားမလည်သဘောမပေါက်ခဲ့လျှင်၊ ညှင်းပန်းနှိပ်စက်ခြင်းခံရသောအခါ ကျွန်တော်တို့၏စိတ်နှလုံးသည် အလွန်ပူပန်စိုးရိမ်ခြင်းရှိလိမ့်မည်။ ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းတရားသည် ဆိုးညစ်သောလူတို့အကြား၌ နေထိုင်သောခရစ်ယာန်လူနည်းစုအတွက် အလွန်နှိမ့်သိမ့်စရာကောင်းသောတရားဖြစ်ပါသည်။ စုံစမ်းစစ်ကြောခြင်းခံရသောကာလ၌ သစ္စာရှိသောသူသည် ဗျာဒိတ် ၂း၁၀ ထဲမှ ခရစ်တော်၏စကားတော်အားဖြင့် ခွန်အားယူ၍ ရဲရင့်ခြင်းရှိတတ်၏။ ထိုနေ့ရက်ကာလတွင် ဤကမ္ဘာတစ်ခုလုံးကို စိုးစံခြင်းငှါ သားတော်ဘုရားသည် ဒါဝိတ်၏ရာဇပလ္လင်ပေါ်တွင် ထိုင်တော်မူလိမ့်မည်။ “ဘုရားသခင်ဘိသိတ်ပေးခြင်းခံရသောသူသည် ရာထူးအပ်နှင်းခြင်းခံရသောသူဖြစ်၍၊ ပြန်ရုတ်သိမ်းခြင်းခံရမည်မဟုတ်ပါ” (Spurgeon)။ ထို့ပြင်မိမိ၏ရန်သူတို့အပေါ်၌လည်း အုပ်စိုးခြင်းအာဏာရှိတော်မူမည်။ ထာဝရဘုရားက မိမိဘိသိတ်ပေးတော်မူသောသူထံသို့ သံလှံတံကိုအပ်ပေးတော်မူ၍၊ တရားစီရင်ရာနေ့၌ ရန်သူတို့အား မြေအိုးကိုခွဲဖျက်သကဲ့သို့ ခွဲဖျက်တော်မူလိမ့်မည်။

ရှင်ဘုရင်ကို ရိုသေကြောက်ရွံ့ခြင်းရှိကြစေခြင်းငှါ ဆန့်ကျင်သောသူတို့အား ဤအကြောင်းကို ပြောကြားခြင်းဖြစ်၏။ “သားတော်ကိုနမ်းကြလော့” (ဆာလံ ၂း၁၂) ဆိုသည်မှာ နာခံခြင်း (သို့) ကိုးကွယ်သောသူတို့သည် ရိုသေကြည်ညိုခြင်းရှိကြရမည်အကြောင်းကို ပြသခြင်းဖြစ်ပါသည်။ ဤလောက၌မိမိကိုယ်ကို အသင်းတော်၏ခေါင်းကဲ့သို့ “ခရစ်တော်ဟုတင်စားသောသူ” အား ရှင်ဘုရင်နှင့် သမ္မတတို့ကနမ်းကြခြင်းသည်၊ ခရစ်တော်တပါးတည်းသာခံထိုက်သော ကြည်ညိုရိုသေခြင်းကို လုယူရာရောက်ပါသည်။ သားတော်သည် မိမိခံထိုက်သောကြည်ညိုခြင်းကို မခံရသောအခါ၊ ထိုသို့မပြုသောသူတို့အပေါ် အမျက်ထွက်၍၊ သူတို့သည် “လမ်း၌ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်” (ဆာလံ ၂း၁၂)။

**ဆင်ခြင်ရန်** - (ဗျာဒိတ် ၆း၁၅-၁၇ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - သခင်ယေရှုကြွလာတော်မူပါ။ အာမင်။

# “ငါ့သား၊ ငါ့သား”

သားကအဘအား ပုန်ကန်ခြင်းအမှုလောက် ဝမ်းနည်းစရာကောင်းသောအမှုရှိပါမည်လော။ ထိုသို့ပုန်ကန်ခြင်းအမှု၌ အဘ၏မိတ်ဆွေတို့၏ သားဘက်၌ရပ်တည်ခဲ့ကြသေး၏။ ထိုသို့ ရှင်ဘုရင် ပုန်ကန်ခြင်းကျရောက်သောအခါ၊ တစ်တိုင်းပြည်လုံး လှုပ်ခတ်ခဲ့၏။ ဒါဝိဒ်နှင့်အဗရှလုံ၏ ပဋိပက္ခ ၌ လူတို့၏စိတ်အကြံအစည်တို့သည် လုံးလုံးပေါ်လွင်ခြင်းရှိခဲ့ပါသည်။ အဆိုးဆုံးအမှုသည် သစ္စာဖောက်ခြင်းဖြစ်၍၊ ဒါဝိဒ်သည်လည်း အဟိသောဖေလ၏ သစ္စာဖောက်ခြင်းခံခဲ့ရ၏။ ထိုနည်းတူ သစ္စာရှိခြင်းအမှု၌ သူရဲကောင်းဟုရှဲကိုတွေ့ရ၏။ ဤဒါဝိဒ်၏သစ္စာရှိသောမိတ်ဆွေသည် အဟိသောဖေလကိုဆန့်ကျင်ခြင်းအမှု၌ ဘုရားသခင်၏အသုံးတော်ခံဖြစ်ခဲ့ပါသည် (၂ ရာ ၁၅း၃၂-၁၇း၂၃ ကိုဖတ်ပါ)။

အနန္တတန်ခိုးရှင်၏မစတော်မူခြင်းတောင်းလျှောက်သောအခါ၊ ကျွန်တော်တို့သည် ထိုဘုရားသခင်၏ခိုင်းစေချက်ကို နာခံလိုက်လျှောက်ဖို့ ဆန္ဒရှိကြရပါမည်။ ဟစ်တလာဦးဆောင်သော ဂျာမနီက ဗြိတိသျှအင်ပါယာကို တိုက်ခိုက်သောအချိန်၌၊ ရှင်ဘုရင် George VI က မိမိငယ်သားတို့အား “ဘုရားသခင်ကျွန်ုပ်တို့ဘက်၌ ရပ်တည်မည့်အကြောင်း တစ်ခုတည်းအတွက်မဟုတ်ဘဲ၊ ဘုရားသခင်ဘက်၌ ကျွန်တော်တို့ရပ်တည်မည့်အကြောင်း ဆုတောင်းကြပါ” ဟုနှိမ့်ချသောစိတ်နှင့် ဆုတောင်းခြင်းနေ့ရက်၌မိန့်ခွန်းပြောကြားခဲ့၏။ ဒါဝိဒ်သည် ရန်သူအပေါင်းကို အောင်နိုင်ခဲ့၏။ အကြောင်းမှာ သူသည် ဘုရားသခင်ဘက်၌ရပ်တည်၍၊ ဘုရားသခင်သည် သူ့ဘက်၌ရပ်တည်သောကြောင့်ဖြစ်ပါသည်။ အကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်ရှေ့လူရှေ့၌ မှန်ကန်ခြင်းရှိပါသလား။

ဤဆာလံကို ဘုရားသခင်ထံဒါဝိဒ်၏ဆုတောင်းချက်လေးချက်အပေါ် အခြေခံ၍အပိုဒ်လေးပိုဒ်ခွဲထားပါသည်။

(၁) ဆာလံ ၃း၁-၃၊ ဒါဝိဒ်သည် ဆန့်ကျင်ပုန်ကန်ခြင်းခံရသောကြောင့်၊ ဘုရားသခင်ထံ ဆုတောင်းခဲ့၏။ ဘုရားသခင်၏သားသမီးတို့ စိတ်ပျက်အားလျော့၍ လဲကျခြင်းရှိကြမည်ကို ရန်သူတို့သည် မြင်လိုကြ၏။ အကျွန်ုပ်တို့၏ရန်သူလဲကျသောအခါ ကျွန်တော်တို့အလွန်ဝမ်းမြောက်ခြင်းရှိကြပါသလား။ သုတ္တံ ၂၄း၁၇-၁၈ ထဲမှ ရှောလမုန်၏သွန်သင်ချက်ကို သတိပြုကြပါလော့။

(၂) ဆာလံ ၃း၃-၄၊ ဒါဝိဒ်၏ဆုတောင်းချက်ကို ဘုရားသခင်အဖြေပေးတော်မူ၏။ ဘုရားသခင်သည် မိမိ၏အကွယ်အကာဖြစ်တော်မူကြောင်းကို ဒါဝိဒ်သိသောကြောင့် မိမိနန်းတော်သို့ ပြန်သွားရမည်ကို ယုံကြည်ခြင်းရှိ၏။ စိတ်အားထက်သန်စွာဆုတောင်းသောသူတိုင်းသည် ထိုသို့သော စိတ်နှလုံးငြိမ်သက်ခြင်းကိုခံရကြ၏။

(၃) ဆာလံ ၃း၅-၆၊ ဆုတောင်းခြင်းအဖြေပေးခြင်းခံရသောသူသည် စိတ်နှလုံးငြိမ်သက်ခြင်းရှိ၍၊ အဘက်ဘက်မှဝန်းရံခြင်းခံရသောအချိန်၌ပင် အိပ်ပျော်ရသောအခွင့်ကိုရကြ၏။ ခန္ဓာကိုယ်အားအင်သည် ဝိညာဉ်ခွန်အားမှမွေးဖွားခြင်းဖြစ်၏ (ဆာလံ ၁၂၇)။

(၄) ဆာလံ ၃း၇-၈၊ ဘုရားသခင်သည် ဆန့်ကျင်ခြင်းပြုသော၊ မတရားသောစကားကို ပြော၍ကိုက်ဖြတ်လိုသောရန်သူတို့ကို တိတ်ဆိတ်စေကြောင်း ဒါဝိဒ်မြင်ရသောအခါ၊ လွတ်မြောက်ခြင်းအကြောင်းကို ဆက်လက်တောင်းလျှောက်ခဲ့၏။ အဆုံးစွန်အာဏာရှိတော်မူသော ဘုရားသခင်ထံမှ မစတော်မူခြင်းကို ရရှိခြင်းဖြစ်ကြောင်း၊ ဒါဝိဒ်၏ကြွေးကြော်ချက်သည် ကယ်တင်ခြင်းသည် လူမဟုတ်ဘဲဘုရားသခင်ပိုင်တော်မူ၏ဟူသော Calvin သွန်သင်ချက်၏အခြေခံအုတ်မြစ်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၉၀း၁၀ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အား ကိုယ်တော်ဘက်၌အစဉ်ရပ်တည်စေတော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၄)

**ဆာလံ ၄**

ဆာလံ ၁၃၉း၂၃-၂၄

*"ဘုရားသခင်၏ သန့်ရှင်းသော တရားလမ်းကို ထိန်းသိမ်းစောင့်ရှောက်ထားသောသူသည် မင်္ဂလာရှိကြ၏"*

---

## "အကျွန်ုပ်စိတ်နှလုံးသည်သန့်ရှင်းပါ၏..." (Tennyson)

ဆာလံ ၄ ၏ ထူးခြားမှုတစ်ခုမှာ ခေါင်းစဉ်၌ "အကျွန်ုပ်ကိုဖြောင့်မတ်စေတော်မူသောဘုရား" ဟု ဘုရားသခင်အားဖော်ပြခြင်းဖြစ်ပါသည်။ ထိုသို့ဖော်ပြခြင်းသည် ဤတစ်ကြိမ်သာလျှင်ဖြစ်ပါသည်။

ဒါဝိတ်သည် မိမိ၌အပြစ်လုံးဝမရှိသကဲ့သို့ "သင့်ထက်ကျွန်တော်ပို၍သန့်ရှင်း၏" ဟူသောစိတ်သဘောထားပြသခြင်းမဟုတ်ပါ။ အချို့သောအမှု၌ ရန်သူတို့သည် မိမိအားမဟုတ်မမှန်စွပ်စွဲခြင်းပြုကြကြောင်း ဒါဝိတ်ကောင်းကောင်းသိပြီး၊ လိပ်ပြာလုံစွာအပြစ်ကင်းကြောင်း ပြောကြားနိုင်ပါသည်။ ဘုရားသခင်သည် မိမိ၏အမှုကို စီရင်သောတရားသူကြီးအဖြစ်ဆိုရာတွင် စိတ်နှလုံးထဲမှအမှန်ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်အား "အကျွန်ုပ်ကိုဖြောင့်မတ်စေတော်မူသောဘုရား" ဟုဖော်ပြခြင်းဖြစ်၏။ Tennyson ၏ကဗျာထဲမှ Sir Galahad ကဲ့သို့ "အကျွန်ုပ်၏ခွန်အားသည် လူဆယ်ယောက်၏ခွန်အားကဲ့သို့ဖြစ်ပါသည်။ အကြောင်းမှာ အကျွန်ုပ်၏စိတ်နှလုံးသည်သန့်ရှင်းပါ၏" ဟုဆိုနိုင်ပါသည်။ မိမိကြုံတွေ့ရသော အမှုတစ်စုံတစ်ခု၌ဒါဝိတ်သည် အပြစ်ကင်းသည်ဟု ဆိုနိုင်သော်လည်း၊ ဘုရားသခင်ရှေ့မှောက်တွင် ဂရုဏာတော်နှင့်ကျေးဇူးတော်ကိုတောင်းလျှောက်ခြင်းပြုလျက်ရှိ၏။ ကျွန်တော်တို့သည် အချင်းချင်းအကြား၌ အပြစ်ကင်းစင်သောသူဖြစ်နိုင်သော်လည်း၊ သန့်ရှင်းတော်မူသော သုံးပါးတစ်ဆူဘုရားသခင်ရှေ့မှောက်၌ ကျွန်တော်တို့သည် မထိုက်တန်သောသူ၊ ပျက်စီးသောသူဖြစ်ကြပါ၏။

အခက်အခဲဒုက္ခကြုံတွေ့ရစဉ် ဘုရားသခင်၏မစတော်မူခြင်းခံခဲ့ရသော ဒါဝိတ်သည် ယခုအခြေအနေ၌ ဘုရားသခင်ထံမှအာမခံချက်ကို တောင်းလျှောက်လျက်ရှိ၏။ မိမိ၏ဆုတောင်းသံကိုဘုရားသခင်နားညောင်းတော်မူကြောင်း သေချာသိရှိရသောအခါ၊ ဘုရားသခင်ခွဲခန့်မှတ်သားတော်မူသောအရာသည် အမှန်ဖြစ်လာမည်အကြောင်း မိမိရန်သူတို့အား ပြောကြားခဲ့၏။ ဘုရားသခင်သည် သင့်ကိုခေါ်တော်မူ၍ သင်သည် စိတ်နှလုံးအကြွင်းမဲ့ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ပါလျှင်၊ အဘယ်အရာမျှ ကြောက်ရွံ့ဖို့မလိုပါ။ အပြစ်ကိုပေါ့ပေါ့တန်တန် တွေးထင်သောသူတို့အဖို့ ဆုံးမစကားဟူမူကား၊ "တုန်လှုပ်ခြင်းရှိပြီး၊ အပြစ်ကိုမပြုကြနှင့်" ဟူ၍ဖြစ်၏။ အိပ်ယာပေါ်၌ မကောင်းမှုကိုကြံစည်တွေးတောမည့်အစား (ဆာလံ ၃၆း၄)၊ မိမိ၌မကောင်းသော၊ ဆိုးညစ်သောအတွေးရှိမရှိ မိမိစိတ်နှလုံးကို ဆန်းစစ်ကြရပါမည်။ ထိုသို့မိမိစိတ်နှလုံးဆန်းစစ်ဆင်ခြင်ခြင်းအမှုပြုခြင်းအကြောင်းကို ဆာလံ ၁၃၉း၂၃-၂၄ ထဲ၌တွေ့ရသော ဒါဝိတ်၏ဆုတောင်းချက်၌ မြင်တွေ့ရပါသည်။ ကျွန်တော်တို့သည် မိမိကိုယ်ကို လှည့်စားတတ်ကြသောကြောင့်၊ အကျွန်ုပ်တို့၏စိတ်နှလုံးအတွေးနှင့်အကြံအစည်တို့သည် ဘုရားသခင်အတွက်လော (သို့) မိမိကိုယ်ကျိုးအတွက်လောဟူ၍ဆန်းစစ်ခြင်းပြုကြရပါမည်။ ဘုရားသခင်ရှေ့၌ ရိုးသားစွာလူဆယ်ဦး၏ခွန်အားရှိသည်ဟု ခံယူပါလျှင်၊ ဘုရားသခင်၌ဝမ်းမြောက်ခြင်းရှိရမည်ဖြစ်ပါသည်။ ". . . အကြောင်းမှာ ထာဝရဘုရား၌ဝမ်းမြောက်ခြင်းသည် သင်တို့အဖို့ ခွန်အားဖြစ်၏" (နေဟမိ ၈း၁၀)။ ထိုသို့ထာဝရဘုရား၌ ခွန်အားရှိခြင်း၏ရလဒ်တစ်ခုသည် နေ့အချိန်၌သာမဟုတ်ဘဲ၊ ညအချိန်၌လည်း စောင့်ရှောက်တော်မူသောဘုရားသခင်၌ လုံခြုံမှုရှိခြင်းနှင့် နှစ်ခြိုက်စွာအိပ်ပျော်ရသောအခွင့်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ယေရှုသည် အကျွန်ုပ်ကိုစောင့်ကြည့်တော်မူသောကြောင့် လုံခြုံမှုမင်္ဂလာခံစားရပါ၏။"

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော့်ရှေ့မှောက်၌ နေ့စဉ်မိမိကိုယ်ကို ဆန်းစစ်မည်အကြောင်း သွန်သင်ပေးတော်မူပါ။

ကြာသပတေး၊ ဇူလိုင် (၅)

**ဆာလံ ၅** *“ဘုရားသခင်၏ နေ့ရက်တွင်*

ဟေရှာ ၅၅း၆-၇ *မှတ်မိသောသူသည် မင်္ဂလာရှိကြ၏. . . ”*

# နံနက်ဆုတောင်းစဉ်အခါ ဒါဝိတ်၏မိမိကိုယ်ကိုဆန်းစစ်ခြင်း

ဤဆာလံ၏ခေါင်းစဉ်၌တွေ့ရသောစကားလုံး "Nehiloth" ၏အဓိပ္ပါယ်သည် “အမွေ” ဖြစ်သည်ဟု အချို့ကထင်ကြ၏။ အချို့ကလည်း ဆာလံ ၄ ၌တွေ့ရသော "Neginoth" သည် “ကြိုးပါသောတူရိယာ” ဖြစ်သောကြောင့်၊ ဤ "Nehiloth" သည်လည်း “မှုတ်သောတူရိယာ” ဖြစ်မည်ဟု ယူဆကြပါသည်။ Calvin က “ဤအရာသည် တူရိယာတစ်ခုခု (သို့) သံစဉ်ဖြစ်မည်ဟုဆိုကြသောသူတို့၏ယူဆချက်ကို ကျွန်တော်လည်းသဘောတူ၏။ သို့သော်လည်း အဘယ်သို့သောအရာဖြစ်မည်နည်းဟူသောအချက်သည် အဓိကအရေးကြီးသောအရာမဟုတ်” ဟုဆိုခဲ့၏။ အဓိကအရေးကြီးသောအရာဟူမူကား နံနက်အချိန်အခါမည်သို့ဆုတောင်းရမည်ကို ကျွန်ုပ်တို့အဖို့ ဒါဝိတ်ပုံသာဓကပြုခြင်းအကြောင်းပေတည်း။ Spurgeon က “နံနက်အချိန်တစ်နာရီသည် ညနေအချိန်နှစ်နာရီလောက်တန်ဖိုးရှိ၏” ဟုဆိုခဲ့၏။ အခြားပုဂ္ဂိုလ်တစ်ဦးက “နံနက်စောစောဘုရားသခင်ထံ ချဉ်းကပ်ခြင်းသည် စိတ်အားထက်သန်စွာ ချဉ်းကပ်ခြင်းဖြစ်သည်” ဟုဆိုခဲ့၏။

နံနက်စောစောဆုတောင်းခြင်းထက် ပို၍အရေးကြီးသောအချက်ဟူမူကား ကျွန်ုပ်တို့၏စိတ်သဘောထားပင်ဖြစ်ပါသည် (ဆာလံ ၆၆း၁၈)။ ထို့ကြောင့် ဒါဝိတ်သည်မတရားသောအမှုတည်းဟူသော မုသာစကားပြောခြင်း၊ လှည့်စားခြင်းနှင့် လူ့အသက်ကိုသတ်ခြင်းအမှုကို ဘုရားသခင်မုန်းတီးတော်မူကြောင်း မိမိကိုယ်ကိုအသိပေးခဲ့၏။ ထိုသို့ဒါဝိတ်၏နံနက်အချိန်ခါဆုတောင်းခြင်းသည် ဗိမာန်တော်၌အခြားသူတို့နှင့် ဝတ်ပြုခြင်းသို့ပို့ဆောင်၏။ ရပ်ဝေး၌ရှိနေလျှင်ပင် သန့်ရှင်းသောဗိမာန်တော်ဘက်သို့ ဦးတည်၍ဆုတောင်းခြင်းပြုလိုခဲ့၏။ ကျွန်တော်တို့သည် နေ့တိုင်းနံနက်စောစော ဘုရားသခင်ကို ချဉ်းကပ်ကြပါသလား။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသို့သွားကြပါသလား။ ခရီးသွား၍ရပ်ဝေးသို့ရောက်နေသောအချိန်၌ ဘုရားသခင်ဝတ်ပြုခြင်းအတွက် မိမိအချိန်ကို သတ်မှတ်ခြင်းပြုပါသလား။

ဒါဝိတ်သည် သစ္စာဖောက်သောသူမှစ၍ ချော့မော့တတ်သောသူ၊ စသည့်ရန်သူ (သုတ္တံ ၂၉း၅) မျိုးစုံတို့၏ဝန်းရံခြင်းခံနေစဉ်၊ ထိုဘုရားသခင်ကို ဆန့်ကျင်သောသူတို့၏ ဖျက်ဆီးခြင်းအဖို့ ဆုတောင်း၏။ ထို့ကြောင့် ထိုသူတို့၏ကျော့ကွင်းထဲသို့မကျစေခြင်းငှါ၊ ဘုရားသခင်၏ လမ်းပြပို့ဆောင်ခြင်းအတွက် ဆုတောင်းခဲ့ပါသည်။ မိမိကဲ့သို့ ဘုရားသခင်ကိုယုံကြည်ကိုးစားသောသူအပေါင်းတို့ကိုလည်း၊ သူတို့၏အကွယ်အကာဖြစ်တော်မူသော ထာဝရဘုရား၌ ဝမ်းမြောက်ခြင်းရှိကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ မတရားသောအမှုကို မုန်းတီးတော်မူသောဘုရားသခင်သည် စိတ်နှလုံးဖြောင့်မတ်သောသူတို့အား ကောင်းကြီးပေးတော်မူလိမ့်မည်။ မိမိ၏ကျေးဇူးတော်အားဖြင့် ဝန်းရံလျက်၊ အန္တရာယ်ကြား၌ ကွယ်ကာတော်မူလိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏တောင်းလျှောက်မှုကို ပေးသနားတော်မူမည်လော။ ရန်သူတို့သည် အကျွန်ုပ်တို့အား အမျိုးမျိုးသောအခက်အခဲ အဆီးအတားပြုကြသော်လည်း၊ ဘုရားသခင်၏မစတော်မူခြင်းအားဖြင့် ကျွန်တော်တို့သည် လွတ်မြောက်ခြင်းအခွင့်ရှိကြလိမ့်မည်။ နံနက်တိုင်း ဘုရားသခင်ကို ချဉ်းကပ်သောသူ၊ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း၌ ရိုသေကြောက်ရွံ့ခြင်းဖြင့် ဘုရားဝတ်ပြုသောသူတို့သည် အရှက်ရကြလိမ့်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - (ဟေရှာယ ၅၅း၈-၇ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကြောက်ရွံ့ရိုသေသောစိတ်နှင့်တကွ နံနက်တိုင်းကိုယ်တော်ကို ချဉ်းကပ်လိုပါ၏။

သောကြာ၊ ဇူလိုင် (၆)
**ဆာလံ ၆**
ဟေဗြဲ ၄း၁၆

*“. . . ထာဝရဘုရားထံ၌
သန့်ရှင်းအောင်ထိန်းသိမ်းထားပါ”*

# မျက်ရည်နှင့်ပြည့်သောအကျွန်ုပ်ကုတင်၌မျော၍နေပါ၏

ဤဆာလံသည် ဒါဝိတ်၏နောင်တရခြင်းနှင့်ဆိုင်သော ဆာလံခုနစ်ခုတွင် တစ်ခုဖြစ်ပါသည်။ ဆာလံ ၆း၃-၄ တွင်သူသည် ဝိညာဉ်အရေး၌ စိတ်အားငယ်နေကြောင်းတွေ့ရပါသည်။ အပိုဒ်ငယ် ၂ နှင့် ၅ တွင်သူသည် နာမကျန်းဖြစ်သည်ဟု ထင်ရပါသည်။ အပိုဒ်ငယ် ၇ နှင့် ၁၀ တွင် ရန်သူတို့နှင့်ရင်ဆိုင်ခြင်းအမှုကို ဖော်ပြထား၏။ ပြဿနာရောက်လာသောအခါ တစ်ခုတည်းမလာတတ်ပါ။

“မိမိကံကြမ္မာဖန်တီးဖို့ရန် ကြိုးစားသောသူနှင့်မိမိ၏ဘဝအသက်တာမောင်းနှင်ခြင်းငှါကြိုးစားသောသူ” (William E. Henley) တို့သည် သူတို့ကြိုးစားခြင်းအမှု၌ ပျက်စီးကြပါလိမ့်မည်။ ဤသည်ကား အကျိုးမရှိသော Stoic ၏ သွန်သင်ချက်ဖြစ်ပါသည်။ လူတစ်ဦးသည် ဘုရားသခင်မပါဘဲ၊ အသက်အရွယ်ကြီးရင့်လာခြင်းသည် အလွန်ဝမ်းနည်းဖွယ်ကောင်းသော၊ အထီးကျန်ဆန်သောဘဝဖြစ်ပါသည်။

ခရစ်ယာန်တို့သည် ဒါဝိတ်၏အသက်တာကို သာဓကယူကြပါစို့။ ဒါဝိတ်သည် အခက်အခဲဒုက္ခနှင့်ကြုံတွေ့သောအခါ ဘုရားသခင်ထံမှဆုံးမသွန်သင်ခြင်းအဖြစ်ခံယူခဲ့၏။ မစခြင်းခံရခြင်းငှါ ကောင်းကင်ဘုံရှိအဘထံ အလျင်အမြန်ချဉ်းကပ်ခဲ့၏။ မိမိအကျိုးကိုပြုစုမည့်၊ ယုံကြည်ကိုးစားရသော ဘုရားသခင်ထံပြေးဝင်တတ်၏။ ဘုရားသခင်ထံတောင်းလျှောက်ခြင်းပြုသောအခါ မိမိ၌ကောင်းကွက်မရှိကြောင်းသိသဖြင့် ဂရုဏာတော်ကိုရှေးဦးစွာ တောင်းလျှောက်တတ်၏။ ထိုသို့တောင်းလျှောက်ခြင်းကိုအစဉ်ပြု၍၊ အလွန်ခံစားရသောအခါ ငိုကြွေးအော်ဟစ်လေ့ရှိ၏။ ထိုသို့ငိုကြွေးခြင်းကြောင့် မိမိကုတင်သည် မျက်ရည်ကြောင့် ရေကန်သဖွယ်ဖြစ်ခဲ့ပါ၏။ ဤ (အတိသယဝုတ္တိအလင်္ကာ) အလွန် အကျွံဖော်ပြခြင်းက မိမိ၏ငိုကြွေးတောင်းလျှောက်ခြင်းအားကြီးမှုကို ပေါ်လွင်စေပါသည်။ တခါတရံ စိတ်ခံစားချက်အကုန်လုံးဖွင့်အန်ခြင်းသည် ကောင်းသောဆေးတစ်လက်ဖြစ်၏။ ဖွင့်အန်ခြင်းမပြုလျှင် စိတ်နှလုံးထဲ၌ဝန်ထုပ်ကြီးသဖွယ်လေးလံတတ်ပါသည်။ စိတ်ခံစားချက်သည် ခန္ဓာကိုယ်နှင့်စိတ်နှလုံးကို ထိခိုက်စေနိုင်၏။ ခရစ်ယာန်နှင့်ချစ်ခြင်းမေတ္တာနှင့် ပြည့်တော်မူသော ကောင်းကင်ဘုံရှိအဘတို့၏မိဿဟာယဖွဲ့ခြင်းသည်ကလေးငယ်နှင့်မိခင်တို့၏ နှစ်သက်ဖွယ်ဆက်ဆံရေးကဲ့သို့ဖြစ်ပါသည်။ မိခင်ရင်ခွင်ထဲသို့ပြေးဝင်လျှက် ကလေးငယ်သည် ငိုကြွေး၍ မိခင်၏ယုယပွေ့ဖက်ခြင်းကို ခံရတတ်၏။ ဟေဗြဲ ၄း၁၆ ကိုဖတ်ပါ။

ကျွန်တော်တို့သည် မိမိတို့၏ပြဿနာများကို ဘုရားသခင်ထံ ဖွင့်ဟဖော်ပြသောအခါ၊ ကျွန်ုပ်တို့ကို ဝမ်းမြောက်ခြင်းနှင့်ပြည့်စေတော်မူမည် (ဆာလံ ၃၀း၅)။ ဒါဝိတ်သည် ဘုရားသခင်ထံ တစ်ညလုံးမျက်ရည်နှင့်တောင်းလျှောက်ခြင်းပြုပြီးနောက်၊ နေ့သစ်အာရုဏ်တက်ချိန်တွင် စိတ်ပေါ့ပါးပျော်ရွှင်စွာနိုးထခဲ့ပါသည်။ မိမိ၏ဝန်ထုပ်ဖယ်ရှားခြင်းခံရသည်ဟု ခံစားရ၏။ အထူးသဖြင့် “မကောင်းမှုကိုပြုသောသူများ”၊ မိမိ၏ရန်သူတို့သည် ဖယ်ရှားခြင်းခံရကြ၏။ သူ၏ဆုတောင်းချက်အဖြေပေးခြင်းခံရခဲ့၏။

**ဆင်ခြင်ရန်** - (ဆာလံ ၂၇း၁၄ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုအစဉ်မျှော်လင့်သောသူဖြစ်စေတော်မူပါ။

စနေ၊ ဇူလိုင် (၇)
**ဆာလံ ၆**
၂ ပေ ၃း၈

*"တစ်ပတ်တာအတွက်*
*ဘုရားသခင်ကို ကျေးဇူးတင်ပါ၏"*

## ထာဝရဘုရား၊ အဘယ်မျှကာလကြာပါမည်နည်း

စောင့်နေသောသူကကြာလိုက်တာဟုဆိုတတ်၏။ မျှော်လင့်စောင့်စားနေသောအချိန်တွင် နာရီလက်တံတို့သည် အလွန်နှေးကွေးစွာ လှုပ်ရှား၍စက္ကန့်တို့သည် ကြာညောင်းလှပါ၏။ ကျွန်တော်တို့ ဆင်းရဲဒုက္ခခံရ၍ လွတ်မြောက်ခြင်းမျှော်လင့်နေသောအချိန်တွင် ခဏတာအချိန်သည် နာရီပေါင်းများစွာကဲ့သို့ရှည်ကြာပြီး၊ ပျော်ရွှင်ဝမ်းမြောက်သောအချိန်တွင် နာရီပေါင်းများစွာသည် ခဏတာကဲ့သို့ ဖြစ်တတ်၏။

အိုထာဝရဘုရား၊ စစ်ကြောခြင်းကာလမည်မျှကြာမည်နည်း။ ကျွန်တော်တို့သည် အခက်အခဲဒုက္ခခံရသောအခါ ကြာကြာမခံရမည်အကြောင်း ဘုရားသခင်ထံတောင်းလျှောက်တတ်ကြ၏။ သို့သော်လည်း စိတ်ရှည်သည်းခံခြင်းသည် မိမိအမှုကိုစုံလင်စွာ ဆောင်ရွက်မည်အကြောင်း ဘုရားသခင်သည် မည်မျှကြာမည်ကို ကျွန်တော်တို့ထံဖော်ပြခြင်းပြုတော်မမူ။ အခက်အခဲဒုက္ခကို ကြံ့ကြံ့ခံခြင်းငှါသာ တိုက်တွန်းတော်မူ၏။

ထာဝရဘုရား၊ လွတ်မြောက်ခြင်းဘယ်တော့ရောက်လာမည်နည်း။ စစ်ကူစေလွှတ်သောအခါ တိုက်ပွဲသည် ပို၍ပြင်းထန်လာခဲ့၏။ လွတ်မြောက်ခြင်းလမ်းရှာသော်လည်း အချည်းနှီးဖြစ်ခဲ့၏။ ကျွန်တော်တို့ဆက်လက်ခုခံနိုင်မည်မဟုတ်ကြောင်း သိလာ၏။ အားကုန်ကြိုးစားခုခံနေရသည်ဖြစ်သောကြောင့်၊ အကူအညီရောက်မလာလျှင် ဒီညပျက်စီးခြင်းသို့ ကျွန်တော်တို့ရောက်ရပါတော့မည်။ ထိုအချိန်တွင် ရန်သူတို့က "သင်၏ဘုရားသခင်အဘယ်၌ရှိသနည်း" ဟုအော်ဟစ်ကြ၏။ ထိုအခါ ကျွန်တော်တို့သည် မေ့လျော့ခြင်းခံရပြီး၊ စွန့်ပစ်ခြင်းခံရပြီးဟု တွေးထင်တတ်ကြ၏။

ထာဝရဘုရား၊ ဘယ်တော့ကြွလာတော်မူမည်နည်း။ အလျှင်အမြန်ကြွလာတော်မူမည်ဟု ကိုယ်တော်မိန့်တော်မူခဲ့၏။ သို့သော်လည်း ရာစုနှစ်များစွာ ကုန်လွန်ခဲ့ပါပြီ၊ စောင့်နေရသည်မှာ ကြာညောင်းလှပါပြီ။ ကျွန်တော်တို့သည် ရှင်ဘုရင်၏ခြေသံကို သိနိုင်စွမ်းမရှိပါ။

ချစ်သောစာဖတ်သူ၊ သင်၏မြည်တမ်းခြင်းကို ရပ်တန့်ပါလော့။ နောက်ကျခြင်းသည် ငြင်းပယ်ခြင်းမဟုတ်ပါ။ ဘုရားသခင်အဖို့ နှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့ဖြစ်၏။ ကိုယ်တော်သည် နီးတော်မူပြီ၊ တံခါးဝ၌ရောက်နေပြီဖြစ်၏။ ကိုယ်တော်သည် ချိန်းချက်သောအချိန်ထက် စောလျင်ခြင်းမပြု၊ နောက်ကျခြင်းလည်း ရှိတော်မမူ။

**ဆင်ခြင်ရန်** - အဘယ်ကြောင့် အကျွန်ုပ်သည် ညည်းတွားမြည်တမ်းခြင်းပြုပါသနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် အနီးအနား၌ ရှိတော်မူကြောင်းကို အစဉ်သတိရလိုပါ၏။

တနင်္ဂနွေ၊ ဇူလိုင် (၈)

**ဆာလံ ၇**

ယာကုပ် ၄း၁၁ *တစ်ပတ်တာလုံး၏အကောင်းဆုံးနေ့*

## စွပ်စွဲခြင်းအမှုပြုသောသူတို့အားစီရင်ခြင်း၌ဘုရားသခင်ထံတောင်းလျှောက်ခြင်း

ဟဗက္ကုက် ၃ ၌လည်းတွေ့ရသော "Shiggaion" ဟူသောစကားလုံးသည် "အားကိုးရာမဲ့နေခြင်း" အဓိပ္ပာယ်ရှိပါ၏။ ဤဆာလံအနက်ဖွင့်ခြင်းတစ်ခုတွင်၊ အမျိုးမျိုးသောသံစဉ်အားဖြင့် "အားကိုးရာမဲ့လှည့်လည်နေသောခံစားချက်" ဖြင့် သီဆိုရမည်ဟုဖော်ပြထားပါသည်။ ထိုသို့သောသံစဉ်နှင့် ဤဆာလံ၌တွေ့ရသောစကားလုံးတို့သည် ကိုက်ညီမှုရှိသည်ဟုထင်ရပါသည်။

ဗင်္ယာမိန်အမျိုးသားကုရှသည် မည်သူနည်း။ အချို့သောသူက ကုရှသည်ဗင်္ယာမိန်အမျိုးသားဖြစ်သော ရှောလု၏လျှို့ဝှက်အမည်နာမဖြစ်သည်ဟု ထင်ကြ၏။ အချို့တို့က ကုရှအမျိုးဒေသီယိုပီးယားလူတို့သည် အသားမည်းကြသောကြောင့်၊ ဒါဝိတ်ကြုံတွေ့ရသောရန်သူတို့၏ အလွန်မောင်မိုက်သောမုသာစွပ်စွဲချက်ကို တင်စားခြင်းဖြစ်သည်ဟု ထင်ကြ၏။ Calvin ကမူ၊ ဒါဝိတ်က မိမိ၏ရန်သူ၊ မိမိကိုစွပ်စွဲသောပုဂ္ဂိုလ်ကုရှကို ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်ဟု ရိုးရှင်းစွာလက်ခံထား၏။ ဤအချက်တို့အပေါ် အခြေခံလျက် "စွပ်စွဲခြင်းအမှုပြုသောသူတို့အား စီရင်ခြင်း၌ ဘုရားသခင်ထံ တောင်းလျှောက်ခြင်း" ဟုခေါင်းစဉ်ပေးထားခြင်းဖြစ်ပါသည်။

စွပ်စွဲခြင်းဆိုသည်မှာ လူတစ်ဦးအကြောင်းကို အခြားသောသူတစ်ဦးထံ မဟုတ်မမှန်တင်ပြဖော်ပြခြင်းဖြစ်ပါသည်။ ဤအမှုသည် ဥပဒေအရ အရေးယူ၍ရသောအမှုဖြစ်ပါသည်။ ထိုသို့ ဒါဝိတ်ခံရသော စွပ်စွဲချက်သည် အလွန်ပြင်းထန်လှပါ၏ (ဆာလံ ၇း၄)။ စွပ်စွဲခြင်းကို မကျေနပ်၊ မနာလိုသောသူတို့အစဉ်ပြုတတ်သော အကျင့်စာရိတ္တရှုတ်ချခြင်းဖြစ်ပါသည်။ မိမိကိုကျွေးမွေးပြုစုသောလက်ကို ပြန်ကိုက်သောခွေးမိုက်နှင့်တူပါသည်။

ကျွန်ုပ်တော်တို့သည် ထိုသို့မတရားမပြုသောအချိန်၌ (ဆာလံ ၇း၃) မတရားစွပ်စွဲခြင်းခံရ၍ အကူအညီမဲ့သည်ဟု ထင်ရသောအခါ၊ ဒါဝိတ်ကဲ့သို့ အယူခံဝင်တောင်းလျှောက်ရသော ဘုရားသခင်ရှိတော်မူကြောင်း သတိရကြပါစို့ (ဆာလံ ၇း၁)။ ထိုဘုရားသခင်သည် ဖြောင့်မတ်သောသူအဖို့ မတရားသောအမှုအလုံးစုံကို ဖော်ထုတ်စီရင်ပေးတော်မူမည်။ ထိုစွပ်စွဲချက်အမှု၌ ဒါဝိတ်၏ခိုလှုံရာသည် ဘုရားသခင်ဖြစ်တော်မူ၏။ မိမိရန်သူတို့ပစ်လွှတ်လိုက်သော စွပ်စွဲချက်မြှားတံတို့သည် နောက်ဆုံး၌ သူတို့ကိုထိမှန်မည်အကြောင်း ဒါဝိတ်ယုံကြည်ခြင်းရှိ၏ (ဆာလံ ၇း၁၅-၁၆)။

ဘုရားသခင်၏ဒဏ်ခတ်ခြင်းသည် အလျှင်အမြန် (သို့) နောက်မှအမှန်တကယ်ရောက်ရှိလာမည်ဖြစ်၏။ သူတပါးမကောင်းကြောင်း မပြောမိစေရန် ကျွန်ုပ်တော်တို့သတိထားကြရပါမည်။ မာတင်လူသာသည် သူတပါးမကောင်းကြောင်း ပြောလာသောသူတို့၏ စကားကိုနားထောင်လိုခြင်းမရှိပါ။

**ဆင်ခြင်ရန်** - (ယာကုပ် ၄း၁၁ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ပြောထွက်သော မတရားသောအပြောအဆိုကို ခွင့်လွှတ်တော်မူပါ။ ယာကုပ် ၄း၁၁ ကိုအစဉ်အမှတ်ရလိုပါ၏။

တနင်္လာ၊ ဇူလိုင် (၉)

**ဆာလံ ၈**

တမန်တော် ၃း၁၉ *“နေ့တိုင်း ယေရှုအတွက် အသက်ရှင်ကြပါ”*

## “ကိုယ်တော်သည်ကြီးမြတ်လှပါသည်တကား”

လူသည်ကောင်းကင်ယံ၌ သွားလာနေပါသော်လည်း၊ ဘုရားသခင်ဖန်ဆင်းထားသော အရာတို့၏ဘုန်းအသရေကို သတိမထားတတ်ပါ။ လူ့ဘဝ၏အခက်အခဲဒုက္ခနှင့် လူတို့၏သွားလာလုပ်ရှားမှုတို့ကိုသာ သတိထားမိတတ်ကြပါသည်။ ဤသို့ဖြင့် လူ့ဝိညာဉ်သည် ဥပေက္ခာပြုခြင်းခံလျက် ဆုံးရှုံးခြင်းသို့ရောက်တတ်၏။ လူသည် မိမိ၏ဇာတိအမှန်ကိုပြန်၍လေ့လာရပါမည်။ ကောင်းကင်ယံကို မျှော်ကြည့်လျက် ဆာလံ ၁၉း၁ ၌တွေ့ရသော ဒါဝိတ်ကဲ့သို့ ဘုရားသခင်ကို ချီးမွမ်းရပါမည်။ ဒါဝိတ်၏ယုံကြည်ခြင်းကဲ့သို့ အနန္တတန်ခိုးရှင်ဘုရားသခင်ကို ချီးမွမ်းကြပါစို့။ ခလေးငယ်တို့၏အပြစ်ကင်းစင်သော ချီးမွမ်းခြင်းစကားသံကိုဘုရားသခင်နှစ်သက်တော်မူ၏။ ဖန်ဆင်းရှင်သခင်အား၊ ဒါဝိတ်၏ သားတော်အားဟောရှဏ္ဏာဖြစ်စေသတည်းဟု ကြွေးကြော်သောကလေးငယ်တို့ကို ဆီးတားခြင်းပြုသော ယဇ်ပုရောဟိတ်အကြီးနှင့် ကျမ်းပြုဆရာတို့ကို သခင်ယေရှုက ဆာလံ ၈း၂ ကိုကိုးကားလျက် ငြိမ်သက်စေတော်မူခဲ့၏။ ဘုရားသခင်၏ဖန်ဆင်းခြင်းအံ့ဖွယ်အရာတို့ကို မြင်တွေ့ရသောအခါ ကျွန်ုပ်တို့၏သေးငယ်မှုကို သိမြင်လာတတ်ကြ၏။ သို့သော်လည်း ကျွန်တော်တို့သည် ဘုရားသခင်ဖန်ဆင်းထားသောအရာတို့တွင် အထွဋ်အထိပ်ဖြစ်၍၊ ကိုယ်တော်၏မျက်ဆန်ကဲ့သို့ဖြစ်ကြပါသည် (ဆာလံ ၁၇း၈)။

ကျွန်တော်တို့သည် “ကောင်းကင်တမန်တို့အောက် အနည်းငယ်နိမ့်သော” သေနိုင်သောလူဖြစ်ကြသော်လည်း၊ ကျွန်ုပ်တို့ကိုယ်စားအသေခံခြင်းငှါ လူ့ဇာတိကိုခံယူသော ယေရှုသည်လည်း “ကောင်းကင်တမန်တို့အောက်အနည်းငယ်နိမ့်ခြင်း” (ဟေဗြဲ ၂း၉-၁၈) ခံခဲ့ရ၏။ သို့သော်လည်း ကျွန်ုပ်တို့၏ခေါင်းဖြစ်သော ထိုသခင်အားဖြင့် အောင်နိုင်ခြင်းရလျက်၊ ဘုန်းအသရေတော်နှင့် ချီးမြှောက်ခြင်းခံရကြမည်ဖြစ်၏။ ထိုသခင်ယေရှုခရစ်တော်၌ ပါရဒိသုဘုံသည် ပြန်၍အသက်ဝင်ခဲ့၏။ “ထို့ကြောင့် ထာဝရဘုရားထံတော်မှ ချမ်းဧသောအချိန်ကာလသည် ရောက်လာ” (တမန် ၃း၁၉) သောအခါ ကိုယ်တော်၌သားအရာ၌ ခန့်အပ်ခြင်းခံရသော ကျွန်တော်တို့သည် ထိုသခင်နှင့်အတူ ဖန်ဆင်းထားသောအရာအပေါင်းအပေါ်၌ အုပ်စိုးခြင်းအာဏာရှိလိမ့်မည်ဖြစ်ပါသည်။

အာဒံ၌ ကျွန်တော်တို့သည် ပုန်ကန်သောသူဖြစ်ကြသော်လည်း၊ “ပင်လယ်ငါးတို့ကိုငှင်း၊ မိုးယံကောင်းကင်ငှက်တို့ကိုငှင်း၊ အသက်ရှင်၍မြေပေါ်မှာ လှုပ်ရှားတတ်သော တိရိစ္ဆာန်အပေါင်းတို့ကိုငှင်း အုပ်စိုးကြလော့” (ကမ္ဘာ ၁း၂၈) ဟုလူသားအား ပေးအပ်ထားသော တာဝန်သည် တည်လျက်ရှိသေး၏။ သို့သော်လည်း လူတို့သည် အာကာသအပြင်ဘက်ဘုရားသခင်၏ နယ်နိမိတ်ကို လုယူဖို့ကြံစည်ခြင်းပြုပါလျှင် လူတို့အပေါ်၌ဘေးဒုက္ခပေါင်းကျရောက်မည်ဖြစ်ပါသည်။

ဒါဝိတ်ကဲ့သို့ ချီးမွမ်းခြင်းသီချင်းဆိုကြပါစို့။ ကျွန်တော်တို့သည် “တော်သောကဗျာဆရာတို့နည်းတူ၊ အဓိကကျသောအချက်ကို ပထမစာကြောင်းဖြစ်သော ဘုန်းအသရေတော်ချီးမြှောက်ခြင်းအကြောင်းကို ပြန်၍ရွတ်ဆိုကြပါစို့” (Spurgeon)။

**ဆင်ခြင်ရန်** - “ကိုယ်တော်သည်ကြီးမြတ်လှပါသည်တကား။”

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်၏ထောင်လွှားမှုကို ခွင့်လွှတ်တော်မူပါ။ အကျွန်ုပ်သည် ပိုးကောင်မျှသာဖြစ်ကြောင်း အစဉ်သတိရလိုပါ၏။

အင်္ဂါ၊ ဇူလိုင် (၁၀)

**ဆာလံ ၉**

ယေ ၉း၂၃-၂၄ *"နေ့တိုင်းနေ့တိုင်း ယေရှုနှင့်အတူ. . . "*

## "ကိုယ်တော်သည်ကြီးမြတ်လှပါသည်တကား"

"Muth-Labben" ဆိုသည်မှာ "သားသေခြင်း" ဟူ၍ဖြစ်ပါသည်။ ဤအကြောင်းသည် ၂ ရာ ၁၂း၂၀ နှင့် ဆက်နွယ်မှုရှိသည်ဟု Scofield ကထင်မှတ်၏။ အချို့သော ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤသားသည် ဂေါလျတ်ဖြစ်သည်ဟု ထင်ကြ၏။ ဒါဝိတ်သည် ဤအောင်နိုင်ခြင်းဆာလံကို ဤလောကရှိအသင်းတော်အား ခွန်အားပေးခြင်း၌၊ အောင်နိုင်သောအသင်းတော်ဖြစ်စေခြင်း၌ ရေးသားခြင်းဖြစ်ပါသည်။ (Pilgrim's Progress စာအုပ်မှ ခရစ်ယာန်ကို သတိရကြလော့)။

ဆာလံ ၉ ကိုဤသို့အပိုင်းနှစ်ပိုင်းအားဖြင့် ပိုင်း၍ရပါသည်။ ထိုအပိုင်းနှစ်ပိုင်းသည် အချင်းချင်းအဓိပ္ပာယ်တူကြ၏။

| | |
|---|---|
| အပိုင်း (၁) (က) - ချီးမွမ်းခြင်း (အပိုဒ် ၁-၆) | အပိုင်း (၂) (က) - တူညီသောအဓိပ္ပာယ် (အပိုဒ် ၁၅-၁၆) |
| (ခ) - အနာဂတ်စိတ်ချမှု (အပိုဒ် ၇-၁၂) | (ခ) - တူညီသောအဓိပ္ပာယ် (အပိုဒ် ၁၇-၁၈) |
| (ဂ) - အပိတ်ဆုတောင်းခြင်း (အပိုဒ် ၁၃-၁၄) | (ဂ) - တူညီသောအဓိပ္ပာယ် (အပိုဒ် ၁၉-၂၀) |

ဒါဝိတ်သည် မိမိ၏ရန်သူနှိမ်နင်းခြင်းအမှု၌ ကြိုးစားအားထုတ်ခဲ့သော်လည်း၊ မာနထောင်လွှားခြင်းမရှိခဲ့ပါ။ မစတော်မူခြင်းကို အစဉ်တောင်းခံခဲ့သော ဘုရားသခင်အား ချီးမွမ်းလျက်ဘုန်းတော်ထင်ရှားစေ၏။ ထိုသို့သော နှိမ့်ချသောစိတ်သဘောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို ခံရခြင်းဖြစ်ပါသည် (၁ ပေ ၅း၅)။ ဒါဝိတ်၏နာခံခြင်းအပေါ် ဘုရားသခင်အလွန်ကျေနပ်တော်မူသောကြောင့် "စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ" (၁ ရာ ၁၃း၁၄) ဟုခေါ်တော်မူ၏။ တစ်ဖက်တွင် ဘုရားသခင်သည် နာခံခြင်းမရှိသော ရှောလုကိုငြင်းပယ်တော်မူ၏။ ဗာသရှေဘနှင့်အမှု၌ ဒါဝိတ်သည် မိမိ၏အပြစ်ကို ဝန်ခံလျက် ကြေကွဲနောင်တရသောကြောင့် ဘုရားသခင်သည် ခွင့်လွှတ်တော်မူ၏။ သို့သော်လည်း ရှောလုသည် ခေါင်းမာပြီး မိမိကိုယ်ကိုချီးမြှောက်ခြင်းကြောင့် ခွင့်လွှတ်ခြင်းမခံခဲ့ရပါ။ ယေရမိ ၉း၂၃-၂၄ ကိုဖတ်ပါလော့။

ဘုရားသခင်၏ဂရုဏာတော်နှင့် စီရင်ခြင်းကိုမြင်တွေ့ခဲ့ရသော ဒါဝိတ်သည် အနာဂတ်အတွက် ယုံကြည်စိတ်ချမှုရှိခဲ့၏။ ဆာလံ ၉း၇-၁၂ ထဲတွင် အနာဂတ်ပြစကားလုံးများကို တွေ့ရ၏။ ထိုနေ့တွင် စိတ်နှိမ့်ချသောသူသည် ဘုရားသခင်ထံ တောင်းလျှောက်ခြင်းပြုသဖြင့်၊ ဘုရားသခင်က အဖြေပေးတော်မူမည်။

ဤသီချင်းသည် ဂရုဏာတောင်းလျှောက်ခြင်း၊ လူထုရှေ့၌ ဘုန်းတော်ထင်ရှားစေမည်ဟူသော သန္နိဋ္ဌာန်ချခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ ထိုကျေးဇူးတော်ချီးမွမ်းခြင်း၊ ယုံကြည်စိတ်ချမှုနှင့် ဆုတောင်းခြင်းကို ဆာလံ ၉း၁၅-၂၀ ထဲတွင် ပြန်၍ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - "အသက်ရှင်ခြင်းနှင့်ယှဉ်သော အံ့ဖွယ်နှုတ်ကပတ်တော်အကြောင်းကို အကျွန်ုပ်အား ထပ်၍ဆိုပြကြပါလော့။"

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်၏မာနထောင်လွှားမှုကို ခွင့်လွှတ်တော်မူပါ။ နှိမ့်ချခြင်းသဘောသည် အကျွန်ုပ်ကိုအုပ်စိုးပါစေသော်။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၁)

**ဆာလံ ၁၀**

က ၁၈း၂၃-၂၆ *“ထိုနေ့ရက်မရောက်ချိန် သာ၍ကောင်းလှ၏”*

## ဆင်းရဲသား၊ မိဘမဲ့တို့ကိုညှဉ်းဆဲသောသူတို့အားစီရင်ခြင်းငှါတောင်းလျှောက်ခြင်း

ဆာလံ ၁၀ ၌ခေါင်းစဉ်မပါရှိသော်လည်း၊ ကျမ်းတတ်ပုဂ္ဂိုလ်တော်တော်များများက “ဣသရေလ၏ဆာလံဆရာ” ရေးသားခြင်းဖြစ်မည်ဟု မှတ်ယူကြ၏။ Calvin က ဤဆာလံအား “ဤလောက၌တွေ့ရှိရသော လိမ်လည်မှု၊ ညှဉ်းဆဲမှု၊ ကြမ်းတမ်းမှုနှင့် မတရားမှုအမျိုးမျိုး” အပေါ် ညည်းတွားခြင်းဖြစ်သည်ဟု မှတ်ယူခဲ့၏။ အလွန်မှန်ကန်လှပါသည်။ ဤအချက်ကို ယနေ့ကျွန်တော်တို့က ဤသို့ဆိုထား၏- “ကြီးသောငါးက ငယ်သောငါးကိုကိုက်စား၏။”

ဆိုးသွမ်းသောသူသည် ဆင်းရဲသားနှင့်မိဘမဲ့တို့ကို ညှဉ်းပန်းနှိပ်စက်ပြီး (အပိုဒ်ငယ် ၂၊ ၁၈) ပို၍အင်အားကြီးလျက် မာနထောင်လွှားတတ်၏။ လောဘကြီးသောသူလည်း ထိုကဲ့သို့ဖြစ်ပါသည် (အပိုဒ်ငယ် ၃)။ ထိုသူသည် မိမိစိတ်ထဲ၌ဘုရားသခင်မရှိဟု မှတ်ယူ၏ (အပိုဒ်ငယ် ၄)။ မိမိပြုသော မကောင်းမှုကို ဘုရားသခင်မြင်တော်မမူဟု ထင်မှတ်၏ (အပိုဒ်ငယ် ၁၁)။ သူတပါးကို ဖမ်းဆီးခြင်းငှါ နည်းမျိုးစုံသုံးတတ်၏။ ခြင်္သေ့ကဲ့သို့ရှာနား၌ ပုန်းကွယ်လျက် သတိမထားသော သူတို့ကို ဖမ်းဆီးခြင်းငှါ ချောင်းမြောင်းတတ်၏ (အပိုဒ်ငယ် ၈-၉)။

Plumber က- “အပြစ်အလုံးစုံတို့သည် အချင်းချင်းဆက်နွယ်လျက်ရှိကြ၏. . . မာနထောင်လွှားခြင်း၊ ကြမ်းကြုတ်ခြင်း၊ မောက်မာစွာပြောဆိုခြင်း၊ တပ်မက်ခြင်း၊ လောဘကြီးခြင်း၊ မှားယွင်းသောငြိမ်သက်ခြင်း၊ ထိန်းချုပ်မရခြင်း၊ ဘုရားမရှိဟုခံယူခြင်း၊ ဝိညာဉ်မျက်စိကန်းခြင်း၊ ကျိန်ဆဲခြင်း၊ လှည့်စားခြင်းနှင့် မကောင်းမှုကြံစည်ခြင်းစသည်တို့သည် ကြောက်မက်ဖွယ်ကောင်းသော ညီအစ်မများဖြစ်ကြ၏။ တမန်တော်ယာကုပ်က ဆိုးသွမ်းသောလျှာ၏ ကြောက်မက်ဖွယ်ကောင်းသော ညီအစ်မများဖြစ်ကြ၏။ တမန်တော်ယာကုပ်က ဆိုးသွမ်းသောလျှာ၏ ကြောက်မက်ဖွယ်ကောင်းမှု (ယာကုပ် ၃း၂-၁၃) ကိုဖော်ပြခြင်းသည် ဆန်းသစ်သောအမှုကို ဖော်ပြခြင်းမဟုတ်ပါ။ သေခြင်းနှင့် အသက်ရှင်ခြင်းသည် ထိုလျှာ၌ တည်လျက်ရှိ၏။ ထိုဆိုးသွမ်းသောစကားလုံးတို့ထက် ပို၍ကြီးမားသောဆိုးယုတ်မှုမရှိနိုင်ရာ။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဘုရားသခင်၏လူတို့ကို ဆန့်ကျင်သောသူတို့၏နှုတ်သည် ထိုသို့သောအလိမ်အညာစကားကို ပြောတတ်၏ (အပိုဒ်ငယ် ၇-၈)။ ရက်စက်ကြမ်းကြုတ်သောသူသည် ချောင်းမြောင်းခြင်းကို ပြုတတ်ပြီး၊ ဆိုးသွမ်းသောသူသည် အတွေ့အကြုံနည်းသော၊ မိုက်သောသူတို့ကိုသာ လှည့်ဖြားနိုင်ကြ၏ (အပိုဒ်ငယ် ၁၀)” ဟုဆိုခဲ့၏။

ကျွန်တော်တို့သည် ဆင်းရဲသောသူ၊ မိဘမဲ့ဖြစ်၍ အထီးကျန်စွာလူတို့၏ ရှောင်ဖယ်ခြင်းခံရသောသူဖြစ်သော်လည်း၊ ဤဆာလံဆရာအားဖြင့် ဤလောကတစ်ခုလုံးအပေါ်၌ တရားသူကြီးဖြစ်သော (ကမ္ဘာ ၁၈း၂၅)၊ ဘုရားသခင်ထံ အချိန်မရွေးတောင်းလျှောက်ခြင်းပြုနိုင်ကြကြောင်း သိရခြင်းသည် အလွန်ဝမ်းမြောက်စရာကောင်းလှသည်မဟုတ်လော။ ထိုသို့ညှဉ်းဆဲခြင်းခံရသောသူတို့၏ အော်ဟစ်သံကိုနားထောင်ခြင်းငှါ ဘုရားသခင်သည် အစဉ်အသင့်ရှိတော်မူ၍၊ သူတို့၏ ဒုက္ခကို ဖြေရှင်းပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - “ကောင်းမြတ်တော်မူသောမိတ်ဆွေယေရှုသည် ကျွန်ုပ်တို့နှင့်အတူရှိတော်မူ၏ . . . အရာခပ်သိမ်းကိုဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံတင်ပြရသောအခွင့်ရှိပါ၏။”

**ဆုတောင်းချက်** - ထာဝရဘုရား၊ သားသမီးတို့၏ဆုတောင်းသံကို နားညောင်းတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

**ဆာလံ ၁၁**

ဒေ ၃း၁-၈

*"အကျွန်ုပ်၏ဘုရားသခင်ကို ဝမ်းမြောက်စွာနှင့် ချီးမွမ်းပါမည်"*

# ငှက်ကဲ့သို့ထွက်ပြေးလော့

"ခပ်သိမ်းသောအမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။ မိုဃ်းကောင်းကင်အောက်၌ ကြံစည်သမျှအသီးအသီးတို့ကို ပြုရသောအချိန်ရှိ၏" (ဒေ ၃း၁)။ ထို့နောက် ဓမ္မဒေသနာဆရာသည် "ဘွားချိန်နှင့်သေချိန်လည်းရှိ၏. . . တိတ်ဆိတ်စွာနေရသောအချိန်နှင့်၊ စကားပြောရသောအချိန်လည်းရှိ၏. . . " ဟုဆက်လက်ဆိုခဲ့၏။

"တစ်မြို့၌သင်တို့ကို ညှဉ်းဆဲလျှင် တစ်မြို့သို့ပြေးကြလော့" (မသဲ ၁၀း၂၃) ဟုသခင်မှာထားတော်မူသည့်အတိုင်း၊ ရန်သူထံမှ ထွက်ပြေးဖို့လိုအပ်သောအချိန်ရှိတတ်၏။ ဒါဝိတ်သည် ရှောလုက တတိယအကြိမ်လှံတံဖြင့် ပစ်သောအခါ လှံတံသည် နံရံ၌စိုက်လျက်ရှိပြီး၊ ဒါဝိတ်သည် နောက်ဆုံး၌ ထွက်ပြေး၍ ထိုညတွင် ပြတင်းပေါက်မှထွက်ပြေးလွတ်မြောက်ခဲ့၏ (၁ ရာ ၁၉း၉-၁၂)။

သို့သော်လည်း ထွက်ပြေးခြင်းမပြုဘဲ၊ မားမားမတ်မတ်ရပ်တည်ဖို့ လိုအပ်သောအချိန်လည်းရှိပါသည်။ ဒါဝိတ်သည်များစွာသောအခက်အခဲကြား၌လည်း ထိုသို့ပြုခဲ့ပြီး၊ နောက်ဆုံးအခြေအနေ၌သာ ရှောလု၏နန်းတော်မှထွက်ပြေးခြင်းဖြစ်၏။ ဘုရားသခင်က ထွက်သွားဖို့အခွင့်မပေးသေးသရွေ့၊ အဘယ်အမှုဘဲကြုံကြုံ မားမားမတ်မတ်ရပ်တည်ဖို့လိုပါသည်။ ထို့ကြောင့် ငှက်ကဲ့သို့တောင်ပေါ်ဘက်သို့ ထွက်ပြေးခြင်းငှါ ဒါဝိတ်အားအကြံပေးခြင်းအမှုကို ငြင်းပယ်ရပါမည်။ ရန်သူတို့၏အစီအစဉ်အတိုင်း၊ ကျွန်တော်တို့၏ ဖျက်ဆီးခြင်းအချိန်ကျရောက်လာသောအချိန်၌ပင်၊ ထွက်ပြေးခြင်းငှါ ဘုရားသခင်ထံမှအခွင့်မရလျှင် အဆုံးတိုင်အောင် ရပ်တည်ကြရပါမည်။ မစတော်မူခြင်းငှါ ဘုရားသခင်ကတိရှိတော်မူလျှင် ဘုရားသခင်အခွင့်မရှိဘဲ ထွက်ပြေးခြင်းထက် မုန်တိုင်းကို ရင်ဆိုင် ကျော်ဖြတ်ခြင်းသည် ပို၍လုံခြုံမှုရှိပါသည်။ အလွန်ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ကြုံ သောအချိန်၌ပင် ရဲရင့်ခြင်းရှိသော ဒါဝိတ်၏ကြံ့ကြံ့ခံနိုင်မှုသည် ကြုံတွေ့လာမည့် ဘေးဒုက္ခအလယ် ၌ အကျွန်ုပ်တို့အဖို့ ခွန်အားဖြစ်စေပါစေသော်။

ရှောလုမင်းလက်အောက်၌ တရားမျှတခြင်းအုတ်မြစ်တို့သည် ဖျက်ဆီးခြင်းအမှန်ခံရ၏။ ဥပမာအားဖြင့် နောဗမြို့မှယဇ်ပုရောဟိတ်ရှစ်ဆယ်ငါးပါးကို သတ်ဖြတ်ခဲ့ပြီး (၁ ရာ ၂၂း၁၈)၊ ဖြောင့်မတ်စွာကျင့်ခြင်းကို အလိုရှိသောသူတို့သည် ထိုသို့သောဖိနှိပ်ခြင်းအောက်တွင် ရဲရဲရင့်ရင့်မရပ်တည်နိုင်ကြပါ။ သို့သော်လည်း၊ ဒါဝိတ်သည် ကြောက်ရွံ့ခြင်းမရှိခဲ့ပါ။ သူသည် ကောင်းကင်ဘုံ၌ရှိတော်မူသော တရားသူကြီး၊ ထာဝရဘုရားထံ အယူခံဝင်ခဲ့၏။ ထို့ကြောင့်ဘုရားသခင်သည် ထိုသို့သောလူဆိုးတို့ကို ဒဏ်ခတ်၍ ကန့်မီးဖြင့်စီရင်လိမ့်မည်ဟု သိခဲ့ပါသည်။ အချိန်တန်မှ သူတို့၏အပြစ်ဒဏ်ကို ခံရကြလိမ့်မည်။ ဘုရားသခင်သည် ဖြောင့်မတ်ခြင်းတရားကို နှစ်သက်တော်မူသောကြောင့်၊ ဖြောင့်မတ်သောသူတို့မူကား၊ ကျေးဇူးပြုခြင်းခံရကြလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ဘုရားသခင်ကိုကျွန်တော်ယုံကြည်ကိုးစားရပါမည်။"

**ဆုတောင်းချက်** - ထွက်ပြေးရမည်လော၊ မားမားမတ်မတ်ရပ်တည်ရမည်လော။ ကိုယ်တော်၏ ခိုင်းစေချက်အတိုင်း ကျွန်တော်လိုက်လျှောက်ရပါမည်။

သောကြာ၊ ဇူလိုင် (၁၃)

**ဆာလံ ၁၂**

သု ၂၆း၂၈၊ ၂၇း၁၄

*မကြာမီပျောက်ကွယ်မည့်ဘဝတစ်ခု*

*သာလျှင်ရှိ၏*

## ချော့မော့သောနှုတ်ခမ်းနှင့်မုသာပြောသောလျှာ

ရှင်ဘုရင်ဒါဝိတ်၏အနီးအနား၌ လူကောင်းထက်လူဆိုးပိုများ၏။ ထိုမကောင်းသောသူတို့သည် ဒါဝိတ်၏စစ်တပ်ထဲသို့ဝင်၍၊ နန်းတော်၌ဝင်၍ သူတို့အသက်မွေးဝမ်းကြောင်းအတွက် အလုပ်လုပ်နေကြ၏။ ထိုသူတို့သည် ရာထူးနှင့်အာဏာအတွက် နည်းမျိုးစုံသုံး၍ ကြိုးစားအားထုတ်ကြ၏။

မိမိ၏တက်လမ်းအတွက် ထိုဒါဝိတ်၏လက်အောက်ငယ်သားတို့သည် ချော့မော့သောစကားကို ပြောဆိုအသုံးပြုကြ၏။ စိတ်ထဲမှ မုန်းတီးနေသော်လည်းရှင်ဘုရင်အား နှုတ်ဖြင့်ချီးမွမ်းကြ၏။ သူတို့၏ဇာတိမှန်သည် အဗရှလုံပုန်ကန်ခြင်းပြုသောအခါ ပေါ်လွင်ထင်ရှားလာခဲ့၏။ သူတို့သည် လင်းတနှုတ်သီးဖြင့် ကိုက်သောအသားကိုစားလိုသဖြင့် သီချင်းဆိုအလွန်ကောင်းကြောင်း ချီးမွမ်းပြောဆိုသောဝံပုလွေကဲ့သို့ ဖြစ်ကြ၏။ သူတို့အပြောနှင့်ဆိုလိုရင်းကိုက်ညီမှုမရှိသောကြောင့် ချော့မော့သောစကားသုံးသောသူတို့သည် စိတ်နှစ်ခုရှိသောသူဖြစ်ကြောင်း ပေါ်လွင်ပါသည်။ ဒါဝိတ်သည် "မိမိ၌စိတ်နှလုံးတစ်ခုတည်းရှိကြောင်း" ဆိုခဲ့၏။ ချော့မော့သောစကားပြောသောသူတို့သည် ပျားရည်နှုတ်ခမ်းဖြင့်မုသာကိုပြောသော၊ ဒေါသနှင့်ပျက်စီးခြင်းကို ယူဆောင်လာသောသူများဖြစ်ပါသည်။ ရှောလမုန်သည် ထိုသို့သောပုဂ္ဂိုလ်တို့၏ ဝန်းရံခြင်းကိုခံရသောကြောင့် ချော့မော့ချီးမွမ်းတတ်သောသူတို့၏အကြောင်းများစွာ သိပါ၏။ အချင်းချင်းချီးမွမ်းခြင်း၏ အမင်္ဂလာဖြစ်ခြင်းအကြောင်း တွေ့ရသော လုကာ ၆း၂၆ ကိုဖတ်ပါလော့။

ချော့မော့ပြောဆိုသောသူသည် ချိုမြိန်စွာမုသာပြောသောသူဖြစ်ကြလျှင် ကြွားဝါတတ်သောသူတို့သည် ခါးသက်သောသူများဖြစ်ပါသည်။ ချော့မော့ပြောဆိုသောသူသည် သူတပါးကို ချီးမွမ်း၍ ဝါကြွားသောသူသည် မိမိကိုယ်ကိုချီးမွမ်းတတ်၏။ ထိုသို့သော လူတို့၏ဝန်းရံခြင်းခံရသောအခါ၊ ဒါဝိတ်သည်လွတ်မြောက်ခြင်းအတွက် ဘုရားသခင်ထံတောင်းလျှောက်ခြင်းပြုပါသည်။ ဒါဝိတ်အနီးအပါး၌ ဘုရားကိုကြောက်ရွံ့သောသူ၊ သစ္စာရှိသောသူအနည်းငယ်သာရှိသော်လည်း၊ ဘုရားသခင်သည် မစခြင်းငါ အစဉ်ရှိတော်မူ၏ (ဆာလံ ၄၆း၁)။ ထိုမုသာပြော၍ လှည့်စားတတ်သောသူတို့အကြောင်း ဖော်ပြစဉ် အထက်အရပ်မှ စီရင်ခြင်းသည် ရောက်လာခဲ့၏။ ဒါဝိတ်၏အုပ်စိုးခြင်းသည် ကောင်းကင်မှသတ်မှတ်ထားခြင်းဖြစ်သောကြောင့် နိုင်ငံတော်သည် မလှုပ်မခတ်တည်ပါ၏။ ဘုရားသခင်သည် လူ၏မျက်နှာကိုမထောက်၊ တရားမျှတစွာစီရင်သော ဘုရားဖြစ်သောကြောင့် ဆင်းရဲသောသူနှင့် ညှင်းဆဲခြင်းခံရသောသူတို့ကို မစချမ်းသာပေးတော်မူမည်။ ဘုရားသခင်သည် တရားစီရင် ခြင်းအား ငွေဖြင့်ဝယ်ယူ၍ရသော နိုင်ငံနှင့်လူမျိုးကို ကောင်းချီးမပေးနိုင်ပါ။

ထိုသို့ လေထက်ပေါ့သော ယုံကြည်၍မရသောလူ၏စကားနှင့် နှိုင်းယှဉ်သောအခါ ဘုရားသခင်၏စကားသည် အလွန်သန့်ရှင်းထောက်ပ၍ ကျစ်လစ်သောငွေအစစ်ကဲ့သို့ဖြစ်ပါသည်။ ဆိုးသွမ်းမိုက်မဲသောသူတို့သည် မည်သို့ပင်ဆိုစေကာမူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် စိတ်သဘောနှိမ့်ချသောသူနှင့် ခွန်အားနည်းသောသူတို့အဖို့ အကွယ်အကာဖြစ်တော်မူ၏။ ဒါဝိတ်သည် မိမိနိုင်ငံ၌တွေ့ရသောထိုသစ္စာဖောက်များအကြား၌ ဘုရားသခင်ထံမစခြင်းအကြောင်း တောင်းလျှောက်ခဲ့ပါလျှင် ဝံပုလွေအကြား၌ သိုးကဲ့သို့ဖြစ်နေသော ကျွန်တော်တို့သည် ပို၍ဘုရားသခင်ထံ တောင်းလျှောက်ခြင်းပြုကြရပါမည်။

**ဆင်ခြင်ရန်** - ကွန်ဖူးရှပ်က "ချီးမွမ်းခြင်းစကားနှင့် အတိအလင်းမဖော်ပြဘဲ ဖုံးကွယ်မှုရှိသောအရာသည်စစ်မှန်သောတရားနှင့်ဆက်နွယ်မှုမရှိတတ်ပါ" ဟုဆိုခဲ့၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အမှန်တရားကိုချစ်ခြင်းမေတ္တာဖြင့် အစဉ်ပြောကြားမည်အကြောင်း မစတော်မူပါ။

# အို သခင်ယေရှု၊ အဘယ်မျှကာလပတ်လုံးကြာမည်နည်း

"ခရစ်တော်ပြန်လည်ကြွလာတော်မူခြင်း" သီချင်းတွင် ထပ်ခါထပ်ခါပြန်ဆိုရသော အပိုဒ်ရှိပါသည်။ "အိုသခင်ယေရှု၊ အဘယ်မျှကာလပတ်လုံး၊ အဘယ်မျှကာလပတ်လုံး ကြာမည်နည်း" ဟူ၍ ဖြစ်ပါသည်။ ဤအချက်ကိုယခုဆာလံခေါင်းစဉ်မှ ကိုးကားခြင်းဖြစ်ပါသည်။

ညီးတွားခြင်းကို ရှောင်ကြဉ်ရမည်မှာ ကောင်းသောအမှုဖြစ်ပါသည်။ သို့သော်လည်း မဆိုးမနှင့်တရားသူကြီးအကြောင်း ယေရှု၏သာဓက (လုကာ ၁၈း၁-၈) အားဖြင့် ကျွန်ုပ်တို့၏အခက်အခဲတို့သည် ဆုတောင်းခြင်းကို အားကြီးသောအမှုဟု မှတ်ယူ၍ရပါသည်။ ဒါဝိဒ်၏ဆုတောင်းချက်မှ "အဘယ်မျှကာလပတ်လုံး"ဟူသည် မိမိ၏ဆန္ဒဖော်ထုတ်ခြင်းဟု ကျွန်တော်တို့မှတ်ယူလျက်၊ ကျွန်ုပ်တို့၏ဆုတောင်းချက်သည် များသောအားဖြင့်ဖြစ်ပျက်သောအမှုကို ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ကိုမျှော်မကြည့်ဘဲ၊ ဘေးပတ်ဝန်းကျင်ကိုကြည့်လျက်ဆုတောင်းတတ်ကြ၏။ ကျွန်ုပ်တို့၏နေ့စဉ်အမှု၌လည်း ယေရှု၏သာဓကနည်းတူ၊ အစဉ်တောင်းလျှောက်ခြင်းပြုလျှင် "ဘုရားသခင်သည် အလျင်အမြန်စီရင်ပေးတော်မူမည်"ဖြစ်ပါသည်။

အလွန်ခက်ခဲသောကာလတွင် တနာရီသည် တစ်နှစ်ကဲ့သို့ဖြစ်၍၊ တရက်သည် ထာဝရဟုထင်ရပါသည်။ ဘုရားသခင်သည် ဒါဝိဒ်အားငယ်ရွယ်စဉ်အခါ အမျိုးမျိုးသော အခက်အခဲဒုက္ခကိုကြုံစေလျက်၊ ရွှေကို မီးဖြင့်သန့်စင်သကဲ့သို့၊ ပြုပြင်သန့်ရှင်းစေပါသည်။ ထိုသို့ များစွာသောအခက်အခဲဒုက္ခနှင့် စစ်ကြောခြင်းများမကြုံတွေ့ခဲ့လျှင် ဣသရေလ၏ အကျော်ကြားဆုံးရှင်ဘုရင်ဖြစ်လာနိုင်မည်မဟုတ်ပါ။ ဒါဝိဒ်သည် ဟိတ္တိအမျိုးဥရိယအမှုကို ထားလျှင် (၃ ရာ ၁၅း၅)၊ ဘုရားသခင်၏စစ်ကြောခြင်း၌ တရားသဖြင့်ကျင့်၍ "စိတ်နှလုံးတော်နှင့် ညီညွတ်သောသူ" (၁ ရာ ၁၃း၁၄) ဖြစ်ခဲ့၏။ ဒါဝိဒ်သည် မိမိနောက်မှတက်လာသောယုဒရှင်ဘုရင်တိုင်း၏ စံနမူနာဖြစ်ခဲ့ပါသည်။ "လူသည် အသက်ပျိုစဉ်အခါ ထမ်းဘိုးကိုထမ်းကောင်း၏" (မြည် ၃း၂၇)။ သင်သည် ငယ်ရွယ်သောသူဖြစ်လျှင် စစ်ကြောခြင်းပို၍ ခံရပါမည်။ သို့သော်လည်း လွတ်မြောက်ရာလမ်းကို သင်သိပြီမဟုတ်လော။ ဆုတောင်းခြင်း၊ ကြိုးစားဆုတောင်းခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် ကယ်တင်ရှင်ဘုရားသခင်ထံ စိတ်အားထက်သန်စွာ တောင်းလျှောက်ခြင်းပြုလျှင်၊ အကျွန်ုပ်တို့ကို မစခြင်းငှါ အလျင်အမြန်စီရင်တော်မူမည်လော။ ဤဆာလံ၌ တွေ့ရသည်မှာ ဘုရားသခင်သည် မိမိချစ်တော်မူသောသူကို ကယ်နှုတ်ခြင်းငှါ အလျင်အမြန်လှုပ်ရှားတော်မူ၏။ ရန်သူတို့လက်မှ ဘုရားသခင်သည် ဒါဝိဒ်ကို အလျင်အမြန်ကယ်နှုတ်တော်မူ၏။ ဤအချက်ကို နောက်ဆုံးအပိုဒ်ငယ်နှစ်ပိုဒ်၌ မြင်တွေ့ရပါသည်။ ထိုသို့ကြေကွဲဝမ်းနည်းစွာ တောင်းလျှောက်ခြင်းတစ်ညလုံးပြုပြီးနောက် ကြုံတွေ့ရသော ဤကယ်နှုတ်တော်မူခြင်းသည် မိမိ၏အစဉ်မျှော်လင့်ခြင်းဖြစ်လာခဲ့၏ (ဆာလံ ၃၀း၅)။ ထို့ကြောင့် ဒါဝိဒ်ကဲ့သို့ "အဘယ်မျှကာလပတ်လုံး ကြာမည်နည်း" ဟု ကြိုးစားဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - "ကိုယ်တော်၏ အမျက်တော်သည်ခဏတာမျှသာဖြစ်၍၊ ဂရုဏာတော်သည် အစဉ်အမြဲတည်၏။ တစ်ညလုံးမျက်ရည်ကျလျက် နေသော်လည်း၊ နံနက်အာရုဏ်ဦးသည် ရွှင်လန်းဝမ်းမြောက်စွာ သီချင်းဆိုခြင်းဖြင့် လင်းလက်လျက် ရှိပါသည်။"

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် ဆုတောင်းခြင်းကို နားညောင်းတော်မူသောကြောင့်၊ အစဉ်ကြိုးစားဆုတောင်းခြင်းပြုပါမည်။

တနင်္ဂနွေ၊ ဇူလိုင် (၁၅)

**ဆာလံ ၁၄**

ဆာလံ ၄၂း၁၁

*"ဤနေ့ရက်သည် ထာဝရဘုရား စီရင်တော်မူသောနေ့ရက်ဖြစ်၍"*

## အဘယ်မျှကာလပတ်လုံး၊ အဘယ်မျှကာလပတ်လုံး

ရန်သူ၏ဖိနှိပ်ခြင်းခံရသောကြောင့် ဒါဝိတ်သည်ပူပန်သောစိတ်ဖြင့် ဘုရားသခင်ထံ (ဆာလံ ၁၃ထဲ၌) လေးကြိမ်တိုင်တိုင်အော်ဟစ်ခဲ့ပါသည်။ သင်သည်အရပ်ရပ်မှရန်သူ၏ ဝန်းရံခြင်းခံရသောအခါ၊ အထက်အရပ်ကိုမျှော်ကြည့်ပါလော့။ အကြောင်းမှာ ကယ်နှုတ်တော်မူခြင်းသည် ထက်မှလာ၏။ ခရစ်ယာန် "သေမည်" ဟု မဆိုရပါ။

ဒါဝိတ်သည် ဣသရေလနိုင်ငံ၏ အဓိကခေါင်းဆောင်ဖြစ်ပါသည်။ အရေးကြီးသောဆုံးဖြတ်ချက်တို့သည် သူ့အပေါ်၌တည်လျက်ရှိ၏။ ခေါင်းဆောင်သည် အထီးကျန်သောသူဖြစ်တတ်၏။ သူ၌များစွာသော အကြံပေးပုဂ္ဂိုလ်များရှိနိုင်သော်လည်း၊ နောက်ဆုံး ဆုံးဖြတ်ချက်ချမည့်သူသည် သူသာလျှင်ဖြစ်၏။ နောက်ဆုံး ဆုံးဖြတ်ချက်ချခြင်းသည် အလွန်အရေးကြီးလှပါသည်။ အထူးသဖြင့် နေရာတိုင်း၌ ဖိအားပေးခြင်းခံရစဉ် ထိုသို့ဆုံးဖြတ်ချက်ချခြင်းသည် လွယ်ကူသောအမှုမဟုတ်ပါ။ ဘုရားသခင်သာ ဒါဝိတ်နှင့်အတူရှိတော်မမူလျှင် ထိုဘုရားသခင်ထံမှ ခွန်အားနှင့်ဉာဏ်သတ္တိရရှိခြင်း မရှိခဲ့လျှင်၊ ဣသရေလလူတို့ကို နှစ်ပေါင်းလေးဆယ်လုံးလုံးအုပ်စိုးနိုင်မည်မဟုတ်ပါ။

ဤဆာလံကို ဘယ်အချိန်၌ ဒါဝိတ်ရေးသားကြောင်း ခန့်မှန်းဖို့ခက်လှပါသည်။ သို့သော်လည်း စစ်ကြောခြင်းမျိုးစုံတွေ့နေရသော ဘုရားသခင်၏လူတို့၏စိတ်ခံစားမှုကို ပေါ်လွင်စွာ ဖော်ပြထားပါ၏။ ယနေ့ သင့်ဘဝ၌ မည်သို့သောစိတ်ခံစားချက်ပေးဆောင်နေပါသနည်း။ ဆာလံ ၄၂း၁၁ ကို ဖတ်ပါ။

တမန်တော်ပေါလုက ဤသို့ယုံကြည်စိတ်ချမှုကို ပေးခဲ့၏။ "ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူကွာစေမည်နည်း။ အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့သည် အစဉ်မပြတ်အသေသတ်ခြင်းကို ခံရကြပါ၏။ သတ်ဘို့ရာ ထားသောသိုးကဲ့သို့ အကျွန်ုပ်တို့ကို သူတပါး မှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ၊ ဆင်းရဲငြိုငြင်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့်တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကိုခံရသော်လည်း ထိုအမှုတို့တွင် အဘယ်အမှုတို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့်ငါတို့ကို ကွာစေမည်နည်း။ မကွာစေသည်သာမက၊ ငါတို့ကိုချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင်အထူးသဖြင့် အောင်မြင်ကြ၏။ အကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ခံရသောဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏" (ရောမ ၈း၃၅-၃၉)။

ဒါဝိတ်ကဲ့သို့ ကျွန်တော်တို့သည် စိုးရိမ်ပူပန်ခြင်းရှိသောအခါ ကယ်တင်ခြင်းအဖို့ ဘုရားသခင်ထံအော်ဟစ်တောင်းလျှောက်ခြင်းပြုကြပါစို့။ ထိုသို့ ကယ်နှုတ်ခြင်းခံရသောအခါ ဘုရားသခင်အား ချီးမွမ်းကြရပါမည်။ ထိုသို့ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းသောအခါ မာရ်နတ်သည် အရှက်ရလျက်ရှိ၏။

**ဆင်ခြင်ရန်** - ထာဝရဘုရားကို ယုံကြည်ကိုးစားခြင်းရှိ၍ စိတ်ပျက်ခြင်းမရှိနှင့်။ သူသည် စစ်မှန်သောမိတ်ဆွေကောင်းဖြစ်တော်မူ၏။ အဘယ်ဒုက္ခဘဲကြုံကြုံ သခင်ယေရှုသည် သင့်ကိုပို့ဆောင်တော်မူမည်။

**ဆုတောင်းချက်** - အဘဘုရား၊ အခက်အခဲဒုက္ခကြား၌လည်း ကိုယ်တော်ထံအစဉ်ချဉ်းကပ်ခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ ဇူလိုင် (၁၆)

**ဆာလံ ၁၄**

ရော ၁း၂၁-၂၂ *“ယနေ့ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့”*

## ဒါဝိတ်နှင့်ဘုရားမဲ့ဝါဒ

ရှေးခေမ္မဟောင်းခေတ်ဘာသာရေးသည် ဣသရေလ၏ဘုရားတစ်ဆူကိုးကွယ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော များစွာသောဘုရားများကိုးကွယ်ခြင်းဟု ကျွန်တော်တို့ထင်မှတ်ကြသော်လည်း ဆာလံ ၁၄တွင် ဘုရားမဲ့ဝါဒလည်း ကျင့်သုံးခဲ့ကြကြောင်း တွေ့ရပါသည်။ “ဒါဝိတ်နှင့်ဘုရားမဲ့ဝါဒ (၂)” ဟု ခေါင်းစဉ်ပေးထားသော ဆာလံ ၅၃ ထဲတွင် ဘုရားသခင်ဟုအသုံးပြုသော်လည်း ယခုဆာလံထဲတွင် ယေဟောဝါဘုရားဖြစ်သော ထာဝရဘုရားဟု အသုံးပြုဖော်ပြခဲ့ပါသည်။ အဘယ်ဘာသာကိုးကွယ်သောနိုင်ငံဖြစ်ပါစေ ထိုအထဲတွင် ဘုရားမဲ့ဝါဒစွဲကိုင်သောသူ ရှိကြပါ၏။

ဤဆာလံတွင် ဒါဝိတ်ခေတ်၌ ဣသရေလတွင်တွေ့ရသော ဘုရားမဲ့ဝါဒကို လေ့လာကြရပါမည်။ ယနေ့၌လည်း ထိုသို့ဘုရားမဲ့ဝါဒကို စွဲကိုင်သောသူရှိကြ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဟု ခေမ္မဟောင်းကိုယုံကြည်လက်ခံသော၊ အလွန်ဘာသာတရားကိုင်းရှိုင်းသော ယုဒလူများလည်း ရှိကြပြီး ခေတ်သစ်အယူဝါဒစွဲကိုင်သောသူနှင့် ဘုရားမဲ့ဝါဒီသမားများလည်း ရှိကြ၏။ ယနေ့ခရစ်ယာန်အသင်းတော်၌လည်း ထိုသို့ရှိကြသည်မဟုတ်လော။ ဥပမာအားဖြင့် ခရစ်ယာန်ယုံကြည်ခြင်း အဓိကသွန်သင်ချက်များထဲမှ ခရစ်တော်အပျိုကညာမှ မွေးဖွားခြင်းနှင့် ခန္ဓာကိုယ်အားဖြင့် ပြန်လည်ရှင်ပြန်ထမြောက်ခြင်းတို့ကို ငြင်းပယ်သော David Jenkins (Bishop of Durham, 1984-1994) သည် ဘုရားမဲ့ဝါဒီသမားထက် ပို၍ဆိုးပါသည်။ ဘုရားသခင်တည်ရှိခြင်းနှင့် တန်ခိုးတော်ကို ငြင်းပယ်ခြင်းသည် ပေါလုဖော်ပြထားသည့်အတိုင်း (ရောမ ၁း၂၁-၂၂) မိုက်မဲမှုပင် ဖြစ်ပါသည်။

ဘုရားသခင်ကို မသိဘဲ မိမိကိုယ်ကိုအထင်ကြီးသောသူသည် “စက်ဆုပ်ဖွယ်သောအမှု” (ဆာလံ ၁၄း၁) တို့ကိုသာ ပြုတတ်၏။ ဤအမှုကို ဣသရေလ၌သာမဟုတ်၊ လူမျိုးတကာတို့၌ တွေ့ရ၏။ ထိုသို့ ဘုရားသခင်နှင့်ဆက်နွယ်မှုမရှိသော ဘုရားမဲ့ဝါဒီသမားတို့သည် လူတို့နှင့်ဆက်ဆံရေး၌လည်း ကြမ်းကြုတ်ခြင်းရှိကြ၏။ “မုန့်စားသကဲ့သို့ ငါ၏လူတို့ကို ကိုက်စား၍” ဟူသောစာပိုဒ်သည် ဘုရားမဲ့ဝါဒ၏ ရုပ်လုံးကိုထင်ရှားစေပါ၏။ အားနည်းသောသူကို အားကြီးသောသူက ညှင်းဆဲခြင်း၊ ငါးကြီးက ငါးသေးကိုကိုက်စားခြင်းပေတည်း။ “ငါ၏လူ” ဟူသောအချက်က ဣသရေလလူတို့ကို ရည်ညွှန်းပါလျှင် ခေတ်သစ်အဖြစ်အပျက်၌ ဟစ်တလာကယုဒလူခြောက်သန်းကို အဆိပ်ဓာတ်ငွေ့ဖြင့် သတ်ဖြတ်ခြင်းအမှုကို ကျွန်ုပ်တို့အား အမှတ်ရစေ၏။ ထိုသို့သောအမှုပြုသောသူသည် သတ္တိနည်းသောသူဖြစ်ကြ၏။ ဘုရားသခင်သည် ဖြောင့်မတ်သောသူဘက်၌ ရပ်တည်တော်မူသောအခါ လူများတို့သည် ပုန်းခိုထွက်ပြေးကြ၏ (ဆာလံ ၁၄း၅)။

နောက်ဆုံးအပိုဒ်တွင် မိမိလူတို့အဖို့ ကယ်တင်ခြင်းသည် ဣသရေလလူတို့၏ ဘုရားသခင်ထံမှထွက်ပေါ်လာမည်အကြောင်း ကတိတော်တွေ့ရပါသည်။ ကျွန်ုပ်တို့၏ယုဒမိတ်တွေများထဲမှ ဘုရားမဲ့ဝါဒီသမားတို့သည် ယနေ့ဘုရားသခင်ထံ ပြန်လာကြပါစေသော်။

**ဆင်ခြင်ရန်** - ဆာလံ ၁၄း၁။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဣသရေလသည် ယေရှုအား မိမိ၏မေရှိယအဖြစ် လက်ခံကြပါစေသော်။

အဂ်ီ၊ ဇူလိုင် (၁၇)

**ဆာလံ ၁၅**

ဟေဗြဲ ၁၂း၁၄၊ တရား ၂၃း၂၀

*ခရစ်တော်အတွက်ပြုသောအမှုသာလျှင် ထာဝရတည်မည်*

## "ကိုယ်တော်သည်ကြီးမြတ်လှပါသည်တကား"

ဆာလံ ၁၅၏ အဖြစ်အပျက်သည် "သန့်ရှင်းသောဇိအုပ်တောင်သို့ ပဋိညာဉ်သေတ္တာတော် သယ်ဆောင်ခြင်းနှင့် လုံးဝပတ်သက်မှုရှိမည်" ဟု Spurgeon ဆိုခဲ့၏။ ပဋိညာဉ်သေတ္တာတော်နှင့် ပတ်သတ်၍ အမှုဆောင်ရွက်မည့်သည် အလွန်အရေးကြီးလှပါ၏။ အကြောင်းရှာခန့်အပ်ခြင်းခံရ သော ပုဂ္ဂိုလ်မှ ထိုအမှုကိုဆောင်ရွက်သောကြောင့်၊ ဒါဝိတ်သည် ထိုသေတ္တာတော်ကို ဇိအုန်သို့သယ် ဆောင်ရန် ပထမအကြိမ်ကြိုးစားမှုမအောင်မြင်ခဲ့ပါ။ ထို့ကြောင့် ဒုတိယအကြိမ်တွင် အလွန်သတိကြီး စွာဖြင့် သေတ္တာတော်ကို သယ်ဆောင်ခြင်းငှါ ခန့်အပ်ခြင်းခံရသော လေဝိအမျိုးသားတို့ကို (၅ ရာ ၁၅း၅) တာဝန်ပေးသည်သာမက၊ ဘုရားသခင်ကောင်းကြီးပေးတော်မူသော ဩဗဒေဒုံ (၅ ရာ ၂၆း၈၊၁၂)၏ အိမ်၌ထားခဲ့၏။ သိမ်းသွားခြင်းခံရသောအရပ်မှ ယေရုရှလင်သို့ သေတ္တာတော်သယ် ဆောင်ခြင်းအမှုသည် (၁ရာ ၇း၁-၂) အလွန်အရေးကြီးသည်ဖြစ်သောကြောင့်၊ "နွားတို့သည် ဘုရား သခင်၏သေတ္တာတော်ကို လှုပ်ရှားသောကြောင့်" (၅ရာ ၁၃း၉) ဩဇသည် လက်ဖြင့်သေတ္တာတော်ကို ထိသဖြင့် သူသည်ဘုရားသခင်ရှေ့တော်၌ သေခဲ့၏။ အကြောင်းမှာ ထိုသို့ပြုခြင်းသည် မသန့်ရှင်း သောကြောင့် ဖြစ်၏။ ယဇ်ပုရောဟိတ်နှင့်လေဝိအမျိုးတို့သာ သေတ္တာတော်သယ်ဆောင်ခြင်းငှါ ခန့်ထားခြင်းခံရသောသူဖြစ်ကြ၏။ ထို့ကြောင့် ဒါဝိတ်သည် ဒုတိယအကြိမ်သေတ္တာတော်သယ်ဆောင် ခြင်းအမှုတွင် ပေရှာ၏ပညတ်တရားကို လိုက်လျှောက်လျက် ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးသား တို့ကို ဖိတ်ခေါ်ခြင်းဖြစ်၏ (၅ရာ ၁၅း၁၄)။ ဝိညာဉ်ရေးရာသင်ခန်းစာယူရမည်မှာ ဘုရားသခင်နှင့် မိဿဟာယဖွဲ့လိုသောသူသည် အတွင်းစိတ်သန့်ရှင်းဖို့ရန် အလွန်အရေးကြီးလှကြောင်း ဖြစ်ပါသည် (ဟေဗြဲ ၁၂း၁၄)။ ဆာလံ ၁၅မှ ကျွန်ုပ်တို့ကို သွန်သင်သောအရာဟူမူကား ဖြောင့်မတ်မှန်ကန်စွာ နေထိုင်ရန်ဖြစ်ပါသည်။ Spurgeon က "အနေအထိုင်သည် အပြောအဆိုထက်ပို၍ အရေးကြီးလှ၏ . . . . ဘုရားသခင်၏အိမ်တော်သည် အလုပ်လုပ်သောသူတို့၏ နေရာဖြစ်၍ အလုပ်မလုပ်သော သူတို့နားခိုရာမဟုတ်ပါ" ဟုဆိုခဲ့၏။

ဆာလံ ၁၅း၄ နှင့်ပတ်သတ်၍ Spurgeonက "လူတိုင်းပေါ်၌ ကျွန်တော်တို့လေးစားရိုသေမှု ရှိကြရပါမည်။ သူတို့ခံထိုက်သောအရာကို ဆိုးသွမ်းသောသူတို့ထံ ကျွန်တော်တို့မပေးကမ်းရပါ" ဟု ဆိုခဲ့၏။

ဆာလံ ၁၅း၅ ၌ တွေ့ရသော ချေးငှားခြင်းအကြောင်း အဆမတန်အတိုးချေးစားခြင်းအမှု ကို ဘုရားသခင်နှင့်လူတို့မုန်းတီးခြင်းရှိကြ၏။ ဤအတိုးချေးစားခြင်းအမှုသည် အစိုးရအသိအမှတ်ပြု ချေးငှါးခြင်းကို မဆိုလိုပါ။

ဤဆာလံသည် ရွှေကိုသန့်စင်သောမီးကဲ့သို့ဖြစ်၍ ငွေကိုသန့်ရှင်းစေသော မီးဖိုကဲ့သို့ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "အို ဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြောတော်မူ၍ အကျွန်ုပ်စိတ်နှလုံးကို ယနေ့ သိတော်မူပါ. . . ။"

**ဆုတောင်းချက်** - ထာဝရဘုရား၊ သန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်လိုခြင်းငှါ အကျွန်ုပ် အား ပြုပြင်တော်မူပါ။

ဗုဒ္ဓဟူး၊ ဇူလိုင် (၁၈)
**ဆာလံ ၁၆** *". . . မြင်နိုင်ပါမည်အကြောင်း၊ အကျွန်ုပ်၏ မျက်စိတို့ကို ဖွင့်တော်မူပါ"*
ရော ၁၀း၉

# ဒါဝိတ်၏ ကြီးမြတ်သောသားတော် ရှင်ပြန်ထမြောက်ခြင်း

"Michtam" ဟူသောစကားလုံး၊ ဆာလံ ၅၆ မှ ၆၀ အထိ၌လည်း တွေ့ရသော ဤစကား၏ အဓိပ္ပာယ်ရှင်းလင်းချက်မတွေ့ရပါ။ Spurgeon က "အလွန်မြတ်သော ကဗျာစပ်ဆိုခြင်းတမျိုး" ဟု ခေါ်ခဲ့၏။

အချို့သော အခက်အခဲဒုက္ခခံနေစဉ် ဒါဝိတ်က ဘုရားသခင်၌တည်သော မိမိ၏ယုံကြည်ကိုးစားခြင်းခိုင်ခံ့မှုကို ကြွေးကြော်ခဲ့၏။ သူသည်ယိမ်းယိုင်တတ်သော ရှောလုကဲ့သို့မဟုတ်ပါ။ ရှောလုသည် ခြောက်ခြားသောစိတ်ရှိ၍ အဒေါရမြို့မှာ နတ်ဝင်မိန်းမကို ချဉ်းကပ်ခဲ့ပြီး၊ "စုန်းနှင့်နတ်ဝင်တို့ကို တပြည်လုံးတွင် သုတ်သင်ပယ်ရှင်းခြင်းငှါ" (၁ရာ ၂၈း၉) မိမိချမှတ်သော ဥပဒေကိုချိုးဖောက်ခဲ့ပါသည်။ ရှောလုကဲ့သို့ ယုံကြည်ခြင်းအားနည်းသောသူတို့သည် အခြားသောဘုရားထံ ချဉ်းကပ်ခြင်းမပြုစေရန် ဒါဝိတ်သတိပေးခဲ့၏။ စိတ်ပျက်အားလျော့နေသော ခရစ်ယာန်တစ်ချို့သည် မိမိတို့မိတ်ဆွေတို့၏ အကြံပေးမှုကိုလိုက်၍ နတ်နှင့်ဗေဒင်အတတ်တို့ကို ဆည်းပူးချဉ်းကပ်တတ်ကြ၏။ နောက်ဆုံးရလဒ်သည် မကောင်းမှုသာလျှင်ဖြစ်၏။

ဒါဝိတ်သည် လေဝိအမျိုးသားတို့ကဲ့သို့ (တရား ၁၀း၉)၊ ကိုယ်တော်သည် အကျွန်ုပ်အမွေအနှစ်ဟူ၍၎င်း၊ မိမိခွက်ဖလားသည်လည်း ဘုရားသခင်ထံမှရရှိခြင်းဖြစ်ကြောင်း ဆိုခဲ့၏ (ဆာလံ ၂၃း၅၊ ၁၁၆း၁၃)။ ဒါဝိတ်သည် ခန္ဓာကိုယ်အရာ၌၎င်း၊ ဝိညာဉ်အရာ၌၎င်း ကောင်းသောအမွေကို ခံရခဲ့၏။ ပို၍ကြီးမြတ်သော အမွေဟူမူကား ဝိညာဉ်အမွေ၊ ဘုရားသခင်နှင့်ဆိုင်သော အရာတို့ကို သိနားလည်နိုင်သော ဉာဏ်ပညာပင်ဖြစ်ပါသည်။

ဘုရားသခင်သည် ဒါဝိတ်အား လူ့ဘဝ၏နက်နဲသောအရာတို့ကို ပြတော်မူသည်ဖြစ်၍ သေခြင်းကိုရှင်ပြန်ထမြောက်ခြင်းဖြင့် အောင်နိုင်မည့်မေရှိယအကြောင်းကိုလည်း ဖော်ပြခဲ့၏။ ဤအချက်ကို ဒါဝိတ်မှအပ အဘယ်သူထံဘုရားသခင်ဖော်ပြတော်မူမည်နည်း။ သူသည် ဘုရားသခင်စိတ်နှလုံးတော်နှင့်ညီညွတ်သောသူမဟုတ်လော။ ဤအကြောင်းကို ပေတရုက ပင်တေကုတ္တေနေ့၌ တရားဟောရှင်းပြခဲ့ပါသည် (တမန် ၂း၂၅-၃၁)။ ထိုနည်းတူ၊ ဤဆာလံကို ပေါလုကလည်း ပိသိဒိပြည် အန္တိအုတ်မြို့ရှိ တရားဇရပ်၌ ယုဒလူတို့ထံ တရားဟောစဉ် ကိုးကားဖော်ပြခဲ့ပါသည် (တမန် ၁၃း၃၅)။ မေရှိယ၏ ရှင်ပြန်ထမြောက်ခြင်းတရားတော်ဟူမူကား "ထိုသခင်၏ကျေးဇူးတော်ကြောင့် အပြစ်လွှတ်ခြင်းတရားကို သင်တို့အား ဟောကြားသည်ကို၎င်း၊ ထိုသခင်ကိုယုံကြည်သောသူရှိသမျှတို့သည် မောရှေ၏တရားအတိုင်း မလွတ်နိုင်သောအပြစ်ရှိသမျှတို့နှင့် လွတ်ရကြသည်ကို၎င်း သိမှတ်ကြလော့" (တမန် ၁၃း၃၈-၃၉) ဟူ၍ဖြစ်၏။

သင့်အပြစ်များအတွက် အသေခံခဲ့ပြီး၊ သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကို သင်ယုံကြည်လက်ခံခြင်းရှိပြီးပြီလား။

**ဆင်ခြင်ရန်** - (၁ ကော ၁၅း၁-၄ ကို ကြည့်ဖတ်ပါလော့)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အတွက် ကိုယ်တော်အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်းကို အစဉ်သတိရအောက်မေ့လိုပါ၏။

**ဆာလံ ၁၇**

က ၁၈း၂၅ *“တရားတော်၌ အံ့ဘွယ်သောအရာတို့ကို. . . ”*

## မှားယွင်းစွာစွပ်စွဲခြင်းခံရသောသူတို့အဖို့အယူခံစီရင်ချက်ချပေးတော်မူသောဘုရား

ဒါဝိတ်၏တောင်းလျှောက်ခြင်းအမှု၌ ဘုရားကိုကြောက်ရွံ့သောသူသည် မှားယွင်းစွာ စွပ်စွဲသောသူတို့ကြောင့် ဒုက္ခကြုံတွေ့ရသည့်ကိုတွေ့ရ၏။ ငယ်ရွယ်စဉ်က ဒါဝိတ်အမှုထမ်းခဲ့သော ရှင်ဘုရင်ရှောလု၏ နန်းတော်တွင် ထိုသို့သောမဟုတ်မမှန်ပြောဆိုတတ်သောသူများပြားလှပါ၏။ ထိုသူတို့တွင် ဧဒုံအမျိုးသားဂေါဒကသည် အဆိုးဆုံးဖြစ်၏ (၁ ရာ ၂၂း၉)။ ထိုသို့သောအခြေအနေတွင်၊ ဒါဝိတ်သည် အဘယ်အရပ်၌ စိတ်ချမ်းသာခြင်းတွေ့နိုင်ပါမည်နည်း။ သူသည် အာဗြဟံ၏ ဖော်ပြချက်ဖြစ်သော၊ “မြေကြီးလုံးကိုစီရင်တော်မူသောသခင်” (ကမ္ဘာ ၁၉၈း၂၅) ကိုသတိရခဲ့၏။ ဒါဝိတ်အဖို့ဘုရားသခင်သည် မှားယွင်းသောစွပ်စွဲခြင်းခံရသောသူတို့၏ အယူခံစီရင်ချက်ချပေးတော်မူသောဘုရားဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ထံအလျင်အမြန်ချဉ်းကပ်တိုးဝင်ခဲ့ခြင်းဖြစ်၏။ သူ၏ အော်ဟစ်ဆုတောင်းခြင်းသည်လည်း “မလှည့်စားတတ်သောနှုတ်” (ဆာလံ ၁၇း၁) မှထွက်လာခြင်းဖြစ်ပါသည်။ Calvin က “ကျွန်တော်တို့သည် ဘုရားသခင်ထံဆုတောင်းသောအခါ လှပချောမော့သောစကားအားဖြင့်မဟုတ်ဘဲ စိတ်နှလုံးရိုးသားဖြူစင်ခြင်းမှထွက်လာသော စကားအားဖြင့် တောင်းလျှောက်ကြရပါမည်” ဟုဆိုခဲ့၏။ လှည့်စားတတ်သောနှုတ်ကို ဘုရားသခင်ရွံရှာစက်ဆုပ်တော်မူ၏။ သင်သည်ဒါဝိတ်ကဲ့သို့ ကျဉ်းကြပ်သောအခြေအနေ၌ ရောက်ရှိ၍၊ သင့်ဘက်မှရပ်တည်မစမည့်သူမရှိသောအခါ ဘုရားသခင်ထံတိုးဝင်ပါလော့။ သို့သော်လည်း မှန်သောအရာအတွက်သာ ထိုသို့ပြုရပါမည် (ဆာလံ ၁၇း၁)။ သို့မဟုတ်လျှင် ဘုရားသခင်သည် နားညောင်းတော်မူမည်မဟုတ်ပါ။ တရားသောသူသည် အခွင့်အရေးကြိုးစားလုယူဖို့မလိုပါ။ ဘုရားသခင်၏စီရင်ချက်ကို နာခံခြင်းရှိ၍၊ တရားမျှတစွာစီရင်ပေးခြင်းခံရလိမ့်မည် (ဆာလံ ၁၇း၂)။

မြတ်သောအခွင့်ထူးသည် ဆုတောင်းခြင်းပင်ဖြစ်ပါသည်။ သူ၏တရားသောအမှုက ဆုတောင်းခြင်း၌ ရဲရင့်ခြင်းခွန်အားကိုဖြစ်စေ၏။

ဖြောင့်မတ်သောသူသည် ဘုရားသခင်၏သဘောသဘာဝတို့ကို ကောင်းကောင်းသိသဖြင့်၊ ဝမ်းမြောက်ခြင်းရှိ၏။ ဒါဝိတ်သည်ဘုရားသခင်၏ အလုံးစုံသိကျွမ်းခြင်းအမှု၌ ဝမ်းမြောက်ခြင်းရှိ၏ (ဆာလံ ၁၇း၃)။ သို့သော်လည်း ထိုအမှုသည် ဆိုးသွမ်းသောသူအဖို့ ကြောက်မက်ဖွယ်ထိတ်လန့်စရာဖြစ်ပါသည်။ ဆိုးသွမ်းသောသူသည် ခြင်္သေ့ကအသွေးအသားကို နှစ်သက်သကဲ့သို့ အပြစ်နှင့်မကောင်းမှုကို နှစ်သက်ခြင်းရှိ၏။ ယခုဒါဝိတ်ကြုံတွေ့ရသော အခြေအနေတွင် သူ၏ရန်သူတို့သည် ဓားကဲ့သို့ဖြစ်ကြသော်လည်း၊ သူတို့အပေါ်၌ ဘုရားသခင်အာဏာရှိတော်မူသေး၏။ ထို့ကြောင့် ဒါဝိတ်သည် လွတ်မြောက်ခြင်းခံရမည်အကြောင်း၊ နိုးထလာသောအခါ မျက်နှာချင်းဆိုင်ဘုရားသခင်ကို မြင်တွေ့ရမည်အကြောင်း သေချာသိပါ၏။

တရုတ်နိုင်ငံကို ပထမဆုံးနိုးကြားစေသောတရားဟောဆရာ၊ တရုတ်နိုင်ငံ၏ Moody ဟုခေါ်ခြင်းခံရသော Rev Ting Li Mei (၁၈၇၁-၁၉၃၆) က ဤဆာလံ၏နောက်ဆုံးအပိုဒ်ကို မိမိမသေမီမိသားစုနှင့် မိတ်ဆွေတို့အား နှုတ်ဆက်စကားဆိုရာ၌ အသုံးပြုခဲ့ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၇း၁၅ ကိုပြန်၍ဖတ်ပါလော့)။

**ဆုတောင်းချက်** - ကောင်းသောအချိန်၌၎င်း၊ ဆိုးသောအချိန်၌၎င်း၊ ကိုယ်တော်၏ကျေးဇူးတော်ပလ္လင်ရှေ့၌ အစဉ်ကျွန်တော်နေလိုပါ၏။

**ဆာလံ ၁၈**

၂ ရာ ၂၂

*"ထာဝရဘုရားသည် ငါ့ဘက်မှာရှိတော်မူသည်ဖြစ်၍ကြောက်စရာမရှိ. . . "*

## အကျွန်ုပ်အသက်တာကိုကွယ်ကာတော်မူသောထာဝရဘုရား

ဆာလံ ၁၈ ၏ အကြောင်းအရာများကို ၂ ရာ ၂၂ ထဲတွင်လည်းတွေ့ရပါသည်။ ဤဆာလံကို မိမိ၏အတွေ့အကြုံပြန်လည်ဆင်ခြင်ခြင်းပြုသောအချိန်များ၌ ဒါဝိတ်သီဆိုသည်ဟုထင်ရပါ သည်။ ထို့ကြောင့် အနည်းအကျဉ်းကွဲပြားမှုတွေ့ရခြင်းဖြစ်ပါသည်။ နှစ်ပေါင်းသုံးဆယ်စစ်ပွဲ (၁၆၁၈-၄၈) အဆုံး၌ ငြိမ်းချမ်းခြင်းဘုရားသခင်ပေးသနားတော်မူသောအချိန်တွင် Marlin Rinkart (၁၅၈၆-၁၆၄၉) စပ်ဆိုထားသော "အကျွန်ုပ်တို့၏ဘုရားသခင်အား ယခုချီးမွမ်းကြပါလော့" ဟူသောသီချင်း၌ ဤဆာလံ၏အနှစ်သာရကို တွေ့ရပါသည်။ ဒါဝိတ်သည် ဘဝတစ်လျှောက်လုံးစစ်တိုက်သောပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည် (၅ ရာ ၂၂း၈)။ ရန်သူ၏လက်၌သေနိုင်သောအခြေအနေများစွာ ကြုံတွေ့ခဲ့ရပါသည်။ သုံးကြိမ်တိုင်တိုင်ရှောလုက လှံတံဖြင့်ပစ်ခဲ့၏။ သို့သော်လည်း "အထံတော်မှရှောင်ပြေးသဖြင့် လှံတံသည် ထရံကိုစူးလျက်နေ၏" (၁ ရာ ၁၉း၁၀)။ ဂေါလျတ်နှင့်တိုက်ခိုက်ခြင်းအမှုသည် ကျော်ကြားလှပြီး၊ အခြားသောစစ်ပွဲများစွာလည်း တိုက်ခဲ့ပါသည်။ ထိုတိုက်ပွဲများမှ ဘုရားသခင်သည် ဒါဝိတ်အား ကယ်နှုတ်တော်မူခဲ့၏။

ဒါဝိတ်သည်ငယ်ရွယ်စဉ်မှ မိမိ၏သားတော်အဗရှလုံ၏ ပုန်ကန်ခြင်းတိုင်အောင် နှစ်ပေါင်း ၇၀ နီးပါးဖြတ်သန်းခဲ့သောဘဝကို ပြန်လည်သုံးသပ်ဆင်ခြင်သောအခါ၊ မိမိအသက်ကိုကွယ်ကာတော်မူသော ဘုရားသခင်ထံ အလွန်ဝမ်းမြောက်ခြင်းရှိခဲ့၏။ ထို့ကြောင့် ဤဆာလံကို Spurgeon က "ကျေးဇူးတော်ပြန်လည်ရေတွက်ခြင်း" ဟုခေါင်းစဉ်ပေးထား၏။ သေခြင်းအရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရသော်လည်း အချိန်တိုင်းဘုရားသခင်က ကယ်နှုတ်တော်မူခဲ့၏။ ထိုကယ်တင်ရှင်ဘုရားသခင်၏ ဘုန်းတော်ကိုဒါဝိတ်ချီးမွမ်းခဲ့ပါသည်။ ကျွန်ုပ်တို့ကြုံတွေ့ရသော ဘဝလိုင်းတံပိုးနှင့် ခက်ခဲသောလမ်းခရီးတို့၌ ကိုယ်တော်၏ကယ်တင်ခြင်းအမှုကို မမေ့လျော့မည်အကြောင်း ဤဆာလံက သတိပေးနေခြင်းဖြစ်ပါသည်။

ဤဆာလံ၏ခေါင်းစဉ်တွင် ဒါဝိတ်အား ဣသရေလရှင်ဘုရင်ဟုမဖော်ပြဘဲ၊ "ထာဝရဘုရား၏ ကျွန်" ဟုထူးခြားစွာဖော်ပြထားပါသည်။ ဒါဝိတ်က "အကျွန်ုပ်သည်သူတို့ကို လေတိုက်သောမြေမှုန့်ကဲ့သို့ ညက်ညက်ချေပြီးမှ လမ်း၌အမှိုက်ကဲ့သို့သွန်ပစ်လေ၏" ဟုဆိုခြင်းသည် မိမိအတွက်လက်စားချေခြင်းမဟုတ်ဘဲ၊ ဣသရေလရှင်ဘုရင်အဖြစ် ဘုရားသခင်ခန့်အပ်ဘိသိတ်ပေးခြင်းခံရသောသူဖြစ်သောကြောင့် တရားမျှတမှုကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့ပြင် ဤဆာလံ၌ဖော်ပြသောရန်သူတို့သည် မိမိ၏ကိုယ်ပိုင်ရန်သူမဟုတ်ဘဲ၊ နိုင်ငံ့ရန်သူနှင့်ဘုရားသခင်၏အမှုကို ဆန့်ကျင်ပုန်ကန်သောရန်သူများဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - "အစွမ်းသတ္တိရှိသမျှဖြင့် ကောင်းသောတိုက်လှန်ခြင်းကိုပြုလော့။ ခရစ်တော်သည် သင်၏ခွန်အားနှင့်တန်ခိုးအာဏာဖြစ်တော်မူ၏။ အသက်ကိုစွဲမြဲစွာကိုင်ထားလော့။ သင့်ဝမ်းမြောက်ခြင်းနှင့်သရဖူဖြစ်လိမ့်မည်။"

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်အတွက် ကိုယ်တော်နှင့်အတူ အစဉ်ရပ်တည်ခြင်းငှါ ရဲရင့်သောသူဖြစ်စေတော်မူပါ။

စနေ၊ ဇူလိုင် (၂၁)

**ဆာလံ ၁၉**

ဆာလံ ၅၆း၁၁ *". . . ငါမကြောက်ဘူး. . ."*

---

## ကမ္ဘာ့စာအုပ်မှ နှုတ်ကပတ်ကျမ်းစာအုပ်သို့ (Spurgeon)

လူသားသည် ဘုရားသခင်ကိုမည်သို့သိနိုင်မည်နည်း။ ကျွန်တော်တို့အသက်ရှင်နေထိုင်နေသော "အံ့ဖွယ်ဤကမ္ဘာကြီး" (ရောမ ၁း၂၀) အားဖြင့်သိနိုင်ပါသည်။ ဤ "ဖန်ဆင်းထားသောအရာတို့အားဖြင့်" ဘုရားသခင်ရှိတော်မူကြောင်းကို လူသားကသိနိုင်၏။ ထိုအသိတရားအားဖြင့် လူသားက ဤစကြာဝဠာနှင့် ကမ္ဘာမြေကြီးသည် အလိုလိုဖြစ်တည်လာခြင်းမဟုတ်ဘဲ ဘုရားသခင်ဖန်ဆင်းတော်မူခြင်းအားဖြင့်ဖြစ်ကြောင်း သိနိုင်ပါသည်။ ဤတရားကို "ဖန်ဆင်းထားသောကမ္ဘာမြေကြီးအားဖြင့်လေ့လာခြင်း" ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ဤကမ္ဘာမြေကြီးသည် ပေါက်ကွဲခြင်း၊ အသွင်သဏ္ဍာန်ပြောင်းလဲခြင်းအားဖြင့် တည်ရှိလာသည်ဟူသော တွက်ချက်မှုသည် စိတ်ကူးယဉ်အတွေးတစ်ခုသာလျှင်ဖြစ်ပါသည်။

မည်သို့အားဖြင့် "မိုးယံကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြောပါသနည်း။" Spurgeon က "ကမ္ဘာ့စာအုပ်၌အပိုင်းသုံးပိုင်းရှိ၏။ ကောင်းကင်၊ မြေကြီးနှင့်ပင်လယ်ဖြစ်ကြ၏။ ထိုအထဲတွင် ကောင်းကင်သည် ဘုန်းအသရေအရှိဆုံးဖြစ်၍ ဤကောင်းကင်အားဖြင့် အခြားသောနှစ်ပိုင်း၏လှပမှုကို မြင်တွေ့နိုင်၏။ ပထမဆုံးစာမျက်နှာမပါသောစာအုပ်တိုင်းသည် ပြည့်စုံခြင်းမရှိပါ။ ဤဖန်ဆင်းခြင်းအကြောင်းရေးထားသော သမ္မာကျမ်းစာ၌လည်း၊ ပထမစာမျက်နှာတွင် နေ၊ ကြယ်၊ လတို့ကိုတွေ့ရပြီး၊ ထိုအရာမရှိလျှင် နောက်၌ဖြစ်လာသောအရာတို့သည် အမှောင်ဖုံးမည်ဖြစ်၍ သိရှိခြင်းရှိနိုင်မည်မဟုတ်သောကြောင့်၊ ထိုအရာတို့သည် အဓိကကျ၏။ လူသားသည်လည်း ကောင်းကင်အကြောင်းကို လေ့လာခြင်းငှါ ဖန်ဆင်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့်ဖန်ဆင်းခြင်းအကြောင်းကို နေ၊ ကြယ်၊ လတို့ဖြင့်စတင်လေ့လာသောသူသည် အစကောင်းသည်ဟု မှတ်ယူရပါမည် . . . လူ့ဉာဏ်မမီသော ဝိညာဉ်ကမ္ဘာအကြောင်းကို သိနားလည်နိုင်ခြင်းငှါ အကောင်းဆုံးသောသွန်သင်ခြင်းကို ဖန်ဆင်းခြင်းထဲမှ မိုးယံကောင်းကင်က အကောင်းဆုံးပေးနိုင်ပါသည်. . ." ဟုဆိုထား၏။

ဆာလံ ၁၉း၁-၆ ထဲတွင်၊ ဒါဝိတ်က ဖန်ဆင်းခြင်းအရာတို့က ကျွန်ုပ်တို့ထံစကားပြောလျက်နေကြောင်းဖော်ပြထားပါသည်။ သို့သော်လည်း ဤဖန်ဆင်းထားသောအရာတို့သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော၊ အနန္တတန်ခိုးရှင်ထာဝရဘုရားရှိတော်မူကြောင်းကိုသာ သွန်သင်နိုင်ပြီး၊ ဘုရားသခင်ပေးတော်မူသော နှုတ်ကပတ်ကျမ်းစာကသာလျှင် ထိုဘုရားသည် ကယ်တင်ရှင်ဘုရားဖြစ်ကြောင်းကို သွန်သင်နိုင်၏။ ဆာလံ ၁၉း၇-၁၁ တွင်ဒါဝိတ်က ထိုသမ္မာကျမ်းစာအကြောင်းကို ဆွေးနွေးဖော်ပြထားပါသည်။

ဖန်ဆင်းထားသောအရာအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကိုမြင်ရပြီး၊ သမ္မာကျမ်းစာအားဖြင့် ယေရှုခရစ်တော်သည် ကယ်တင်ခြင်းလမ်းတစ်ခုတည်းဖြစ်ကြောင်း သင်ယူရပြီဖြစ်သောကြောင့်၊ ဘုရားသခင်ကို သင်ရှာတွေ့ရပြီဟုဆိုနိုင်ပါသလား။ ဆာလံ ၁၉း၁၂-၁၄ ထဲ၌တွေ့ရသော ဒါဝိတ်၏ဆုတောင်းချက်သည် သင်၏ဆုတောင်းချက်ဖြစ်ပါသလား။

**ဆင်ခြင်ရန်** - (ဆာလံ ၁၉း၁၄ ကိုပြန်၍ဆင်ခြင်လော့)။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်၏ဖန်ဆင်းခြင်းနှင့်နှုတ်ကပတ်တော်ထဲ၌ ကိုယ်တော်ကိုမြင်တွေ့ရမည်အကြောင်း အကျွန်ုပ်အားမစတော်မူပါ။

တနင်္ဂနွေ၊ ဇူလိုင် (၂၂)

**ဆာလံ ၂၀**

ဟေရှာ ၉း၇

*ကိုယ်တော်၏အိမ်တော်၌ အစဉ်*
*ဝမ်းမြောက်ရွှင်လန်းခြင်းရှိပါ၏*

## "ထာဝရဘုရားသည်ရှင်ဘုရင်ကိုကယ်တင်တော်မူပါစေ" (၁)

ခရစ်ယာန်နိုင်ငံတိုင်းသည် မိမိ၏ခွန်အားကို အားမကိုးဘဲဘုရားသခင်၏ ကွယ်ကာတော်မူခြင်းကို တောင်းလျှောက်ကြခြင်းငှါ ဆာလံ ၂၀ အားဆုတောင်းခြင်းကဲ့သို့ စပ်ဆိုသောဒါဝိတ်က ပုံသာဓကထားခဲ့၏။ ဒါဝိတ်သည် ဘုရားသခင်ထံ သစ္စာရှိရန်နှင့်အနန္တတန်ခိုးရှင်အား ယုံကြည်ကိုးစားခြင်းရှိရန် တိုက်တွန်းခြင်းဖြစ်၏။ ခရစ်ယာန်နိုင်ငံတို့၏ နိုင်ငံတော်သီချင်းနှင့် ခရစ်ယာန်နိုင်ငံမဟုတ်သောနိုင်ငံ၏နိုင်ငံတော်သီချင်းသည် ခြားနားလှပါသည်။ လောကီနိုင်ငံတို့သည် သူတို့ဘုရားများ၊ ရှင်ဘုရင်များ သက်တော်ရှည်ဖို့အတွက် ဆုတောင်း၍၊ မျိုးချစ်စိတ်ရှိခြင်းငှါ နှိုးဆော်ခြင်းပြုကြသော်လည်း၊ ဘုရားသခင်၏အမည်နာမကို ဖော်ပြခေါ်ဆိုခြင်းမပြုကြပါ။

ဗြိတိန်နိုင်ငံ၏နိုင်ငံတော်သီချင်းသည် စစ်မှန်သောဘာသာတရားကို ဖော်ညွှန်းသောစကားလုံးများဖြင့် စပ်ဆိုထားခြင်းဖြစ်သော်လည်း၊ ပြည်သူပြည်သားတို့သည် ထိုနိုင်ငံတော်သီချင်းကို ရိုးသားဖြူစင်စွာဖြင့်၊ ယုံကြည်ခြင်းဖြင့် အမှန်တကယ်သီဆိုကြပါသလား။ ဘုရင်မဧလိဇဘက် II ၏ခမည်းတော်၊ ရှင်ဘုရင် George VI ၏စကားကိုမှတ်သားကြပါစို့။ ဂရိဗြိတိန်နှင့်ဂျာမနီတို့သည် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် စစ်ပွဲဖြစ်ပွားသောအခါ တိုင်းသူပြည်သားတို့အား အနန္တတန်ခိုးရှင်ဘုရားသခင်ထံ နှိမ့်ချလျက် ဆုတောင်းခြင်းပြုရန် တစ်တိုင်းပြည်လုံးအတွက် ဆုတောင်းခြင်းနေ့ရက် သတ်မှတ်ခဲ့၏။ ထိုနေ့၌ "အကျွန်ုပ်တို့ဘက်၌ ဘုရားသခင်ရပ်တည်ခြင်းငှါမဟုတ်ဘဲ၊ ဘုရားသခင်ဘက်၌ ကျွန်တော်တို့ရပ်တည်ကြခြင်းငှါ ဆုတောင်းကြလော့" ဟုမိန့်တော်မူ၏။ "ဘုရားသခင်သည် ရှင်ဘုရင်ကိုကယ်တင်တော်မူပါစေသော်" (သို့) "ဘုရားသခင်သည် ဘုရင်မကိုကယ်တင်တော်မူပါစေသော်" ဟူသောသီချင်း၊ ပြည်သူလူထုက မိမိတို့စိတ်နှလုံးထဲမှ အမှန်တကယ်မဆိုခဲ့လျှင် အကျိုးမရှိပါ။

စစ်ပွဲ၌ ရန်သူတို့ကို အောင်နိုင်ခြင်းငှါငှင်း၊ ရှင်ဘုရင်၏အသက်ရှင်ခြင်းအတွက်ငှင်း၊ ဤနိုင်ငံတော်သီချင်းကို ဆုတောင်းခြင်းသီချင်းအဖြစ် စပ်ဆိုခဲ့သောဒါဝိတ်သည် နောင်လာနောက်သားများယုံကြည်ခြင်း၌ ဆက်လက်ရပ်တည်ကြစေရန် နှိုးဆော်လိုသောရည်ရွယ်ချက်ဖြင့် စပ်ဆိုခြင်းဖြစ်ပါသည်။ ဣသရေလနိုင်ငံကိုတည်ထောင်သော ဒါဝိတ်သည် မိမိဘဝတစ်လျှောက်လုံးစစ်တိုက်သောရှင်ဘုရင်ဖြစ်ခဲ့ပါသည်။

အချို့သောကျမ်းတတ်ပုဂ္ဂိုလ်တို့က ရှင်ဘုရင်အတွက် ဤဆုတောင်းခြင်းဆာလံသည် သခင်ယေရှုအကြောင်း ပရောဖက်ပြုခြင်းဖြစ်၍၊ ရှေးအသင်းတော်က မိမိ၏ရှင်ဘုရင်စစ်တိုက်ခြင်းအမှုအတွက် တောင်းလျှောက်ခြင်းအမှုပြုခြင်းဖြစ်သည်ဟု မှတ်ယူကြ၏။ အသင်းတော်သည် မိမိ၏ခေါင်းဖြစ်သော ကယ်တင်တော်မူသော စစ်ဗိုလ်ချုပ်အတွက်ရန်သူကိုအောင်နိုင်ခြင်းငှါ ကြိုးစားအားထုတ်ရပါမည်။ ခရစ်တော်သည် အကျွန်ုပ်တို့၏ပရောဖက်သာလျှင်မဟုတ်၊ ယဇ်ပုရောဟိတ်နှင့် ရှင်ဘုရင်လည်း ဖြစ်တော်မူကြောင်း အောက်မေ့ကြပါလော့။

**ဆင်ခြင်ရန်** - (ဟေရှာယ ၉း၇ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်နိုင်ငံ၏အစိုးရကို ကိုယ်တော်ဦးဆောင်တော်မူပါ။

တနင်္လာ၊ ဇူလိုင် (၂၃)

**ဆာလံ ၂၁**

ဆာလံ ၂၃ *"အိုထာဝရဘုရား၊ အကျွန်ုပ်အား ပြုစုတော်မူပါ"*

## "ထာဝရဘုရားသည်ရှင်ဘုရင်ကိုကယ်တင်တော်မူပါစေ" (၂)

ဆာလံ ၂၁ သည် အောင်နိုင်ခြင်းသီချင်းဖြစ်၍၊ ဆာလံ ၂၀ ပြီးမှဆီလျော်စွာထားရှိခြင်းဖြစ်၏။ ဆာလံ ၂၀ သည် မျှော်လင့်ခြင်းဖြစ်၍၊ ဤဆာလံမှုကား၊ ရှင်ဘုရင်လူတို့၏ ထိုမျှော်လင့်ချက်ကိုမျက်မှောက်ထင်ရှားခြင်းဖြစ်ပါ၏။ ဒါဝိတ်က တတိယပုဂ္ဂိုလ်အနေဖြင့် မိမိကိုယ်ကိုဖော်ပြသော်လည်း၊ မိမိလူတို့အဖို့ ရည်ရွယ်ရေးသားခြင်းဖြစ်ကြောင်း သေချာလှပါသည်။ ဤသည်ကားစစ်ပွဲ၌ အောင်မြင်ခြင်းရလာသောအခါ သီဆိုမည့်ဒုတိယမြောက်နိုင်ငံတော်သီချင်းဖြစ်ပါသည်။ ဤသီချင်းတွင် အောင်မြင်ခြင်းရသောရှင်ဘုရင်၏ ဘုန်းအသရေတော်ချီးမွမ်းခြင်းတွေ့ရသော်လည်း၊ ထိုအောင်နိုင်ခြင်းသည်ဘုရားသခင်အားဖြင့်ဖြစ်ကြောင်း ဖော်ပြခဲ့၏။ ထိုအခါ ပြည်သူတို့သည် လူ့စွမ်းအား၌မဟုတ်ဘဲ၊ ဘုရားသခင်၏တန်ခိုးတော်ကို ကိုးစားကြရမည်ဖြစ်ပါသည်။ ဣသရေလ၏ရှင်ဘုရင်သည် အထွဋ်အထိပ်မဟုတ်၊ ဘုရားသခင်၏လက်အောက်ခံသာလျှင်ဖြစ်ပါသည်။

ဒါဝိတ်သည် ဣသရေလနိုင်ငံ၏စံပြရှင်ဘုရင်ဖြစ်ပါသည်။ သူသည် ဘုရားသခင်၏ "စိတ်တော်နှင့်ညီညွတ်သောသူ" (၁ ရာ ၁၃း၁၄) ဖြစ်သည့်အလျောက်၊ ဘုရားသခင်က "သူ၏နှုတ်နှင့် ဆုတောင်းသည်ကိုငြင်းပယ်တော်မမူ။ သူ၏စိတ်အလိုရှိသည်အတိုင်း ပေးသနားတော်မူပြီ" (ဆာလံ ၂၁း၂)။ ဒါဝိတ်သည် ဘုရားသခင်ထံဘယ်အရာကိုတောင်းလျှောက်ပါသနည်း။ "သူသည် အသက်ကိုဆုတောင်း၍၊ ကိုယ်တော်သည်အသက်မက၊ ထာဝရအသက်ကို ပေးသနားတော်မူပြီ" (ဆာလံ ၂၁း၄)။ ဒါဝိတ်သည် မိမိလူတို့ကို ဤလောကလူသားများအနေဖြင့် အုပ်စိုးသည်မဟုတ်၊ ထာဝရဘုရားကို မျှော်ကိုး၍ အုပ်စိုးခြင်းဖြစ်၏။ သူသည် ဤလောက၌အသက်ကြီးရင့်အိုမင်းသည်အထိ အသက်ရှင်ခြင်းသာမဟုတ် (သူရခဲ့ပါ၏)၊ ထာဝရအသက်မျှော်လင့်တောင့်တခဲ့ပါ၏။ ဤလောက၌ နှစ်ပေါင်း ၄၀ တိုင်တိုင် ဣသရေလကိုအုပ်စိုးရသောအခွင့် ဘုရားသခင်ပေးသနားသော်လည်း၊ သူသည် ကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်ထာဝရနေထိုင်ခြင်းကို တောင့်တခြင်းရှိခဲ့၏။ ဤအချက်ကို ဆာလံ ၂၃ နိဂုံး၌တွေ့ရပါသည်။

ဤလောက၌ မိမိ၏နိုင်ငံတော်ကို သင်တည်ထောင်ဖို့ရန် ကြိုးစားနေပါသလား။ ကောင်းကင်ဘုံ၌ ထာဝရအသက်ရှင်ရမည်ကို လိုချင်တောင့်တမှုရှိပါသလား။ အာဏာနှင့်ရာထူးစည်းစိမ်မဟုတ်ဘဲ အသက်ရှင်ခြင်းကို ဒါဝိတ်တောင့်တခြင်းရှိကြောင်းကို ဘုရားသခင်အဖို့ အိမ်တော်တည်ဆောက်လိုချင်မှု၌ တွေ့ရပါသည် (၂ ရာ ၇း၁-၁၇)။ ထို့ကြောင့်ဘုရားသခင်သည် ကျေနပ်အားရခြင်းရှိတော်မူသဖြင့် သခင်ယေရှုခရစ်တော်၌ ထာဝရတည်သောနိုင်ငံတော်အား ကောင်းချီးပေးတော်မူ၏ (၂ ရာ ၇း၁၆)။ ဘုရားသခင်သည် ထာဝရနိုင်ငံတော်ကို ကတိတော်ထားသည်ဖြစ်သောကြောင့်၊ ထာဝရအသက်ရှင်ခြင်းကိုလည်း ကတိတော်ထားကြောင်း သေချာလှပါသည်။

သူ့ဘက်၌ဘုရားသခင်ရပ်တည်တော်မူသောကြောင့်၊ ဒါဝိတ်အိမ်တော်သည် "အားတိုးပွားလျက်၊ ရှောလုအမျိုးသည် အားရှော့လျော့လျက်ရှိကြ၏" (၂ ရာ ၃း၁)။ ထိုသို့ဖြင့် နိုင်ငံအတွင်းရှိ မိမိ၏ရန်သူအပေါင်းကို ဒါဝိတ်သည်အောင်နိုင်ခဲ့လေ၏။ (ရောမ ၈း၃၁ ကိုဖတ်ပါ)။

**ဆင်ခြင်ရန်** - (ဆာလံ ၂၃ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်ဘက်၌ရပ်တည်နေစဉ်၊ အကျွန်ုပ်ကိုအလွန်ရဲရင့်ခြင်းရှိစေတော်မူပါ။

# မရှိယကားတိုင်ပေါ်၌အသေခံခြင်း

ဆာလံ ၂၂ ခေါင်းစဉ် (Aijelith Shahar) ကို "အာရုဏ်ဦးသမင်ဒရယ်" ဟုဘာသာပြန်ခဲ့၏။ Spurgeon က "အကျွန်ုပ်တို့၏သခင်ယေရှုကို မကြာခဏသမင်ဒရယ်နှင့်ခိုင်းနှိုင်းထားပြီး၊ ဤရင်နင့်ဖွယ်ဆာလံထဲတွင် ကြမ်းတမ်းစွာလိုက်ဖမ်းခြင်းခံရကြောင်းကို သနားစဖွယ်ဖော်ပြထားပါသည် . . . " ဟုဆိုခဲ့၏။

ဤအလွန်နာကျင်စွာခံစားရခြင်းအခြေအနေတွင်၊ ဒါဝိတ်၏စိတ်နှလုံးသည် နာကျင်ခံစားခြင်းနှင့်ဆိုင်သော ပရောဖက်ပြုချက်စကားလုံးတို့ဖြင့် လွှမ်းမိုးခြင်းခံရပါသည်။ ဤစကားလုံးတို့သည် ကားတိုင်ပေါ်၌ မေရှိယ၏နာကျင်ခြင်းစကားလုံးတို့နှင့် ကိုက်ညီမှုရှိပါသည်။ မိမိခေတ်ကာလတွင် ကားတိုင်ပေါ်၌ သံမှိုဖြင့်ရိုက်သတ်ခြင်းမရှိခဲ့သော်လည်း၊ ဒါဝိတ်က "အကျွန်ုပ်၏လက်ခြေတို့ကို ထိုးဖောက်ကြပါပြီ" ဟုဆိုနိုင်ခြင်းသည် ဘုရားသခင်၏ဖွင့်ပြတော်မူခြင်းကြောင့်ဖြစ်သည်ကို သေချာစေခဲ့၏။

"အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ့်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း"။ ဤဆာလံ၏အဖွင့်စကားလုံးကို ကားတိုင်ပေါ်၌ သခင်ယေရှုက ကိုးကားရွတ်ဆိုခဲ့ပါသည်။ ဤဆာလံ ၂၂ ကို ဤလောက၌ယေရှုအသက်ရှင်စဉ် ဖတ်ကြားခဲ့သည်ဟု ထင်ရပါသည်။ ထို့ကြောင့် မိမိနာကျင်စွာ ဝေဒနာခံစားနေစဉ် ထိုသို့ရေရွတ်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။

ဤဓမ္မဟောင်းကျမ်းမှ ပရောဖက်ပြုချက်သည် ကားတိုင်ပေါ်၌ အသေခံခြင်းအမှုတွင် ဓမ္မသစ်ကျမ်း၌ ပြည့်စုံခြင်းရှိကြောင်း လေ့လာကြပါစို့။

အပိုဒ်ငယ် ၇-၈၊ ယေရှုပြက်ယယ်ပြုခံရခြင်းသည် မသဲ ၂၇း၃၉၊ ၄၃၊ မာကု ၁၅း၂၉ တွင်ပြည့်စုံ၏။
အပိုဒ်ငယ် ၁၄၊ ခန္ဓာကိုယ်နှင့်စိတ်နှလုံးနာကျင်စွာ ဝေဒနာခံရခြင်း။
အပိုဒ်ငယ် ၁၅၊ ခွန်အားလုံးဝယုတ်လျော့၍ အလွန်ရေငတ်ခြင်း (ယော ၁၉း၂၈)။
အပိုဒ်ငယ် ၁၆၊ ခြေလက်သံမှိုရိုက်ခံရခြင်း (မသဲ ၂၇း၃၅)။
အပိုဒ်ငယ် ၁၇၊ ကြည့်မြင်သောသူတို့က ရှုတ်ချခြင်းပြု၏ (မသဲ ၂၇း၃၆)။
အပိုဒ်ငယ် ၁၈၊ (မသဲ ၂၇း၃၅ ကိုကြည့်ပါ)။

အို အသနှံ့ရှင်းဆုံးဌာနကိုဝင်ခြင်းငါ ကိုယ်တော်ခံရသောနာကျင်ခြင်းဝေဒနာပါတကား။ ထိုသို့ယေရှု၏ဝေဒနာခံစားခြင်းသည် ကျွန်ုပ်တို့ကိုယ်စားဖြစ်ပြီး၊ ထိုသေခြင်းအားဖြင့် အသက်ရှင်ခြင်းနှင့်ဆိုင်သော အောင်မြင်မှုကိုရခဲ့၏။ ဤရင်နင့်ဖွယ်ဆာလံသည် ညအမှောင်ကို ဖယ်ရှားသော၊ နံနက်နေရောင်ကဲ့သို့ ပျော်ရွှင်မှုကိုယူဆောင်လာခဲ့၏။ ဤဆာလံ၏ အောင်နိုင်ခြင်းအဆုံးသတ် (အပိုဒ်ငယ် ၂၄-၃၁) သည် မေရှိယ၏ကယ်တင်ခြင်းအမှုတော်ပြီးစီးခြင်းအကြောင်းနှင့် ဆက်နွယ်မှုရှိပါသည်။

**ဆင်ခြင်ရန်** - "ဂေသရေမန်ဥယျာဉ်ကို သတိရမည်အကြောင်း . . . ကာရနီတောင်သို့ အကျွန်ုပ်ကိုခေါ်ဆောင်တော်မူပါ။"

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အကျွန်ုပ်အတွက် ကိုယ်တော်ပေးဆပ်တော်မူသော အဖိုးအခကို ဘယ်တော့မှမမေ့လိုပါ။

## ဆာလံများ၏ဆာလံ

ဆာလံ ၂၃ သည် ဒါဝိတ်၏ဆာလံတို့တွင် အကျယ်ပြန့်ဆုံးသောဆာလံဖြစ်ပါသည်။ ပြောင်းလဲနေသော လူ့ဘဝ၏အခြေအနေအရပ်ရပ်နှင့်လည်း အံဝင်ခြင်းရှိပါသည်။ လူ့ဘဝ၌ အမျိုးမျိုးသော ခံစားချက်များရှိသည်ဖြစ်၍ ဆာလံ ၂၃ ကလည်း ထိုခံစားချက်များဖြစ်သော ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း၊ ချစ်ခြင်း၊ မုန်းတီးခြင်း၊ ဒေါသ၊ လိုအင်ဆန္ဒစသည်တို့ကို ပေါ်လွင်စေပါ၏။ ဤဆာလံသည် ဘုရားသခင်၌သိုထားသောအသက်တာ၏ ဆာလံဖြစ်ပါသည်။ ဤလောက၌ အဘယ်ဘာသာကိုးကွယ်ကိုးကွယ်၊ အဘယ်လူမျိုးဖြစ်ဖြစ်၊ ဘုရားသခင်မပါလျှင် မျှော်လင့်ချက်မရှိပါ (ဧဖက် ၂း၁၂)။ ဒါဝိတ်ကဲ့သို့ ခရစ်ယာန်သည် သိုးထိန်းလက်၌သိုးသငယ်ငြိမ်သက်စွာနေရသကဲ့သို့ ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းအပြည့်အဝရှိပါ၏။ ဤဆာလံကို ထိုသို့သောစိတ်ခံစားချက်အားဖြင့် မိမိအား ဘုရားသခင်က “ခြင်္သေ့လက်၊ ဝံလက်မှ” (၁ ရာ ၁၇း၃၇) ကယ်နှုတ်ခြင်းကို အမှတ်ရလျက် ရေးသားခြင်းဖြစ်ပါသည်။ ထို့ကြောင့်ထာဝရဘုရားသည် “ထိုဖိလိတ္တိလူလက်မှ ကယ်နှုတ်တော်မူလိမ့်မည်” (၁ ရာ ၁၇း၃၇) ဟုယုံကြည်ခြင်းရှိလျက်၊ ဂေါလျတ်ကိုတိုက်ခိုက်ရင်ဆိုင်ခဲ့ပါသည်။ ဤဆာလံရေးသားနေစဉ် ဒါဝိတ်သည် ရှောလု၏လုံတံမှ ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းနှင့် မိမိအင်အားယုတ်လျော့မှုကို အဘိမလက်ထံမှသန့်ရှင်းသော မုန့်ဖြင့်ပြန်လည်အားအင်ဖြည့်တင်းမှုတို့ကို ထင်ထင်ရှားရှားအမှတ်ရခဲ့ပါလိမ့်မည်။ ထို့ကြောင့် ဒါဝိတ်က ဘုရားသခင်သည် မိမိ၏အလုံးစုံဖြစ်တော်မူကြောင်း၊ အလွန်ခက်ခဲသောအချိန်၌လည်း အစဉ်ရှိတော်မူသောသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်း ဖြစ်၏။ ထိုသို့အလွန်လိုအပ်သောအချိန်၌ ဘုရားသခင်၏ မစတော်မူခြင်းခံရသည်သာမက၊ ဘုရား သခင်၏ ကျေးဇူးဂရုဏာတော်သည် နေ့စဉ်စောင့်မတော်မူလျက် ရှိတော်မူ၍ ငြိမ်သက်ခြင်းကို ပေးတော်မူ၏။

“လှံတံတော်နှင့်တောင်ဝှေးတော်” သည် မည်သို့ချမ်းသာစေပါသနည်း။ သိုးထိန်းသည် သိုးတို့ကိုထိန်းကျောင်းသောအခါ လှံတံ (သို့) တောင်ဝှေးကို အစဉ်ကိုင်ဆောင်လျက်ရှိ၏။ ထိုလှံတံနှင့် တောင်ဝှေးဖြင့် သိုးစုတို့ကို လမ်းပြထိန်းကျောင်း၍ ရန်သူလက်မှကွယ်ကာခြင်းကိုပြုခဲ့၏။

ထိုတောကြိုတောင်ကြားမြင်ကွင်းမှ ယခုနန်းတော်မြင်ကွင်းသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ခဲ့၏။ ဒါဝိတ်သည် ဂေါလျတ်အပေါ် အောင်နိုင်ခြင်းအမှုနှင့် အခြားအမှုထမ်းတို့၏ မနာလိုခြင်းခံရလောက်အောင် ရှင်ဘုရင်ရှေ့၌မိမိချီးမြှောက်ခံရခြင်းအမှုကို ပြောကြားနေခြင်းဖြစ်ပါသလား။ ခေါင်းကိုဆီလိမ်းခြင်းသည် မြှေမှန့်နှင့်ပြာလိမ်းခြင်းဖြစ်သော ဝမ်းနည်းခြင်းမဟုတ်ဘဲ၊ ဝမ်းမြောက်ခြင်းကိုဖော်ပြခြင်းဖြစ်ပါသည်။ “ထိုသို့သောဝမ်းမြောက်ခြင်းခံရသောသူသည် မိမိတို့ညီအစ်ကိုတို့၏လိုအပ်ချက်များကို ဖြည့်တင်းပေးရပါမည်” (John Trapp)။

ဒါဝိတ်၌များစွာသောရန်သူရှိသော်လည်း၊ သူသည် မိမိအားချစ်ခြင်းမေတ္တာတော်ဖြင့် အစဉ်စောင့်ရှောက်ကြည့်ရှုတော်မူသော ထာဝရဘုရားထံ၌ ငြိမ်သက်စွာခိုနားခြင်းပြုနိုင်ခဲ့၏။ မိမိအဖို့ကောင်းကင်၌နေရာပြင်ဆင်ထားလျက်ရှိကြောင်း၊ ဒါဝိတ်သံသယမရှိခဲ့ပါ။ ထိုသို့သင်သည်လည်း ယုံကြည်သေချာမှုရှိပါသလား။

**ဆင်ခြင်ရန်** - (ဆာလံ ၂၃ ကိုအလွတ်ကျက်မှတ်ပါလော့)။
**ဆုတောင်းချက်** - အကျွန်ုပ်ကိုထိန်းကျောင်းတော်မူသောဘုရား၊ အကျွန်ုပ်ကိုအစဉ်စောင့်ကြည့်တော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**ဆာလံ ၂၄**
၂ ရာ ၆

*“ထာဝရဘုရား၌ ခိုလှုံခြင်းသည်
သာ၍ကောင်း၏. . . ”*

## စင်ကြယ်သောလက်နှင့်သန့်ရှင်းသောစိတ်နှလုံး

ဆာလံ ၂၄ သည် ပဋိညာဉ်သေတ္တာတော်အားဖြင့် ဩဗဒေဒံအိမ်မှ ယေရုရှလင်မြို့သို့ သယ်ဆောင်ခြင်းအမှုအတွက် စပ်ဆိုထားခြင်းဖြစ်သည်ဟု ထင်ရပါသည်။ ဤပျော်ရွှင်ဝမ်းမြောက်ခြင်းစကားလုံးတို့သည် ထိုသို့သေတ္တာတော်ကို သယ်ဆောင်စဉ် လူထုကိုဦးဆောင်လျက် ဒါဝိတ်ပျော်ရွှင်စွာကခြင်းအမှုနှင့် ကိုက်ညီမှုရှိပါ၏။ ဤဆာလံသည် ဆာလံ ၁၅ နှင့် ဆက်နွယ်မှုရှိသည်သာမက၊ ဆာလံ ၂၂ နှင့် ၂၃ တို့နှင့်လည်း ဆက်စပ်၍စပ်ဆိုထားခြင်းဖြစ်ပါသည်။ ဆာလံ ၂၂ တွင် ကားတိုင်အကြောင်း တွေ့ရ၍၊ ဆာလံ ၂၃ တွင် တောင်ဝှေးအကြောင်းတွေ့ရပြီး၊ ဆာလံ ၂၄ တွင် သရဖူအကြောင်းတွေ့ရပါသည်။

Spurgeon ကဤဆာလံကို သုံးပိုင်းခွဲထားပါသည်။ ပထမအပိုင်းသည် စစ်မှန်သော ဘုရားသခင်ချီးမွမ်းခြင်းနှင့်အုပ်စိုးတော်မူခြင်းသီချင်းဖြစ်ပါသည်။ ဒုတိယအပိုင်းသည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းရှိသော စစ်မှန်သောက္ကသရေလအကြောင်းဖြစ်၏။ တတိယအပိုင်းသည် ရွေးနုတ်တော်မူခြင်းခံရသောသူတို့အဖို့ ကောင်းကင်တံခါးကိုဖွင့်ပေးတော်မူသော၊ ကယ်တင်ရှင်ကြွလာတော်မူခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။

ပထမအပိုင်းတွင် ဘုရားသခင်သည် ယုဒလူတို့နှင့်တပါးအမျိုးသားတို့၏ဘုရားဖြစ်ကြောင်း တွေ့ရ၏။ “ဘုရားသခင်ဖန်ဆင်းတော်မူသော ဤလောက၌အသက်ရှင်သော၊ အသေးငယ်ဆုံးသော သူသည်လည်း ယေဟောဝါဘုရားပိုင်တော်မူ၏. . . ထို့ကြောင့် ပညာတတ်ဖြစ်စေ၊ ပညာမတတ်သော သူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ကျွန်တော်တို့အားလုံးသည် ယေရှုခရစ်တော်၌ တလုံးတဝတည်းဖြစ်ကြ၏။” ဤကမ္ဘာတစ်ခုလုံးနှင့် အထဲရှိအရာခပ်သိမ်းတို့ကို ပိုင်သအုပ်စိုးတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ အရာခပ်သိမ်းကိုဘုရားသခင်ပြုစုကျွေးမွေးတော်မူ၏။

ဒုတိယအပိုင်းတွင် စစ်မှန်သောက္ကသရေလကိုဖော်ပြထားပါသည်။ အသက်ရှင်တော်မူသော ဘုရားသခင်၏နန်းတော်၌နေထိုင်ရပ်တည်မည့်သူသည် လူမျိုးနှင့်မဆိုင်၊ အကျင့်သီလနှင့်သာဆိုင်၏။ ယုဒဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ သန့်ရှင်းသောသူဖြစ်ရပါမည်။ ဘုရားသခင်က လူသားအပေါင်းတို့ကို ဖန်ဆင်းတော်မူသော်လည်း၊ မိမိနှင့်အတူ နေထိုင်ခြင်းငှါ သန့်ရှင်းစေခြင်းခံရသောသူအချို့သာလျှင် ကယ်တင်ခြင်းခံရလိမ့်မည်။ စင်ကြယ်သောလက်နှင့် သန့်ရှင်းသောစိတ်နှလုံးက အတွင်းအပြင်သန့်ရှင်းခြင်းကို ဆိုလိုခြင်းဖြစ်၏။ သန့်ရှင်းသောသူသည် အပြောအဆိုသတိပြုသော၊ ရိုသေခြင်းခံရသောသူဖြစ်၏။ မဟုတ်မမှန်ပြောဆိုခြင်းသည် ကောင်းကင်ဘုံသို့ဝင်ခွင့်မရှိ။ ထို့ကြောင့် မဟုတ်မမှန်ပြောဆိုခြင်းနှင့်မသာမပြောမိစေရန် သတိပြုကြလော့။

တတိယအပိုင်းတွင် သန့်ရှင်းသောဇိအုန်တောင်သို့ တက်ခွင့်ရှိတော်မူသော၊ အကျင့်သီလနှင့်ပြည့်စုံတော်မူသော၊ အကျွန်ုပ်တို့ကိုယ်စားရပ်တည်တော်မူသော လူသားကိုဖော်ပြထားပါသည်။ သံလွင်တော်မှ သခင်ယေရှုကောင်းကင်ဘုံသို့ကြွတော်မူခြင်း၊ မိုးတိမ်ယံ၌ ကောင်းကင်တမန်တို့က ခေါ်ဆောင်၍ ကောင်းကင်ဘုံတံခါးသို့ ကြွတော်မူခြင်းကို သတိရအောက်မေ့ပါလော့။

**ဆင်ခြင်ရန်** - (ဆာလံ ၁၉း၁၂ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - အကျွန်ုပ်အသက်ရှင်ခြင်းအကြောင်း၏ အဓိကရည်ရွယ်ချက်သည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်ဟူ၍ ဖြစ်ပါစေသော်။

သောကြာ၊ ဇူလိုင် (၂၇)

**ဆာလံ ၂၅**

ဆာလံ ၄၃ *“. . . မင်းကို ကိုးစားခြင်းထက်”*

## ဒါဝိတ်၏စိတ်နှလုံးအစန်းထဲမှအလင်းနှင့်အမှောင်ရိပ်

ဒါဝိတ်၏နောင်တရခြင်းနှင့်ဆိုင်သော ဤဒုတိယမြောက်ဆာလံသည် မိမိ၏ငယ်ရွယ်စဉ်အပြစ်များကိုသတိရအောက်မေ့ခြင်းဖြင့် (ဆာလံ ၂၅း၇) စပ်ဆိုခြင်းဖြစ်ပါသည်။ ဤဆာလံထဲ၌ ရန်သူများစွာရှိခြင်းအကြောင်း ဖော်ပြသောကြောင့်၊ မိမိအုပ်စိုးခြင်းကို ပုန်ကန်ကြသောအချိန်၊ မိမိ၏သားတော်အဗရှလုံ၏ ပုန်ကန်ခြင်းအချိန်လောက်ကရေးသားခြင်းဖြစ်မည်ဟုထင်ရပါသည်။ ထို့ကြောင့် ဒါဝိတ်သည် မစခြင်းအကြောင်းအတွက် ဘုရားသခင်ကိုမျှော်ကြည့်ခဲ့၏။ ဘုရားသခင်ရှေ့၌ နောင်တရသောစိတ်၊ ကြေကွဲသောစိတ်ဖြင့်ချဉ်းကပ်၍ ရန်သူတို့ကိုရင်မဆိုင်မီ မိမိအတွင်းစိတ်ကို ဦးစွာစစ်ကြောသန့်ရှင်းစေခဲ့ပါသည်။ စိတ်နှလုံးခွန်အားသည် ခန္ဓာကိုယ်ခွန်အားကို အစွမ်းထက်တည်မြဲစေတတ်၏။ ဒါဝိတ်၏စိတ်နှလုံးသည် ဘုရားသခင်အထံတော်၌မြဲမြံစွာ တွယ်ကပ်ခြင်းရှိပါသည်။ “စစ်မှန်သောသန့်ရှင်းသူ၏လက္ခဏာဟူမူကား မိမိအပြစ်အတွက် ဝမ်းနည်းခြင်းရှိ၍ ထိုဝမ်းနည်းခြင်းက ဘုရားသခင်ထံ ခေါ်ဆောင်ခြင်းပင်ဖြစ်ပါသည်” (Spurgeon)။

ဤဆာလံသည် ဟေဗြဲအက္ခရာစလုံး ၂၂ လုံးကိုအခြေခံ၍ စပ်ဆိုထားခြင်းဖြစ်သောကြောင့် အပိုဒ်ငယ် ၂၂ ပိုဒ်ပါရှိပါသည်။ ဤသို့စပ်ဆိုထားခြင်းက အလွတ်ကျက်မှတ်ထားခြင်းကို များစွာအထောက်အကူပြုပါသည်။ ထိုသို့သောအရေးအသားပုံစံအသုံးပြုခြင်းငှါ သမ္မာကျမ်းစာရေးသားသော ပုဂ္ဂိုလ်တို့ကို သန့်ရှင်းသောဝိညာဉ်က နှိုးဆော်ခြင်းဖြစ်ပါသည်။ ဟေဗြဲကဗျာအလင်္ကာအရေးအသား၌ ဖခင်ကြီးဖြစ်သော ဒါဝိတ်ကို ထိုသို့ဘုရားသခင်က အသုံးပြုတော်မူခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့၏စိတ်ခံစားချက်သည် မျက်နှာပေါ်၌ ပေါ်လွင်တတ်ပါသည်။ ဒါဝိတ်၏ မျက်နှာထားကို သင်မြင်ရပါသလား။ သင်၏ပြဿနာ မည်သို့ပင်ရှိစေ၊ ဒါဝိတ်၏စကားမှသင်ယူကြပါစို့။ “ဘယ်သောအခါမျှသေမည်ဟုမပြောနှင့်၊ ထာဝရဘုရား၊ အကျွန်ုပ်ကယ်တင်တော်မူပါဟု ဆိုပါလော့”။ မိမိကိုယ်ကိုသတ်သေခြင်းသည်ငရဲသို့ကျခံမည့်လူသတ်မှုဖြစ်ပါသည်။ ဤဆာလံ၌ခံစားချက်နှစ်မျိုးတွေ့ရပါသည်- ဆုတောင်းခြင်းနှင့်ဆင်ခြင်နှလုံးသွင်းခြင်းဖြစ်ကြ၏။ ဤသို့အပြန်အလှန်တွေ့ရ၏-

(က) ဆုတောင်းခြင်း (အပိုဒ်ငယ် ၁-၇)၊ (ခ) ဆင်ခြင်နှလုံးသွင်းခြင်း (အပိုဒ်ငယ် ၈-၁၀)၊
(က) ဆုတောင်းခြင်း (အပိုဒ်ငယ် ၁၁)၊ (ခ) ဆင်ခြင်နှလုံးသွင်းခြင်း (အပိုဒ်ငယ် ၁၂-၁၅)၊
(က) ဆုတောင်းခြင်း (အပိုဒ်ငယ် ၁၆-၂၂)။

ဆုတောင်းခြင်းနှင့်ဆင်ခြင်နှလုံးသွင်းခြင်း၊ ဆင်ခြင်နှလုံးသွင်းခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် အကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဘုရားသခင်နှင့်ပို၍ ရင်းနှီးစွာ မိဿဟာယဖွဲ့ခြင်းရှိတတ်၏။ အလင်းနှင့်အမှောင်ရိပ်၊ အမှောင်ရိပ်နှင့်အလင်းပေတည်း။

**ဆင်ခြင်ရန်** - (ဆာလံ ၄၃း၅ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အစဉ်ဆုတောင်းခြင်းပြု၍၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းမည်အကြောင်း သွန်သင်တော်မူပါ။

## ဘုရားသခင်၏စုံရုံး၌အယူခံဝင်ခြင်း

စက်ာပူတရားဥပဒေ၌ စွပ်စွဲခြင်းခံရသောသူသည် အောက်တရားရေးခုံရုံးက ပြစ်ဒဏ်ချမှတ်သောအခါ၊ သူသည် အထက်တရားရေးခုံရုံးသို့အယူခံဝင်ခွင့်ရှိ၏။ ထိုသို့စင်္ကာပူနိုင်ငံ၏ အမြင့်ဆုံးခုံရုံး (တရားသူကြီးသုံးဦးပါဝင်သော အယူခံခုံရုံးဖြစ်ပါသည်) ၌ သူ၏အယူခံဝင်ခြင်းကျဆုံးခဲ့လျှင်၊ နောက်ဆုံးခြေလှမ်းအဖြစ် အင်္ဂလန်၌ရှိသော the Privy Council သို့အယူခံခွင့်လျှောက်နိုင်သေး၏။ ဤအချက်သည် ကိုလိုနီစနစ်မှ အမွေအနှစ်ကောင်းတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ဤ the Privy Council ဟူသောအမြင့်ဆုံးသော အယူခံခုံရုံးသည် ဗြိတိသျှကိုလိုနီအားလုံးအတွက်ဖြစ်၍၊ ယခုကိုလိုနီမှခွဲထွက်ပြီး၊ လွတ်လပ်သောနိုင်ငံအချို့အတွက် အကျိုးဝင်သေး၏။ တရုတ်စကားပုံကဲ့သို့ ပြဿနာကိုအနီးမှမဟုတ်ဘဲ အဝေးမှသုံးသပ်လေ့လာသောအခါ မလိုလားအပ်သောလွှမ်းမိုးမှုမခံရသောကြောင့်၊ ပို၍ရှင်းလင်းစွာမြင်ရပါသည်။

ရှင်ဘုရင်ဒါဝိတ်သည် မသင်္ကာခြင်းခံရသောအခါ၊ သွားဖို့နေရာမရှိ၊ ဘုရားသခင်၏ခုံရုံး၌သာ အယူခံဝင်ခွင့်ရှိခဲ့၏။ ထိုနည်းတူ နောက်ဆုံး၌ကျွန်တော်တို့သည်လည်း ဘုရားသခင်၏ နာမတော်အားဖြင့် ကျိန်ဆိုလျက် (ဟေရှာ ၄၅း၂၃)၊ "မြေကြီးလုံးကို စီရင်တော်မူသောသခင်" (ကမ္ဘာ ၁၈း၂၅) ထံသို့သာအယူခံဝင်ကြရပါမည်။ (ဤကျိန်ဆိုခြင်းသည် သခင်ယေရှုမိန့်တော်မူသော "ကျိန်ဆိုခြင်းမပြုနှင့်. . "ဟူသောအချက်ကို ဆန့်ကျင်ခြင်းမဟုတ်ပါ။ ယေရှုတားမြစ်တော်မူခြင်း သည် မဟုတ်မမှန်ကျိန်ဆိုခြင်းဖြစ်ပါသည်)။ ဤဒါဝိတ်၏အမှုသည် အဘယ်အချိန်၌ဖြစ်ပျက်သောအမှုဖြစ်ကြောင်းကို တိကျစွာဖော်ပြခြင်းငှါ ခဲယဉ်းလှပါသည်။ အာဗနာအား ယွာဘသတ်ခြင်းအမှု၌ ဒါဝိတ်သည် မိမိအပြစ်ကင်းကြောင်း ဘုရားသခင်တိုင်တည်၍ ကြွေးကြော်ခဲ့၏ (၂ ရာ ၃း၂၈)။

အပြစ်ကင်းသောသူသည် တရားသူကြီးရှေ့၌ ရဲရင့်စွာသတ္တိရှိရှိ ကျိန်ဆိုခြင်းကိုပြုသော်လည်း၊ အပြစ်ရှိသောသူသည် မဟုတ်မမှန်ကျိန်ဆိုသောကြောင့်၊ စိတ်ထဲ၌ကြောက်ရွံ့ထိတ်လန့်ခြင်းရှိ၏ (ဒေ ၉း၂)။ အကျွန်ုပ်ကိုစီရင်ပါ၊ စစ်ဆေးပါ။ စစ်ကြောပါဟူ၍ အဓိပ္ပာယ်သက်ရောက်သော "အကျွန်ုပ်ကိုစစ်ဆေးစုံစမ်း၍၊ နှလုံးကျောက်ကပ်ကိုဆေးကြောတော်မူပါ" ဟူသောစကားသည် ဒါဝိတ်၏ အပြစ်ကင်းခြင်းကိုပေါ်လွင်စေပါသည်။ ဒါဝိတ်သည် မိမိ၏သဘောဖြောင့်မှုကို မိမိလက်အား အပြစ်ကင်းခြင်းနှင့်ဆေးကြောခြင်းဖြင့် ဖော်ပြသည်သာမက၊ ယဇ်ပလ္လင်တော်သို့ ဝင်ရောက်ချဉ်းကပ်ခြင်းလည်းပြုခဲ့၏။ ထိုသို့ဖြင့်သူသည် လူရှေ့၌ ဖြောင့်မတ်စွာနေထိုင်ခြင်းကြောင့် ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူသည် ဘုရားသခင်ကမိမိအားလူ့အသက်ကိုသတ်သောသူ၊ မကောင်းမှုကိုကြံစည်ပြုလုပ်သောသူနှင့် တရားသဖြင့်စီရင်ခြင်းကိုပြောင်းပြန်လှန်တတ်သော တံစိုးပေးတတ်သောသူတို့ထံမှ ကယ်နုတ်မည်ဟုယုံကြည်စိတ်ချခြင်းရှိ၏။ ဘုရားသခင်၏အိမ်တော်အား အလွန်နှစ်သက်စွဲလန်းခြင်း သူ့၌ရှိခြင်းသည်လည်း သူ၏အပြစ်ကင်းသက်သေတစ်ခုဖြစ်ပါသည်။ ရှင်ဘုရင်ဒါဝိတ်ကဲ့သို့၊ ခရစ်ယာန်ခေါင်းဆောင်တိုင်းသည် စိတ်နှလုံးသန့်ရှင်းခြင်းတန်ခိုးခွန်အားကို နှစ်သက်ပြုစုပျိုးထောင်ကြရပါမည်။

**ဆင်ခြင်ရန်** - (မသဲ ၅း၄၈ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အိုထာဝရဘုရား၊ စင်ကြယ်သန့်ရှင်းသော စိတ်နှလုံးအစဉ်ရှိမည်အကြောင်း မစတော်မူပါ။

## ဒါဝိတ်မှုကား မိမိဘုရားသခင်ထာဝရဘုရားကို ကိုးစားလျက်နေ၍အားယူခဲ့၏

၁ ရာ ၃၀း၆ မကိုးကားထားသော ဤခေါင်းစဉ်က မိမိ၏အပေါင်းအဖော်တို့ကပင်လျှင် ပြစ်တင်ခြင်းခံရသော ဒါဝိတ်၏အထီးကျန်မှုကိုဖော်ပြလျက်ရှိပါသည်။ ခရစ်ယာန်သည် အဘက်ဘက်မှဝန်းရံနှောင့်ယှက်ခြင်းခံရသောအခါ မစခြင်းအကြောင်းအတွက် တစ်လမ်းတည်းသာလျှင်ရှိပါသည်- အထက်အရပ်ကို မျှော်ကြည့်ခြင်းဖြစ်၏။ Stoic ၏သွန်သင်ချက်ဖြစ်သော "ငါသည် ငါ့ကံကြမ္မာကိုဖန်တီးသောသခင်၊ အကျွန်ုပ်ဘဝ၏ ပဲ့ထိန်း" (William Ernest Henley, ၁၈၄၉-၁၉၀၃) ဟူသောအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။

ဒါဝိတ်သည် မိမိရန်သူတို့ကြောင့် ယခုထွက်ပြေးရ၍ (ဆာလံ ၂၇း၂-၃)၊ ဘုရားသခင်၏အိမ်တော်၌ ဝတ်ပြုရသောအခွင့်နှင့် ဝေးကွာလျက်ရှိပါသည် (ဆာလံ ၂၇း၄)။ သူသည်မိဘနှင့်ဝေးကွာလျက်နေရ၏ (ဆာလံ ၂၇း၁၀)။ မှားယွင်းစွာ စွပ်စွဲခြင်းကို ခံလျက်နေပါသည် (ဆာလံ ၂၇း၁၂)။ ဤဆာလံကို ရှောလုထံမှ ဒါဝိတ်ထွက်ပြေးစဉ် စပ်ဆိုထားခြင်းဖြစ်နိုင်ပါသည်။ ဂါသမင်းကြီးအာခိတ်ထံ ခဏတည်းခိုစဉ် စပ်ဆိုထားခြင်းလော (သို့) အဒုလံဥမင်၌ ခိုလှုံလွတ်မြောက်စဉ် ရေးစပ်ထားခြင်းလော (သို့) မိမိ၏မိဘတို့အား မောဘရှင်ဘုရင်ထံ အပ်ထားသောအချိန်၌ စပ်ဆိုထားခြင်းလော။ ထိုကာလတို့သည် ဒါဝိတ်အတွက် အလွန်နာကျင်ခံစားခဲ့ရသော၊ ခက်ခဲသောအချိန်ဖြစ်ခဲ့ပါသည်။ ဤဆာလံသည် ထိုသို့မှောင်မဲသောညအချိန်ကာလ၌ ရေးစပ်ထားခြင်းဖြစ်သော်လည်း၊ ကယ်တင်ခြင်းနေ့သစ်ရောင်ခြည်အတွက် ယုံကြည်ခြင်းမျှော်လင့်ချက်တို့ဖြင့် ပြည့်နှက်ခဲ့ပါ၏။ ဤဆာလံက သင့်လမ်းခရီးအတွက် အလင်းပေးပါစေသော်။ ဤဆာလံသည် သင့်စိတ်နှလုံးအတွက် အနာလိမ်းဆေးဖြစ်ပါစေသော်။

လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်သော ယုဒလူမျိုး Scharansky သည် ဆိုဗီယက်တို့၏ ထောင်ချခြင်းကို ခံခဲ့ပါသည်။ သူသည် ဇနီးသည်၏တိတ်တခိုးပို့ပေးသော ဆာလံကျမ်း (ဟေဗြဲဘာသာဖြင့်ရေးထားသော) အားဖြင့် ခွန်အားယူခဲ့ပါသည်။ ထောင်မှူးက ထိုစာအုပ်ကိုလုယူဖို့ ကြိုးစားသောအခါ ရုန်းရင်းဆန်ခတ်ဖြစ်၍ ထိုစာအုပ်ကိုလက်ထဲ၌ မြဲမြဲစွာကိုင်ထားရင်း နှင်းပေါ်သို့ ကျခဲ့၏။ သူက ဤဆာလံကျမ်းစာအုပ်က မိမိကိုကယ်တင်ခဲ့ကြောင်း လောကကြီးကိုပြောသွားခဲ့၏။

ဤဆာလံကိုဤသို့အခြေခံအကြောင်းအရာကို ဖော်ပြ၍ရပါသည်-

(၁) ဘုရားသခင်၌ မိမိကိုယ်ကို အားယူခြင်း (အငယ် ၁-၃)
(၂) ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်း (အငယ် ၄-၆)
(၃) ဘုရားသခင်ထံဆုတောင်းခြင်း (အငယ် ၇-၁၂)
(၄) ဘုရားသခင်၌ မိမိကိုယ်ကိုအားယူခြင်း (အငယ် ၁၃-၁၄)။

**ဆင်ခြင်ရန်** - ထာဝရဘုရားကို ယုံကြည်ကိုးစားခြင်းရှိ၍ စိတ်ပျက်အားလျော့ခြင်းမရှိပါနှင့်။ သူသည် စစ်မှန်သောမိတ်ဆွေဖြစ်တော်မူ၏။ သင်အဘယ်ဒုက္ခပါကြုံကြုံ၊ ယေရှုသည် သင့်ကိုစောင့်ရှောက်ပို့ဆောင်ပေးတော်မူလိမ့်မည်။

**ဆုတောင်းချက်** - အကျွန်ုပ်အသက်တာအတွက် လိမ်းဆေးဖြစ်သော၊ ကိုယ်တော်၏ဆာလံကျမ်းကို ကျွန်တော်အစဉ်ချဉ်းကပ်ဖတ်ရှုလိုပါ၏။

တနင်္လာ၊ ဇူလိုင် (၃၀)

**ဆာလံ ၂၈**

၁ ပေ ၅း၇

*"ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏. . . "*

## သင်ငိုကြွေးခြင်းပြုလျှင် ထာဝရဘုရားထံငိုကြွေးအော်ဟစ်ပါလော့

ငိုကြွေးခြင်းသည် ရှက်စရာမဟုတ်ပါ။ မွန်းကြပ်သောစိတ်ခံစားမှု၊ ဝမ်းနည်းခြင်း၊ ပူပန်ခြင်းနှင့်စိုးရိမ်မှုတို့သည် ကျွန်တော်တို့ငိုကြွေးသောအခါ ပေါ့သွားတတ်၏။ ကျွန်ုပ်တို့မိတ်ဆွေတို့နှင့် ဆွေမျိုးတို့၏ ပခုံးထက်၌ကျွန်တော်တို့ငိုကြွေးလေ့ရှိပါသည်။ သို့သော်လည်း ကလေးငယ်သည် မိခင်ရင်ခွင်၌ ရှိုက်ကြီးတငင်ငိုကြွေးသကဲ့သို့၊ ဘုရားသခင်ထံတော်၌ ငိုကြွေးခြင်းသည် သာ၍ကောင်း၏။ ထိုသို့ပြုရမည်ကို ဒါဝိတ်ကောင်းကောင်းသိပါ၏။ ဒါဝိတ်သည် "မိမိဘုရားသခင်ထာဝရဘုရားကို ကိုးစားလျက်နေ၍" (၁ ရာ ၃၀း၆) အားယူရမည်ကိုသိသည်သာမက၊ မိမိ၏စိတ်သောကများကိုလည်း မည်သို့ သွန်မှောက်ရမည်ကိုသိပါ၏။ ဒါဝိတ်သည် ၁ ပေ ၅း၇ မှပေတရု၏စကားကိုလိုက်လျှောက်သော ပုဂ္ဂိုလ်တွင် ပထမဆုံးပုဂ္ဂိုလ်ဖြစ်ပါလိမ့်မည်။

ဆာလံ ၂၈ သည် ဆာလံ ၂၇ အပြီး၌ ထားခြင်းခံရခြင်းသည် နေရာမှန်ဖြစ်ပါသည်။ Spurgeon က "ဤဆာလံသည် ဒါဝိတ်ရေးသားသော ကျော်ကြားသည့် 'ညအမှောင်သီချင်း' တို့တွင် တစ်ပုဒ်ဖြစ်ပါသည်။ နိုက်တင်ဂေလ်းသည် မိမိရင်ဘတ်၌ စိုက်ဝင်နေသောဆူးကြောင့် သီချင်းဆိုခြင်းဖြစ်သည်ဟု ဆိုကြ၏။ ဒါဝိတ်ခံစားရသော နာကျင်ခြင်းဝေဒနာသည် ဤသို့သောဆာလံကို မွေးဖွားစေခဲ့၏" ဟုဆိုခဲ့ပါသည်။ အမေရိကသည် ယနေ့ခေတ်၌ သာမန်သာလျှင်ဖြစ်လာခဲ့၏။ မိမိ၏ကျော်ကြားမှုသည် အခက်အခဲကြုံရသောကာလ၌ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ၂ ကော ၁၂း၁၀ ကိုဖတ်ပါလော့။ မိမိကိုယ်ကိုဆက်ကပ်မှုဖြင့် ဘုရားသခင်ထံ ငိုကြွေးခြင်းပြုလော့။ ဘုရားသခင်ထံ ငိုကြွေးခြင်းသည် ကြိုးစားဆုတောင်းခြင်းတစ်မျိုးဖြစ်ပါသည်။ ဤငိုကြွေးဆုတောင်းခြင်းသည် စိတ်ခံစားမှုအရသော်၎င်း၊ တခါတရံတမင်ဖန်တီးခြင်းအားဖြင့် ဆုတောင်းတတ်သောဝိညာဉ် ဆုကျေးဇူးအလွန်အကျွံယုံကြည်သောသူတို့အတွက်သာ မဟုတ်ပါ။ သခွားသီးကဲ့သို့ အစဉ်အေးစက်ခြင်းရှိ သော Presbyterian တို့၊ ငိုကြွေးခြင်း၏အကြောင်းရင်းကောင်းကောင်းရှိသောအခါ၊ ငိုကြွေးခြင်းပြုကြ ပါစို့ (မသဲ ၅း၄)။

ဆုတောင်းသောအခါ လက်ချီးမြှောက်ခြင်းအကြောင်းနှင့်ပတ်သက်၍ Spurgeon က ဤသို့ရှင်းပြခဲ့၏- "လက်ချီးမြှောက်ခြင်းသည် စိတ်အားထက်သန်ခြင်းအပြုအမူမဟုတ်ပါ။ ထို့ပြင် တောင်းလျှောက်သောအရာတို့ကို လက်ခံခြင်း၌ အသင့်ရှိခြင်းလည်းမဟုတ်ပါ။ ကျွန်တော်တို့သည် သူတောင်းစားကဲ့သို့ ဘုရားသခင်ထံလက်ချည်း သက်သက်ဆန့်ထုတ်ခြင်းဖြစ်ပါသည်။ ကောင်းကင်မှ အထောက်အမခံရခြင်း၌ တောင်းလျှောက်ခြင်းဖြစ်၏။ အကျွန်ုပ်၏မျှော်လင့်ခြင်းတည်ရာ၊ ယေရှု၏ ကရုဏာတော်ပလ္လင်ဘက်သို့ချီးမြှောက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် စိတ်အားထက်သန်ခြင်းအပြုအမူပြုသောအချိန်တိုင်း၌ ကျွန်တော်တို့သည် ကြေကွဲသောစိတ်နှလုံးလည်း ဘုရားသခင်၌ရှိကြရပါမည်"။

ဒါဝိတ်၏စိတ်နှလုံးသည် တည်ကြည်သည်ဖြစ်သောကြောင့်၊ သူသည်ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်သောသူဖြစ်ပါသည်။ သူသည် ဖြောင့်မတ်ခြင်းတရားကို နှစ်သက်ပြီး၊ မတရားမှုကို မုန်းတီးခဲ့ပါသည်။ ထို့ကြောင့်သန့်ရှင်းသော အကြောင်းတရားအားဖြင့် တောင်းလျှောက်သော ဒါဝိတ်၏ ဆုတောင်းသံကိုဘုရားသခင်နားညောင်းတော်မူ၏။

**ဆင်ခြင်ရန်** - ဂရုဏာတော်ပလ္လင်တော်ကို ကျွန်တော်မကြာခဏချဉ်းကပ်ရပါမည်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ထံသို့မဟုတ်ဘဲ အခြားအရပ်၌သွားခြင်းအပြစ်ကို ခွင့်လွှတ်တော်မူပါ။

# "ကိုယ်တော်၏နာမတော်သည်ကောင်းကင်၊ မြေကြီးနှင့်ပင်လယ်တိုင်အောင် ဘုန်းကြီးပါစေသတည်းဟုချီးမွမ်းကြပါစို့"

ဆာလံ ၂၉ သည် ဘုရားသခင်သည် ဖန်ဆင်းရှင်ထာဝရဘုရား၊ စကြာဝဠာတစ်ခုလုံး အစိုးရတော်မူသော ဘုရားဖြစ်ကြောင်းကို ဒါဝိတ်ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။ တန်ခိုးကြီးသော ကောင်းကင်တမန်၊ ဘုရားသခင်၏သားတော်တို့ကို ယေဟောဝါဘုရားအား ဝတ်ပြုကိုးကွယ်လျက်၊ ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းဆိုခြင်းငှါ ဤဆာလံက ဖိတ်ခေါ်လျက်ရှိပါသည်။ ထိုနည်းတူ အသင်းတော်ကလည်း အဘဘုရားသခင်ထံမှတန်ခိုးနှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာနှင့်ငြိမ်သက်ခြင်း ကျွန်ုပ်တို့အပေါ်သက်ရောက်ခြင်းငှါ ထိုသို့ကြွေးကြော်ရပါမည် (ဆာလံ ၂၉း၉-၁၁)။

ဖန်ဆင်းထားသောအရာများတို့နှင့် ကယ်တင်ခြင်းခံရသောသားသမီးတို့သည် ဘုရားသခင်အား အတူတကွဝတ်ပြုချီးမွမ်းကြသောအခါ၊ ဘုရားသခင်၏ အတူပါရှိတော်မူခြင်းတန်ခိုးသည် ဤလောက၌ အမျိုးမျိုးထင်ရှားတော်မူခဲ့၏။ ထိုဘုန်းတန်ခိုးတော်ကို မြေထဲပင်လယ်ပေါ်၌ ထင်ရှားကြောင်း ဤကဗျာဆရာကသိမြင်ခံစားခဲ့ပါသည် (ဆာလံ ၂၉း၃)။ လေဗနုန်အာရဇ်ပင်တို့ကို ချိုးတော်မူသော လေအဟုန်၌ ဘုရားသခင်၏တန်ခိုးတော်သည် ထင်ရှားလျက်ရှိ၏ (ဆာလံ ၂၉း၅)။ လေဗနုန်တောင်နှင့် ဟေရမုန်တောင်ဖြစ်သော ဓိရုန်တောသည် လျှင်လှုပ်ခြင်းဖြင့် ပေတစ်သောင်းမြင့်တက်ခဲ့ပါ၏ (ဆာလံ ၂၉း၆)။ လျှပ်စီးလက်ခြင်း (ဆာလံ ၂၉း၇) နှင့် ဂါလိလဲပြည်မြောက်ဘက်ရှိ ကာဒေရှတောကို ချောက်ခြားစေသော မိုးချုန်းသံတို့အကြား၌ပင် ကြောက်လန့်ခြင်းရှိနေသော သမင်ဒရယ်မတို့သည် ဘုရားသခင်၏သိမ်မွေ့သောကွယ်ကာခြင်းအောက်၌ သားမွေးဘွားခြင်းရှိကြ၏။

၃ ရာ ၁၉း၁၁-၁၃ ထဲ၌လည်း အခြားသောမုန်တိုင်းနှင့်လျှင်လှုပ်ခြင်းမြင်ကွင်းကို ဖော်ပြခဲ့ပါသည်။

ဘုရားသခင်၏အသံတော်ကို မုန်တိုင်းကြား၌ ကျွန်ုပ်တို့၏ပင်ကိုယ်နားဖြင့် မကြားနိုင်ပါ။ မီးလျှံထဲ၌လည်း ဘုရားသခင်ကို ကျွန်တော်တို့မမြင်နိုင်ပါ။ ထို့ကြောင့် လောကီလူသားတို့သည် ဖန်ဆင်းခြင်းအမှုနှင့်ထိုသဘာဝတရားအားဖြင့် အသံလွှင့်နေသော ဘုရားသခင်၏အသံတော်ကို မသိဘဲ လျှောက်သွားကြပါသည်။ သို့သော်လည်း၊ "ဤကမ္ဘာမြေကြီး၊ ကောင်းကင်နှင့်ပင်လယ်" ၌ ပေါ်ထွန်းသောဘုရားသခင်ပြုတော်မူသည့် အံ့ဖွယ်အရာတို့ကိုမြင်နိုင်သော၊ ဒါဝိတ်နှင့်ဧလိဇ်တို့သည် "ဖြည်းညှင်းသောအသံ" ကိုကြားသိခဲ့ကြ၏။ ထိုသို့ကျွန်တော်တို့သည်လည်း ကြားသိသည်ဟုဆိုပါလျှင်၊ ထိုအနန္တတန်ခိုးရှင်၏ နောက်ထပ်ဖော်ပြပြောဆိုသည့်စကားကို သတိပြုနားစွင့်ကြပါစို့။

**ဆင်ခြင်ရန်** - "ဤလောကကမ္ဘာအကျွန်ုပ်ပတ်ဝန်းကျင်၌ ဖြစ်ပျက်သောအရာတို့တွင်ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၏ စောင့်ရှောက်မှုကိုကျွန်တော်မြင်တွေ့ရပါသည်။"

**ဆုတောင်းချက်** - အိုဖန်ဆင်းရှင်ဘုရား၊ အစိုးရတော်မူသောသခင်၊ ကိုယ်တော်သည် အဆုံးစွန် အာဏာရှိတော်မူ၍၊ အရာခပ်သိမ်းကို အုပ်စိုးထိန်းချုပ်တော်မူသော ဘုရားဖြစ်ကြောင်း သိခြင်း၏ ငြိမ်သက်ဝမ်းမြောက်ခြင်းခံရသောကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ၏။

**ဆာလံ ၃၀**

၅ ရာ ၂၁း၁-၃၀၊ ၂၂း၁-၆ *"ထို့ကြောင့်ငါတို့သည် ကြောက်လန့်ခြင်းမရှိ. . ."*

## ငိုကြွေးခြင်းမှရွှင်မြူးခြင်းသီချင်းဆိုခြင်းသို့

ဤဆာလံ၌တွေ့ရသောဒါဝိဒ်၏ အိမ်တော်ဆက်ကပ်ခြင်းသီချင်းသည် ဘုရင့်အိမ်တော်ကို ဆိုလိုခြင်းမဟုတ်ဘဲ၊ သားတော်ရှောလမုန်တည်ဆောက်မည့်ဗိမာန်တော်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဣသရေလလူအပေါင်းကို စာရင်းကောက်ခံခြင်း၌ ဒါဝိဒ်၏ထောင်လွှားသောစိတ်ဆန္ဒသည် ဣသရေလအမျိုး၏အသက်ပေါင်း ၇၀၀၀၀ ကိုဖျက်ဆီးသော ဘေးဒဏ်ကို သုံးရက်လုံးလုံးဖြစ်ပွားစေခဲ့၏။ ဘုရားသခင်၏ကောင်းကင်တမန်သည် ယေရုရှလင်မြို့ကို ဖျက်ဆီးမည့်အချိန်၌၊ ဒါဝိဒ်သည် ဘုရားသခင်၏လူတို့အဖို့ ဂရုဏာကိုတောင်းလျှောက်ပြီး၊ မိမိကိုယ်တိုင်နှင့် မိမိအိမ်သားတို့ကို စီရင်ခြင်းခံခြင်း၌ ဆက်ကပ်ခဲ့ပါသည်။ ဘုရားသခင်၏ ကောင်းကင်တမန်သည် ပရောဖက်ဂဒ်အားဖြင့်၊ အရောန၏ကောက်နယ်တလင်း၌ ယဇ်ပလ္လင်ကို တည်၍ မီးရှို့ရာယဇ်ပူဇော်ခြင်းဖြင့် ဒါဝိဒ်သည် ခွင့်လွှတ်ခြင်းခံရမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့၏။ ထိုကောက်နယ်တလင်းကို ရွှေခြောက်ပိဿာဖြင့် ဒါဝိဒ်ဝယ်ပြီးမှ မိန့်တော်မူသည့်အတိုင်း ပြုခဲ့၏။ ဘုရားသခင်၏အမျက်တော်ပြေကြောင်း ဒါဝိဒ်မြင်ရသောအခါ၊ ပရောဖက်နာသန်ထံ မိမိ၏ဆန္ဒကို ဖော်ထုတ်ခဲ့သော ဗိမာန်တော်တည်ဆောက်မည့်အရပ်သည် အရောန၏ကောက်နယ်တလင်းဖြစ်ကြောင်း သဘောပေါက်ခဲ့၏ (၂ ရာ ၇း၁-၁၇)။ ထိုရှောလမုန်တည်ဆောက်မည့် ဗိမာန်တော်ဆက်ကပ်ခြင်းအမှုအတွက် ဤဆာလံကို ရေးသားစပ်ဆိုခြင်းဖြစ်ပါသည်။ အရောန၏ကောက်နယ်တလင်း၌ ယဇ်ပူဇော်ခြင်းအမှုဖြစ်စေသော အဖြစ်အပျက်တို့ကို ဤဆာလံထဲ၌ ဖော်ပြထားပါသည်။ ဤအကြောင်းအရာများကို ၅ ရာ ၂၁း၁-၃၀၊ ၂၂း၁-၆ ထဲ၌လည်း မှတ်သားထားပါသည်။ ဤသမိုင်းမှတ်တမ်းက ဆာလံ ၃၀း၅ ၌ ငိုကြွေးခြင်းအကြောင်းနှင့် ဆာလံ ၃၀း၃ ၌ သချိုင်းအကြောင်းဖော်ပြခြင်းအကြောင်းကို နားလည်စေပါသည်။

Spurgeon က "ဘုရားသခင်၏ သားသမီးတို့သည် တစ်နေရာ၌အဆင်ပြေမှုရှိသောအခါ၊ စုံစမ်းစစ်ကြောခြင်းလည်း ခံရတတ်ပါသည်။ အခက်အခဲမရှိသော အဆင်ပြေမှုကိုအနည်းငယ်သောသူကသာ ခံနိုင်ခြင်းရှိ၏။ အဆင်ပြေမှုသည် မိမိကိုယ်ကို ယုံကြည်ကိုးစားခြင်းဖြစ်စေတတ်သောကြောင့်၊ ပျော်ရွှင်ခြင်းအမှု၌လည်း နာကျင်ခြင်းအတွေ့အကြုံရောယှက်တတ်ပါသည်။ သို့သော်လည်း နောင်တရခြင်းရှိလျှင် ခွင့်လွှတ်ခြင်းရှိ၍ ဘုရားသခင်၏ဂရုဏာတော်သည် ချီးမြှောက်ခြင်းခံရ၏။ ဆာလံသည် ချီးမွမ်းသီချင်းဖြစ်၏။ ညည်းတွားမြည်တမ်းခြင်းမဟုတ်ပါ" ဟုရှင်းပြခဲ့ပါသည်။ အကျွန်ုပ်တို့အတွက် ဆုံးမစကားဖြစ်ပါ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ အဆင်ပြေခြင်းကောင်းချီးမင်္ဂလာခံစားရသောအခါ၊ ရှေ့တော်၌ နှိမ့်ချသောစိတ်နှလုံးဖြင့် ပို၍နေထိုင်ကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမှ ကောင်းချီးခံစားရသောအခါ ကျွန်တော်မည်သို့ တုန့်ပြန်ခဲ့ပါသနည်း။

**ဆုတောင်းချက်** - (သုတ္တံ ၃၀း၈-၉ ကို အသုံးပြုပါ)။

## အမျိုးနှင့်ဆွေမျိုးတို့၏ စွန့်ပစ်ခြင်းခံရသောသူ

ဤတရုတ်ဆိုရိုးစကားသည် ယခုဆာလံ၌ တွေ့ရသောဒါဝိတ်၏အခြေအနေကို ကောင်းစွာ ဖော်ပြလျက်ရှိ၏။ “အိမ်နီးချင်းတို့သည် အကျွန်ုပ်ကိုအထူးသဖြင့် ကဲ့ရဲ့ကြပါ၏။ အကျွမ်းဝင်သောသူများတို့သည်လည်း ရွံ့ကြပါ၏။ အိမ်ပြင်မှာ အကျွန်ုပ်ကိုတွေ့မြင်သောသူတို့သည် ရှောင်၍ပြေးကြပါ၏” (ဆာလံ ၃၁း၁၁)။ အချို့သောကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤအခြေအနေသည် ကိလမြို့မှဒါဝိတ်အလျင်အမြန်ရှောင်တိမ်းထွက်ပြေးခြင်း (၁ ရာ ၂၃း၁-၁၃) အမှုကို ရည်ညွှန်းသည်ဟု ဆိုကြ၏။ သို့သော်လည်း မိမိ၏သားတော်အဗရှလုံထံမှ ဒါဝိတ်ထွက်ပြေးခြင်းနှင့်ပို၍ ဆက်နွယ်မှုရှိသည်ဟု ကျွန်တော်တို့ပို၍ ယုံကြည်ပါသည်။

ဒါဝိတ်၏တိုင်ပင်မတ်အဟိသောဖေလသည် အဗရှလုံဘက်သို့ပါသွားသဖြင့် “အဗရှလုံနောက်သို့လိုက်သောသူတို့သည် တိုးပွားများပြားသဖြင့် ပုန်ကန်ခြင်းအမှုအားကြီးလေ၏” (၂ ရာ ၁၅း၁၂)။ ထိုသတင်းသည် ဒါဝိတ်စိတ်နှလုံးကိုထိတ်လန့်စေပါ၏။ မိမိ၌ သစ္စာခံသောသူတို့သည် လက်ချိုးရေတွက်၍ ရလောက်အောင်နည်းကြ၏။ ထိုသို့သောအချိန်၊ ဒါဝိတ်နှင့် မိမိ၏နောက်လိုက်အနည်းငယ်တို့သည် မောပန်းနေသောအချိန်တွင်၊ သံလွင်တောင်တစ်ဖက်မှ ရှောလု၏အိမ်သားတစ်ဦးဖြစ်သော ရှိမိသည် ဒါဝိတ်ကိုပျက်ရယ်ပြု၍ ကျိန်ဆဲခြင်းငှါလာခဲ့၏။ စိတ်သဘောထားကြီးသောဒါဝိတ်က သူ့ကိုမသတ်ဘဲ လွှတ်ထားသော်လည်း၊ ရှောလမုန်လက်အောက်၌ ရှိမိ၏နိဂုံးကို ၃ ရာ ၂း၃၆-၄၆ ထဲတွင် မှတ်တမ်းတင်ထားပါ၏။ သစ္စာမရှိသော၊ သစ္စာဖောက်တို့အတွက် သင်ခန်းစာ ယူစရာပင်ဖြစ်၏ (သုတ္တံ ၁၇း၅ ကိုဖတ်ပါ)။

ဤဆာလံအစဆုတောင်းချက်တွင် ဒါဝိတ်သည် မိမိ၏နောက်ဆုံးအခြေအနေကိုလည်း “အကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်လက်၌အပ်ပါ၏” (ဆာလံ ၃၁း၅) ဟုဖော်ပြခဲ့ပါသည်။ ဒါဝိတ်သည် မိမိ၏ကယ်တင်ရှင်ဘုရားသခင်၌ လုံးဝခိုနားခြင်းရှိပါ၏။ ပြဿနာကြုံတွေ့သောအခါ၊ စိုးရိမ်ပူပန်ခြင်းမရှိပါနှင့်။ မိတ်ဆွေသူငယ်ချင်းတို့ထံမှ အကူအညီကိုမရှာဘဲ၊ အထက်အရပ်ရှိ အနန္တတန်ခိုးရှင်ဘုရားထံမှ အကူအညီကိုရယူပါလော့။ ထိုဘုရားသခင်၏ စောင့်ရှောက်မှုအောက်တွင် သင်ရှိလျက်နေကြောင်း နားလည်သဘောပေါက်သောအခါ၊ ရန်သူ၏ကြောက်မက်ဘွယ်ကောင်းသော တိုက်လှန်ခြင်းအမှု၌လည်း သင်သည်တုန်လှုပ်မည်မဟုတ်ပါ။

ဆုတောင်းခြင်းနှင့်ယုံကြည်စိတ်ချမှုမှ ဒါဝိတ်သည် သက်သေခံချက်အကြောင်း ဖော်ပြခဲ့ပါသည်။ သက်သေခံချက်သည် အကျွန်ုပ်တို့နှုတ်မှ ဘုရားသခင်ထံ ပူဇော်သောယဇ်တစ်မျိုးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကောင်းမှုကိုဖော်ပြခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ကယ်နှုတ်တော်မူခြင်းအကြောင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ သက်သေခံချက်သည် ကြားနာသူအဖို့၊ ထိုသို့သောခံစားချက်ရှိသောသူအဖို့ ဘုရားသခင်ထံမှ စကားကဲ့သို့ဖြစ်၍ တရားဟောချက်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းဖြစ်ပါသည်၊ (ဆာလံ ၅၀း၂၃ ကိုဖတ်ပါ)။

**ဆင်ခြင်ရန်** - “ကြောက်ရွံ့ခြင်းရှိလျှင် ယုံကြည်ချက်သည် ပြိုလဲခြင်းရှိနိုင်၏။ သို့သော်လည်း ခရစ်တော်သည် အကျွန်ုပ်ကို မြဲမြံစွာစွဲကိုင်တော်မူ၏။”

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုကြည့်ရှုစောင့်ရှောက်တော်မူကြောင်း ယုံကြည်ခြင်းရှိပါ၏။

သောကြာ၊ ဩဂုတ် (၃)

**ဆာလံ ၃၂**

ရော ၄း၆-၈

*“ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း. . . ”*

## အပြစ်လွှတ်ခြင်းခံရသောသူ

အပြစ်လွှတ်ခြင်းဆိုသည်မှာ ပြစ်ဒဏ်ပေးခြင်းမခံရဘဲ လွတ်မြောက်ကြောင်း ကြေငြာခြင်းဖြစ်ပါသည်။ ထိုသို့တရားသူကြီးက “အပြစ်မရှိ” လွတ်စေဟု ကြေငြာခြင်းသည်စွပ်စွဲခံရသော တိုင်းအတွက် သတင်းကောင်းဖြစ်ပါသည်။ ပညတ်တရား၏ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသောသင်နှင့်ကျွန်ုပ်အတွက်၊ သင်တို့၏အပြစ်များအတွက် သခင်ယေရှုက အပြစ်ကြွေးဆပ်ပေးတော်မူပြီဟူသောသတင်းထက်ပို၍ ပျော်ရွှင်ဖွယ်ဝမ်းမြောက်ခြင်းသတင်းရှိနိုင်ပါမည်လော။ မိမိသခင်ဘုရား၏ ခွင့်လွှတ်ခံရခြင်းပျော်ရွှင်ဝမ်းမြောက်မှုကို ပေါလုက ရောမ ၄း၆-၈ ထဲတွင်သက်သေခံခဲ့၏။ စာဖတ်သူ၊ သင်၏အပြစ်များ ခွင့်လွှတ်ခြင်းခံရပါသလား။ သင် ကောင်းကင်လမ်းသို့လျှောက်သွားနေပါသလား။

"Maschil" သည် ဆုံးမသွန်သင်ခြင်းနှင့်ဆိုင်သောဆာလံ ဖြစ်ပါသည်။ ဒါဝိဒ်က ဆာလံ ၅၁ တွင် အပြစ်လွန်ကျူးသောသူတို့အား ဘုရားသခင်၏လမ်းတော်ကို သွန်သင်ခြင်းငှါ ဂတိထားခဲ့ပြီး၊ ယခုဆာလံ၌ ထိုအမှုကို အကျိုးရလဒ်နှင့်တကွ သွန်သင်ခဲ့၏။ သင်သည်ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကျေးဇူးတော်ကို မည်သို့ခံရပါမည်နည်း။ သင်၏လမ်းမှားမှုနှင့် နာမခံမှုကိုဖော်ထုတ်ခြင်းခံရသောအခါ ရှောလုကဲ့သို့ ဆင်ခြေပေး၍ အပြစ်ဖုံးဖို့မကြိုးစားပါနှင့်။ သင်၏စိတ်နှလုံးထဲမှ သင်အပြစ်ပြုကြောင်း သိရှိပါလျှင် မိမိကိုယ်ကိုကာကွယ်ခြင်းမပြုပါနှင့်။ ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်သောဒါဝိဒ်ကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ အပြစ်ဖော်ပြခြင်းခံရသောအခါ အလျင်အမြန်အပြစ်ဝန်ခံခြင်းပြုပါလော့။ အနာစိမ်းသည် ရင့်လာသောအခါ တစ်ခုတည်းသော ကုသမှုနည်းလမ်းသည် အထဲမှပြည်များထွက်လာနိုင်ခြင်းငှါ ခားဖြင့်ခွဲရပါမည်။ ၁ ယော ၁း၉-၂း၂ ကိုဖတ်ပါ။

တစ်နေ့၌ Martin Luther သည် ဆာလံအပေါင်းတို့တွင် အဘယ်ဆာလံသည် အကောင်းဆုံးဖြစ်သနည်းဟု မေးခြင်းခံရသောအခါ၊ သူက “ပေါလု၏ဆာလံ” ဟုခေါ်ခြင်းခံရသော- ဆာလံ ၃၂၊ ၅၁၊ ၁၃၀၊ ၁၄၃ တို့ဖြစ်ကြ၏ဟုဖြေခဲ့ပါသည်။ အကြောင်းမှာ ဤဆာလံတို့တွင် အပြစ်လွှတ်ခြင်းသည် ပညတ်တရားအားဖြင့်မဟုတ်၊ ကောင်းမှုကုသိုလ်အားဖြင့်မဟုတ်၊ ယုံကြည်ခြင်းအားဖြင့်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် အဘယ်သူကမျှ မိမိ၏ဖြောင့်မတ်ခြင်းတရားအတွက် ဝါကြွားခြင်းမပြုနိုင်ကြ။ ဘုရားသခင်ရှေ့၌ ကျွန်တော်တို့သည် အဘယ်ကောင်းမှုမျှမပြုနိုင်ကြပါ။ ဘုရားသခင်ရှေ့၌ ကျွန်တော်တို့သည် အပြစ်သားဖြစ်ကြ၏။ ကျွန်ုပ်တို့လိုအပ်သောအရာသည် ဘုရားသခင်၏ခွင့်လွှတ်ခြင်းပေတည်း။ အပြစ်လွှတ်ခြင်းကို အပြစ်ဝန်ခံခြင်း၊ ကြေကွဲသောစိတ်နှလုံးဖြင့် နောင်တရလျက် အမှန်ဝန်ခံခြင်းမှအပ မရနိုင်ပါ။ “ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ” (ဆာလံ ၅၁း၁၇)။ Stoic ၏ သွန်သင်ချက်ကိုလိုက်၍ မိမိကိုယ်ကိုဖြောင့်မတ်သည်ဟုဆိုနေပါလျှင်၊ ကျွန်တော်တို့သည် ဒါဝိဒ် ဖော်ပြသကဲ့သို့ မြင်းကဲ့သို့ဖြစ်၍၊ လားထက်ဆိုးမိုက်သောသူဖြစ်ကြပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်အရာနှင့်ပတ်သက်လျှင် အကျွန်ုပ်သည်မြင်းလားကဲ့သို့ဖြစ်ပါသလား။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်၌ မိမိကိုယ်ကို ဆက်ကပ်လျက်၊ ကိုယ်တော်၏စကားကို နာခံသောသူအစဉ်ဖြစ်လိုပါ၏။

စနေ၊ ဩဂုတ် (၄)

**ဆာလံ ၃၃**

၅ ရာ ၁၆း၂၃ *"ထာဝရဘုရားကို ထောမနသီချင်းဆိုမည်. . . "*

## အကျွန်ုပ်တို့ကိုဖန်ဆင်းသောသူ၊ကျွေးမွေးပြုစုသောသူ ဘုရားသခင်အားချီးမွမ်းကြလော့

ဤဆာလံကဘုရားသခင်၏လူတို့အား စောင်းနှင့်ကြိုးဆယ်ပင်ရှိသောတူရိယာတို့၏ အကူအညီဖြင့် ဘုရားသခင်ကိုချီးမွမ်းကြရန် နှိုးဆော်ထားပါသည်။ ထိုတူရိယာတို့ကိုသာယာကျွမ်းကျင်စွာ တီးခြင်းဖြင့် အသစ်သောသီချင်းကိုဆိုကြရပါမည်။ အသင်းတော်၌ တီးမှုတ်ခြင်းအမှုတော်ရှိကြောင်း ထင်ရှားလှပါသည်။ ဒါဝိတ်ကိုယ်တိုင်သည် ဆာလံသီချင်းစပ်ဆိုသောပုဂ္ဂိုလ်ဖြစ်၏။ "အသစ်သောသီချင်း" ဟူသည် ဝတ်ပြုကိုးကွယ်ခြင်း၌ မိမိအချိန်အခါသမယနှင့် ကိုက်ညီစွာသီချင်းကို ရွေးတတ်ခြင်းငှါ သတိပေးခြင်းဖြစ်ပါသည်။ Martin Luther က ဂီတသည်ဘုရားသခင်၏ နှုတ်ကပတ်တော်ပြီးမှ ဒုတိယအရေးကြီးသော အရာဖြစ်ကြောင်းဆိုခဲ့၏။ တရားဟောချက်နှင့်ကိုက်ညီသော ဝတ်ပြုသီချင်းသီဆိုရွေးချယ်ခြင်းသည် အလွန်အရေးကြီးလှပါသည်။

အဘယ့်ကြောင့် ဘုရားသခင်ကိုထိုသို့စိတ်အားထက်သန်စွာ ချီးမွမ်းကြရပါမည်နည်း။ အကြောင်းမှာ သူသည်ဖြောင့်မတ်သောဘုရား၊ သမ္မာတရားနှင့်ရင်း ကောင်းမြတ်ခြင်းနှင့်ရင်း ပြည့်စုံတော်မူ၏။ သူသည် အကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသော၊ အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ "ထာဝရဘုရားမြွက်ဆို၍ မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍၊ မိန့်တော်မူသည်အတိုင်း တည်လျက်နေ၏" (ဆာလံ ၃၃း၉)။ သူသည် ကြယ်နှင့်နက္ခတ်တာရာတစ်ခုလုံး၊ မိုယ်းကောင်းကင်တို့ကို "ကောင်းကင်တန်ဆာများနှင့်ရင်း" (ဆာလံ ၃၃း၆) ဖန်ဆင်းတော်မူ၏။ ပင်လယ်နှင့်သမုဒ္ဒရာတို့ကိုလည်း ဖန်ဆင်းတော်မူသည်ဖြစ်သောကြောင့် ဤလောကီလူသားအပေါင်းတို့သည် ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်းရှိကြ၏ (ဆာလံ ၃၃း၈)။

ထာဝရဘုရားသည် လောကီလူသားတို့၏အတွေးနှင့်အစီအစဉ်တို့ကို သိတော်မူ၍ အုပ်စိုးတော်မူပြီး၊ မိမိအပေါ် ယုံကြည်ကိုးစားခြင်းရှိသောလူမျိုးကို ကောင်းချီးပေးတော်မူ၏။ အရာရာတိုင်းကို ဘုရားသခင်သိကျွမ်းတော်မူ၏။ လူတိုင်းသည် ဘုရားသခင်ထံမှ အသက်ရှင်ခြင်းကို ရရှိသည်ဖြစ်သောကြောင့် မိမိကိုယ်ကိုမဝါကြွားသင့်ပါ။ ဘုရားသခင်သည် လူတို့ကျင့်သမျှသောအကျင့်တို့ကိုလည်း ဆင်ခြင်တော်မူ၍ အမှန်သိတော်မူ၏ (ဆာလံ ၃၃း၁၅)။ သူသည်လူသားအပေါင်းကို အစိုးရ၍ ကျွေးမွေးပြုစုတော်မူသောသူဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ဘုရားသခင်ကို ရိုသေကြည်ညိုကြရပါမည်။ မိမိကိုကြောက်ရွံ့ခြင်းရှိ၍ ဂရုဏာတော်ကိုမျှော်လင့်သော ဆင်းရဲသားတို့ကို မစခြင်းငှါ အသင့်ရှိတော်မူ၏ (ဆာလံ ၃၃း၁၈)။ ဘုရားသခင်ကိုမကိုးစားဘဲ၊ အင်အားကြီးသော ရှင်ဘုရင်ကိုကိုးစားခြင်းသည် ပျက်ဆီးခြင်းသာလျှင် ဖြစ်၏။ ထို့ကြောင့်ဘုရား သခင်ကို ကျွန်တော်တို့ ချီးမွမ်းသောအခါ၊ ပို၍ဘုရားသခင်အား ယုံကြည်ကိုးစားခြင်းရှိလျက် ချဉ်းကပ်ကြရပါမည်။ ငတ်မွတ်နေစဉ် စီးပွားရေးပျက်စီးနေစဉ်၊ ကျွန်ုပ်တို့ကို အသက်ရှင်ခွင့်ပေးပြီး၊ မကောင်းမှုအလုံးစုံတို့မှ ကွယ်ကာတော်မူခြင်းကြောင့်၊ ကျွန်တော်တို့သည် ဘုရားသခင်ကိုအစဉ် ထာဝရချီးမွမ်းကိုးကွယ်ကြရပါမည်။

**ဆင်ခြင်ရန်** - အစာမစားမီ ကျေးဇူးတော်ချီးမွမ်းပါသလား။ လမ်းခရီး၌ ပို့ဆောင်ကွယ်ကာတော်မူသောကြောင့် ဘုရားသခင်ကိုကျွန်တော်ချီးမွမ်းပါသလား။ အကျွန်ုပ်၏ဝင်ငွေတိုးစေသောအခါ၊ ထိုပိုင်ဆိုင်သောအရာတို့ဖြင့် ဘုရားသခင်အား ကျွန်တော်ချီးမွမ်းပါသလား။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ချီးမွမ်းစရာအကြောင်းများစွာရှိသောကြောင့်၊ ကိုယ်တော်ကို အစဉ်ချီးမွမ်းပါမည်။

တနင်္ဂနွေ၊ ဩဂုတ် (၅)

**ဆာလံ ၃၄**

၁ ရာ ၂၁း၁၀-၁၅

*"မြေကြီးသားအားလုံး၊ ထာဝရဘုရားကို ကြောက်ရွံ့ကြလော့. . ."*

## ကျားစံတွင်းမှကယ်နှုတ်ခြင်းခံရသောသူကဲ့သို့

ဤဆာလံ၏နောက်ခံသမိုင်းအကြောင်းကို ၁ ရာ ၂၁း၁၀-၁၅ ထဲတွင် တွေ့ရပါသည်။ ဒါဝိတ်သည် နောဗမြို့မှ ယဇ်ပုရောဟိတ်ထံမှ ဂေါလျတ်၏ဓားကိုယူပြီးနောက် ရှောလုကို ကြောက်သဖြင့် ထွက်ပြေး၍ ဂါသမင်းအာခိတ်ထံသို့ ခိုလှုံခဲ့၏။ ဤဆာလံ၏ခေါင်းစဉ်တွင် "အာခိတ်" ကို ရည်ညွှန်း၍ "အဘိမလက်" ဟုအသုံးပြုခဲ့၏။ အကြောင်းမှာ "အဘိမလက်" ဟူသည် ဖိလိတ္တိရှင်ဘုရင်တို့၏မင်းဆက်အမည်ဖြစ်ပါသည် (က ၂၀၊ ၂၁း၂၂-၃၄)။ အီဂျစ်မင်းတို့ကို ဖာရိုဟူ၍၎င်း၊ ရောမဧကရာဇ်တို့အား ကဲသာဘုရင်ဟုခေါ်သကဲ့သို့ဖြစ်ကြ၏။ ဒါဝိတ်သည်ဂါသမြို့သို့ ဝင်သည်နှင့်အညီဖိလိတ္တိရှင်ဘုရင်၏လူတို့က မိမိကိုလက်မခံကြောင်း ချက်ချင်းသိခဲ့၏။ ဒယ်အိုးထဲမှ ခုန်ချပြီး မီးထဲသို့ရောက်သကဲ့သို့ဖြစ်ပါသည်။ "ကျားခံတွင်း" (တရုတ်စကားပုံကိုကိုးကားလျက်) မှ မိမိကိုယ်ကို ကယ်တင်ခြင်းငှါ ဒါဝိတ်သည် ရူးချင်ယောင်ဆောင်ခဲ့၏။ သူသည် မောင်းထုတ်ခြင်းခံခဲ့၏။ ရှင်ဘုရင်က မိမိကျွန်တို့အား အော်ငေါက်ခဲ့ပါသည် (၁ ရာ ၂၁း၁၄-၁၅)။

Spurgeon က "ဆာလံဆရာသည်မထိုက်မတန်သော ကယ်နှုတ်တော်မူခြင်းကိုခံရသောကြောင့် ဝမ်းမြောက်ခြင်းရှိ၍၊ ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းအကြောင်းကို ရေးမှတ်ထားသောအခါ၊ မည်သို့လွတ်မြောက်ခဲ့ကြောင်းကို အသေးစိတ်မဖော်ပြခဲ့ဘဲ၊ အခက်အခဲကြုံတွေ့စဉ် မိမိ၏ဆုတောင်းသံဘုရားသခင်နားညောင်းတော်မူခြင်းကို အဓိကဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း ဒါဝိတ်ထံမှ သာဓကယူ၍ မိမိအပြစ်များကို သူတပါးရှေ့၌အကျယ်တဝင့်ပြောဖို့မလိုပါ။ အချို့သောဝါကြွားလိုသော ပုဂ္ဂိုလ်တို့သည် စစ်ပွဲ၌ရရှိခဲ့သောဒဏ်ရာတို့ကို အချို့စစ်သားသည် ကြွားဝါ၍ ပြကြသကဲ့သို့ မိမိအပြစ်တို့ကို ဖော်ပြလိုကြ၏။ ဒါဝိတ်သည် လျှင်မြန်စွာအရူးကဲ့သို့ ကျွမ်းကျွမ်းကျင်ကျင်သရုပ်ဆောင်ခဲ့သော်လည်း၊ မိမိ၏မိုက်မဲမှုအကြောင်း သီချင်းအားဖြင့် ဆိုရလောက်အောင် မရူးသေးပါ။ မူရင်းအရေးအသား၌၊ ဤဆာလံကို ဂါသမြို့၏ရှင်ဘုရင် (သို့) အဘိမလက်ဖြစ်သော အာခိတ်ထံမှထွက်ပြေးလွတ်မြောက်စဉ် စပ်ဆိုသောဆာလံဟု ခေါင်းစဉ်မဖော်ပြသော်လည်း၊ ထိုအဖြစ်အပျက်ကို အောက်မေ့သတိရခြင်းငှါ ထိုသို့ပေးခြင်းဖြစ်ပါသည်။ ကျွန်တော်ခံရသော ကရုဏာတော်အကြောင်းကို ကောင်းကောင်းမွန်မွန်မှတ်သားကြရပါမည်။ အကျွန်ုပ်တို့၏အကောင်းဆုံးလုပ်ဆောင်မှုကို ဘုရားသခင်ခံထိုက်တော်မူ၏။ မိမိကယ်တင်ခြင်းခံခဲ့ရသော ထိုဆင်းရဲဒုက္ခအကြောင်းကို နာကျင်စွာဤဆာလံ၌ဖော်ပြ၍၊ ဟေဗြဲအက္ခရာအစဉ်အလိုက်အတိုင်း အနီးစပ်ဆုံးရေးသားခဲ့ပါသည်။ ထိုသို့ဟေဗြဲအက္ခရာနှင့်ဆိုင်သောဆာလံတွင်၊ ဆာလံ ၂၅ သည် ပထမဖြစ်၍၊ ဤဆာလံသည် ဒုတိယမြောက်ဖြစ်ပါ၏" ဟုရှင်းပြထားပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၃၃း၈ ကိုဆင်ခြင်ပါလော့)။

**ဆုတောင်းချက်** - အကျွန်ုပ်ဘဝ၏အခြေအနေတိုင်း၌ ကိုယ်တော်၏လက်တော်ကိုမြင်လိုပါ၏။ ထိုအခါအစဉ်ဝမ်းမြောက်ခြင်းရှိလိမ့်မည်။

**ဆာလံ ၃၅**

၁ ရာ ၂၄:၉-၁၅

*“ငါ့ကိုမုန်းသောသူသည်
ငါ့ခမည်းတော်ကိုမုန်း၏”*

## ဘုရားသခင်သည်အကျွန်ုပ်ကိုအမှုစီရင်ပေးတော်မူသောသူဖြစ်၏

ဤဆာလံ၏သမိုင်းနောက်ခံအကြောင်းကို ၁ ရာ ၂၄:၉-၁၅ ထဲတွင်တွေ့ရသည်ဟု ထင်ရပါသည်။ အင်္ဂေဒိတော၌ ဒါဝိဒ်ကိုလိုက်လံရှာဖွေနေစဉ် ရှောလုသည်မထင်မှတ်ဘဲ ဒါဝိဒ်ပုန်းခိုသော ဥမင်ထဲသို့ဝင်ခဲ့သဖြင့် သူ၏အကျႌလီးဖြတ်ခြင်းခံခဲ့ရ၏။ ထိုနေရာ၌ဒါဝိဒ်သည် ရှောလုအားလက်စားချေ၍ရသော်လည်း မိမိကိုယ်ကိုထိန်းချုပ်ခဲ့ပါသည်။ မိမိအမှုကို ဘုရားသခင်စီရင်ပေးတော်မူခြင်းငှါ တောင်းလျှောက်ခဲ့၏ (၁ ရာ ၂၄:၁၂)။ မိမိ၏အဓိကရန်သူအပေါ် ထားရှိသောဒါဝိဒ်၏စိတ်သဘောထားကြီးမြတ်မှုသည် “ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်သောသူ” (၁ ရာ ၁၃:၁၄) ဟူသော ဂုဏ်ပုဒ်ကိုရစေသောအချက်တစ်ချက်ဖြစ်ပါသည်။ အကျွန်ုပ်တို့ရန်သူနှင့် ပတ်သက်၍ ပေါလု၏သွန်သင်ချက်ကို ရောမ ၁၂:၁၉ ၌ဖတ်ပါလော့။

ဒါဝိဒ်က “အိုထာဝရဘုရား၊ အကျွန်ုပ်၌ဆန့်ကျင်ဘက်ပြုသောသူတို့ကို ဆန့်ကျင်ဘက်ပြုတော်မူပါ။ အကျွန်ုပ်ကိုစစ်တိုက်သောသူတို့ကို တိုက်တော်မူပါ” (ဆာလံ ၃၅:၁) ဟုဆိုခဲ့၏။ ဒါဝိဒ်သည် “မျက်စိအတွက်မျက်စိ၊ သွားတစ်ချောင်းအတွက်သွားတစ်ချောင်း” ဟူ၍ ဖာရိရှဲတို့၏လက်စားချေလိုသောစိတ်ဓာတ် ဖြင့် တောင်းလျှောက်ခြင်းမဟုတ်ဘဲ၊ ယနေ့ခေတ်သုံးစကားအရ၊ မတရားစွပ်စွဲခံရခြင်းအမှု (ဆာလံ ၃၅:၁၁) နှင့် အကြောင်းမဲ့ညှင်းပန်းနှိပ်စက်ခံရခြင်းအမှု (ဆာလံ ၃၅:၇) အတွက် “လူ့အခွင့်အရေး” တောင်းလျှောက်ခြင်းသာဖြစ်ပါသည်။ ဒါဝိဒ်သည် ရှောလုနှင့်မိမိ၏အခြားရန်သူတို့အပေါ်၌ မကောင်းမှုမပြုခဲ့ပါ။ ကောင်းမှုသာပြုခဲ့၏ (ဆာလံ ၃၅:၁၂)။ ထို့ကြောင့် ရန်သူတို့သည် မိမိအပေါ် ကောင်းမှုကိုမကောင်းမှုဖြင့် တုန့်ပြန်ကြသောအခါ၊ ဘုရားသခင်ထံ အယူခံဝင်တောင်းလျှောက်ခြင်း ပြုခဲ့၏။

ဒါဝိဒ်သည် သခင်ယေရှုခရစ်တော်ကို ပုံဆောင်ခဲ့ပါ၏။ ထို့ကြောင့် သခင်ယေရှုသည် ရန်သူတို့၏ ညှဉ်းဆဲခြင်းခံရခြင်းကို ဖော်ပြခြင်း၌ ဆာလံ ၃၅:၁၉ ကိုယောဟန် ၁၅:၂၅ ထဲတွင် ကိုးကားခဲ့ပါသည်။ ဒါဝိဒ်နှင့်သခင်ယေရှုဘက်၌ ရပ်တည်သော ကျွန်ုပ်တို့အတွက် အမှာစကားဟူမူကား- “ကျွန်သည် မိမိသခင်ထက်သာ၍ကြီးမြတ်သည်မဟုတ်. . . သူတို့သည် ငါ့ကိုညှဉ်းဆဲလျှင် သင်တို့ကိုညှဉ်းဆဲကြလိမ့်မည်. . . ငါ့ကိုမုန်းသောသူသည် ငါ့ခမည်းတော်ကိုမုန်း၏” (ယောဟန် ၁၅:၂၀-၂၃)။

ကျရောက်လာမည့် စီရင်ခြင်း၌၊ ဒါဝိဒ်သည် “မိမိဘေးရောက်သည်အကြောင်းကို ဝမ်းမြောက်သောသူအပေါင်းတို့သည် အရှက်ကွဲ၍ မျက်နှာပျက်ကြမည်အကြောင်း” (ဆာလံ ၃၅:၂၆) သိခဲ့ပါ၏။ ထို့ပြင် “အကျွန်ုပ်၏ဟုတ်မှန်ခြင်းဘက်၌ နေသောသူတို့သည် ရွှင်လန်းစွာသီချင်းဆို၍ ဝမ်းမြောက်ကြပါစေသော။ မိမိကျွန်ချမ်းသာတိုးပွားခြင်းအကြောင်းကို နှစ်သက်တော်မူသော ထာဝရဘုရားသည် ဘုန်းကြီးတော်မူစေသတည်းဟု သူတို့သည် အစဉ်မပြတ်မြွက်ဆိုကြပါစေသော” ဟုဆိုခဲ့၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အမှုကို စီရင်သောအခါ မှန်ကန်ခြင်းသည် တန်ခိုးဖြစ်ပါ၏။

**ဆင်ခြင်ရန်** - သင်၏ရန်သူတို့ကိုချစ်လော့။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ချစ်တော်မူသည်အတိုင်း ချစ်နိုင်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဩဂုတ် (၇)
**ဆာလံ ၃၆**
မိ ၂း၁

*“လူသားသည် လုံး၀ဥဿုံ စာရိတ္တပျက်ပြားသောသူဖြစ်၏”*

## လူသား၏ဆိုးယုတ်မှုနှင့်ဘုရားသခင်၏ဂရုဏာတော်ကြီးမြတ်မှု

ဤဆာလံ၏ခေါင်းစဉ်၌ ဒါဝိတ်က မိမိကိုယ်ကို “ထာဝရဘုရား၏ကျွန်” ဟုဖော်ပြခဲ့ပါသည်။ ထိုသို့ဘုရားသခင်၏ကျွန်ဖြစ်ခြင်းအမှု၌ ဒါဝိတ်သည် ဆာလံ ၁၈ နှင့် ဆာလံ ၁၁၆း၁၆ တို့တွင် ဝါကြွားခြင်းရှိခဲ့၏။ ဤဆာလံကို ဗိမာန်တော်အမှုဆောင်ရွက်ခြင်း၌သီဆိုခြင်း၄ါ စပ်ဆိုခြင်းဖြစ်ပါသည်။ ဤဆာလံ၌ ဒါဝိတ်သည်လူတို့၏ဆိုးယုတ်ခြင်းနှင့် ဘုရားသခင်ဂရုဏာတော်ကြီးမြတ်မှုကို ဖော်ပြသည်ဟုထင်ရပါသည်။

(၁) <u>လူသား၏ဆိုးယုတ်မှု (ဆာလံ ၃၆း၁-၄)</u> ကို ဘုရားသခင်အားကဲ့ရဲ့လျက်၊ မိမိကိုယ်ကိုချီးမြှောက်ခြင်းအမှု၌ တွေ့ရပါသည်။ ဖန်ဆင်းရှင်ကိုမချီးမွမ်းဘဲ မိမိကိုယ်ကိုချီးမွမ်းတတ်၏။ သူသည်ကောင်းသောအမှုကိုမပြု၊ ပြုသော်လည်း အယောင်ဆောင်ပြုတတ်၏။ သူသည် ဆာလံ ၁၄း၁ နှင့် ဆာလံ ၅၃း၁ မှ ဘုရားမဲ့ဝါဒီသမားဖြစ်၏။ ဆာလံ ၃၆း၄ ကို Matthew Henry က ဤသို့ရှင်းပြခဲ့၏- “မကောင်းသောအမှုပြုခြင်းသည် ဆိုးလှပါ၏။ သို့သော်လည်း မကောင်းမှုကြံစည်ခြင်း၊ ဆုံးဖြတ်ချက်ချ၍တမင်ပြုခြင်း၊ တစ်ဖက်သားနာကျင်စေရန် တမင်ရည်ရွယ်၍ပြုခြင်း၊ ရှေးမြွေအိုကြီးကဲ့သို့ မုသာစကားဖြင့် ပါးနပ်စွာကြံစည်၍ပြုခြင်း၊ ဘုရားသခင်နှင့် နှုတ်ကပတ်တော်အကြောင်း ဆင်ခြင်တွေးတောမည့်နေရာကုတင်ပေါ်၌ မကောင်းမှုကြံစည်ခြင်းသည် အလွန်ဆိုးလှပါ၏ (မိက္ခာ ၂း၁)။”

(၂) <u>ဘုရားသခင်၏ဂရုဏာတော်ကြီးမြတ်မှု (ဆာလံ ၃၆း၅-၆)</u> သည် ကောင်းကင်အမြင့်ကဲ့သို့ဖြစ်၍ သစ္စာတော်နှင့်ဖြောင့်မတ်ခြင်းအမှုသည် တောင်ကဲ့သို့မြင့်၍ ပင်လယ်ကဲ့သို့နက်ရှိုင်းလှပါ၏။ ဤသည်ကား “လူမျိုးနှင့်တိရိစ္ဆာန်မျိုး” (ဆာလံ ၃၆း၆) ဖြစ်သော ဖန်ဆင်းထားသောအရာအပေါ်၌ ထားရှိသောဘုရားသခင်၏ မဟာကျေးဇူးတော်ပင်ဖြစ်ပါသည်။

ဘုရားသခင်သည် မိမိ၏အထူးကျေးဇူးကိုခံရသောသူ “ကိုယ်တော်ကိုသိသောသူတို့အား” ဆာလံ ၃၆း၇-၁၀ ၌ ဖော်ပြထားသောကျေးဇူးများကို ပေးတော်မူ၍၊ “သဘောဖြောင့်သောသူတို့အား ဖြောင့်မတ်တော်မူခြင်းတရား” (ဆာလံ ၃၆း၁၀) ကိုပေးတော်မူ၏။ ဘုရားသခင်၏သားသမီးတို့သည် “အတောင်တော်အရိပ်ကိုခိုလှုံလျက် နေရကြပါ၏။” ဘုရားသခင်သည် မိမိသားသမီးတို့ကို အထူးကြည့်ရှုစောင့်ရှောက်တော်မူ၏။ သွားလေရာရာအရပ်၌ ကျွန်ုပ်တို့နှင့်အတူပါရှိတော်မူ၏။

ဤဆာလံကို လူဆိုးတို့လက်မှလွတ်မြောက်ခြင်းအခွင့် တောင်းလျှောက်ခြင်းဖြင့် အဆုံးသတ်ခဲ့၏။ ကျွန်တော်တို့သည် အနန္တတန်ခိုးရှင်ဘုရားသခင်ကို ချဉ်းကပ်၍ သွေးဆောင်ခြင်းကို ရှောင်ကြဉ်ပြီး၊ မကောင်းသောအမှုမှ လွတ်မြောက်ခြင်းအခွင့် တောင်းလျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - မနက်နိုးသောအချိန်တိုင်း၌ အကျွန်ုပ်စိတ်နှလုံး၌ အဘယ်အတွေးအဦးဆုံး ရောက်ရှိတတ်ပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏ကြီးမြတ်လှသော ဂရုဏာတော်ကြောင့် ကိုယ်တော်ကို ချီးမွမ်း၍ ကျေးဇူးတင်ပါ၏။

**ဆာလံ ၃၇**

သု ၁၉း၁၇ *“စိတ်မပူနှင့် . . . ”*

## တန်ခိုးစွမ်းအားသည်ဖြောင့်မတ်ခြင်းမဟုတ်၊ဖြောင့်မတ်ခြင်းသည်တန်ခိုးဖြစ်၏

လူ့ဘဝ၌ ဆန့်ကျင်ဘက်ဖြစ်သော အမှုရှိတတ်၏။ လူဆိုးနှင့်ဥပဒေမလိုက်နာသောသူတို့သည် ကြီးပွားခြင်းရှိ၍၊ လူကောင်းနှင့်ဥပဒေလိုက်နာသောသူသည် ဆင်းရဲဒုက္ခခံရ၏။ ထို့ကြောင့် လူဆိုးလူမိုက်တို့၏ ဖိနှိပ်ခြင်းခံရသော၊ ဘုရားကိုကြောက်ရွံ့သောသူတို့သည် ညည်းတွားခြင်းရှိ၍ “စိတ်ပူပန်” တတ်ကြပြီး၊ ထိုလူဆိုးတို့၏ အောင်မြင်မှုကိုမနာလိုဖြစ်လာတတ်ပါသည်။

အသက်ရွယ်ကြီးရင့်သောအချိန်၌ ရေးသားခြင်းဖြစ်သောကြောင့် (ဆာလံ ၃၇း၂၅)၊ ဒါဝိတ်က အကောင်းဆုံးတရားသူကြီးသည် အချိန်ဖြစ်ကြောင်းသိလာခဲ့၏။ နှစ်ပေါင်းခုနှစ်ဆယ်လုံးလုံး ကြုံတွေ့ရသော ဘဝသင်ခန်းစာအားဖြင့်၊ လူဆိုးလူမိုက်တို့သည် မိမိ၏အာဏာကို သစ်ပင်ကဲ့သို့ ပြန့်ပွားစေခဲ့သော်လည်း (ဆာလံ ၃၇း၃၅)၊ သေလွန်သောအခါ ထိုတန်ခိုးအာဏာသည် ချက်ချင်း ပျောက်ကွယ်ခဲ့ကြောင်း ဒါဝိတ်သိမြင်ခဲ့၏။

ဖြောင့်မတ်သောသူသည် လူဆိုးတို့၏ဒဏ်ကိုခံရ၍ နာကျင်ခြင်းဝေဒနာခံစားရသော်လည်း၊ ဘုရားသခင်သည် ထိုလူဆိုးတို့အား မိမိတို့ပြုသကဲ့သို့ ခံစားစေတော်မူလိမ့်မည် (ဆာလံ ၃၇း၁၅)။

စီးပွားရေးလောက၌ လူဆိုးတို့သည် လိမ်လည်ခြင်းကို ကျင့်သုံးကြ၏။ သူတို့သည် မကောင်းကြံစည်သောသူဖြင့် “ဘယ်သူသေသေ ငတေမာပြီးရော” စိတ်ထားဖြင့် မိမိကိုယ်ကျိုးကိုသာ ရှာတတ်ကြ၏။ တရားဥပဒေအရ ထိုသူတို့သည် “ယုံကြည်ခြင်းအလွဲသုံးစားမှု” အပြစ်ကို လွန်ကျူးကြ၏။

ဘုရားသခင်သည် မိမိကိုပြုစုကျွေးမွေးသောသူ၊ ထောက်မသောသူ၊ အမှုစီရင်ပေးတော်မူသောသူဖြစ်ကြောင်း ဖြောင့်မတ်သောသူသည် သိသဖြင့် ဘဝ၌ချွေတာစွာနေထိုင်တတ်၏။ မိမိ၌ ပိုလျှံသောအရာကို သူတပါးထံ လိုအပ်သောသူအား ဝေမျှလိုခြင်းရှိပြီး၊ ပေးကမ်းချေးငှါးတတ်၏ (ဆာလံ ၃၇း၂၁၊ ၂၆)။ ထိုသို့ဘုရားသခင်နှင့်လူသားချင်းအတွက် အသက်ရှင်သောသူတို့သည် ဤကမ္ဘာလောက၌လည်း ကောင်းကျိုးခံစားရမည်ဖြစ်ပါသည်။ ဘုရားသခင်ကြောက်ရွံ့ခြင်းအသက်တာ၏ အဓိကအကျိုးရလဒ်သည် ကောင်းကင်ဘုံဖြစ်သော်လည်း၊ နှိမ့်ချသောသူတို့အား ဘုရားသခင်သည် ဤလောက၌လည်း ကောင်းချီးပေးတော်မူ၏ (မသဲ ၅း၅)။

ဘုရားသခင်ကိုကြောက်ရွံ့သောသူသည် ဤဖြောင့်မတ်ခြင်းတရားလမ်း၌ တည့်မတ်စွာ လျှောက်လှမ်းနိုင်ခြင်းငှါ ဒါဝိတ်က နည်းဥပဒေသရှစ်ချက်ပေးထားပါသည်။ နည်းဥပဒေသသည် အမိန့်ဖြစ်၍ ခိုင်းစေမှုအသုံးအနှုန်းဖြင့် ရေးထားပါသည်။ ဤဆာလံ၏ အဖွင့်ကျမ်းပိုဒ်၌ “စိတ်မပူနှင့်” ဟူ၍၎င်း၊ ဒုတိယအချက်ကို “ထာဝရဘုရားကိုခိုလှုံ” လော့ (ဆာလံ ၃၇း၃) ဟူ၍၎င်း မိန့်တော်မူ၏။ ကျန်သောနည်းဥပဒေသအချက်တို့ကို သင်မြင်တွေ့ပါသလား။ ဤနည်းဥပဒေသတို့ကို လိုက်လျှောက်ခြင်းသည် ဖြောင့်မတ်ရာလမ်းသို့ လူကိုကွယ်ကာခြင်းပြုသည်သာမက၊ တိုးတက်ကြီးပွားခြင်းကိုလည်းဖြစ်စေပါသည်။ ထို့ကြောင့် ဤဆာလံကိုရေးသားသော ဒါဝိတ်၏အကြောင်းကို ဤသို့ မှတ် တမ်းတင်ထားပါသည်- “ဒါဝိတ်သည် အားတိုးပွားလျက်” ရှိ၏ (၂ ရာ ၃း၁)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် စိတ်ပူပန်ခြင်းရှိပါသလား။ အဘယ့်ကြောင့်နည်း။

**ဆုတောင်းချက်** - “အကျွန်ုပ်အလိုမဟုတ်၊ အိုထာဝရဘုရား၊ ကိုယ်တော်၏အလိုအတိုင်း ဖြစ်စေတော်မူပါ” (Horatius Bonar)။

**ဆာလံ ၃၈**
မသဲ ၅း၁၁-၁၂

*"အို ဟေလသ ကယ်တင်ရှင်၊ အကျွန်ုပ်ကို မကျော်ဖြတ်ပါနှင့်"*

# "ကယ်တင်ရှင်၊ အကျွန်ုပ်ဆုတောင်းသံကိုနားညောင်းတော်မူပါ"

Fanny J. Crosby (၁၈၂၀-၁၉၁၅) စပ်ဆိုထားသော၊ "ကယ်တင်ရှင်လွန်မသွားပါနှင့်" ဟူ သောသီချင်း၏ ထပ်ဆိုရန်အပိုဒ်၏ ပထမစာကြောင်းဖြစ်သော "ကယ်တင်ရှင်၊ အကျွန်ုပ်ဆုတောင်းသံကို နားညောင်းတော်မူပါ" ဟူသောအချက်သည် ဤဆာလံ ၃၈ ၏ခေါင်းစဉ်အဖြစ် အလွန်ကိုက်ညီမှုရှိပါသည်။ ဒါဝိဒ်၏နာကျင်နေသော စိတ်နှလုံးကိုလည်း ဖော်ပြလျက်ရှိ၏။

ဤဆာလံ၏နောက်ခံသမိုင်းကို ဒါဝိဒ်၏အသက်တာ၌ဖြစ်ပျက်သောအဘယ်အဖြစ်အပျက်ကို နောက်ခံထားကြောင်း တိကျစွာဖော်ပြ၍မရပါ။ ဤဆာလံသည် ဘုရားသခင်ထံမှ ဆုံးမခြင်းအဖြစ် ပြင်းထန်သောဖျားနာခြင်းခံစားရစဉ် အလျှင်အမြန်သက်သာခြင်းအတွက် တောင်းလျှောက်သော ဆာလံဖြစ်နိုင်ပါသည်။ ရောမ ၈း၂၈ အရ ဖျားနာခြင်းသည်လည်း အကျွန်ုပ်တို့အကျိုးအတွက်ဖြစ်ပါသည်။ ကျွန်တော်တို့ဘုရားသခင်ထံမှ လမ်းလွဲစပြုသောအခါ ထိုဖျားနာခြင်းက ဘုရားသခင်ထံပြန်၍ချဉ်းကပ်စေတတ်၏။ ဤဆာလံကိုအချို့ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဖျားနာနေသော၊ ဝေဒနာခံစားနေသော ယုံကြည်သူတို့အား ခွန်အားပေးခြင်းငှါ ရေးစပ်ထားခြင်းဖြစ်သည်ဟု မှတ်ယူကြ၏။

ထိုသို့ဖျားနာခြင်းဝေဒနာဒါဝိဒ်ခံစားမှုကို မိမိ၏မိတ်ဆွေ၊ အပေါင်းဖော်တို့၏ စွန့်ပစ်ခြင်းက ပို၍နာကျင်ခံစားစေခဲ့၏ (ဆာလံ ၃၈း၁၁)။ ထိုသို့ရောဂါခံစားနေရချိန်၌ မိမိ၏ရန်သူတို့ကလည်း အခွင့်ကောင်းယူ၍ တိုက်ခိုက်ခြင်းပြုကြ၏။ အကျွန်ုပ်တို့သည်လည်း ထိုသို့စိတ်နှလုံးထဲ၌ ဝေဒနာခံစားနေစဉ်၊ အပြင်ဘက်မှစွပ်စွဲသောသူတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း ခံရတတ်ပါသည်။ ဆာလံ ၄၁း၅ ထဲတွင် ဒါဝိဒ်က ဤသို့ဆိုခဲ့၏- "ငါ့ရန်သူတို့က သူသည်သေ၍သူ၏နာမသည် အဘယ်ကာလမှတိမ်မြုပ်လိမ့်မည်နည်းဟု ငါ့ကိုမနာလို၍ဆိုတတ်ကြ၏။" ဆာလံ ၃၈း၁၁ ၌တွေ့ရသော "အဆွေခင်ပွန်း၊ အပေါင်းအဘော်" တို့သည် သူ့ရောဂါကြောင့် ဝေးဝေးရပ်၍ ရှောင်လျက်နေကြသောကြောင့်၊ ထိုသူတို့သည် "သူ၏စကားသည် ထောပတ်ထက်ချောသော်လည်း၊ စစ်တိုက်မည်ဟု အကြံရှိ၏။ သူ၏စကားသည် ဆီထက်ပျော့သော်လည်း၊ ထုတ်သောထားဖြစ်၏" ဟု ဆာလံ ၅၅း၂၁ ၌ဖော်ပြထားသော သူတို့ကဲ့သို့ဖြစ်ပါသည်။

ထိုသို့သောအချိန်တွင်၊ "ပြင်းထန်စွာစွပ်စွဲကဲ့ရဲ့ပြစ်တင်သောသူတို့၏ စကား၌မနစ်မြောဘဲ၊ မပြောင်းမလဲကြံ့ကြံ့ခံခြင်းသည် စစ်မှန်သော သတ္တိနှင့်လိမ္မာပါးနပ်သော နည်းလမ်းဖြစ်ပါသည်။" ရန်သူတို့၏ စကားလုံးအားဖြင့် တိုက်ခိုက်ခြင်းကြုံရသောအခါ၊ မသိသလိုမကြားသလို ခပ်တည်တည်နေခြင်းသည် စိတ်ပိုင်းဆိုင်ရာ ခွန်အား၏ သက်သေဖြစ်ပါသည်။ သူတို့၏ ခြိမ်းခြောက်မှုကို မကြားသလို မမြင်သလိုနေခြင်းသည်လည်း ကောင်းသောအမှုဖြစ်၏။ "ငါ့ကျွန်မှတပါး အဘယ်သူ ကန်းသနည်း။ ငါစေလွှတ်သောတမန်ကဲ့သို့ အဘယ်သူသည် နားပင်းသနည်း။ ငါ့မိတ်ဆွေကဲ့သို့ အဘယ်သူကန်းသနည်း။ ထာဝရဘုရား၏ကျွန်ကဲ့သို့ အဘယ်သူကန်းသနည်း" (ဟေရှာ ၄၂း၁၉)။ ထို့ကြောင့် ကျွန်တော်တို့သည် အောက်သို့ရောက်နေသောအချိန်တွင်၊ ဘုရားသခင်ကို ပို၍ချဉ်းကပ်မျှော်လင့်ကြရပါမည်။ ဤအချက်ကိုလည်း အောက်မေ့လော့၊ ဖြောင့်မတ်သောသူသည် ညှင်းပန်းနှိပ်စက်ခြင်း ခံရလိမ့်မည်၊ သို့သော်လည်း၊ "ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ရောမ ၁၂း၁၉)။

**ဆင်ခြင်ရန်** - "ကယ်တင်ရှင်၊ အကျွန်ုပ်ဆုတောင်းသံကို နားညောင်းတော်မူပါ။ အခြားသောသူကိုခေါ်၍ နေစဉ်အကျွန်ုပ်ကို လွှန်မသွားပါနှင့်" (Fanay J. Crosby)။

**ဆုတောင်းချက်** - ကိုယ်တော်၊ မတရားသောစွပ်စွဲချက်တိုင်းကို ကောင်းချီးမင်္ဂလာအဖြစ် ပြောင်းလဲစေတော်မူပါ။

သောကြာ၊ ဩဂုတ် (၁၀)

**ဆာလံ ၃၉**

သု ၂၅း၁၁ *"အရာအားလုံးသည် အနတ္တဖြစ်ကြ၏"*

## အနာရောဂါသည်လူ့ဘဝနှင့်ငွေကြေး၏အချည်းနှီးဖြစ်ခြင်းကိုဖော်ပြ၏

ဆာလံ ၃၉ ထဲတွင် ဒါဝိတ်သည်အနာရောဂါနှင့် ဝမ်းနည်းခြင်းကြောင့် အားကုန်၍ ပင်ပန်းလျက်ရှိခဲ့ကြောင်း တွေ့ရပါသည်။ သူသည်စိတ်နှလုံးထဲမှ မကောင်းသောအတွေး၏ဒဏ်ကို ခံနေရပြီး မိမိနှုတ်မှ မကောင်းသောစကားမပြောမိစေရန် ထိန်းချုပ်လျက်ရှိပါ၏။ ထိုအချိန်၌ ရန်သူတို့သည် ပြစ်တင်ကြ၍ မကောင်းမှုကိုကြံစည်ကြ၏။ လူသည် ဘဝ၌တိုးတက်သောအခါ (ဒါဝိတ်သည် ရှင်ဘုရင်ဖြစ်၏)၊ ရန်သူပို၍ပေါ်များတတ်ကြ၏။ မိမိ၏နှုတ်ကို ထိုသို့ထိန်းချုပ်ခြင်းဖြင့် သူသည် ကောင်းသောအရာကိုလည်း မပြောဘဲ လွန်ကဲခဲ့ပြန်၏။ "ဘုရားသခင်ကိုချီးမွမ်းခြင်း" မပြု၊ မိမိအား ကောင်းစွာပြုစုနေသော သူတို့အား "ကျေးဇူးတင်စကားပြောခြင်း" ပင်မပြုခဲ့ပါ။ မဟုတ်အမှန် ချီးမွမ်းခြင်းသည် သေစေတတ်သောအဆိပ်ကဲ့သို့ဖြစ်၍ ရှောင်ရှားရန်ဖြစ်သော်လည်း မိမိ လက်အောက်၌ သစ္စာရှိစွာအမှုထမ်းနေသော သူတို့အား ခေါင်းဆောင်အနေဖြင့် ချီးကျူးဂုဏ်ပြုခြင်းသည် ထိုသူဆက်လက်ကြိုးစားအားထုတ်မှုအတွက် လိုအပ်သောစကားဖြစ်ပါသည်။

ထိုသို့ စိတ်နှလုံးထဲ၌ မိမိခံစားချက်မထိန်းချုပ်နိုင်တော့သောအခါ ဒါဝိတ်သည် ဤဆာလံအားဖြင့် ပေါက်ကွဲခဲ့ပါ၏။ Spurgeon က "ဝေဒနာခံစားနေသောသူအဖို့ စကားမပြောဘဲနေခြင်းသည် အလွန်ခက်ခဲသည်ဖြစ်၍ မိုက်မဲမှုကိုဖြစ်ပွားစေတတ်၏။ ကြေကွဲငိုကြွေးနေသောသူ၊ သင်၏ဝမ်းနည်းခြင်းကိုထုတ်ပြောလော့။ ဦးစွာဘုရားသခင်ထံ အသေးစိတ်ပြောကြားလော့။ မိမိ၏ မိတ်ဆွေကောင်းနှင့်ဘုရားသခင်ကြောက်ရွံ့ခြင်းရှိသောသူတို့ထံ ပြောကြားခြင်းသည်လည်း အလဟဿမဖြစ်ပါ" ဟု ဆိုခဲ့၏။ ဤသည်ကား အပူထုတ်ကိုစွန့်ထုတ်ပေါ့ပါးစေခြင်းဖြစ်ပါသည်။ မိမိ၏ရန်သူတို့အပေါ် ဒါဝိတ်သည်များစွာသော မကျေနပ်ချက်ရှိသော်လည်း ထိုအနာရောဂါက မိမိစိတ်ခံစားချက်ကို ထာဝရဘုရားထံ ဖွင့်ထုတ်ခြင်းငှါ မစခဲ့ပါသည်။

ထိုသို့ ရန်သူအပေါ် တရားသောတုန့်ပြန်မှုပြမည့်အစား၊ ဒါဝိတ်သည် လူ့ဘဝနှင့် ငွေကြေး၏အချည်းနှီးဖြစ်ခြင်းအကြောင်း သွန်သင်ခြင်းငှါ ဘုရားသခင်အား တောင်းလျှောက်ခဲ့ပါသည်။ မိမိ၏သက်တမ်းသည် ရေးတိုင်းထွာမှုတွင် အသေးငယ်ဆုံးဖြစ်သော တမိုက်မျှသာရှိကြောင်း လူ၏ဘုန်းအသရေသည်လည်း အချည်းနှီးဖြစ်ကြောင်း သိမြင်ဖော်ပြခဲ့၏။ မိမိ၏ ငွေကြေးနှင့်ပစ္စည်းဉစ္စာတို့သည် မိမိနောက်မှလူတို့အဖို့ စုဆောင်းခြင်းသာဖြစ်ပါ၏။ ဤသမ္မာတရားကို လက်ခံခြင်းငှါ အလွန်ခဲယဉ်းလှပါသည်။

ထို့ကြောင့် ဘုရားသခင်သည် ကျွန်တော်တို့အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ အဓိကမျှော်လင့်ချက်ဖြစ်ရပါမည်။ ဒါဝိတ်သည်လည်း မိမိ၏ဝေဒနာမှသက်သာစေတော်မူနိုင်သော ထာဝရဘုရားကိုသာ ယခုမျှော်လင့်ချဉ်းကပ်ခဲ့ပါ၏။ သူသည်အခြားသောသူထက် မကောင်းကြောင်းသိမှတ်၍ အနာရောဂါမှကျန်းမာခြင်းအခွင့်ကို တောင်းလျှောက်ခဲ့ပါ၏။ အနာရောဂါသည် လူ့ဘဝနှင့်ငွေကြေး၏အချည်းနှီးဖြစ်ခြင်းကို ကျွန်ုပ်တို့ထံ ပြသပေးသောဘုရားသခင်၏ တမန်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "ကိုယ်တော်ကိုသာ၍ချစ်နိုင်မည်အကြောင်း အို ခရစ်တော် မစတော်မူပါ။"

**ဆုတောင်းချက်** - "ဝမ်းနည်းခြင်းသည် မိမိအမှုကိုပြုပါစေ၊ နာကျင်ခြင်းဝေဒနာလည်း ရောက်စေတော်မူပါ" အိုထာဝရဘုရား။

စနေ၊ ဩဂုတ် (၁၁)
**ဆာလံ ၄၀**
ဟေဗြဲ ၁၀း၅-၉

*". . . ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သော သူကိုငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏. . . "*

## သေခြင်းမှအသက်ရှင်ခြင်းသို့

ဒါဝိတ်က မိမိကြုံတွေ့ခဲ့သောအခက်အခဲကို "ပျက်စီးရာတွင်း" ဟူ၍၎င်း၊ "အလွန်ဆိုးသော ရွံ့" ဟူ၍၎င်း ဖော်ပြခဲ့ပါသည်။ ဤအချက်က ရွံ့နွံထဲ၌ ပိတ်မိနေသောသူကို သတိရစေခဲ့၏။ ထိုသို့သော အခြေအနေ၌ ရောက်ရှိနေသောသူသည် မိမိကိုယ်ကို လုံးဝကယ်တင်၍မရပါ။ အပြင်ဘက်မှ တယောက်ယောက်၏ မစခြင်းမရောက်မီတိုင်အောင် သည်းခံ၍စောင့်နေဖို့သာ ရှိပါ၏။ ဒါဝိတ်အတွက် ထိုအပြင်ဘက်မှမစသောသူသည် ဘုရားသခင်သာလျှင် ဖြစ်ပါ၏။ ထိုသို့ ဒါဝိတ်၏ ဆုတောင်းသံကို နားညောင်းလျက် ဘုရားသခင်သည် သူ့ကိုရွံ့နွံထဲမှဆွဲထုတ်၍ ကျောက်ပေါ်သို့ ရပ်စေတော်မူ၏။ အာရှုရိတို့၏ တိုက်ခိုက်ခြင်းကိုခံရသောယုဒ၏အခြေအနေကို ဟေရှာယက အလားတူဖော်ပြခဲ့ပါသည်။ "အဲဂုတ္တုပြည်သည် အချည်းနှီးသက်သက်၊ အကျိုးမပေးနိုင်။ ထို့ကြောင့် မလှုပ်ဘဲနေတတ်သောရာခပ်ဟု ငါသမုတ်ပေ၏" (ဟေရှာ ၃၀း၇)။ သူတို့၏လွတ်မြောက်ခြင်းသည် ဘုရားသခင်ထံမှဖြစ်၏။ ထိုသို့သောအခြေ အနေ၌ ရောက်ရှိနေသော ယနေ့ကျွန်ုပ်တို့အတွက်ပင် သင်ခန်းစာဖြစ်ပါသည်။ ရုန်းကန်ခြင်းမပြုပါနှင့် ဘုရားသခင်ကိုသာ စောင့်မျှော်ကြပါလော့။

ဒါဝိတ်သည် ယဇ်ပူဇော်ခြင်းအမှု၌ ဘုရားသခင်ထံကျေးဇူးတော်ချီးမွမ်းခြင်း၏ အရေးပါမှုကို သိတော်မူ၏။ ပူဇော်သက္ကာထက် နာခံခြင်းသည်ပို၍ကောင်း၏ဟု ရှေမွေလသွန်သင်သည် အတိုင်း ဒါဝိတ်သည် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်ခြင်းငှါ မိမိ၏နားနှင့်စိတ်နှလုံးကို ဆက်ကပ်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစိတ်နှလုံးထဲ၌ တန်ဖိုးထားသိမ်းထားပါသည်။ ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်လိုသော ဒါဝိတ်၏သန့်ရှင်းသောစိတ်အားထက်သန်မှုကို ဟေဗြဲ ၁၀း၅-၉ ထဲတွင် ကိုးကားထားပါသည်။ သခင်ယေရှုကလည်း ခမည်းတော်၏အလိုတော်ကိုလိုက်၍ မိမိ၏ ခန္ဓာကိုယ်ကိုပင် ယဇ်ပူဇော်ခြင်း၌ စတေးတော်မူခဲ့၏။ ထိုသို့မဟုတ်လျှင် ဓမ္မဟောင်းကျမ်းထဲမှ တိရစ္ဆာန်ယဇ်ပူဇော်ခြင်းအပေါင်းတို့သည် အချည်းနှီးဖြစ်ခဲ့ပါလိမ့်မည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူ ဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ ကော ၅း၂၁)။

ဒါဝိတ်သည် ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းအကြောင်းကို ဆက်လက်သက်သေခံခဲ့ပါသည်။ ထိုအကြောင်းကို ယခု "ပရိသတ်ကြီးအလယ်" (ဆာလံ ၄၀း၉) ၌ ဟောပြော၍ ဘုရားသခင်၏ လူအပေါင်းတို့ထံ ဟောပြောခဲ့၏။ သူသည်များစွာသောအပြစ်တို့ကြောင့် မိမိ၏မထိုက်တန်မှုကို သိသဖြင့် ပို၍ဝမ်းမြောက်ခြင်းရှိခဲ့၏။ ကျွန်တော်တို့သည် ဒါဝိတ်ထက်ပိုကောင်းပါသလား။ ဘုရားသခင်ထံ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းကိုပြသခြင်းဖြင့် အဘယ်အမှုပြုကြပါသနည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ အကျွန်ုပ်၏နောက်ဆုံးကျေးဇူးတော်ချီးမွမ်းခြင်းကား အဘယ် အချိန်၌ ပြုခဲ့သနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်လက်ခံတော်မူသော သန့်ရှင်း၍ အသက်ရှင်သော ယဇ်အဖြစ် အကျွန်ုပ်ကိုယ်ခန္ဓာကိုယ်ကို အစဉ်ဆက်သခြင်းဖြင့် ကျေးဇူးတော် ချီးမွမ်းမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၁၂)

**ဆာလံ ၄၁**

ဂလာ ၂း၁၀

*"... ဘုရားသခင်သည် မတရားသောသူကို အစဉ်အမြဲ ထွက်တော်မူ၏။"*

## "ချစ်ခြင်းမေတ္တာသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းမိုးကို ရွာစေတတ်၏"

ဆာလံ ၄၁ အဖွင့်ကျမ်းပိုဒ်ကို ရှောလမုန်ပြန်လည်ဖော်ပြခဲ့သော သုတ္တံ ၁၉း၁၇ ကိုဖတ်ပါလော့။ လိုအပ်သောသူအပေါ်၌ သနားကြင်နာခြင်းရှိသောသူသည် မိမိလိုအပ်သောအခါ ဘုရားသခင်မစတော်မူလိမ့်မည်။ ဒါဝိတ်က မိမိ၏အတွေ့အကြုံကို ဖော်ပြခြင်းဖြစ်ပါသည်။ ရှောလုက နောဗမြို့၏ယဇ်ပုရောဟိတ်ရှစ်ဆယ်ငါးပါးကို လုပ်ကြံသောအချိန်၌ အဗျာသာတစ်ဦးတည်း လွတ်မြောက်ခဲ့၏။ အဗျာသာက ဒါဝိတ်ထံခိုလှုံခွင့်တောင်းသောအခါ နွေးထွေးစွာလက်ခံခဲ့၏ (၁ ရာ ၂၂း၂၃)။ အဗရှလုံက မိမိ၏ခမည်းတော်ဒါဝိတ်ကို ပုန်ကန်သောအခါ အဗရှလုံ၏အကြံအစည်ကို ရှင်ဘုရင်ထံပြောကြားသောသူသည် အဗျာသာ၏သား ယောနသန်နှင့်အခြားပုဂ္ဂိုလ်တစ်ဦးတို့ ဖြစ်ကြပါသည်။ ကောင်းမှုပြုခြင်းသည် ကောင်းမှုကိုခံရတတ်၏။ သို့သော်လည်း ဒါဝိတ်ဒုက္ခရောက်စဉ် ကယ်နှုတ်တော်မူသောသူသည် ဘုရားသခင်ဖြစ်ပါ၏။

ဒါဝိတ်သည် ဆန့်ကျင်ခြင်းခံရသောကြောင့်ငှင်း၊ အနာရောဂါကြောင့်ငှင်း မလှုပ်ရှားနိုင်ဖြစ်ခဲ့ပါသည်။ ထိုအခါ မိမိ၏အသက်တာကို လျင်မြန်စွာစမ်းစစ်ခဲ့၏။ မိမိအပြစ်တို့ကို ဘုရားသခင်ထံ ဝန်ခံခဲ့၏။ ဘုရားသခင်နှင့်ငှင်း၊ လူတို့နှင့်ငှင်း၊ အဆင်ပြေခြင်းရှိမှသာ စစ်ကြောခြင်းခံရသေအခါ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ မိမိကိုယ်ကိုစစ်ကြောစမ်းစစ်ခြင်းသည် ဝိညာဉ်အမှုနှင့်ဆိုင်သော ကောင်းသောအလေ့အကျင့်ဖြစ်ပါသည်။

မိမိနိုင်ငံ၌ရှိသော သစ္စာဖောက်တို့အလယ်၌ ဒါဝိတ်ကိုဘုရားသခင်ကွယ်ကာတော်မူခဲ့၏။ ဆာလံ ၄၁း၉ သည် မိမိ၏အခိကအကြံပေးပုဂ္ဂိုဟ်အဟိသောဖေလကို ရည်ညွှန်းခြင်းဖြစ်နိုင်ပါသည်။ သစ္စာဖောက်ခြင်းသည် "အလွန်မုန်းတီးရွံ့ရှာစရာကောင်းသောပြစ်မှု၊ ခွင့်လွှတ်၍မရသောအပြစ်၊ လွတ်မြောက်ရာလမ်းမရှိသောအပြစ်ဟု ကျွန်တော်တို့ဆိုကြပါ၏" (Calvin)။ သင့်ခေါင်းဆောင်ကို မရောင်းစားပါနှင့်။

သစ္စာဖောက်တို့အား စီရင်ခြင်းငှါ (ဆာလံ ၄၁း၁၀) အနာရောဂါမှသက်သာကျန်းမာခြင်း ဒါဝိတ်တောင်းလျှောက်သောအခါ "သူသည် ဇာတိသဘော၏လှုံ့ဆော်မှုကြောင့် ထိုသို့ပြုခြင်းမဟုတ်။ သူသည် သာမန်လူတစ်ယောက်မဟုတ်ဘဲ၊ ဘုရားသခင်ခန့်အပ်တော်မူသောရှင်ဘုရင်ဖြစ်၍ တန်ခိုးအာဏာပေးခြင်းခံရ၏. . . ထို့ကြောင့် မိမိ၏တာဝန်ဝတ္တရားထမ်းဆောင်ခြင်းအနေဖြင့် ရန်သူတို့အား သူတို့ပြုသောအမှုအတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းငှါ ထိုသို့ဆုတောင်းခြင်းဖြစ်ပါသည်" (Calvin)။ သို့သော်လည်း လူသား၏စီရင်ခြင်းထက် ဘုရားသခင်၏တရားမျှတသော စီရင်ခြင်းသည် ပို၍မြန်ဆန်ပါ၏။ အဟိသောဖေလသည် မိမိလက်ဖြင့်မိမိကိုယ်ကို အဆုံးစီရင်ခဲ့ပါ၏။ (ဆာလံ ၇း၁၁၊ ၁၆ ကိုဖတ်ပါ)။

ဒါဝိတ်သည် မိမိကြုံတွေ့ရသော စစ်ကြောခြင်းအခက်အခဲအပေါင်း၌ မိမိရန်သူအပေါင်းကို အောင်နိုင်ခဲ့ပါသည်။ သူသည်သဘောဖြောင့်သောသူဖြစ်၍ ဘုရားသခင်စောင့်မတော်မူသောကြောင့် သူ၏ရာဇပလ္လင်သည် ထာဝရတည်လျက်ရှိပါသည်။ ထို့ကြောင့် ဒါဝိတ်သည် မိမိ၏ကယ်တင်ရှင်ဘုရားသခင်အား အစဉ်ချီးမွမ်းနိုင်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ခေါင်းဆောင်ကို ကျွန်တော်ရောင်းစားဖူးပါသလား။

**ဆုတောင်းချက်** - ရှင်ဘုရင်ဒါဝိတ်ကဲ့သို့ ကိုယ်တော်၏သစ္စာရှိသော ကျွန်ဖြစ်မည်အကြောင်း မစတော်မူပါ။

# အို ငါ့ဝိညာဉ်၊ သင်သည်အဘယ်ကြောင့် ညှိုးငယ်သနည်း

" Maschil" ဆိုသည်မှာ သွန်သင်ဆုံးမခြင်းဆာလံဖြစ်ပါသည်။ "ကောရ၏သားများ" ဟူသည် "မြေကြီးသည်ကွဲ၍ မိမိခံတွင်းကိုဖွင့်သဖြင့် သူတို့နှင့်သူတို့အိမ်များကိုဎင်း ကောရနှင့်ဆိုင်သမျှသော သူတို့နှင့်သူတို့ဥစ္စာရှိသမျှကိုဎင်း မျိုလေ၏" ဟု ဖော်ပြခြင်းခံရသော ဤပြဿနာလူ၏ မျိုးဆက်ဖြစ်ကြ ပါသလား။ နှစ်ပေါင်းလေးဆယ်လုံးလုံးတောလည်ခြင်းငှါ ပြစ်ဒဏ်စီရင်ခြင်းခံရပြီးများမကြာမီ၊ မောရှေ၏ဦးဆောင်မှုကို ပုန်ကန်ကြသော "ကျော်စော၍ ဂုဏ်အသရေရှိသော" သူနှစ်ရာငါးဆယ်ကို ဦးဆောင်သောသူသည် ကောရဖြစ်၏။

သို့သော်လည်း တောလည်ရာကျမ်း ၂၆း၁၁ ထဲတွင် "သို့ရာတွင် ကောရ၏သားသမီးတို့သည် သေဘေးနှင့်လွတ်ကြ၏" ဟု တွေ့ရပါသည်။ ဤလူတို့သည် ကျရောက်လာမည့်ပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်သက်၍ မောရှေ၏သတိပေးချက်ကို နာခံပြီး၊ ပုန်ကန်ခြင်းပြုသောသူတို့ဖခင်ထံမှ ထွက်ပြေးသောသူများဖြစ်ကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏သတိပေးတော်မူခြင်းကို နာခံလျက်၊ ကျရောက်လာမည့်အမျက်တော်မှ ထွက်ပြေးကြပါစို့။ ဤကောရ၏သားတို့သည် ဘုရားသခင်၏စစ်၍မကုန်နိုင်သောကျေးဇူးတော်အားဖြင့် အသက်ဘေးမှလွတ်ကြပါ၏။ ဒါဝိတ်၏ လက်ထက်တွင် ကောရ၏သားတို့သည် သံစုံသီချင်းဆိုခြင်းငှါ ရွေးခြင်းခံရကြပါသည်။ ဒါဝိတ်စပ်ဆိုသည်ဟု ထင်ရသောဤဆာလံကိုလည်း သူတို့ဆိုခြင်းငှါ ပေးအပ်ခြင်းဖြစ်ပါသည်။

ဤဆာလံဆရာသည် ဘုရားသခင်၏အိမ်တော်နှင့်ရက်အတန်ကြာ ဝေးကွာနေသောအချိန်၌ ဤဆာလံကိုရေးသားခြင်းဖြစ်ပါသည်။ ဤဆာလံဆရာသည် ဒါဝိတ်ဖြစ်ခဲ့ပါလျှင် ရှောလုထံမှထွက်ပြေးတိမ်းရှောင်နေသော ကာလ၌ ရေးသားခြင်းဖြစ်ပါလိမ့်မည်။ ဤဆာလံဆရာသည် ဘုရားသခင်နှင့် ဗိမာန်တော်၌ ဘုရားသခင်ဝတ်ပြုခြင်းကို နှစ်သက်သောသူဖြစ်သော်လည်း၊ ယခုအခြေအနေတွင် သူသည်ဗိမာန်တော်နှင့် ဝေးကွာသောအရပ်၌နေရပါ၏။ ညှဉ်းပန်းနှိပ်စက်ခြင်းရောက်၍ တရုတ်နိုင်ငံ၌ ဖြစ်သကဲ့သို့ တိတ်တဆိတ်ဝတ်ပြုကိုးကွယ်ခြင်းပြုရမည့်အချိန်မရောက်မီ ယခုလွတ်လပ်စွာကိုးကွယ်ဝတ်ပြုရသော အခြေအနေကို ကျေးဇူးတော်ချီးမွမ်း၍ တန်ဖိုးထားကြပါစို့။

သမင်ဒရယ်သည် ရေစီးသောချောင်းကို တောင့်တသကဲ့သို့ ကျွန်ုပ်တို့ဝိညာဉ်သည် ဘုရားသခင်ကိုတောင့်တပါသလား။ ဘုရားသခင်ကို ကျွန်တော်တို့တမ်းတခြင်းရှိလျှင် အသက်နှင့်ဆိုင်သောစမ်းရေကိုသောက်သုံးကြရပါမည်။ အကျွန်ုပ်တို့၏ တစ်ခုတည်းသောလွတ်မြောက်ရာလမ်းသည် ဘုရားသခင်သာလျှင် ဖြစ်တော်မူ၏။ ဤဆာလံ၏ အပိုဒ်ငယ် ၅ နှင့် ၁၁ တို့တွင် ညှိုးငယ်သောအတွေးသည် ဆာလံဆရာ၏ စိတ်နှလုံးကို လိုက်လံနှောင့်ယှက်နေကြောင်း တွေ့ရသော်လည်း သူသည်အရှုံးမပေးဘဲ မိမိ၏ဘုရားသခင်အား မျှော်လင့်တောင့်တခြင်းရှိခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်တော်တောင့်တပါသလား။ အဘယ့်ကြောင့်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၌မျှော်လင့်ခြင်းမထားသောကြောင့် ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ကိုအစဉ်ချဉ်းကပ်၍ ကိုယ်တော်၌အစဉ်မျှော်လင့်ခြင်းရှိပါမည်။

အင်္ဂါ၊ ဩဂုတ် (၁၄)

**ဆာလံ ၄၃**

ဆာလံ ၁၁၈း၅-၇

*“. . . ဒါဝိဒ်မူကား မိမိဘုရားသခင်
ထာဝရဘုရားကို ကိုးစားလျက်နေ၍၊”*

## အလင်းတော်နှင့်သစ္စာတော်ကိုစေလွှတ်တော်မူပါ

ဤဆာလံဖွဲ့စည်းပုံနှင့်ဆာလံ ၄၂ ၏ဖွဲ့စည်းပုံတူညီမှုရှိခြင်းကြောင့် ဤဆာလံနှစ်ခုကို မှားယွင်းစွာခွဲထားမိခြင်းဖြစ်မည်ဟု ထင်မိကြပါသည်။ ဤဆာလံကိုလည်း ဆာလံ ၄၂ နှင့်တူညီသောအခြေအနေ၊ အချိန်အခါ၌ရေးသားခြင်းဖြစ်ပြီး၊ ခေါင်းစဉ်မပါရှိခြင်းမှာ ဆာလံ ၄၂ ၏အဆက်ဖြစ်သောကြောင့်ဟု Matthew Henry ၏ခံယူချက်ကို ကျွန်တော်တို့သဘောတူပါသည်။

ဆာလံ ၄၃း၅ သည် ဆာလံ ၄၂း၁၁ နှင့်အတိအကျတူညီခြင်းရှိပြီး၊ ဆာလံ ၄၃း၂ သည် ဆာလံ ၄၂း၉ နှင့်တူလုနီးပါးရှိကြောင်းတွေ့ရပါသည်။ ထို့ပြင် ဂေသရေမန်ဥယျာဉ်ထဲ၌ ခရစ်တော်ဆုတောင်းသောအခါ သုံးကြိမ်မြောက်တွင် “ရှေးမြွက်ဆိုသည်နည်းတူ” (မသဲ ၂၆း၄၄) တောင်းလျှောက်ခဲ့ကြောင်းတွေ့ရပါသည်။ ဆာလံ ၄၂ မှအပိုဒ်ငယ် ၂ ပိုဒ်ကို အသုံးပြုခြင်းဖြင့် ဆာလံ ၄၃ ကို စပ်ဆိုသောသူသည် တူညီသောစိတ်ခံစားချက်ဖြင့် ဘုရားသခင်ကိုချဉ်းကပ်ခြင်းဖြစ်ပါသည်။ ဆာလံ ၄၂ ကအတိုင်း ဆာလံ ၄၃ ရေးသားသောအချိန်၌ သူ၏ခံစားချက်သည် ရန်သူတို့၏ညှင်းဆဲခြင်းကြောင့် ညိုးငယ်ခြင်းရှိခဲ့ပါသည်။ သို့သော်လည်း ခရစ်ယာန်သည် ဘယ်တော့မှအရှုံးမပေးတတ်သကဲ့သို့ သူသည်မိမိ၏ခွန်အားနှင့် ကယ်တင်ရှင်ဖြစ်တော်မူသော ဘုရားသခင်ကို ချဉ်းကပ်ခြင်းငှါ ကြိုးစားအားထုတ်ခဲ့၏ (ဆာလံ ၄၃း၅)။

ဆာလံ ၄၃း၁ ထဲတွင် ဆာလံဆရာသည် ဘုရားသခင်အား မိမိ၏တရားသူကြီး၊ မိမိ၏ရှေ့နေ (အကျွန်ုပ်အမှုကိုစောင့်တော်မူပါ)၊ မိမိ၏ကယ်တင်ရှင် (အကျွန်ုပ်ကိုကယ်လွှတ်တော်မူပါ) အဖြစ် တောင်းလျှောက်ခြင်းပြုခဲ့၏။ သူသည် “ဂရုဏာမရှိသောလူမျိုး” (လမ်းမှားနေသောဣသရေလ) ကြောင့် ညိုးငယ်ခြင်းရှိ၍၊ “သစ္စာမရှိ၊ မတရားသောသူ” (ရှောလု (သို့) သားတော်အဗရှလုံ) ၏ သစ္စာဖောက်ခြင်းကိုခံရခဲ့၏။ ဤသည်ကား ခေါင်းဆောင်ကြုံတွေ့ရသော စစ်ကြောခြင်းဖြစ်၍ ဒါဝိတ်သည် မိမိ၏ဘုရားသခင်ထာဝရဘုရား၌ အားယူခြင်းဖြင့် ထိုသစ္စာဖောက်တို့အပေါ်၌ အောင်မြင်ခြင်းရခဲ့၏ (၁ ရာ ၃ဝး၆)။

ဤဆာလံဆရာသည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းအမှု၌ သန့်ရှင်းသောတောင်ပေါ်ရှိဘုရားသခင်၏တဲတော်၌ ဝတ်ပြုကိုးကွယ်ခြင်း၊ ဘုရားသခင်၏ယဇ်ပလ္လင်၌ စောင်းတီး၍ချီးမွမ်းသီချင်းဆိုခြင်းကို အလွန်တောင့်တခြင်းရှိပါ၏။ ထိုအရပ်၌သူသည် ဘုရားသခင်၏အလင်းတော်နှင့်သစ္စာတော်ကိုမြင်တွေ့ရပါလိမ့်မည်။

သင်သည်စိတ်အားငယ်ခြင်းရှိခဲ့ပါလျှင် ဘုရားကျောင်းသို့ပို၍သွားသင့်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၁၈း၅-၇ ကိုအသုံးပြုပါ)။

**ဆုတောင်းချက်** - အဖဘုရား ကိုယ်တော်သည်အကျွန်ုပ်၏ခွန်အားနှင့် ကယ်တင်ရှင်ဖြစ်ကြောင်း အစဉ်အောက်မေ့လိုပါ၏။

*“. . . ထာဝရဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်း ရုတ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိစေသတည်းဟုဆိုလေ၏”*

# ငါ့ကိုသတ်တော်မူလျှင်လည်းကိုယ်တော်ကို ကိုးစားမြဲကိုးစားမည်

ဆာလံ ၄၄ ကို ဤသို့ပိုင်းခြား၍ရပါသည်။ (၁) ဘုရားသခင်လက်အောက်၌ ဣသရေလ၏ ရှေးကအောင်မြင်မှု (အပိုဒ်ငယ် ၁-၃)၊ (၂) ဣသရေလ၏ယခုလက်ရှိဘုရားသခင်ယုံကြည်ကိုးစားမှု (အပိုဒ်ငယ် ၄-၈)၊ (၃) ဘုရားသခင်၏စွန့်ပစ်ခြင်းခံရသည်ဟု ထင်ရသောဣသရေလ (အပိုဒ်ငယ် ၉-၁၆)၊ (၄) ဣသရေလ၏ဘုရားသခင်ယုံကြည်ကိုးစားခြင်းပြန်လည်သက်သေပြခြင်း (အပိုဒ်ငယ် ၁၇း၂၂)၊ (၅) ဣသရေလ၏ဘုရားသခင်ထံ ပြန်လည်တောင်းလျှောက်ခြင်း (အပိုဒ်ငယ် ၂၃-၂၆)။ ဤဆာလံခေါင်းစဉ်အတွက် ယောဘ၏စကား ကျွန်တော်တို့ကိုးကားခြင်းသည် သင့်လျော်ခြင်းရှိ၏။ အကြောင်းမှာ ဣသရေလခံရသောဆင်းရဲဒုက္ခအလယ်၌ ဆာလံဆရာ၏စိတ်ခံစားချက်သည် ယောဘ၏စိတ်ခံစားချက်နှင့်တူညီမှုရှိပါသည်။

ဆာလံဆရာသည် ခါနာန်လူတို့အပေါ် ရှေးကဣသရေလ၏အောင်မြင်မှုသည် မိမိ၏တန်ခိုးအစွမ်းအားဖြင့်မဟုတ်ဘဲ ဘုရားသခင်၏တန်ခိုးတော်ကြောင့်ဖြစ်ကြောင်းကို သတိရအောက်မေ့လျက်ရှိပါသည်။ “အကျွန်ုပ်တို့သည် မခြားမလပ်ဘုရားသခင်၌ ဝါကြွား၍နာမတော်ကို အစဉ်အမြဲ ချီးမွမ်းကြပါ၏” (ဆာလံ ၄၄း၈)။ ထိုနည်းတူ ကျွန်ုပ်တို့၏အောင်မြင်မှုအတွက် ရှေးခရစ်ယာန်တို့ထံမှရရှိသောအမွေများအတွက် ဘုရားသခင်ကိုချီးမွမ်းကြပါစို့။ ယနေ့ကျွန်တော်တို့ပိုင်ဆိုင်သော အရာမှန်သမျှတို့သည် ဘုရားသခင်၏လက်တော်မှရရှိခြင်းဖြစ်ပါသည်။

ယခုတွင်မူ ဣသရေလသည် အောင်မြင်မှုရမည့်အစား ရှုံးနိမ့်ခြင်းခံရခဲ့၏။ စစ်ပွဲ၌ထွက်ပြေးခဲ့ရကြ၏ (ဆာလံ ၄၄း၁၀)။ တပါးအမျိုးသားတို့အကြား၌ သိုးကဲ့သို့ထွက်ပြေး၍ အရပ်ရပ်ကွဲပြားကြပါသည် (ဆာလံ ၄၄း၁၁)။ သူတို့သည် ကျွန်အဖြစ်ရောင်းစားခံရ၍ သူတပါး၏ကဲ့ရဲ့ခြင်းကို ခံရကြ၏။ ဘုရားသခင်ကိုမထီမဲ့မြင်ပြုသောသူတို့အလယ်၌ အရှက်ရခဲ့ကြ၏။ ဣသရေလ၌ ယခုဖြစ်ပျက်သောအဖြစ်အပျက်အပေါင်း၏ အကြောင်းအရင်းကို လေ့လာသောအခါ၊ ဘုရားသခင်၏ ခွင့်ပြုခြင်းကြောင့် ထိုသို့ဖြစ်ပျက်ကြောင်း တွေ့ရပါသည်။ ဘုရားသခင်သည် မိမိလူတို့အား ဆုံးမခြင်းငှါ ရန်သူလက်ကိုအသုံးပြုတော်မူ၏။ ဣသရေလ၏အပြစ်ကိုမဖော်ပြသောကြောင့် ဤအခြေအနေကို ရောမ ၈း၂၈ အားဖြင့် သုံးသပ်ရှုမြင်ရပါမည်။ ဘုရားသခင်သည် ယောဘအား သူ၏အပြစ်ကြောင့်မဟုတ်ဘဲ သူ၏ဖြောင့်မတ်ခြင်းကို သက်သေပြခြင်းငှါ စာတန်အားအခွင့်ပေး၍ ဆုံးမစေတော်မူ၏။ ကျွန်တော်တို့ခံရသော ဒုက္ခဆင်းရဲနှင့် ပြဿနာအပေါင်းတို့သည် ကျွန်ုပ်တို့၏ အပြစ်ကြောင့်ချည်းမဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်နှင့်ရည်ရွယ်ချက်ရှိခြင်းကြောင့် ဖြစ်လေ့ရှိပါသည်။ ထို့ကြောင့် အခက်အခဲဒုက္ခကြုံတွေ့သောအခါ ယုံကြည်ခြင်းမျက်စိဖြင့် ဘုရားသခင်၏ ရည်ရွယ်ချက်ရှိကြောင်း သိမြင်ကြပါစို့။ ဘုရားကိုကြောက်ရွံ့သောသူသည် “ထိုမျှလောက်ခံရသော်လည်း အကျွန်ုပ်တို့သည် ကိုယ်တော်ကိုမမေ့လျော့။ သစ္စာတော်ကိုမဖြတ်ကြပါ” (ဆာလံ ၄၄း၁၇)ဟုဆို၏။ ဣသရေလသည် “ကိုယ်တော်အတွက် . . . အစဉ်မပြတ်အသေသတ်ခြင်းကိုခံရ၏” (ဆာလံ ၄၄း၂၂) ဟူသည် ညှင်း ပန်းနှိပ်စက်ခြင်းခံရသော ဘုရားသခင်ကိုကြောက်ရွံ့သောလူတို့အကြောင်းကို သက်သေခံခြင်းဖြစ် ပါသည်။ တရုတ်ပြည်၌ ညှင်းပန်းနှိပ်စက်ခြင်းခံရစဉ် စစ်မှန်သော၊ သစ္စာရှိသော အသင်းတော်များ ရှိခဲ့ပါ၏။ ဤကျမ်းပိုဒ်သည် ထိုသူတို့အတွက်လည်း ကိုက်ညီဆီလျော်မှုရှိပါ၏။

**ဆင်ခြင်ရန်** - အဘယ်အခြေအနေ၌မဆို ဘုရားသခင်၌တည်သော အကျွန်ုပ်၏ယုံကြည်ခြင်း ယုတ်လျော့ခြင်းမရှိရပါ။

**ဆုတောင်းချက်** - (ယောဘ ၁း၂၁ ကိုအသုံးပြုပါ)။

ကြာသပတေး၊ ဩဂုတ် (၁၆)

**ဆာလံ ၄၅**

၁ ကော ၁း၃၀

*“. . . ကိုယ်အမျိုးသားချင်းနှင့် ကိုယ်အဘ၏ အိမ်ကိုမေ့လျော့လော့”*

## မင်းမျိုးမင်းနွယ်ထိမ်းမြားခြင်းသီချင်း

ဤဆာလံသည်ဗိမာန်တော်အမှု၌ သံစုံသီချင်းဆိုခြင်းငှါ ဒါဝိတ်ခန့်အပ်ထားသော “ကောရ၏သားများ” ထံ ပေးအပ်သောဆာလံဖြစ်ပါသည်။ "Maschil" ဆိုသည်မှာ “ဘုရားသခင်ကြောက်ရွံ့ခြင်းအမှု၌ သွန်သင်ဆုံးမခြင်း” ဖြစ်ပါသည်။ Spurgeon က “ဤဆာလံသည် စုံလင်သောရှင်ဘုရင်အဖို့ စပ်ဆိုထားခြင်းဖြစ်လျှင် ဒါဝိတ်၏မြတ်သောသားဖြစ်သော ရှင်ဘုရင်ယေရှုထံဆက်သရမည်ဖြစ်၏” ဟုဆိုထားပါသည်။ အကြောင်းမူကား ဤရှင်ဘုရင်သည် ဘုရားသခင်ကောင်းကြီးပေးခြင်းခံရသောသူ (ဆာလံ ၄၅း၂)၊ သစ္စာတရား၊ နူးညံ့ခြင်းတရား၊ ဖြောင့်မတ်ခြင်းတရားနှင့်အုပ်စိုး သောရှင်ဘုရင် (ဆာလံ ၄၅း၄) ဖြစ်ပါသည်။ ဆာလံ ၄၅း၆-၇ ကို ဟေဗြဲ ၁း၈-၉ ထဲ၌ ကိုးကားသော အခါ သားတော်ဖြစ်သော ကောင်းကင်မှကြွလာတော်မူမည့် သတို့သားကိုရည်ညွှန်း၏။ သူသည် ဤလောကရှိသတို့သမီး ကျွန်ုပ်တို့ကိုခေါ်ဆောင်၍ ကောင်းကင်၌သူနှင့်အတူနေရကြမည်။ “ကိုယ် အမျိုးသားချင်းနှင့်ကိုယ်အဘ၏အိမ်ကိုမေ့လျော့လော့” ဟုတိုက်တွန်းခြင်းခံရသော၊ နိုင်ငံရပ်ခြားမှ မင်းသမီး၊ သတို့သမီးသည် အကျွန်ုပ်တို့၏မထိုက်တန်မှုကို ပုံဆောင်ခြင်းဖြစ်ပါသည် (ဆာလံ ၄၅း၁၀)။ အကြောင်းမှာ ကယ်တင်ခြင်းကို ရှေးဦးစွာ ယုဒလူတို့ထံပေးအပ်ခဲ့ပါသည်။

ရှင်ဘုရင်၏လက်နက်များဖြစ်သော ဓားနှင့်လေး၊ မြှားတို့သည် ဝိညာဉ်နှင့်ဆိုင်သောလက်နက်ဖြစ်ကြပါ၏။ အကြောင်းမှာ ကိုယ်တော်၏နှုတ်ကပတ်တော်သည်လည်း “ဝိညာဉ်၏ဓား” (ဧဖက် ၆း၁၇) ဟုခေါ်ခဲ့ပါသည်။ ကိုယ်တော်၏မြှားတို့သည် အပြစ်ကိုဖော်ပြခြင်းဖြစ်ပါ၏။ အကြောင်းမှာ ဆုံးမသွန်သင်ခြင်းခံရစဉ် ဒါဝိတ်က “မြှားတော်တို့သည် အကျွန်ုပ်၌စူးဝင်” (ဆာလံ ၃၈း၁-၂) ပါ၏ဟုဆိုခဲ့ပါသည်။ မင်္ဂလာဆောင်ဝတ်စုံမွှေးကြိုင်စေသော မုရန်၊ အကျော်နှင့် သစ်ကြံပိုးအမွှေးတို့သည် ကိုယ်တော်၏ကောင်းမြတ်မှု၊ စုံမက်စရာဖြစ်ခြင်းကို ပုံဆောင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကယ်တင်ခြင်းခံရသောသူအပေါင်းတို့သည် ဘုရားသခင်က “ငါတို့၌ ပညာမှစ၍၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းဖြစ်စေ” တော်မူသော သခင်ယေရှု၌ ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြပါ၏ (၁ ကော ၁း၃၀)။

အသင်းတော်ကိုကိုယ်စားပြုသော သတို့သမီးသည် မင်းသမီးတို့၏ ခြွေရံခြင်းကိုခံရသောကြောင့် ဤထိမ်းမြားခြင်းသည် ပို၍ခမ်းနားခြင်းရှိ၏။ သတင်းကောင်းသည် ဤကမ္ဘာလူသားအပေါင်းအတွက်ဖြစ်သောကြောင့် လူမျိုးအပေါင်းပါဝင်ကြ၏။ ဤထိမ်းမြားခြင်းအစီအစဉ်၌ အပျိုကညာတို့ ပါဝင်ခြင်းက (မသဲ ၂၅း၁ နှင့်နှိုင်း၍) ဤမင်္ဂလာပွဲ၏သန့်ရှင်းခြင်းကို ထင်ရှားစေပါသည်။

“ကိုယ်တော်၏အဘများကိုယ်စား” (ဆာလံ ၄၅း၁၆)၊ ရှင်ဘုရင်သည် ဤကမ္ဘာကို အစိုးရမည့် ဝိညာဉ်နှင့်ဆိုင်သော မင်းသားများမွေးဖွားခြင်းကို ပို၍နှစ်သက်တော်မူ၏။ သူတို့ကို ဦးဆောင်မည့်သူတို့သည် တမန်တော်များဖြစ်ကြပါ၏။ ခရစ်တော်၏ကတိတော်ဖြစ်သော မသဲ ၁၉း၂၈ ကို ဖတ်ပါလော့။

**ဆင်ခြင်ရန်** - မင်းမျိုးမင်းနွယ်ထိမ်းမြားခြင်းဧည့်ခံပွဲနှင့်ဆိုင်သောသာဓကသည် ရှင်မသဲခရစ်ဝင်ကျမ်း အဘယ်အပိုဒ်၌ရှိပါသနည်း။ ထိုဧည့်ခံပွဲ၌ကျွန်တော်ပါဝင်ပါမည်လော။

**ဆုတောင်းချက်** - ထာဝရဘုရား၊ မထိုက်တန်သောအကျွန်ုပ်ကို ရွေးနှုတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ ဩဂုတ် (၁၇)

**ဆာလံ ၄၆**

သု ၁း၂၇-၂၈

*"ထာဝရဘုရား၏ နာမတော်သည် ဘုန်းကြီးတော်မူသည်ဟုဝန်ခံလျက်၊ . . . "*

## မာတင်လူသာ၏ခိုလှုံရာသီချင်း

ဤဆာလံက ကျွန်ုပ်တို့သည် ဘေးအန္တရာယ်အချိန်မရွေး ကြုံတွေ့နိုင်သောကြောင့် ကျွန်ုပ်တို့အားမစခြင်းငှါ အစဉ်အသင့်ရှိတော်မူသော ဘုရားသခင်၌ခိုလှုံကွယ်ကာခြင်း ရှာဖွေခြင်းငှါ သွန်သင်လျက်ရှိ၏။ ကျွန်တော်တို့အဆင်ပြေနေသောကာလ၌ ဤသတိပေးချက်သည် ပို၍လိုအပ်လျက်ရှိ၏။ အကြောင်းမှာ ထိုသို့သောအခြေအနေတွင် ဘုရားသခင်နှင့်ဝေးကွာလွယ်သောကြောင့်ဖြစ်၏။ ဆုမတောင်းသောသူသည် ဘေးအန္တရယ်ကျရောက်သောအခါ မည်သို့ဆုတောင်းရမည်ကို မသိဘဲရှိတတ်၏။ သုတ္တံ ၁း၂၇-၂၈ မှ ရှောလမုန်၏စကားကိုဖတ်ပါလော့။

ဆာလံဆရာသည် မိမိကြုံတွေ့ခဲ့သော သဘာဝဘေးအန္တရာယ်များ (ငလျင်လှုပ်ခြင်း၊ ဆူနာမီ၊ မုန်တိုင်းနှင့်လှိုင်းတံပိုး) ကို ပထမဆုံးဖော်ပြခဲ့၏။ အာမုတ် ၁း၁ တွင် ရှင်ဘုရင်ဩဇိလက်ထပ်၌ ငလျင်လှုပ်ခဲ့ကြောင်းဖော်ပြထားပါသည်။ ထို့ပြင် ဣသရေလလူတိုင်းသည် နောဧခေတ်ရေလွှမ်းမိုးခြင်းနှင့် ပင်လယ်နီဖြတ်ကျော်ခြင်းတို့ကို သိခဲ့ကြပါလိမ့်မည်။ သူတို့နေထိုင်ရာပြည်သည်လည်း မိုးချုန်းခြင်းနှင့် မုန်တိုင်းတိုက်ခိုက်ရာပင်ဖြစ်ပါသည် (ဆာလံ ၂၉)။ သင်သည် ရေလွှမ်းခြင်း (သို့) မုန်တိုင်း (သို့) အခြားသောသဘာဝဘေးအန္တရာယ်ကြုံတွေ့ဖူးပါသလား။

ထို့နောက်ဆာလံဆရာသည် ဣသရေလပြည်ကိုခေတ်အဆက်ဆက်ဖျက်ဆီးခဲ့သော စစ်ပွဲ၏ ဆိုးကျိုးဒဏ်ကို ကျွန်ုပ်တို့အားဖော်ပြခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကိုကျော်ဖြတ်ခဲ့သော ကျွန်တော်တို့သည် စစ်ပွဲ၏ဆိုးယုတ်ကြောက်စရာကောင်းမှုကို ကောင်းကောင်းသိကြပါ၏။ ဘုရားသခင်ကသာလျှင် စစ်ပွဲကိုချုပ်ငြိမ်းစေတော်မူနိုင်၏။ စစ်တိုက်နေသောနိုင်ငံများ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုကြသောအခါ ဘုရားသခင်၏အမှုပြုတော်မူခြင်းဖြစ်ကြောင်း သတိရကြပါ။ ထိုသို့ငြိမ်းချမ်းရေးရှိစေခြင်းငှါ ဘုရားသခင်မပါမရှိလျှင် ယူအင်န် (The United Nations) သည်လည်း အချည်းနှီးသာလျှင်ဖြစ်ပါသည်။

ထိုသို့လောကီကမ္ဘာ၌ ဖြစ်ပျက်နေသောအရာသည် ဘာသာရေး၌လည်းဖြစ်ပွားခြင်းရှိပါသည်။ မာတင်လူသာသည် ဤဆာလံ၌ခိုလှုံစရာတွေ့ခဲ့ပါသည်။ "ဤဆာလံကို ဘုရားသခင်ချီးမွမ်းခြင်းအဖြစ် ကျွန်တော်တို့သီဆိုကြ၏။ အကြောင်းမှာ ဘုရားသခင်သည် ကျွန်တော်တို့နှင့်အတူရှိတော်မူ၍ မိမိ၏အသင်းတော်နှင့်နှုတ်ကပတ်တော်ကို မှားယွင်းသောဝိညာဉ်ဆိုးများ၏ ရန်မှုငင်း၊ ငရဲတံခါးဝ၏ရန်မှုငင်း၊ စာတန်၏ကြောက်စရာကောင်းသော မုန်းတီးခြင်းမှငင်း၊ ဤလောကီကမ္ဘာ ဇာတိအလိုနှင့် အပြစ်၏ရန်တို့မှ အံ့ဩစရာကောင်းလောက်အောင် တန်ခိုးတော်အားဖြင့် ထိန်းသိမ်းကွယ်ကာစောင့်ရှောက်တော်မူ၏" ဟုဆိုခဲ့ပါသည်။ လူသာက ဆာလံ ၄၆ ကိုအခြေခံ၍ မိမိစပ်ဆိုထားသော သီချင်းကို ကျွန်ုပ်တို့အားသီဆိုစေလိုပါ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခိုလှုံရာရဲတိုက်ဖြစ်တော်မူလျှင် ကယ်တင်ခြင်းသက်စမ်းရေသည် ဘုရားသခင်၏သားတော်ထံမှ စီးဆင်းလာမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဇာခရိ ၁၃း၁ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ အရာခပ်သိမ်းထက် ကိုယ်တော်၏တန်ခိုးတော်ကို အကျွန်ုပ်အား တန်ဖိုးထားစေတော်မူပါ။

စနေ၊ ဩဂုတ် (၁၈)

**ဆာလံ ၄၇**

ဆာလံ ၁၂၂

*"ယေရုရှလင်မြို့ ငြိမ်ဝပ်မည်အကြောင်း ဆုတောင်းကြလော့. . ."*

## ရှင်ဘုရင်အားချီးမွမ်းခြင်းနှင့်တကွ ကိုးကွယ်ဝတ်ပြုကြလော့

ဤဆာလံသည်ဘုရားသခင်၏ သေတ္တာတော်အား ဩဗဒေဒုံ၏အိမ်မှ ယေရုရှလင်မြို့သို့ သယ်ဆောင်ခြင်း (သို့) အခြားသောဝမ်းမြောက်ဖွယ်အကြောင်းတစ်ရပ်ရပ် ရေးသားခြင်းဖြစ်သလော ဟူသောအချက်မှာ ဆုံးဖြတ်ရခက်ခဲသောအမှုဖြစ်ပါသည်။ အချို့သောသူက ဤဆာလံသည် ဆာလံ ၄၆ နှင့် ၄၈ ကိုဆက်စပ်ပေးသောဆာလံဟု ထင်မှတ်ကြ၏။

ဆာလံ ၄၆ ထဲတွင်ဘုရားသခင်သည် ခက်ခဲ၍ ပြဿနာရှိနေသောအချိန်၊ ဤကမ္ဘာလောကကြီးအပေါ် အဆုံးစွန်အာဏာရှိသောသူအဖြစ် တွေ့ရပြီး၊ ဤဆာလံထဲတွင်ဘုရားသခင်အား ငြိမ်းချမ်းနေသော ဤကမ္ဘာလောကကြီးအပေါ် အစိုးရသောရှင်ဘုရင်အဖြစ်တွေ့ရပါသည်။ ဘုရားသခင်သည် ဤကမ္ဘာလောကနှင့်တိုင်းနိုင်ငံလူမျိုးအပေါင်းကို အုပ်စိုးရသော၊ ကြောက်မက်ဖွယ်သော ဘုရားဖြစ်တော်မူ၏။ ထို့ကြောင့် ဤလောကရှင်ဘုရင်နှင့်လူမျိုးတို့၏အကြီးအကဲတို့သည် ဘုရားသခင်၏ ရာဇပလ္လင်တော်နားသို့ ရိုသေစွာချဉ်းကပ်ကြပါ၏။ အာဗြဟံ၏သားမြေးတို့သည်လည်း ထိုသို့ကိုးကွယ်ကြရပါသည်။ ဘုရားသခင်၏ဘုန်းအသရေတော်သည် ကြီးမြတ်တော်မူသည်ဖြစ်သောကြောင့် ကြောက်ရွံ့ခြင်းရှိကြရမည်သာမက လက်ခုပ်တီးခြင်း၊ ချီးမွမ်းသီချင်းဆိုခြင်းဖြင့် ပျော်ရွှင်ဝမ်းမြောက်စွာ ကိုးကွယ်ခြင်းပြုကြရပါမည်။

ထို့ကြောင့် ဤဆာလံသည် အသင်းတော်ဝတ်ပြုခြင်း၌ အပြန်အလှန်ဖတ်ကြားခြင်းငှါ အတွက် အလွန်သင့်တော်လှပါသည်။ ဤလောကီလူသားတို့သည် ပြည်ထောင်စုနေ့ကို အောက်မေ့ခြင်းရှိကြ၍ ခေါင်းဆောင်များအတွက် ဆုတောင်းခြင်းပြုကြသော်လည်း အသင်းတော်သည် ထိုအရာထက်ပို၍အရေးကြီးသော မိမိ၏ရှင်ဘုရင်ကို ချီးမြှောက်တတ်ရပါမည်။ ဘုရားသခင်သည် ဤလောကတစ်ခုလုံးကို အစိုးရသောအဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်သောကြောင့် ဤဆာလံသည် တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းအတွက် အလွန်သင့်တော်သောဆာလံဖြစ်ပါသည်။ ဘုရားသခင်၏နာမတော်အား စိတ်အားထက်သန်စွာ ကြည်ညို၍ချီးမြှောက်ခြင်းမရှိလျှင် ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းသည် အကျိုးမရှိ၊ တန်ခိုးမရှိဖြစ်တတ်၏။ ဤဆာလံကိုစိတ်အားထက်သန်စွာ ကျွန်တော်တို့သီဆိုသောအခါ အသင်းတော်၌ကျေးဇူးတော်နှင့် ဘုန်းအသရေတော် သက်ရောက်စေပါသည်။

ထို့ ပြင် ဤဆာလံက ဣသရေလလူတို့သည် လူမျိုးများအကြား၌ အထူးနေရာရလျက်ရှိကြောင်းကို ဖော်ပြခဲ့ပါသည် (ဆာလံ ၄၇း၄)။ အာဗြဟံထံ ဘုရားသခင်ကတိပြုတော်မူချက်သည် နောက်မျိုးဆက်များအထိ ထာဝရတည်ကြောင်း သံသယဝင်စရာမလိုပါ။ နှစ်ပေါင်း ၂၀၀၀ လောက်နေရာအနှံ့အကွဲကွဲအပြားပြားဖြစ်ပြီးမှ ဣသရေလ၏ပြန်လည်စုစည်းခြင်းနှင့် နိုင်ငံပြန်လည်တည်ထောင်ခြင်းသည် အလွန်ခိုင်ခံ့သောဘုရားသခင်၏ ကတိတော်သက်သေဖြစ်ပါ၏။ ဘုရားသခင်သည် မိန့်တော်မူချက်ကို ကွယ်ကာစောင့်ထိန်းတော်မူလိမ့်မည် (ဆာလံ ၄၇း၉)။ ယနေ့ယုဒလူတို့သည် သူတို့၏မေရှိယဖြစ်သော ယေရှုကြွလာတော်မူသည့်အချိန်ထိ များစွာအခက်အခဲကြုံတွေ့ရမည်ဖြစ်သော်လည်း ဤဆာလံအရ သူတို့၏အိမ်နီးချင်းအာရပ်လူမျိုးတို့၏ မုန်းတီးခြင်းနှင့်တိုက်ခိုက်ခြင်းသည် အောင်မြင်မှုရမည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဣသရေလ၌ဖြစ်ပျက်သောအရာကို အဘယ့်ကြောင့်ကျွန်တော်စိတ်ဝင်စားစရာလိုပါသနည်း။

**ဆုတောင်းချက်** - ဘုရားသခင်၏နာမတော်ဘုန်းကြီးပါစေသော်၊ ဟာလေလုယာ။

တနင်္ဂနွေ၊ ဩဂုတ် (၁၉)
**ဆာလံ ၄၈**
ဟေရှာ ၃၇း၃၃-၃၈

*". . . ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍၊ အာရှုရိတပ်တွင်. . . "*

# ဘုရားသခင်၏လှပသောမြို့တော်ဇိအုန်

ဇိအုန်ဆိုသည်မှာ ယေရုရှလင်မြို့၏အမည်တစ်မျိုးဖြစ်ပါသည်။ ဒါဝိတ်၏ဘုရင့်နန်းတော်တည်ရှိရာလည်းဖြစ်၏။ ရှင်ဘုရင်နေထိုင်ရာနေရာဖြစ်သောကြောင့် မြို့တော်လည်းဖြစ်၏။ ဗိမာန်တော်၊ ဘုရားသခင်၏အိမ်တော် (ဆာလံ ၄၈း၉) တည်နေရာဖြစ်သောကြောင့်၊ ယေရုရှလင်မြို့သည် အလွန်သန့်ရှင်း၍အလွန်လှပသောမြို့ဖြစ်ပါသည်။ ဟုတ်ပါ၏။ ဤမြို့၌ဘုရားသခင် ရှိတော်မူ၏။ ထိုနေရာသို့သွားရောက်ခြင်းသည် ကွဲပြားခဲ့သောအချိန်ကာလတိုင်း၌ ဣသရေလတိုင်း၏မျှော်လင့်ချက်ဖြစ်ပါသည်။ ထို့ကြောင့်အချင်းချင်း ခွဲခွာကြသောအခါ၊ "နောင်နှစ်ယေရုရှလင်မြို့၌တွေ့ကြပါစို့" ဟု နှုတ်ဆက်ကြ၏။ ယနေ့တွင် ဣသရေလလူတို့သည် ယေရုရှလင်မြို့၊ သူတို့ရှင်ဘုရင်ဒါဝိတ်၏မြို့တော် ဇိအုန်ကိုပြန်လည်ရယူခဲ့ပါပြီ။ အဘယ်အကြောင်းကြောင့်မျှ ပြန်၍အဆုံးရှုံးခံကြမည်မဟုတ်တော့ပါ။

ဇိအုန်တောင်သည် ဤလောကလူသားအပေါင်းအတွက် ဝမ်းမြောက်စရာဖြစ်ပါ၏။ ယေရုရှလင်မြို့သည် ဤလောကကိုကောင်းကင်အလင်းပေးသောကြယ်၊ ပရောဖက်တို့အားဖြင့် ဘုရားသခင်စကားတော်လက်ခံရရှိရာမြို့ဖြစ်ပါသည်။ ပထဝီအနေအထားအရ ယေရုရှလင်မြို့သည် တည်နေရာအားဖြင့် ဣသရေလရှိအခြားမြို့အပေါင်းထက် သာလွန်ခြင်းရှိ၏။ Tel Aviv မှ ကားနှင့်သွားလျှင် ယေရုရှလင်မြို့ကိုတောင်ပေါ်၌ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၆၀၀ ၌ ထင်ရှားစွာတည်ရှိကြောင်း တွေ့မြင်ရပါသည်။

ဤမြို့သည် ဘုရားသခင်ကျိန်းဝပ်ရာမြို့ဖြစ်သောကြောင့် တိုက်ခိုက်ရန်လာသော ရန်သူတို့သည် (လမ်းလွဲခြင်းကြောင့် နေဗုခဒ်နေဇာမင်းကြီးလက်ထက် မကျဆုံးမီအချိန်၌) အလိုလိုပြန်လည် ဆုတ်ခွာတတ်ကြ၏ (ဆာလံ ၄၈း၅)။ ဆာလံ ၄၈း၆ သည် အာရှုရိရှင်ဘုရင် သနာခရိပ်တပ်ကျရှုံးခြင်း၌ ပြည့်စုံသည်ဟု ထင်ရပါသည်။ ထိုည၌တစ်ညတည်း၌ သူ၏စစ်သားတစ်သိန်းရှစ်သောင်းငါးထောင်တို့သည် ထာဝရဘုရား၏ကောင်းကင်တမန်က သတ်ခဲ့ပါသည် (ဟေရှာ ၃၇း၃၆-၃၇)။ ယခုအခါ ဇိအုန်သည် ဣသရေလနှင့်ယုဒရှင်ဘုရင်တို့၏မြို့ဖြစ်ခဲ့သောကြောင့်သာမဟုတ်ဘဲ မဟာမင်းကြီး (ဆာလံ ၄၈း၂) ဖြစ်သော အနန္တတန်ခိုးရှင်ထာဝရဘုရားက အစိုးရတော်မူသောကြောင့် အလွန်လှပသောမြို့၊ ဘုန်းအသရေရှိသောမြို့ဖြစ်ပါ၏။ ဘုရားသခင်သည်အာဏာအားဖြင့်မဟုတ်၊ တရားသဖြင့်၊ ဂရုဏာတော်အားဖြင့် (ဆာလံ ၄၈း၉)၊ ဖြောင့်မတ်ခြင်းတရားအားဖြင့် (ဆာလံ ၄၈း၁၀)၊ တရားသဖြင့်စီရင်တော်မူခြင်းအားဖြင့် (ဆာလံ ၄၈း၁၁) အုပ်စိုးတော်မူ၏။ သူသည်ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့၏ဘုရား၊ သေသည်ကာလတိုင်အောင် ပို့ဆောင်လမ်းပြတော်မူသော ဘုရားသခင်ဖြစ်တော်မူ၏ (ဆာလံ ၄၈း၁၄)။

**ဆင်ခြင်ရန်** - ယေရုရှလင် (သို့) ဇိအုန်ကိုစံနမူနာပြု၍ မှန်ကန်စွာ၊ ဖြောင့်မတ်စွာအုပ်စိုးသောနိုင်ငံတိုင်းသည် ကြီးပွားတိုးတက်ခြင်းရှိလိမ့်မည်။ မကောင်းသောအစိုးရအုပ်ချုပ်သောအခါ ယေရုရှလင်ပင်လျှင် မရပ်တည်နိုင်ဘဲ ၅၈၆ ဘီစီတွင် ဖျက်ဆီးခြင်းခံရခဲ့၏။ ဤလောက၌နှစ်တစ်ထောင်အုပ်စိုးခြင်းအတွက် သခင်ယေရှုကြွလာတော်မူမည့် အချိန်အတွက် ယေရုရှလင်သည် ယခုပြန်လည်တည်ထောင်ခြင်းခံရ၍ နိုးကြားခြင်းရှိလာ၏။ အကျွန်ုပ်သည် ဇိအုန်နိုင်ငံ၊ ကောင်းကင်ယေရုရှလင်မြို့သားဖြစ်ပါသလား။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်အသက်တာတစ်ခုလုံး၏ လမ်းပြရှင်ဖြစ်တော်မူ၏။

**ဆာလံ ၄၉**
လု ၁၂း၁၆-၂၁

*"လူသည် ဤစကြဝဠာကို အကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း"*

## မိုက်မဲကြွယ်ဝသောသူ၏သီချင်း

ဓမ္မဒေသနာဆရာသည် "နေအောက်မှာ" အသက်ရှင်သောလူ့ဘဝ၏အချည်းနှီးဖြစ်ခြင်းကို မြင်တွေ့ခဲ့ပြီး၊ ဆာလံ ၄၉ ၌တွေ့ရသော မိုက်မဲကြွယ်ဝသောသူသည် သင်္ချိုင်းသို့ရောက်၍ မိမိ၏ဥစ္စာနှင့်ဂုဏ်အသရေသည်လည်း မိမိနှင့်အတူပျောက်ကွယ်ခဲ့ပါ၏ (ဆာလံ ၄၉း၁၇)။ ဤဆာလံသည် ရှင်လုကာ ၁၂း၁၆-၂၁ ၌တွေ့ရသော မိုက်မဲကြွယ်ဝသောသူနှင့် လုံးဝကိုက်ညီမှုရှိပါသည်။ ဘုရားသခင်ကိုအတွေးထဲ၌မထည့်ဘဲ သုံးဖြုန်းသောကြွယ်ဝသောခရစ်ယာန်သည် မိုက်မဲကြွယ်ဝသောသူဟုတ်ပါသလား။

သန်းကြွယ်သူဌေးသည် မိမိ၏ရွှေငွေပိုက်ဆံတို့ကို ဘဝ၌အရေးကြီးဆုံးသောအရာဟု မြင်သောကြောင့် ဤကမ္ဘာလောက၌ မိမိ၏မျှော်လင့်ခြင်းကို တည်ထားခဲ့၏။ John Calvin က "လူတို့သည် ဤကမ္ဘာမြေကြီး၌ ထာဝရအသက်ရှင်လျက်နေရမည်ဟု ထင်ကြ၏" ဟုဆိုခဲ့ပါသည်။ ထို့ကြောင့်ကြာရှည်ခံမည့်အိမ်များကို ဆောက်ကြပြီး၊ မိမိပစ္စည်းဥစ္စာတို့၌ နာမည်ကျော်စောခြင်းကို ရှာကြ၏ (ဆာလံ ၄၉း၁၁)။ ဥပမာအားဖြင့် ကောင်းမှုကုသိုလ်ပြုသောသူသည် မိမိအမည်နာမမော်ကွန်းတပ်ထားသော ကျောင်းဆောင်တို့အတွက် အထောင်ထောင်အသန်းသန်းပေးလှူလိုကြ၏။ ငွေကြေးအားဖြင့် ဂုဏ်အသရေနှင့်ကျော်ကြားမှုကို ရှာကြ၏ (ဆာလံ ၄၉း၁၆)။ ထိုသို့ဤလောကီသဘောအတိုင်း နေထိုင်သောကြောင့် လောကီလူတို့၏ ချီးမြှောက်ခြင်းကိုခံရလိမ့်မည် (ဆာလံ ၄၉း၁၈)။ လမ်းပေါ်ရှိလူတို့၏ ကြောက်ရွံ့ထိတ်လန့်မှုကို ခံရတတ်ကြ၏ (ဆာလံ ၄၉း၁၆)။

ဆာလံဆရာက ကြွယ်ဝသောသူ၊ အားကြီးသောသူနှင့် ဆင်းရဲနိမ့်ပါးသောသူ (ဆာလံ ၄၉း၂) တို့သည် တူညီသောရန်သူ၊ သေခြင်းကိုကြုံတွေ့ရကြသောကြောင့် အတူတူပင်ဖြစ်ကြ ကြောင်း ဖော်ပြခဲ့ပါသည်။ လူတစ်ဦး၏အသက်သည် ချိန်းချက်သောအချိန်ရောက်သောအခါ အဘယ်မျှသောငွေကြေးကမျှ တစ်စက္ကန့်ပင်ဆက်ရှည်စေ၍မရပါ။ ကြွယ်ဝသောသူ၏ငွေကြေးဖြင့် သူ၏ညီအစ်ကိုကို ကယ်တင်၍မရပါ။ "ရွေးရန်အဘိုးကို ဘုရားသခင်၌မပေးနိုင်" (ဆာလံ ၄၉း၇) ပါ။ သေခြင်းကျရောက်လာသောအခါ တူညီသောလူတန်းစားတစ်ခုသို့ ပို့ဆောင်ပေးတတ်၏။ ကြွယ်ဝသောသူဖြစ်စေ၊ ဆင်းရဲသားဖြစ်စေ "သင်္ချိုင်း" ၌ သင်္ဂြိုဟ်ခြင်းခံရကြပါ၏။

ပညာနှင့်ဉာဏ်သည် မာကု ၈း၃၆ ထဲမှမေးခွန်းကို ဆင်ခြင်နှလုံးသွင်းပါလိမ့်မည်။ ထာဝရအသက်မရသော ကြွယ်ဝသောသူသည် ခန္ဓာကိုယ်သေခြင်းသာမက ဝိညာဉ်သေခြင်း၏ ဝါးမျိုခြင်းကို ခံရပါသည်။ သူဌေးကြီးသည် ငရဲ၌ရောက်ရှိခဲ့၏။ ပညာရှိလာဇရုသည် ဤဘဝ၌ဘုရားသခင်ကို ရှာခဲ့သောကြောင့် သေသောအခါ "သူ၏ဝိညာဉ်ကိုမရဏာနိုင်ငံ၏တန်ခိုးမှ ရွေးတော်မူခြင်းခံရခဲ့၏" (ဆာလံ ၄၉း၁၅)။ ထို့ကြောင့်မကောင်းမှုဖြစ်သော အန္တရာယ်နှင့်သေခြင်းမှစ အမျိုးမျိုးသောမကောင်းမှုတို့၏ ဝန်းရံခြင်းခံရသောအချိန်၌လည်း ထာဝရအသက်ရရှိသောသူသည် စိုးရိမ်ခြင်းမရှိပါ။ ခရစ်ယာန်သည်သေခြင်းကိုကြောက်ရွံ့ခြင်းမရှိပါ (ဆာလံ ၄၉း၅)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ရည်မှန်းချက်သည်အဘယ်နည်း။ ငွေကြေးလော၊ အသက်ရှင်ခြင်းလော။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်က အရေးကြီးသည်ဟု ဆိုသောအရာကို တန်ဖိုးထားမည်အကြောင်းမစတော်မူပါ။

**ဆာလံ ၅၀**
ဟေရှာ ၁း၁၈

*"အိုထာဝရဘုရား၊ အကျွန်ုပ်၏နှုတ်ကိုဖွင့်တော်မူပါ၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်း၍ မြွက်ဆိုပါမည်"*

## ဘုရားကျောင်းသွားသူတိုင်းကို ဘုရားသခင်စစ်ကြောတော်မူသောအခါ

ဤဆာလံသည် အာသပ်၏ဆာလံ ၁၂ ခုတွင် ပထမဆုံးဆာလံဖြစ်ပါသည်။ သူသည် ဒါဝိတ်နှင့်ယှဉ်၍ဖော်ပြခြင်းခံရသော (၆ ရာ ၂၉း၃၀ အရ) ဆာလံဆရာဖြစ်ပါသည်။ အာသပ်သည် ဒါဝိတ်၏သံစုံသီချင်းဆိုသော အဖွဲ့ခေါင်းဆောင်သုံးဦးတွင် တစ်ဦးဖြစ်ပါသည် (၅ ရာ ၂၅း၁)။

ဤဆာလံကိုသုံးပိုင်းပိုင်း၍ရပါသည်။ (၁) ဤလောကကမ္ဘာကိုစီရင်ခြင်းငှါ ထာဝရဘုရား ကြွလာခြင်း (အပိုဒ်ငယ် ၁-၆)၊ (၂) မိမိထံယဇ်ပူဇော်သော မိမိလူတို့အားစစ်ကြောခြင်းငှါ ဘုရားသခင်ကြွလာတော်မူခြင်း (အပိုဒ်ငယ် ၇-၁၅)၊ (၃) ဟန်ဆောင်ဝတ်ပြုကိုးကွယ်သောသူတို့အား သူတို့၏ ဆိုးသွမ်းသောအပြုအမူကို ဖော်ပြ၍ ဆုံးမတော်မူခြင်း (အပိုဒ်ငယ် ၁၆-၂၁)၊ မိမိကို မေ့လျော့သောသူတို့အား ခြိမ်းခြောက်တော်မူ၍ နာခံသောသူတို့အား ကောင်းကြီးပေးခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။

ဤဆာလံတွင်ဘုရားသခင်သည် ဓမ္မဟောင်းခေတ်မှ မိမိလူတို့အား စီရင်ခြင်းငှါ ကြွလာကြောင်းတွေ့ရပြီး၊ ထိုစီရင်ခြင်းသည် ကျွန်ုပ်တို့အတွက်လည်း သက်ရောက်မှုရှိပါလိမ့်မည် (၂ ကော ၅း၁၀)။

ပထမအနေဖြင့် ကျွန်တော်တို့သည် ဘုရားသခင်အား ကတိပြုထားသောအချက် ဆောင်ရွက်ခြင်းအားဖြင့် ကြောက်ရွံ့ရိုသေခြင်းရှိမရှိကိုငင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ဘုရားသခင်ကို ချစ်ခြင်းရှိမရှိကိုငင်း စစ်ကြောတော်မူမည်။ စိတ်ထဲမှကြည်ညိုသောစိတ်မပါဘဲ သိုးနွားများစွာ ယဇ်ပူဇော်ခြင်းငှာယူဆောင်လာခြင်းသည် အကျိုးမရှိပါ။ အမှန်မှာ ဘုရားသခင်က အရာခပ်သိမ်းကို ပိုင်တော်မူ၏ (ဆာလံ ၅၀း၁၀)။ အကျွန်ုပ်တို့၏အိမ်၊ လယ်ယာမြေနှင့် ငွေကြေးမြောက်မြားစွာ ဘုရားသခင်ထံပေးနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်လော (သို့) မိမိ၏နာမကျော်ကြားစေရန် ရည်ရွယ်သလော၊ အကျွန်ုပ်တို့သည် ဘုရားသခင်ထံ ပူဇော်သက္ကာ ယူဆောင်လာတိုင်း ကျွန်ုပ်တို့၏စိတ်သဘောကို စစ်ကြောကြပါစို့။

ထိုသို့စစ်ကြောခြင်းခံရသောအခါ ဘုရားသခင်လက်ခံနှစ်သက်သော ပေးကမ်းခြင်းမဟုတ်ပါ။ အကြောင်းမှာ ဘုရားသခင်နှင့်အဆင်မပြေသည်သာမက၊ မိမိညီအစ်ကိုတို့နှင့် သင့်တင့်ခြင်းမရှိသောကြောင့်ဖြစ်၏။ ဤလူတို့သည် တရားဟောချက်ကို ဝေဖန်ခြင်းငှါ ဘုရားကျောင်းသို့လာကြ၏ (ဆာလံ ၅၀း၁၇)။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကဲ့ရဲ့ကြ၏။ ဤလူတို့သည် သူခိုးကိုအားပေး၍ လိမ်လည်သောသူ၊ လှည့်စားသောသူတို့နှင့် ပေါင်းဖော်ကြ၏။ မိတ်ဆွေတို့နှင့်အပြစ်ပြုခြင်းငှါ တိတ်တဆိတ်သွားလာတတ်ကြ၏။ မုသာကိုပြော၍လှည့်ဖြားတတ်ကြ၏။ အသင်းတော်နှင့်မိသားစုဝင်တို့၏အကြောင်းကို အတင်းပြောတတ်ကြ၏။ သူတပါး၏အသရေကို ဖျက်ဆီးတတ်ကြ၏။ ဘုရားသခင်၏သန့်ရှင်းခြင်းစံနှုန်းကို သူတို့သည် လျော့ချ၍ မိမိတို့စံနှုန်းအတိုင်း စီရင်တတ်ကြ၏။ ဘုရားသခင်ကိုမေ့လျော့သော "နှုတ်နှင့်ငါ့ထံသို့ချဉ်းကပ်၍၊ နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏၊ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏" (မသဲ ၁၅း၈) ဟုယေရှုမိန့်တော်မူသောသူတို့သည် အပိုင်းပိုင်းဆွဲဖြတ်ခြင်းခံရကြမည် (ဆာလ ၅၀း၂၂)။ သို့သော်လည်း စိတ်ထားမှန်ကန်စွာသမ္မာတရားအတိုင်း ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သောသူတို့ကို ဘုရားသခင်လက်ခံတော်မူ၏ (ဆာလံ ၅၀း၂၃)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ကိုးကွယ်ဝတ်ပြုခြင်းအတိုင်း ဘုရားသခင်စီရင်တော်မူမည်ဖြစ်၏။
**ဆုတောင်းချက်** - အဖဘုရား မှန်ကန်သောစိတ်သဘောနှင့် သမ္မာတရားအတိုင်း ကိုယ်တော်ကို အကျွန်ုပ်ကိုးကွယ်ဝတ်ပြုလိုပါ၏။

## “ထိုသူသည်ကားကိုယ်တော်ပင်ဖြစ်ပါ၏”

“ဘုရားသခင်၏စိတ်တော်နှင့်ညီညွတ်သော” (၁ ရာ ၁၃း၁၄) ဒါဝိတ်သည် ဟိတ္တိလူ ဥရိယ၏မယားဗာသရှေဘနှင့် အပြစ်လွန်ကျူးခဲ့၏။ ဤသူ့မယားပြစ်မှားခြင်းအမှုကိုပို၍ ကြီးမားစေသောအမှုဟူမူကား မိမိ၏အပြစ်ကိုဖုံးကွယ်ခြင်းငှါ ဒါဝိတ်သည် ဤသစ္စာရှိသောစစ်ဗိုလ်အား စစ်မျက်နှာစာ၌စေလွှတ်၍ အသေသတ်စေခဲ့၏။ ထိုသို့ဗာသရှေဘနှင့်ပြစ်မှားခဲ့ပြီးနောက် ဒါဝိတ်သည် ထိုအပြစ်ကိုမေ့လျော့ခဲ့ပါ၏။ ပရောဖက်နာသန်က ဆင်းရဲသားတစ်ဦး၏သိုးမကို သတ်စားခဲ့သောသူဌေးကြီးသာဓကအားဖြင့် ဒါဝိတ်သည် မိမိကိုယ်ကိုစီရင်ချက် ချခဲ့ပါ၏။ ထိုအချိန်၌သာ မိမိ၏အပြစ်ကိုပြန်၍သတိရလာခဲ့၏။ ဒါဝိတ်သည်အလွန်ကြီးမားသောအပြစ်ကို လွန်ကျူးခဲ့သော်လည်း၊ မိမိ၏နူးညံ့သိမ်မွေ့သောစိတ်သဘောအားဖြင့် ဘုရားသခင်၏ဂရုဏာတော်နှင့်ကျေးဇူးတော်ကို ပြန်၍ရယူခဲ့ပါ၏။ ပရောဖက်က “ထိုသူသည်ကား ကိုယ်တော်ပင်ဖြစ်၏”ဟု ဆိုသောအခါ မိမိနောက်မှပေါ်ထွန်းသောဆိုးသွမ်းသည့် ဘုရင်များကဲ့သို့ ထိုပရောဖက်အား ထောင်ချခြင်း (သို့) ကျောက်ခဲနှင့်ပစ်သတ်ခြင်းမပြုခဲ့ပါ။ ဘုရားသခင်ရှေ့တော်၌ ချက်ချင်းဒူးထောက်၍ ဂရုဏာတော်တောင်းလျှောက်ခဲ့ပါ၏။ ကျွန်တော်တို့သည် ကလေးငယ်ကဲ့သို့ဖြစ်ကြပါသလား။

Spurgeon က “ဒါဝိတ်၏ကြီးလေးသောအပြစ်သည် ခွင့်လွှတ်၍မရပါ၊ သို့သော်လည်း ဤအမှု၌ထူးခြားသောအချက်များရှိကြောင်း သတိထားကြရပါမည်။ ဒါဝိတ်သည် စိတ်အားထက်သန်သောသူ၊ စစ်သား၊ တန်ခိုးအာဏာကြီးသောရှင်ဘုရင်ဖြစ်၍ အဘယ်ရှင်ဘုရင်ကမျှ ထိုသို့သောအမှုပြုခြင်း၌အပြစ်ရှိသည်ဟု မိမိကိုယ်ကိုထင်ကြမည်မဟုတ်ပါ. . . သို့သော်လည်း ဒါဝိတ်သည် ဤရွံရှာစရာကောင်းသောအပြစ်အတွက် ဆင်ခြေမပေး၊ လွတ်လမ်းလည်းမရှာခဲ့ပါ။ ဤအပြစ်သည် သူတပါးအတွက် သတိပေးသင်ခန်းစာဖြစ်ခဲ့ပါသည်။ ဒါဝိတ်၏အပြစ်ကို သတိရကြသောအခါ သူ၏နောင်တရခြင်းနှင့်နာကျင်စရာဆုံးမခြင်းခံခဲ့ခြင်းအကြောင်းကို ကျွန်တော်တို့အမြဲကသတိပြုကြပါစို့” ဟုဆိုခဲ့ပါသည်။

ဤဆာလံကို နှစ်ပိုင်းပိုင်းထားပါသည်။ ပထမအပိုဒ်ငယ် ၁၂ ပိုဒ်တွင် နောင်တရသောသူ၏အပြစ်ဝန်ခံခြင်းနှင့် ခွင့်လွှတ်ခြင်းတောင်းလျှောက်ခြင်းကို တွေ့ရ၏။ နောက်ဆုံးအပိုဒ်ငယ် ခုနစ်ပိုဒ်ထဲတွင်၊ မျှော်လင့်ခြင်း၌ ဝမ်းမြောက်ခြင်းနှင့်အပြစ်လွှတ်ခြင်းနည်းလမ်းကို တွေ့ခဲ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်အပေါ် အပြစ်ကျူးလွန်ခဲ့လျှင်၊ ကျွန်တော်ဘာလုပ်ရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အသက်တာ၌ ရှိသောအပြစ်ကို ချက်ချင်းသိမြင်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ ဩဂုတ် (၂၃)

**ဆာလံ ၅၂**

၁ ရာ ၂၁း၁-၉၊ ၂၂း၇-၂၃

*"... ဥပုသ်နေ့သည် လူအဘို့ဖြစ်၏၊ လူသည်ဥပုသ်နေ့အဘို့ဖြစ်သည်မဟုတ်"*

---

## နှုတ်ဖွာခြင်းသည်သတ္တိနည်းသောသူ၏တိတ်တိတ်ပုန်းလူသတ်လက်နက်ဖြစ်၏

ရှောလုထံဒေါဂနှုတ်ဖွာသောကြောင့် နောဗမြို့ရှိ ယဇ်ပုရောဟိတ်ရှစ်ဆယ့်ငါးပါး၊ အဟိမလက်နှင့်သူ၏အိမ်သားတို့သည် အသေသတ်ခြင်းခံရကြ၏။ ဤအလွန်ကြေကွဲစရာကောင်းသောအဖြစ်အပျက်အစသည် ရှောလုထံမှ ဒါဝိတ်အလျင်အမြန်ထွက်ပြေး၍ နောဗမြို့သို့တိမ်းရှောင်ခြင်းအမှုဖြစ်ပါသည်။ ရှောလုထံမှ သူနှင့်သူ၏ငယ်သားတို့သည် လက်ချည်းသက်သက်ဖြင့် ထွက်ပြေးကြသောကြောင့်၊ အဟိမလက်က "ဗိမာန်တော်" ထဲမှ သန့်ရှင်းသောမုန့်ကို ပေးခဲ့၏။ သာမန်လူတို့သည် ထိုသန့်ရှင်းသောမုန့်စားရသော အခွင့်မရှိသော်လည်း၊ ဆာလောင်ခြင်းကို ဖြည့်တင်းခြင်းငှါ၊ သခင်ယေရှု၏မိန့်တော်မူချက်အရ အခွင့်ရှိကြ၏ (မာကု ၂း၂၅-၂၆)။ မဖြစ်မနေလိုအပ်ခြင်းတရားသည် ဘာသာရေးဥပဒေသထက်ပို၍ အရေးကြီးပါသည်။ ဒါဝိတ်၌လက်နက်မရှိသောကြောင့် အဟိမလက်က ဂေါလျတ်၏ဓားကို ပေးခဲ့၏။ ဤအဖြစ်အပျက်အလုံးစုံကိုမြင်တွေ့ခဲ့သောသူသည် ရှောလု၏ကျွန်အုပ်၊ ဧဒုံအမျိုးသားဒေါဂပင်ဖြစ်ပါသည်။

ရှောလုသည် ဒါဝိတ်လွတ်မြောက်ခြင်းအမှု၌ မိမိလက်အောက်လူတို့အား သစ္စာဖောက်ဟု စွပ်စွဲချက်တင်သောအခါ ဒေါဂသည် နောဗမြို့၌ဖြစ်ပျက်သောအရာကို ဖွင့်ဟခြင်းဖြစ်ပါသည်။ ထိုသို့ပြောခြင်းကြောင့် အညာအတာမဲ့သတ်ဖြတ်ခြင်းဖြစ်ပွားခဲ့၏။ အဟိမလက်၏သား၊ အဗျာသာတစ်ဦးတည်းသာ ဒါဝိတ်ထံလွတ်မြောက်လာခဲ့ပြီး၊ အကြောင်းစုံပြောပြခဲ့၏။ အဗျာသာထံ ဒါဝိတ်၏ပြောကြားချက်ကို ၁ ရာ ၂၂း၂၂-၂၃ တွင် ဖတ်ပါလော့။ ယာကုပ် ၃း၈ အရ လျှာသည် "မဆုံးမနိုင်သော အဆိုးအညစ်ဖြစ်၏။ သေစေတတ်သောအဆိပ်အတောက်နှင့်ပြည့်စုံ၏။" ထိုလျှာဖြင့် ကျွန်တော်တို့သည် ဘုရားသခင်ကိုချီးမွမ်း၍ "ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသော" (ယာကုပ် ၃း၉) လူတို့ကို ထိုလျှာဖြင့်ပင် ကျိန်ဆဲကြ၏။ အသင်းတော်၌ခေါင်းဆောင်တို့သည် နှုတ်စည်းမစောင့်သောသူတို့၏ ပြစ်တင်ဝေဖန်ခြင်းကိုခံရတတ်ကြ၏။ ၁ တိ ၅း၁၉ ၌ပေါလု၏ဆုံးမခြင်းကို ဖတ်ပါလော့။

ဒါဝိတ်သည် ဒေါဂ၏နှုတ်ဖွာခြင်း၌ ဘုရားသခင်ထံမခိုလှုံသောစိတ်သဘော၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်းကိုကိုးစားသောစိတ်သဘော (ဆာလံ ၅၂း၇) ကိုတွေ့မြင်ခဲ့၏။ နှုတ်ဖွာခြင်းသည် ဝါကြွားသောစိတ်သဘော၌လည်း အမြစ်တွယ်လျက်ရှိ၏ (ဆာလံ ၅၂း၁)။ နှုတ်ဖွာသောသူ၏လျှာသည် သစ္စာဖောက်သောခြင်းအမှုကို ပြုသော၊ အလွန်ထက်သော ဓားကဲ့သို့ဖြစ်၏ (ဆာလံ ၅၂း၂)။ နှုတ်ဖွာခြင်းသည် ဆိုးညစ်သောစိတ်နှလုံးမှပေါ်ထွက်လာခြင်းဖြစ်၍ လှည့်စားတတ်၏ (ဆာလံ ၅၂း၃)။ နှုတ်ဖွာသောသူသည် လှည့်စားတတ်သောလျှာမှ ပစ်လွှတ်လိုက်သော မြှားကဲ့သို့ သူတပါးအကျိုးကို ဖျက်ဆီးတတ်သောစကားလုံးများကို အသုံးပြုတတ်၏ (ဆာလံ ၅၂း၄)။ ပျက်စီးခြင်းကိုဖြစ်စေသောကြောင့် လူသားအပေါင်းကိုစီရင်တော်မူသော ဘုရားသခင်သည် ထိုသူကိုတရားမျှတစွာစီရင်တော်မူမည် (ဆာလံ ၅၂း၅)။ ထိုစီရင်ချက်ကို ဖြောင့်မတ်သောသူသည်မြင်၍ "သူ၌ရယ်ကြလိမ့်မည်" (ဆာလံ ၅၂း၆)။ နှုတ်ဖွာသောသူသည် ဒဏ်ပေးခြင်းခံရ၍ ဖြောင့်မတ်သောသူသည် ထာဝရတည် လိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏လျှာကိုမည်သို့ထိန်းချုပ်ရပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ မဆုံးမ နိုင်သော အကျွန်ုပ်၏လျှာကိုခွင့်လွှတ်တော်မူပါ။

သောကြာ၊ ဩဂုတ် (၂၄)

**ဆာလံ ၅၃**

၄ ရာ ၇း၆-၇

*“. . . ဖြောင့်မတ်သော သူမူကား၊ ခြင်္သေ့ကဲ့သို့ ရဲရင့်တတ်၏”*

## ဒါဝိတ်နှင့်ဘုရားမဲ့ဝါဒ

ဤဆာလံသည် ဆာလံ ၁၄ နှင့်တူညီမှုရှိပြီး ယေဟောဝါအစား ဘုရားသခင်ဟူ၍သာ အစားထိုးအသုံးပြုခဲ့၏။ ထို့ကြောင့်ဤဆာလံသည် ဣသရေလပြည်၏အပြင်ဘက်၌ရှိသော ဘုရားမဲ့ဝါဒီသမားတို့အတွက် စပ်ဆိုခြင်းဖြစ်နိုင်ပါသည်။ ရှေးခေတ်၌ဖြစ်သော ဘုရားမဲ့ဝါဒဖြစ်ဖြစ်၊ ယခုခေတ်၌ဖြစ်သောဘုရားမဲ့ဝါဒဖြစ်ဖြစ်၊ ဘုရားမဲ့ဝါဒ၏စိတ်သဘောထားသည် အတူတူပင်ဖြစ်ပါ၏။

ဆာလံ ၁၄ ကိုသင်ဖတ်ခဲ့ပြီးဖြစ်သောကြောင့် ဘုရားမဲ့ဝါဒသည် လုံးဝမိုက်မဲမှုသက်သက်ဖြစ်ကြောင်း၊ ရှုတ်ချချက်ကိုသင်သတိထားပါလိမ့်မည်။ ဘုရားမဲ့ဝါဒီသမားသည် အာဏာရလာသောအခါ မည်သို့သောအတွေးကိုတွေး၍ မည်သို့သောအပြုအမူကိုပြုပါသနည်း။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းမရှိသောသူသည် သူတပါးကိုလည်း အလေးထားခြင်းမရှိကြောင်းတွေ့ရပါသည်။

ဘုရားသခင်၏နာမအပြင် ဆာလံ ၅၃ ထဲတွင် ခေါင်းစဉ်ကိုလည်းခဲ့ကား၍ "upon Mahalath" ဟူသောစကားလုံးကို ထပ်ထည့်ခဲ့ပါ၏။ အဓိပ္ပာယ်သည် ဝေဒနာခံစားခြင်းဖြစ်၍ ဘုရားမဲ့ဝါဒီသမားတို့၏ ကဲ့ရဲ့ခြင်းခံသောကြောင့် နာကျင်ခြင်းဝေဒနာခံစားစဉ် ဤဆာလံကိုအသုံးပြုရန် ရည်ရွယ်ခြင်းဖြစ်နိုင်ပါသည်။

ဆာလံ ၅၃း၅ ၌ ဆာလံ ၁၄း၅-၆ နှင့် ဆာလံ ၅၃း၅ ၏ အဓိကခြားနားမှုကိုတွေ့ရ၏။ သို့သော်လည်းအခြေခံအဓိပ္ပာယ်သည် တူညီမှုရှိပါသည်။ ဘုရားသခင်သည် ဘုရားမဲ့ဝါဒီသမားတို့အား ကြောက်စရာလုံးဝမရှိသောအချိန်၌ ကြောက်စိတ်ဖြင့်လွှမ်းမိုးစေတော်မူ၏။ ဘုရားသခင်သည် ဣသရေလလူတို့၏ရန်သူများကို ရှုံးနိမ့်စေခြင်း၌ စိတ်ပိုင်းဆိုင်ရာစစ်လက်နက်ကို အသုံးပြုတတ်၏။ ၄ ရာ ၇း၆-၇ ကိုဖတ်ပါ။

ပြောင်းပြန်သဘောအားဖြင့် ဘုရားသခင်သည် မိမိလူတို့အား ကယ်တင်ခြင်း၌ ကြွလာတော်မူသောအခါ “သူတို့၏ခွန်အား (ရာခတ်) သည် မလှုပ်ဘဲနေခြင်း” (ဟေရှာ ၃၀း၇) ဖြစ်ပါသည်။ “စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်” (ဟေရှာ ၂၆း၃)။ ဆန့်ကျင်ဘက်သဘောအနေဖြင့် ရှောလမုန်က ဤသို့ဆိုခဲ့၏။ “လိုက်သောသူမရှိသော်လည်း မတရားသောသူသည် ပြေးတတ်၏။ ဖြောင့်မတ်သောသူမူကား ခြင်္သေ့ကဲ့သို့ရဲရင့်တတ်၏” (သုတ္တံ ၂၈း၁)။

နောက်ဆုံး၌ ဘုရားသခင်သည် ဘုရားမဲ့ဝါဒီသမားတို့၏ စစ်တိုက်ရာမြေပြင်ကို သူတို့၏သင်္ချိုင်းအဖြစ်သို့ ပြောင်းလဲစေတော်မူ၏။ ဥပမာအားဖြင့် ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်ကိုစေလွှတ်၍ စစ်ချီလာသော အာရှုရိလူတို့အား တစ်ညအတွင်း၌ ၁၈၅၀၀၀ သောသူတို့ကို သတ်ဖြတ်ခဲ့၏။ “. . . ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏” (ဟေရှာ ၃၇း၃၆)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည်အကျွန်ုပ်ရန်သူတို့၏ အကြံအစည်ကို မထမြောက်အောင်ပြုနိုင်တော်မူ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်အပေါ် လူပြုနိုင်သောအမှုကို မကြောက်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဩဂုတ် (၂၅)
**ဆာလံ ၅၄**
၁ ရာ ၂၃း၂၇-၂၉

*"... မိတ်ဆွေမူကား၊ ညီအစ်ကိုစွဲကပ်သည်ထက်သာ၍ စွဲကပ်တတ်၏"*

## ဘယ်သူ့အကြောင်းသင်သတင်းပေးသည်ကိုသတိထားပါ

ဤဆာလံက ဒါဝိဒ်၏ကြွယ်ဝသော၊ ပြောင်းလဲသောဘဝကိုဖော်ပြ၍ ကျွန်ုပ်တို့သင်ခန်းစာယူခြင်းငှါဖြစ်၏။ ဒါဝိဒ်သည် ခြောက်ရာသောလူတို့နှင့်ကိလမြို့မှထွက်ခွာသွားပြီးနောက် နေစရာအတည်တကျမရှိဘဲ တောကြိုတောင်ကြား၌ လျှောက်သွားခဲ့ကြ၏။ သူတို့သည် ဇိဖတောင်ရှိ တောကြိုတောင်ကြား၌ ပုန်းခိုစဉ်ဤသို့ဖြစ်ပျက်ခဲ့၏။ ရှောလု၏သားယောနသန်သည် ဒါဝိဒ်ထံသွား၍ "ဘုရားသခင်၌ ခိုလှုံအားကြီးစေခြင်းငှါ ထောက်မလျက်" မိမိ၏သစ္စာရှိခြင်းနှင့် ဒါဝိဒ်၏ရှင်ဘုရင်ဖြစ်ခြင်းကို အသိအမှတ်ပြုကြောင်း ပြသလေ၏။ "သွေးသည်ရေထက်ပျစ်၏" ဟုဆိုကြသော်လည်း ယောနသန်နှင့်ဒါဝိဒ်တို့၏ ဝိညာဉ်ရေးရာဆက်နွယ်မှုက ယောနသန်နှင့်သူ့အဖေ၏ သွေးအားဖြင့်ဆက်နွယ်မှုကို ကျော်လွှားခဲ့ပါသည် (သုတ္တံ ၁၈း၂၄)။

တစ်ဖက်တွင် ဒါဝိဒ်နှင့်အဘယ်ပြဿနာမျှမရှိသော ဇိဖသားတို့သည် သတင်းပေးပို့သူဖြစ်လာကြ၏။ သူတို့သည်ရှောလုထံသို့ ဒါဝိဒ်၏အကြောင်းတို့ကို သတင်းပေးကြပြီး၊ အားကြီးသူထံမှ မျက်နှာသာပေးခြင်းခံခြင်းငှါ ထိုသို့ပြုကြခြင်းဖြစ်၏။ သူတို့သည် ဧည့်ဝတ်မကျေပွန်သောသူဖြစ်ကြသည်သာမက ရှင်ဘုရင်၏မချိုးဖျက်ကိုရရှိကြခြင်းငှါ အပြစ်မဲ့သောသူကို သစ္စာဖောက်ကြခြင်းဖြစ်၏။ သတင်းပေးပို့ခြင်းသည် မှားယွင်းသောအမှုမဟုတ်ပါ။ နိုင်ငံတိုင်း၊ အစိုးရတိုင်း၌ လူဆိုးတို့၏ဆိုးယုတ်သောအကြံကိုသိ၍ တိုက်ခိုက်ခြင်းငှါ ထောက်လှန်းရေးသမားများရှိကြ၏။ အဗရှလုံက မိမိ၏ခမည်းတော်ကို ပုန်ကန်ခြင်းအမှု၌ ယဇ်ပုရောဟိတ်နှစ်ပါး၏သားတို့သည် ဒါဝိဒ်အပေါ် သစ္စာရှိခဲ့ကြ၏။ ဇာဒုတ်၏သားအဟိမတ်နှင့် အဗျာသာ၏သားယောနသန်တို့သည် မိမိတို့၏အသက်ကိုရင်း၍ ရှင်ဘုရင်ထံသတင်းများကို ပေးပို့ကြသောကြောင့် ချီးမွမ်းခြင်းခံရကြ၏။ မည်သူ့အကြောင်းကို ကျွန်တော်တို့သတင်းပေးသနည်းဟူသောအချက်က အရေးကြီးပါသည်။ သင်အဘယ်သူထံ၌ သစ္စာရှိသနည်း။ ဤအချက်ကိုသတိပြုလော့၊ မှားယွင်းသောသူကို မကူညီမိပါစေနှင့်။

ဇိဖသားတို့၏သတင်းပေးမှုအားဖြင့် ရှောလုသည် ဒါဝိဒ်အားရှာဖွေသောအခါ ဖမ်းမိလုနီးပါးဖြစ်ခဲ့၏။ ထိုသို့အလွန်အရေးကြီးသောအခြေအနေတွင် ဒါဝိဒ်အား မစသောသူသည် ဘုရားသခင်သာလျှင်ဖြစ်၏။ ထို့ကြောင့် ဤဆာလံ၌ အလျင်အမြန်ဆုတောင်းချက်များကို တွေ့ရပါသည်။ ထိုသို့သောအချိန်၌ ဒါဝိဒ်ကိုကယ်နှုတ်ခြင်းငှါ ဘုရားသခင်က သူ၏ဆုတောင်းခြင်းကို အဖြေပေးပါသလား။ ၁ ရာ ၂၃း၂၇-၂၉ ကိုဖတ်ပါ။ John Calvin က ထိုသို့သောအကြပ်အတည်းထဲ၌လည်း ဒါဝိဒ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ဖိလိတ္တိလူတို့ကို ယုဒအားဝင်ရောက်တိုက်စေခြင်းငှါ အံ့ဩဖွယ်နှိုးဆော်တော်မူခြင်းအားဖြင့် ကယ်နှုတ်ခြင်းခံခဲ့ရသည်ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အဘယ်သို့သောသတင်းပေးပို့သူဖြစ်ပါသနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အဘယ်အချိန်၌စကားပြော၍၊ အဘယ်အချိန်၌ နှုတ်ဆိတ်စွာနေရမည်ကို သင်ပေးတော်မူပါ။

တနင်္ဂနွေ၊ ဩဂုတ် (၂၆)
**ဆာလံ ၅၅**
သု ၂၉း၅

*"ရှင်ဘုရင်၏ စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍၊ ထာဝရဘုရား၏လက်တော်၌ရှိသဖြင့်၊. . . "*

## သစ္စာဖောက်သည်အမင်္ဂလာခံရမည်

ဆာလံ ၄၁း၉ ထဲတွင်၊ ဒါဝိတ်သည် နန်းတော်ထဲ၌ ဖြစ်ပွားသော သစ္စာဖောက်ခြင်းအကြောင်းကို ညည်းတွားဖော်ပြခဲ့၏။ ဆာလံ ၅၅း၉-၁၁ တွင် သူသည် အခြားသောရှုထောင့်မှ ထိုသို့ထပ်၍ မြည်တမ်းခြင်းပြုခဲ့ပါသည်။ "ညှင်းဆဲခြင်းနှင့်လုယက်စားခြင်းသည် လမ်းတို့၌နေရာကျကြသောအခါ မကောင်းကြံစည်သောသူတို့သည် နေ့တရာတကာလှည့်လည်သွားလာနေကြကြောင်း ဖော်ပြထားပါသည်။ နေ့ညမပြတ်သစ္စာဖောက်တို့သည် "မြို့ရိုးပေါ်၌" မကောင်းမှုကို ကြံစည်ကြပါ၏။ ဤအမှုကမြို့ထဲ၌ "ဆိုးညစ်သောအမှုနှင့်နှောင့်ယှက်ခြင်းအမှု" ကိုဖြစ်ပွားစေပါ၏။ ဒါဝိတ်က ဤအကြောင်းကို မိမိ၏လူယုံတော်အဟိသောဖေလ၏ သစ္စာဖောက်ခြင်း၊ အဗရှလုံထံသစ္စာခံခြင်းအမှုကို ရည်ညွှန်း၍ရေးသားခြင်းဖြစ်ပါလိမ့်မည် (၂ ရာ ၁၅း၁၂၊ ၁၆း၂၃)။

ထို့ကြောင့်၊ ဒါဝိတ်သည် ဆာလံ ၅၅း၁၂-၁၅၊ ၁၉-၂၁ ထဲတွင် ကြွေးကြော်မြည်တမ်းခြင်းပြုခဲ့၏။ အပြင်ရန်သူမဟုတ်၊ အတွင်းရန်သူဖြစ်၏။ အလွန်ရင်းနှီးသောမိတ်ဆွေဖြစ်ပါ၏။ သူသည် သစ္စာရှိခြင်းနှင့် ယုံကြည်ခြင်းပဋိညာဉ်ကို ချိုးဖောက်ခဲ့၏ (ဆာလံ ၅၅း၂၀)။ စကားကို ချိုသာစွာပြောပြီး၊ စိတ်နှလုံးထဲ၌ ခုတ်ရန်အသင့်ရှိနေသောဓားကို ကိုင်ဆောင်ထား၏။ ထိုသို့သောအခြေအနေတွင် ဒါဝိတ်အတွက် ဆုတောင်းခြင်းမှအပ အခြားလုပ်နိုင်သောအရာမရှိပါ။ ယေရုရှလင်မြို့မှ လွတ်မြောက်ထွက်ပြေးလာသောသူတစ်ဦးက ရှင်ဘုရင်အား "အဗရှလုံနှင့်ဝိုင်း၍ ပုန်ကန်သောလူစုထဲမှာ အဟိသောဖေလလည်းပါကြောင်း" ပြောသောအခါ ဒါဝိတ်သည် "အိုထာဝရဘုရား၊ အဟိသောဖေလပေးသောအကြံကို မိုက်သောအကြံဖြစ်စေတော်မူပါ" ဟုချက်ချင်းဆုတောင်းလေ၏။ မျှားမကြာမီ တောင်ပေါ်၌ ဟုရှဲသည်ဒါဝိတ်ကို ခရီးဦးကြိုပြုပြီး၊ ဒါဝိတ်က ဟုရှဲအားအဗရှလုံ၏ ရုံးချုပ်သို့ သူလျှိုအဖြစ်စေလွှတ်ခဲ့ပါသည်။ ယခုအဟိသောဖေလသည် မောပန်းလျက် ထွက်ပြေးနေသောရှင်ဘုရင်နှင့် သူ၏သစ္စာခံတို့အား လိုက်၍သတ်ခြင်းငှါ လူ ၁၂၀၀၀ ကိုစေလွှတ်ရန်ကြံစည်၍ အဗရှလုံအား ဒါဝိတ်ကိုသတ်ပြီးလျှင် ဣသရေလ၏လူအပေါင်းတို့သည် ရှင်ဘုရင်အသစ်ထံပြန်လာကြလိမ့်မည်ဟု အကြံပေးခဲ့၏။ "ထိုစကားကိုအဗရှလုံနှင့် ဣသရေလအမျိုးအသက်ကြီးသူတို့သည် နှစ်သက်ကြ၏" (၂ ရာ ၁၇း၄)။

သို့သော်လည်း "ရှင်ဘုရင်၏စိတ်နှလုံးသည် . . . ထာဝရဘုရားလက်တော်၌ရှိ၏" (သုတ္တံ ၂၁) ဟုဆိုသည့်အတိုင်း အဗရှလုံသည် ဟုရှဲ၏အကြံပေးချက်ကို ချက်ချင်းစိတ်ဝင်စားပြန်၏။ ဟုရှဲက ဒန်မြို့မှစ၍ ဗေရရှေဘမြို့ (မြောက်မှတောင်သို့) တိုင်အောင် ဣသရေလလူအပေါင်းကို စုရုံးစေရန် အကြံပေးခဲ့၏။ ဟုရှဲ၏အကြံပေးချက်ကို အဟိသောဖေလက သာ၍ကောင်းသည်ဟု မှတ်ယူခဲ့၏- "အကြောင်းမူကား ထာဝရဘုရားသည် အဗရှလုံ၌ ဘေးရောက်စေခြင်းငှါ အဟိသောဖေလပေးသောအကြံကောင်းကို ဖျက်စေမည်အကြောင်း စီရင်တော်မူ၏" (၂ ရာ ၁၇း၁၄)။ အဗရှလုံ၏အစည်းအဝေး၌ အဟိသောဖေလသည် မျက်နှာမရသောကြောင့် ထိုသစ္စာဖောက်သည် မိမိကိုယ်ကို သတ်သေခဲ့၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘုရားသခင်သည် အဘယ်မျှလောက်တန်ခိုးကြီးသောဘုရား ဖြစ်ပါသနည်း။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ဘက်၌ အစဉ်ရပ်တည်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဩဂုတ် (၂၇)

**ဆာလံ ၅၆**

၁ ရာ ၂၁း၁၀-၁၅

*“. . . သင်တို့သည် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်ရှိကြလော့”*

# ကျားစံတွင်းမှကယ်နှုတ်တော်မူခြင်း

ဆာလံ ၅၆ ၏ခေါင်းစဉ်၌တွေ့ရသော “ဂါသမြို့မှာ ဖိလိတ္တိလူတို့လက်သို့ ရောက်သောအခါ” ဟူသောအချက်က ဤဆာလံစပ်ဆိုရခြင်းအကြောင်းကို ဖော်ပြထားပါသည်။ ဆာလံ ၃၄ သည် ထိုအမှုမှလွတ်မြောက်ခြင်းကြောင့် ဝမ်းမြောက်ခြင်းအကြောင်း စပ်ဆိုခြင်းဖြစ်၍ ဆာလံ ၅၆ သည် ထိုသို့မလွတ်မြောက်မီ ကြုံတွေ့ရသော စိတ်ပူပန်ခြင်းအကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ဤအခြေအနေသည် ရန်သူတို့၏အဘက်ဘက်မှ ဝန်းရံခြင်းခံရ၍ အဘယ်အရပ်သို့မှ သွားစရာမရှိဘဲ အထက်ကောင်းကင်ဘက်ကိုသာ မျှော်ကြည့်နေရသော ဒါဝိဒ်၏အခြေအနေပင်ဖြစ်ပါသည်။ ထို့ကြောင့်သူသည် အထက်မှမစတော်မူခြင်းကိုသာ မျှော်လင့်လျက်ရှိ၏။ ထာဝရဘုရား၌သာ မိမိကိုယ်ကိုခွန်အားယူရန်သာရှိ၏။

ဒါဝိဒ်သည် ရှောလု၏ လိုက်လံဖမ်းဆီးခြင်းမှ ထွက်ပြေး၍ ဂါသမြို့၌ခိုလှုံခြင်းရှာဖွေသောအခါ သူသည် ဖိလိတ္တိလူတို့၏အကျယ်ချုပ်ခြင်းကို ခံရခဲ့ကြောင်း သိမြင်ခဲ့ပါသည်။ ထိုအခက်အခဲမှ လွတ်မြောက်ခြင်းငှါ ဒါဝိဒ်သည် အရူးကဲ့သို့ဟန်ဆောင်ခဲ့ပါသည် (၁ ရာ ၂၁း၁၃)။ သို့သော်လည်း မိမိစိတ်မှ အနန္တတန်ခိုးရှင်ဘုရားသခင်ထံ လွတ်မြောက်ခြင်းအတွက် အကြိမ်ပေါင်းများစွာ တောင်းလျှောက်ခဲ့ပါသည်။

“အိုအကျွန်ုပ်ဝိညာဉ်၊ သင်သည်မောပန်းနွမ်းလျလျက်နေပါသလား။ လွတ်မြောက်ခြင်း
အလင်းမမြင်ရဘဲ မှောင်မိုက်ထဲ၌နေပါသလား။ ကယ်တင်ရှင်ကို မျှော်ကြည့်ခြင်းဖြင့်
အလင်းရရှိနိုင်ပါ၏။ လွတ်လပ်သော အသက်တာ၊ ကြွယ်ဝသောအသက်တာ ရရှိနိုင်ပါ၏၊
ယေရှုကိုသာမျှော်ကြည့်ပါလော့၊ ကိုယ်တော်၏မျက်နှာတော်ကိုသာ ရှာပါလော့၊ ကိုယ်တော်၏
ဘုန်းအသရေတော်နှင့် ကျေးဇူးတော်အလင်း၌လူကို ကြောက်ရွံ့သောစိတ်သည် တဖြည်းဖြည်း
ကွယ်ပျောက်ပါလိမ့်မည်”

Helen H. Lemmel (၁၈၆၄-၁၉၆၁) ၏သီချင်းမှ ကိုးကားခြင်းဖြစ်ပါသည်။ ရန်သူတို့က မိမိအားတိုက်ခိုက်ကြခြင်းငှါ စောင့်နေစဉ် (ဆာလံ ၅၆း၆) ဒါဝိဒ်သည် အခက်အခဲကြား၌ မိမိကိုယ်ကို ထာဝရဘုရား၌ အားယူခဲ့ပါသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပါသည် (ဆာလံ ၅၆း၄၊ ၁၀)။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် “အကျွန်ုပ်ခြေရှေ့၌ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေ” (ဆာလံ ၁၁၉း၁၀၅) သည်သာမက ရန်သူတို့ထက် ဒါဝိဒ်အား ပညာရှိစေသော (ဆာလံ ၁၁၉း၉၈) ပညာ၏အချုပ်အခြာဖြစ်ပါသည်။ ဂါသမြို့၌ဖိလိတ္တိလူတို့လက်မှ ကယ်နှုတ်ခံရခြင်းအမှု၌ ဘုရားသခင်သည် ဒါဝိဒ်၏ရူးချင်ယောင်ဆောင်မှုကို အသုံးပြုတော်မူ၏။ ဤဒါဝိဒ်၏အကြံဉာဏ်သည် ရှောလုလက်မှ လွတ်မြောက်ခြင်းအကြောင်း၌ အသုံးပြုသော သူ၏အကြံဉာဏ်ကိုအမှတ်ရစေပါသည်။ ဖမ်းဆီးသောသူတို့ကို လှည့်စားခြင်းငှါ ဒါဝိဒ်၏မယားမိခါလသည် ရုပ်တုကိုယူ၍ကုတင်ပေါ်၌ အိပ်စေခဲ့၏။ ထို့ပြင် ဆိတ်မွေးဖြင့်ရက်သော ကုလာကာနှင့် ခေါင်းရင်းရှေ့၌ကာ၍ စောင်နှင့်ခြုံပြီး၊ ဒါဝိဒ်အိပ်နေသကဲ့သို့ ဖန်တီးခဲ့၏။

**ဆင်ခြင်ရန်** - လူပြုရမည့်ဝတ္တရားနှင့် ဘုရားသခင်၏အဆုံးစွန်အာဏာတော်။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ကိုမျှော်လင့်စဉ် အကျွန်ုပ်ပြုရမည့်အမှုကို ပြုခြင်းငှါ မစပို့ဆောင်တော်မူပါ။

*"ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင် ထာဝရဘုရား၊ ကိုယ်တော်နှင့် အဘယ်သူတူပါသနည်း။ ထာဝရဘုရား သည် ခွန်အားကြီးတော်မူ၏။ သစ္စာတော်လည်း ကိုယ်တော်ကိုပတ်ဝန်းလျက်ရှိပါ၏"*

## ဥမင်ထဲ၌ဆင်ခြင်တွေးတောခြင်း

ဆာလံ ၅၇ ၏နောက်ခံသမိုင်းအကြောင်းကို Augustus F.Tholuck (၁၈၅၆) ကဤသို့ ရှင်းပြထားပါသည်- "ဤဆာလံသည် ရှောလုထံမှဒါဝိတ်ထွက်ပြေး၍ ဥမင်၌ပုန်းခိုစဉ် စပ်ဆိုခြင်းဖြစ်ပါသည်"၊ ဤအချက်ကိုဆာလံ ၁၄၂ ၌ရည်ညွှန်းဖော်ပြထားပါသည်။ "ဥမင်" ဟုဆိုရာတွင် အခြားတိကျသော ဖော်ပြချက်မရှိသောကြောင့် ဒါဝိတ်နှင့်ခြောက်ရာသောလူတို့ပုန်းခို၍ ရှောလုဝင်လာပြီး သူ၏အင်္ကျီစအဖျက်ခံရသော ဥမင်ဖြစ်သည်ဟုထင်ရပါသည်။ ရှောလုသည် နောက်လိုက်သုံးထောင်နှင့်တကွ ဒါဝိတ်အားတောကြိုတောင်ကြား၌ ဖမ်းဆီးခြင်းငှါ လိုက်လံရှာဖွေခဲ့ပါသည်။ ထိုတောင်ပေါ်၌ ဥမင်တစ်ခုရှိ၍ ထိုဥမင်၌ဒါဝိတ်နှင့်သူ၏လူတို့သည် ပုန်းခိုနေကြ၏။ ပါလက်စတိုင်းနှင့်အရှေ့ပိုင်း၌ရှိသော ထိုကဲ့သို့ဥမင်များသည် ပြုပြင်မွမ်းမံသဖြင့် လူထောင်ပေါင်းများစွာ ပုန်းခို၍ရပါသည်။ ထိုသို့သောအခက်အခဲကိုဒါဝိတ်ကြုံတွေ့ရစဉ် ထိုအန္တရာယ်ကျော်လွှန်မည့်အချိန်ကို စောင့်စာရင်း ဤသီချင်းကိုစပ်ဆိုခြင်းဖြစ်ပါသည် (အပိုဒ်ငယ် ၁)၊ ထိုကာလ၌ သူ၏စိတ်နှလုံးသည် တဖြည်းဖြည်းတည်ကြည်လာခဲ့၏ (အပိုဒ်ငယ် ၇)။ သူသည် ရှောလု၏ဖမ်းဆီးခြင်းခံလုနီးပါးဖြစ်ခဲ့ပါသည်။

ခေါင်းစဉ်နှင့်ပတ်သက်၍ John Flavel (၁၆၂၇-၁၆၉၁) ကလည်း ဤသို့ဖော်ပြခဲ့ပါသည်- "ခေါင်းစဉ်၌တွေ့ရသည့်အတိုင်း၊ ဤဆာလံကိုဒါဝိတ်က ရှောလုထံမှထွက်ပြေး၍ ဥမင်၌ပုန်းခိုစဉ် ရေးစပ်သောဆုတောင်းချက်ဖြစ်ပါသည်။ ထို့ပြင် Al-taschith, Michtam of David ဟုထပ်၍ ခေါင်းစဉ်ပေးထား၏။ Al-tas-chith သည် အကြောင်းစုံကို ရည်ညွှန်း၍၊ Michtam သည် အကြောင်းအရာ၏ အနှစ်သာရကိုရည်ညွှန်းခြင်းဖြစ်၏။ ပထမအချက်ကမပျက်စီးရန်၊ သတ်ဖြတ်ခြင်းမပြုရန် ရည်ညွှန်းသောကြောင့် ရှောလုအား သတ်ဖြတ်ခြင်းမပြုရန် မိမိငယ်သားတို့အား ဒါဝိတ်အမိန့်ပေးခြင်းဖြစ်နိုင်ပါသည်။ နောက်ခေါင်းစဉ်ဖြစ်သော Michtam က ရွှေတန်ဆာကိုရည်ညွှန်း၍ ဤဆာလံ၏ အကြောင်းအရာနှင့်ဆီလျော်ခြင်းရှိပါ၏။

**ဆင်ခြင်ရန်** - လူသား၏ဒုက္ခပြဿနာသည် ဘုရားသခင်အတွက် အခွင့်ကောင်းဖြစ်ပါသည်။
**ဆုတောင်းချက်** - ကိုယ်တော်သည်အနီး၌ အစဉ်ရှိတော်မူသောကြောင့် အကျွန်ုပ်၌ကြောက်ရွံ့ခြင်း မရှိပါစေနှင့်။

ဗုဒ္ဓဟူး၊ ဩဂုတ် (၂၉)
**ဆာလံ ၅၈**
၁ ရာ ၂၁း၁-၂၅

*“မှန်သောအလေးနှင့် မှန်သောချိန်ခွင်သည်
ထာဝရဘုရား၏သစ္စာဖြစ်၏. . . ”*

# ဒါဝိတ်နှင့်ကိုယ်ကျိုးရှာတရားသူကြီးများ

ဒါဝိတ်သည် ကိုယ်ကျိုးရှာတရားသူကြီးတို့၏ မတရားစီရင်ခြင်းအကြောင်းကို ဆာလံသီချင်းအားဖြင့် ထိရောက်စွာဖော်ပြခဲ့ပါသည်။ ရာဇဝတ်မှုတို့ကို တစ်ခုပြီးတစ်ခုရေးချလျက်၊ လူထုအမုန်းတီးဆုံးသော ကျူးလွန်သူသည် အဘယ်သူဖြစ်သနည်းဟု တွေးတောသောအခါ ဒါဝိတ်က ပြင်းထန်စွာရှုတ်ချခဲ့သော ဤဆာလံ ၅၈ မှ ကိုယ်ကျိုးရှာတရားသူကြီးသည် ပထမချိတ်မည်ဟု ကျွန်ုပ်တို့သဘောတူပါသည်။

ချိန်ခွင်သည် တရားမျှတမှု၏လက္ခဏာဖြစ်ပါသည်။ တရားမျှတမှု၊ တိကျမှုဟူသော စာလုံး၏ မူရင်းအဓိပ္ပာယ်သည် ဆေးစပ်ရောင်းသောသူ၏ အချိန်အဆကိုဆိုလိုခြင်းဖြစ်ပါသည်။ ဆေးရောင်းသောသူသည် ဆရာဝန်၏ဆေးညွှန်းစာအတိုင်း၊ အပိုအလိုမရှိဘဲ တိကျစွာချိန်တွယ်ရပါမည်။ ဆေးရည်ဆိုလျှင်လည်း ဘယ်နှစ်စက်ထည့်ရမည်ဆိုသည့်အချက်အတိုင်း ချိန်တွယ်ရပါမည်။ ထိုနည်းတူ တရားသူကြီးသည် အမိန့်ချသောအခါ သက်သေများကိုတိကျစွာ၊ သတိကြီးစွာ ချိန်တွယ်သုံးသပ်ပြီးမှ တရားသဖြင့်အမိန့်ချရပါမည်။ သို့သော်လည်း တရားသူကြီးသည် တိကျမှုမရှိဘဲ တံစိုးစားခြင်းဖြင့်ကိုယ်ကျိုးရှာသောသူဖြစ်ခဲ့လျှင်၊ အပြစ်ဒဏ်ခံရမည့်သူကို လွှတ်၍ လူ့အဖွဲ့အစည်းနှင့်တိုင်းပြည်ကိုဒုက္ခပေးနိုင်ပါသည်။

ဖြောင့်မတ်သောရှင်ဘုရင်ဒါဝိတ်၏ မတရားသောတရားသူကြီးတို့၏ အပြစ်ကို ငဲ့ညှာခြင်းမရှိဘဲ ပြင်းထန်စွာဖော်ထုတ်ခြင်းအမှု၌ ကျွန်တော်တို့ကျေနပ်ခြင်းရှိပါ၏။ ထိုသူတို့၏ ဆိုးညစ်မှုကို မြွေဆိပ်ကဲ့သို့၎င်း၊ တရားမျှတမှုကိုက်ဖြတ်ခြင်းကို ခြင်္သေ့အံသွားကဲ့သို့၎င်း ဖော်ပြထားပါသည်။ ထိုသူတို့အား ရေစီးကဲ့သို့ပျောက်ကွယ်ခြင်း၄ါ၎င်း၊ ခရုကဲ့သို့အားလျော့ခြင်း၄ါ၎င်း ကျိန်ဆဲခဲ့ပါသည်။ အပြင်းထန်ဆုံးသော ဒါဝိတ်၏ကျိန်ဆဲခြင်းသည် မဟုတ်မမှန်စွပ်စွဲခံရသော ဖြောင့်မတ်သောသူသည် ထိုလူဆိုးတို့၏အသွေးဖြင့် မိမိခြေကိုဆေးပါစေသော်ဟူ၍ဖြစ်၏။ ထိုသို့လူဆိုးတို့အား စီရင်ခဲ့လျှင်၊ တရားမျှတမှုချိန်ခွင်သည် မူလနေရာသို့ပြန်ရောက်ပါလိမ့်မည်။ ထိုအခါ အဆုံးစွန်အာဏာရှိတော်မူသော ဘုရားသခင်သည် ဤလောကကို အုပ်စိုးတော်မူမည်ဟု လူတို့ဆိုကြမည်ဖြစ်၏။

ဤဆာလံသည် အသေးငယ်ဆုံးသောအရာ၌ စီရင်ခြင်းပြုမည့်သူတို့အတွက် အကျုံးဝင်ပါသလား။ တရားမျှတစွာ၊ တိကျစွာ တရားစီရင်ခြင်းပြုမည်အကြောင်း သတိရှိကြပါစို့။ ထို့ကြောင့် ချိန်ခွင်၊ ငါးဆယ်-ငါးဆယ်၊ သည် တရားစီရင်ခြင်းလက္ခဏာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ချိန်ခွင်ကိုမည်သည့်အတွက် အသုံးပြုပါသနည်း။
**ဆုတောင်းချက်** - ထာဝရဘုရား၊ တရားစီရင်ခြင်းအမှု၌ တာဝန်ရှိသောသူအပေါင်းတို့သည် တိကျမှန်ကန်စွာစီရင်ချက်ချနိုင်ကြပါစေသော်။

ကြာသပတေး၊ ဩဂုတ် (၃၀)

**ဆာလံ ၅၉**

၁ ရာ ၁၉း၁၁-၁၇

*"ပညာရှိဘို့ကို သူတို့၏ပရိယာရ်အားဖြင့် ဘမ်းဆီးတော်မူ၏. . . "*

---

## "ခွေးများ" ထံမှဒါဝိတ်ကယ်တင်ခံရခြင်း

ဤဆာလံသည်ရှောလု၏ တိတ်တဆိတ်ချောင်းမြောင်းခြင်းမှ ဒါဝိတ်လွတ်မြောက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ "ခွေးဘာသာအတိုင်းမြည်လျက်" (ဆာလံ ၅၉း၆၊ ၁၄) ဟု နှစ်ကြိမ်ဖော်ပြခြင်းခံရသော ဤလူတို့သည် အဘယ်သူနည်း။ ဤဆာလံ၏နောက်ခံအကြောင်းကို ၁ ရာ ၁၉း၁၁-၁၇ ထဲတွင်တွေ့ရ၏။ လှံတံဖြင့် ဒါဝိတ်အားသုံးကြိမ်မြောက်သတ်ခြင်းငှါ ကြိုးစား၍ မအောင်မြင်သောအခါ (၁ ရာ ၁၉း၁၀)၊ ရှောလုသည်ဒါဝိတ်၏ အိမ်ဝန်းတွင် ညဥ့်၌အစောင့်ချ၍ ချောင်းမြောင်းစေခဲ့၏။ နံနက်ရောက်သောအခါ ဖမ်းဆီးရန်ကြံစည်ကြ၏။ ဒါဝိတ်၏မယား မိခါလ (ရှောလု၏သမီး) သည် ထိုအကြံအစည်ကိုသိခဲ့၏။ ညဥ့်သန်းခေါင်ယံတွင် သူကဒါဝိတ်က "ပြတင်းပေါက်" မှ လွတ်မြောက်ခြင်းငှါ ကူညီပေးခဲ့၏။ ယောဘ ၅း၁၃ သည် အလွန်မှန်လှပါ၏။ ဝံပုလွေကြား၌ နေထိုင်သောသိုးကဲ့သို့ ကျွန်တော်တို့သည် ရန်သူများအလယ်၌ မြွေကဲ့သို့ပါးနပ်ခြင်းရှိကြရပါမည်။ "တစ်မြို့၌ သင်တို့ကိုညှဉ်းဆဲလျှင် တစ်မြို့သို့ပြေးကြလော့" (မသဲ ၁၀း၂၃)။ Calvin သည်လည်း ရော်မန်ကာသိုလစ်အာဏာရှိလူတို့၏ ဖမ်းဆီးခြင်းမခံစေရန် ပြတင်းပေါက်မှ ထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။

ဒါဝိတ်သည် ပြစ်မှုကျူးလွန်သောသူကဲ့သို့ လိုက်လံဖမ်းဆီးခြင်းခံနေရခြင်းအကြောင်းရင်း မသိခဲ့ပါ။ သူသည်မိမိ၏အပြစ်မရှိခြင်းကို ဖော်ပြခဲ့ပါသည် (ဆာလံ ၅၉း၃)။ ထို့ကြောင့် သူသည် ရှောလု၏အကြံအစည်မှ ဘုရားသခင်သည် မိမိအားကယ်တင်တော်မူမည်ဟု ယုံကြည်ခြင်းရှိခဲ့၏။ ထို့ကြောင့် ထိုသို့သော ကျိန်ခြင်းစကားကို ဆာလံ ၅၉း၁၂-၁၃ တွင် ဆိုနိုင်ခြင်းဖြစ်သည်။ "သူတို့ကို သတ်တော်မမူပါနှင့်" ဟုဆာလံ ၅၉း၁၁ တွင်ဆိုခြင်းသည်ဆန့်ကျင်ဘက်တရားသဖွယ်ဖြစ်ပါသည်။ သို့သော်လည်း တဖြည်းဖြည်းသေခြင်းသည် ပို၍ကြီးမားသောပြစ်ဒဏ်ဖြစ်ပါသည်။

ဆာလံ ၅၉း၅၊ ၈ ၌ တပါးအမျိုးသားများအကြောင်း ဖော်ပြခြင်းကြောင့်၊ ဖတ်ရှုသောကျမ်းတတ်ပုဂ္ဂိုလ်အချို့တို့သည် ဤကျမ်းပိုဒ်အား ယေဇကိမင်း (သို့) နေဟမိက ရေးသားခြင်းဖြစ်မည်ဟု ထင်ကြ၏။ အကြောင်းမှာ သူတို့ကာလ၌ ယေရုရှလင်ပတ်ဝန်းကျင်တွင် အာရှုရိလူတို့နှင့် ရောနှောသော လူမျိုးတို့နေထိုင်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ဤဆာလံသည် ဒါဝိတ်ရေးသားခြင်းဖြစ်ကြောင်း ဆိုခဲ့သော Spurgeon ကို ကျွန်တော်တို့သဘောတူပါ၏။ မိမိနှင့် တိုက်ခိုက်မည့် တပါးအမျိုးသားအကြောင်းကို ဘုရားသခင်အသုံးပြုတော်မူသော ဒါဝိတ်က အဘယ်ကြောင့် မရေးနိုင်ရမည်နည်း။

ခွေးသည် မသန့်ရှင်းသောသတ္တဝါဖြစ်၍၊ တပါးအမျိုးသားကိုရည်ညွှန်းခြင်းဖြင့် အသုံးပြုခြင်းဖြစ်ပါသည်။ ရှောလု၏ငယ်သားများကို ရည်ညွှန်းခြင်းဖြင့် ဤအသုံးအနှုန်းကို အဘယ့်ကြောင့် ဒါဝိတ်မသုံးဘဲနေနိုင်ရမည်နည်း။ ဧဒုံအမျိုးသား (တပါးအမျိုးသား) ဒေါဂသည် ဒါဝိတ်၏ရန်သူကြီးဖြစ်၍ ခွေးထက်ပို၍မကောင်းပါ။ အကျွန်ုပ်တို့၏သခင်ကလည်း မိမိရန်သူတို့အား မြွေဆိုးဟူ၍၎င်း၊ ဟေရုဒ်အား "ထိုမြေခွေး" ဟုခေါ်ခဲ့သည်မဟုတ်လော (လုကာ ၁၃း၃၂)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘုရားသခင်သည် ကယ်တင်၍ ကယ်နှုတ်တော်မူနိုင်၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အချိန်ကာလသည် ဆိုးယုတ်သောကြောင့်၊ ကိုယ်တော်၌တည်သော အကျွန်ုပ်၏ယုံကြည်ခြင်းကို သာ၍မြင့်ရာအရပ်သို့ ပို့ဆောင်တော်မူပါ။

သောကြာ၊ ဩဂုတ် (၃၁)
**ဆာလံ ၆၀**
၅ ရာ ၁၈

*"... လူတထောင်သည်လူတထောင်ကို အဘယ်သို့နှင်နိုင်မည်နည်း။ လူနှစ်ထောင်သည် လူတသောင်းကို အဘယ်သို့ပြေးစေနိုင်မည်နည်း။... "*

## ရှုံးနိမ့်ခြင်းမှအောင်မြင်ခြင်းသို့

ဆာလံ ၆၀ ကိုသွန်သင်ဆုံးမခြင်းဆာလံဟု ခေါ်နိုင်ပါသည်။ တိုင်းပြည်အရပ်ရပ်၌ ဖြစ်ပွားခဲ့သော စစ်တိုက်ခြင်းအကြောင်းကို ဖော်ပြ၍၊ ဒါဝိတ်၏စစ်ဗိုလ်ချုပ်ယွာဘပါဝင်သော အကြောင်းကိုလည်း ၅ ရာ ၁၈၊ ၂ ရာ ၈ နှင့် ၁၀ တွင် မှတ်တမ်းတင်ထားပါသည်။ ဧဒသောပေါ်တာမိရှုရိသည် ပထဝီနယ်နမိတ်အသုံးအနှုန်းဖြစ်၍၊ ရှုရိပြည်၊ ဥဖရတ်မြစ်နှင့်မြောက်ဘက်စွန်းတိဂရမ်မြစ်အထိကို ရည်ညွှန်းခြင်းဖြစ်၏။ ဇောဘရှုရိသည် ဣသရေလမြောက်ပိုင်းနယ်နမိတ်နှင့်ထိစပ်သော ရှုရိပြည်ဖြစ်၏။ ဧဒုံ၊ ဧသော၏တိုင်းပြည်သည် ပင်လယ်သေအောက်၊ တောင်ဘက်စွန်း၌တည်ရှိ၏။

ဒါဝိတ်လက်အောက်၌ ဣသရေလသည် လူတစ်ယောက်က လူတစ်ထောင်ကိုရင်း၊ လူနှစ်ယောက်က လူတစ်သောင်းကို မောင်းထုတ်နိုင်သော (တရား ၃၂း၃၀) အင်အားကြီးသော ဘုရားသခင်၏စစ်တပ်ဖြစ်သည်။ မြောက်ပိုင်း၌ တပါးအမျိုးသားတို့၏တိုးပြည်ကို ဒါဝိတ်ဦးဆောင်မှုအောက်၌ အောင်မြင်ခဲ့သော်လည်း၊ တောင်ပိုင်းစွန်းဧဒုံထံ ရှုံးနိမ့်ခြင်းသည် စိတ်ပိုင်းဆိုင်ရာအကြီးကျယ်ထိခိုက်ခြင်းရှိပါသည်။ သို့သော်လည်း ဣသရေလသည်ပြန်၍ တိုက်ခိုက်သောအခါ "ဧဒုံလူတစ်သောင်းနှစ်ထောင်တို့ကို ဆားချိုင့်၌လုပ်ကြံခဲ့ကြ၏။"

ဆာလံ ၆၀ သည် ဒါဝိတ်၏နာကျင်စွာဆုတောင်းခြင်း (ဆာလံ ၆၀း၉)၊ အောင်မြင်ခြင်းရရှိနေသော အချိန်၌ အလွန်စိတ်ပျက်စရာကောင်းသောအမှုကြုံတွေ့သောကြောင့် ထိုအမှုမှ ကယ်တင်ခြင်းအတွက် တောင်းလျှောက်ခြင်းဖြစ်၏။ ဧဒုံထံ၌ကျဆုံးခြင်းသည် လျှော်လှုပ်ခံရသကဲ့သို့ဖြစ်ပါသည်။ သို့သော်လည်း ဣသရေလသည် ဤလောက၌သမ္မာတရားအတွက် စိုက်ထူသော ဘုရားသခင်၏ အောင်နိုင်ခြင်းအလံဖြစ်သောကြောင့် (ဆာလံ ၆၀း၄)၊ ကယ်နှုတ်ခြင်းခံရမည်ဟု ယုံကြည်ခြင်းရှိခဲ့၏။ ထိုကဲ့သို့ ဒုတိယကမ္ဘာစစ်တွင် ဘုရားသခင်ကို ယုံကြည်ကိုးစားသော ညွန့်ပေါင်းအဖွဲ့သည် ဖြောင့်မှန်ကြသောကြောင့် နောက်ဆုံးတွင် Axis အင်အားကို အောင်နိုင်ကြမည်မှာ သံသယဝင်စရာမလိုခဲ့ပါ။

မြောက်ပိုင်း၌ရှိသောမြို့နှင့်လူမျိုးမှစ၍ တောင်ပိုင်းရှိ အိမ်နီးချင်းတိုင်းပြည်ဖြစ်သော မောဘနှင့် ဧဒုံတို့ကို ဒါဝိတ်နှင့်ရှောလမုန်လက်အောက်ဣသရေလပြည်၏ မြေပုံ၌တွေ့နိုင်ပါသည်။ ဧဒုံကိုတိုက်ခိုက်မည့် အမှု၌ ဘုရားသခင်ထံမစခြင်းတောင်းလျှောက်လျက်၊ ဆုတောင်းသောအခါ လူ၏မစခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ မစတော်မူခြင်းကို အားကိုးလျက်ရှိကြောင်း ဖော်ပြခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ "မိမိကိုယ်ကို ကြိုးစားအားထုတ်ခြင်း၌ ဘုရားသခင်၏မစတော်မူခြင်း ရောက်ရှိခြင်းသည် အကောင်းဆုံးသော မစတော်မူခြင်းဖြစ်ပါသည်။" ဘဝသည်ဤကမ္ဘာလောက၌ အစဉ်ရုန်းကန်နေရသောအရာဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အောင်မြင်သောခရစ်ယာန်၌လည်း ရှုံးနိမ့်ခြင်းကျရောက်နိုင်ပါသည်။ သို့ဆိုလျှင် ကျွန်တော်ဘာလုပ်ရမည်နည်း။

**ဆုတောင်းချက်** - အို ထာဝရဘုရား၊ ဒူးထောက်ခြင်းအားဖြင့် အောင်နိုင်မည်အကြောင်း သွန်သင်တော်မူပါ။

စနေ၊ စက်တင်ဘာ (၁)

**ဆာလံ ၆၁**

သု ၂၄:၁၇

*“သင်၏ရန်သူသည်*
*မွတ်သိပ်လျှင်လုပ်ကျွေးလော့. . . ”*

## အောင်မြင်ခြင်းရသောရှင်ဘုရင်၏စိတ်သဘောထား

ဆာလံ ၆၁ သည် သားတော်အဗရှလုံ၏ ပုန်ကန်မှုကို အောင်နိုင်ပြီးမှ ရှင်ဘုရင်ဒါဝိတ်စပ်ဆိုထားခဲ့ခြင်းဖြစ်သည်။ ရန်သူအပေါ် မိမိ၏အောင်မြင်မှုကြောင့် ဝမ်းသာခြင်းမရှိခဲ့ပါ။ အသံသည် ထွက်ပေါ်ခြင်းမရှိ၊ တေးသွားသည်လည်း အောက်သံပေါ်နေ၏။ အောင်နိုင်ခြင်းနေ့သည် ပူဆွေးခြင်းနေ့ဖြစ်ခဲ့၏။ အကြောင်းမူကား စစ်သူကြီးယွာဘသည် ဒါဝိတ်မင်း၏အလိုတော်ကို ဆန့်ကျင်လျက် ပုန်ကန်သူသားတော်အဗရှလုံကိုသတ်ခဲ့သည်။ ထိုကဲ့သို့ ဖခင်နှင့်သားကြား၌ရှိသော ချိုခါးသောအတွေ့အကြုံကို ဒါဝိတ်သည်မြည်းစမ်းခဲ့သည်။ ဒါဝိတ်သည် လူသားတို့၏ ဝမ်းနည်းပူဆွေးခြင်းတို့တွင် အဆုံးစွန်သော ပူဆွေးခြင်းကို ဖြတ်ကျော်ဖို့ရန် ဘုရားသခင်ခန့်ထားခဲ့သည်။ သခင်ဘုရား ဤလောက၌နေထိုင်ခဲ့စဉ်ကအတိုင်းဖြစ်၏။ ဟေဗြဲ ၄:၁၅-၁၆ အားဖတ်လော့။

ဒါဝိတ်သည် ရှင်ဘုရင်ဖြစ်သော်လည်း ဝိညာဉ်ရေးရာ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာများကို စုဆောင်းခဲ့သည်။ မိမိ၏နန်းတော်ထက်ဘုရားသခင်၏ အိမ်တော်ကိုသာ၍နှစ်သက်ခဲ့သည် (ဆာလံ ၆၁:၄)။ နန်းတက်ပြီးမကြာမီ တိုင်းပြည်နှင့်ဝေးရပ်၌ရှိသော ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်မြို့သို့ပြန်လည်ဆောင်ယူသောသူသည် ဒါဝိတ်ပင်ဖြစ်သည်။ သူသည် ဘုရားသခင်၏ အိမ်တော်အားတည်ဆောက်ချင်သောသူဖြစ်ပြီး၊ ထိုအိမ်တော်၏ ပုံသဏ္ဍာန်ကို ရေးဆွဲပေးဖို့ရန် ဂုဏ်ပြုခြင်းကိုခံရသောသူဖြစ်သည် (၁ ရာ ၂၈:၁၂)။ သခင်ဘုရားအတွက် ဤစိတ်အားထက်သန်မှုက သူ့အား ကောင်းမွန်သောအမွေကိုဆက်ခံစေ၏။ ဘုရားသခင်က ဒါဝိတ်၏ပလ္လင်တော်အား တစ်နေ့ ဤလောကသို့ပြန်ကြွလာ၍အုပ်စိုးမည့်၊ ဒါဝိတ်၏သာ၍ကြီးမြတ်သောသားတော်သခင်ဘုရား၏ ရာဇပလ္လင်အပါအဝင် ထာဝရကာကွယ်စောင့်ထိန်းပေးရန် ကတိတော်ပေးခဲ့သည်။ ဒါဝိတ်သည် အားကြီးခြင်း (သို့) အားလျော့ခြင်း၌၎င်း၊ ဝမ်းသာခြင်း (သို့) ဝမ်းနည်းခြင်း၌၎င်း၊ ငြိမ်းချမ်းခြင်းသို့ စစ်တိုက်ခြင်း၌၎င်း၊ သူ့ “အထက်၌မြင့်သောကျောက်” သို့ အမြဲကြည့်ရှုတော်မူခဲ့၏ (ဆာလံ ၆၁:၂)။ ယခုနေ့ရက်တွင် ရှင်ဘုရင်ဒါဝိတ်ကဲ့သို့ နိုင်ငံ့ခေါင်းဆောင်ရှာတွေ့နိုင်မည်လော။ သူ၏ဘုရားတရားကိုင်းရှိုင်းမှုမှာ နှိုင်းယှဉ်စရာမရှိပါ။ ရှိခဲ့လျှင် Margaret Thatcher ကို ကျွန်တော်ရွေးချယ်ပါမည်- “အလုပ်မလုပ်ချင်သောသူမည်သည်ကား အစာကိုလည်းမစားစေနှင့်” (၂ သက် ၃:၁၀) ဟူသော ရှင်ပေါလု၏တရားကို သူကိုးကားခဲ့၏။ Wesley ၏ “အစွမ်းကုန်ကြိုးစားရှာဖွေလော့၊ အစွမ်းကုန်စုဆောင်းလော့၊ အစွမ်းကုန်ပေးလှူလော့” ဟူသော ဆောင်ပုဒ်ကိုလည်း သူကိုးကားခဲ့ပါသည်။

နောက်ဆုံးတွင် ဘုရားသခင်ကို နှစ်သက်စေသော ဒါဝိတ်၏ကျေးဇူးသိတတ်သောစိတ်နှလုံးကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ကျွန်ုပ်၏ကတိပြုချက်တို့ကို အကျွန်ုပ်ဆောင်ရွက်ပါမည်ဟု မြွက်ဆိုချက်က သူသည် အလွန်သိတတ်ကြောင်းကို ထင်ရှားစေ၏။ ဘုရားသခင်လက်ခံတော်မူသော တိုင်တည်ကတိပြုခြင်းတို့ကို သမ္မာကျမ်းစာ၌ မှတ်တမ်းထင်ထားပါသည် (ဥပမာ ရှမွေလမိခင်၏ ကတိပြုချက်)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သို့ကျွန်တော်လေ့လာရပါမည်နည်း။

**ဆုတောင်းချက်** - (၂ တိ ၂:၁၅ ကိုအသုံးပြုလော့)။

တနင်္ဂနွေ၊ စက်တင်ဘာ (၂)
**ဆာလံ ၆၂**
တ ၁၀း၃၄

*“အဘယ်သူကိုမျှ ရန်တုံ့မမူကြနှင့်။ လူအပေါင်းတို့ရှေ့မှာ တင့်တယ်လျောက်ပတ်သောအကျင့်ကို ကြံစည်ကြလော့”*

# အသရေရှိသောသူနှင့်ယုတ်ညံ့သောသူ

ဒါဝိတ်ရေးသားသော ဆာလံ ၆၂ သည် လျှပ်တစ်ပြက်ကြုံတွေ့ခဲ့သောအရာကို ရေးသားထားခြင်းမဟုတ်ဘဲ နှစ်အတော်ကြာစဉ်းစားပြီးမှ တည်ကြည်စွာဖြင့် ရေးသားထားခြင်းဖြစ်နိုင်သည်။ ဘုရားသခင်သည် လူ၏ကယ်တင်ခြင်းဖြစ်ကြောင်းကို ယုံကြည်စိတ်ချစွာဖြင့် ဖော်ပြထားပြီး၊ ဘုရားသခင်သည် လူသားတို့အား မိမိတို့၏အလုပ်အတိုင်း တရားစီရင်မှာ သေချာကြောင်းဖြင့် အဆုံးသတ်ထားသည်။ ဒါဝိတ်သည် မိမိ၏အသက်တာကိုပြန်လည်ဆန်းစစ်ခြင်းဖြစ်နိုင်သည်။ မိမိ၏ကယ်တင်ခြင်းကျောက်ကို ကိုးစားနေစဉ်ကတည်းက သူ့အားနန်းတော်မှဖြုတ်ချရန် ကြိုးစားကြသော သစ္စာဖောက်တို့သည် မိမိတို့ကိုယ်ကို ဖြုတ်ချကြကြောင်းကို သူလေ့လာတွေ့ရှိခဲ့သည်။ ဘုရားသခင်ဘိသိတ်ပေးတော်မူပြီးသောသူကို ဖြုတ်ချချင်သောသူတို့သည် စိတ်ပျက်ခြင်းသို့ရောက်ကြလတ္တံ့။ အဘယ်အုပ်စုကို သင်တွဲနေသည်ကိုသတိပြုလော့။ ဘုရားသခင်ရွေးချယ်သော အစေခံကျွန်အားဆန့်ကျင်သူဘက်၌သင်ရပ်တည်လျှင် အမျက်တော်ကိုသင်အမှန်ခံရမည်။ ဒါဝိတ်သည် မိမိ၏ကယ်တင်ခြင်းကျောက်ကိုသာလျှင် ကိုးစားကြောင်း ထပ်တလဲလဲပြောကြားခဲ့သည် (ဆာလံ ၆၂း၆)။ “သာလျှင်” ဟူသောစကားလုံးကို မိမိ၏ကယ်တင်ရှင်ဘုရားကို ရည်ညွှန်းထားခြင်းက တမန် ၄း၁၂ ထဲ၌ ရှင်ပေတရုဖော်ပြထားသောအချက်ကို ကျွန်ုပ်တို့အား အမှတ်ရစေသည်။ ထို့ပြင် သခင်ဘုရားသည် လူသားအားလုံး၏ကယ်တင်ရှင်ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် အရာရာ၌သူ့ထံအကူအညီတောင်းလို့ရ၏။ ကျွန်ုပ်တို့၏တောင်းလျှောက်ခြင်းကို သူနားညောင်းပေးမည်။

မြင့်မြတ်သန့်ရှင်းသောအရပ်၌ ကျိန်းဝပ်တော်မူသော သခင်ဘုရားသည် စိတ်နှိမ့်ချ၍နှလုံးကြေကွဲသောစိတ်သဘောရှိသည့် ဒါဝိတ်၌လည်းကျိန်းဝပ်တော်မူ၏ (ဟေရှာ ၅၇း၁၅)။ ဤအခြေအနေကြောင့်၊ ဒါဝိတ်သည် မိမိတို့၏လုယူမှုပညာကြောင့် ဝါကြွားကြသောပညာရှင်တို့နှင့် လိမ်လည်ခြင်းဖြင့်ရရှိသောဥစ္စာကို စုဆောင်းသောသူကြွယ်တို့ကို စစ်ကြောသည်။ ထိုသူတို့သည် မိမိတို့စိတ်ကို ထိုအရာတို့၌မထားရန် ဒါဝိတ်သတိပေးခဲ့သည်။ ဆင်းရဲသားတို့စရိတ်ကြောင့် ချမ်းသာသောသူတို့သည် ပိုချမ်းသာကြ၏။ ဒါဝိတ်သည်ဆင်းရဲသားတို့ကိုလည်း စစ်ကြောတော်မူခဲ့၏။ ဆင်းရဲသားတို့သည် အသနားခံကြသော်လည်း၊ ခိုးကြ၏ (သုတ္တံ ၃၀း၉)။ သူကြွယ်တို့နှင့်ဆင်းရဲသားတို့ကိုချိန်တွယ်လျှင် အချည်းနှီးသက်သက်ဖြစ်ကြ၏။ ပညာတတ်နှင့်ပညာနိမ့်သောလူတန်းစားတို့သည် ဘုရားသခင်ရှေ့မှောက်တွင် အတူတူပင်ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ရှင်ဘုရင်နှင့်တရားသူကြီးကဲ့သို့ ကျွန်ုပ်တို့အားဘုရားသခင်စကားပြောသောအခါ အထူးဂရုစိုက်သင့်ပါသည်။ ဘုရားသခင်က တစ်ကြိမ်စကားပြောသောအခါ ဘယ်သောအခါမှ မပြောင်းလဲနိုင်သော၊ အမှားမပါသော၊ အတည်ဖြစ်သောစကား နှစ်ကြိမ်ပြောသကဲ့သို့ ကျွန်ုပ်တို့ကြားရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအာရုံစိုက်ရန်ကျွန်ုပ်လျှင်မြန်ပါသလား။
**ဆုတောင်းချက်** - ထာဝရဘုရား၊ နှုတ်ကပတ်တော်အားဖြင့် အကျွန်ုပ်အားစကားပြောသောကြောင့် ကျေးဇူးတင်ပါ၏။

## ယေရှု၏ကားတိုင်တော်ခြေရင်း၌

ဒါဝိတ်သည် သဲကန္တာရနှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိ၏။ ဆာလံ ၆၃း၁ အရ သူရှင်ဘုရင်ဖြစ်ခဲ့စဉ် သားတော်အဗရှလုံပုန်ကန်ခြင်းကြောင့် ယုဒသဲကန္တာရထဲ၌ ဖြတ်လျှောက်ခဲ့ပြီးဖြစ်သည် (၂ ရာ ၁၅း၂၃-၂၈၊ ၁၆း၂၊ ၁၄၊ ၁၇း၁၆၊ ၂၉)။ ဒါဝိတ်အတွက် ဒီအတွေ့အကြုံသည် အဆိုးရွားဆုံးဖြစ်ခဲ့လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ဆန့်ကျင်ပုန်ကန်သော သားတော်ကြောင့် မထင်မှတ်ဘဲ အိုသောအရွယ်၌ပြေးခဲ့ရသောကြောင့်ဖြစ်သည်။ စားဖွယ်ရာအပြည့်၊ တေးသံစုံလင်စွာရှိသောနန်းတွင်းမှ ငှက်သံနှင့်သားရဲသံပင်မရှိသော သဲကန္တာရသို့၎င်း၊ နန်းတွင်းသူ နန်းတွင်းသားတို့နှင့် အစေခံအမြောက်အမြားရှိသော နန်းတော်မှ အနည်းငယ်သောအဖော်တို့နှင့် အထီးကျန်သူဝရမ်းပြေးဘဝသို့ နေရပါ၏။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအခြေအနေကို ကြုံတွေ့ကြမည်မဟုတ်သော်လည်း တိုင်းတပါးတွင် အလုပ်ကိစ္စကြောင့်သော်၎င်း၊ ပညာရေးကြောင့်သော်၎င်း၊ သွားရောက်နေထိုင်ခြင်းဖြင့် ထိုကဲ့သို့သော ကိုယ်စိတ်ပင်ပန်းခြင်းကို ကြုံတွေ့နိုင်ပါသည်။

ထိုကဲ့သို့ကြမ်းတမ်းသောကာလတွင် ဒါဝိတ်သည် ဘုရားသခင်ထံ၌အကူအညီတောင်းခံမည်မှာ သေချာ၏။ ဒါဝိတ်အတွက် ဘုရားသခင်သည် မိမိကိုယ်ကို ဂရုစိုက်ခြင်းထက် သူကောင်းကျိုးအတွက် ဂရုစိုက်ပေးသော ချစ်သောအဖခမည်းတော်ဖြစ်၏။ ကျွန်ုပ်တို့သည် စိတ်ဖိစီးမှုခံရပြီး၊ အိပ်မပျော်နိုင်သောအခါ ဘာလုပ်ကြသနည်း။ ဒါဝိတ်၏ဘုရားသခင်ထံ ဆုတောင်းခြင်းနှင့် မိမိ၏အသက်တာပြန်ဆန်းစစ်ခြင်းတို့ကို ကျွန်ုပ်တို့အတုယူသင့်ပါသည်။

မြေကြီးပေါ်မှာ ဒုက္ခဆင်းရဲရောက်သောအခါ
မျှော်လင့်ခြင်းကင်းစိတ်ပျက်ခြင်းကိုခံရလျှင်၊
ခံစားရာကောင်းကြီးမင်္ဂလာရေတွက်ပါ
ပြုတော်မူသောကျေးဇူးတော်အံ့ဩလိမ့်မည်

ဒါဝိတ်သည် အတိတ်ကဘုရားသခင်၏ ကယ်တင်ခြင်းတို့ကို ပြန်လည်ဆင်ခြင်သောအခါ (ဆာလံ ၆၃း၆)၊ ဤဆာလံကို ချီးမွမ်းခြင်းနှင့် ရွှင်လန်းခြင်းတို့ဖြင့် ပြည့်စေ၏ (ဆာလံ ၆၃း၇)။ သူကိုသတ်ဖို့ရှာကြံသောရန်သူများက ရေသို့ချခြင်းသော်၎င်း၊ ဓားဖြင့်သတ်ဖြတ်ခြင်းသော်၎င်း၊ သူတို့၏အလောင်းကို ခွေးအတို့ထံ ချန်ထားခြင်းကို၎င်း ခံရကြမည် (ဆာလံ ၆၃း၁၀)။ ဘုရားသခင်သည် ဒါဝိတ်၏ချစ်လှစွာသော ဖခင်နှင့်ကာကွယ်သူသာမဟုတ်၊ သူ့အား လိမ်လည်လှည့်ဖြားသူတို့ (ဆာလံ ၆၃း၁၁) နှင့် ဓားဖြင့်ရန်ပြုသောသူ့ရန်သူတို့ကို တရားစီရင်သူဖြစ်တော်မူသည်။ ဒါဝိတ်၌သက်သေထူခဲ့သကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်တို့၌ သက်သေထူမည်လော။

**ဆင်ခြင်ရန်** - “ကရုဏာတော်သည်အသက်ထက် သာ၍ကောင်း၏. . . ” (ဆာလံ ၆၃း၃)။
**ဆုတောင်းချက်** - (ဆာလံ ၆၃း၁ ကိုအသုံးပြုလော့)။

**ဆာလံ ၆၄**

ရောမ ၁၂း၁၉-၂၁ *"သင်တို့မူကား ရန်သူတို့ကိုချစ်ကြလော့. . . "*

## "ငါသည်အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျောက်ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏"

လူသည်အမြင့်သို့ရောက်လေ ရန်သူများလေဖြစ်သည်။ ဒါဝိတ်သည် ဣသရေလရှင်ဘုရင်ဖြစ်နေစဉ်ကာလတွင် အိမ်နီးချင်းတိုင်းပြည်တို့ကို အနိုင်ယူခဲ့သော်လည်း၊ အခြားသောရှင်ဘုရင်များထက်ပို၍ရန်သူပေါ်များခဲ့သည်။ ခေါင်းဆောင်တစ်ဦးသည် အပြုသဘော (သို့) အပျက်သဘောဆောင်သောဝေဖန်ချက်များကို မျှော်လင့်ရပါမည်။

ယခုတွင် ရန်သူသည်အပြင်ဘက်၌ရှိပြီး၊ ကျွန်ုပ်တို့အားတိုက်ခိုက်လျှင် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုကာကွယ်ဖို့ရန်အတွက် လက်နက်ရှိရပါမည်။ ရှေးခေတ်တွင် ဓား၊ လှံ၊ မြားနှင့် လေးတို့ကို အသုံးပြုခဲ့ကြပါသည်။ ခေတ်သစ်တွင် ရိုင်ဖယ်၊ စစ်သေနတ်၊ တင့်ကားနှင့်အမြောက်တို့ကို အသုံးပြုကြပါသည်။ ရန်သူ၏တိုက်ခိုက်မှုကို ခုခံကာကွယ်နိုင်ရန် ရန်သူလာရာလမ်းကြောင်းကို စောင့်ကြည့်ရပါမည်။ ဒါဝိတ်သည် ရန်သူတို့လက်မှမိမိကိုယ်ကို ကာကွယ်ရုံမျှသာမဟုတ်ဘဲ၊ ရန်သူတို့ကိုအနိုင်ယူနိုင်ဖို့ရန်အတွက် ဘုရားသခင်က သူ့အားခွန်အားကိုပေးခဲ့သည်။ ဝက်ဝံနှင့်ခြင်္သေ့တို့ကိုပင် အနိုင်ယူနိုင်စွမ်းရှိ၏။

ဤဆာလံတွင်ဒါဝိတ်ပြောသော သူ့ရန်သူမှာ သူ၏နန်းတော်ထဲတွင်ရှိသောသူပင်ဖြစ်သည်။ "ဒုစရိုက်ကိုပြုလေ့ရှိသောသူတို့" (ဆာလံ ၆၄း၂) က သူ့အုပ်ချုပ်မှုကိုပုန်ကန်လျက် သူ့အသက်ကိုရှာကြ၏။ ထိုသူတို့၏လက်နက်ကား ဓားနှင့်မြားမဟုတ်ဘဲ သူတို့၏လျှာ (စကား) ပင်ဖြစ်သည်။ ဆာလံ ၄၁ နှင့် ၅၅ တို့က ထိုသူတို့၏နည်းစနစ်နှင့်လျှို့ဝှက်ချက်တို့ကိုအသေးစိတ်ရှင်းပြသည် "ငါ့ရန်သူတို့က သူသည်သေ၍ သူ၏နာမသည် အဘယ်နာမမှတိမ်မြုပ်လိမ့်မည်နည်းဟု ငါ့ကို မနာလို၍ ဆိုတတ်ကြ၏။ ငါ့ကိုကြည့်လာသောသူသည် မုသာစကားကိုပြောတတ်၏။ သူ၏နှလုံးသည်လည်း မကောင်းသောအကြံကိုဆည်းဖူးသည်နှင့် ထွက်သွားသောအခါ ထုတ်ဖော်ပြောတတ်၏။ ငါ့ကိုမုန်းသောသူအပေါင်းတို့သည် ငါ့ကိုရန်ဘက်ပြု၍၊ တစ်ယောက်နှင့်တစ်ယောက် တိုးတိုးပြောလျက် ငါ၌မကောင်းသောအကြံကို ကြံစည်တတ်ကြ၏" (ဆာလံ ၄၁း၅-၇)။ "သူ၏စကားသည်ထောပတ်ထက်ချောသော်လည်း၊ စစ်တိုက်မည်ဟုအကြံရှိ၏။ သူ၏စကားသည် ဆီထက်ပျော့သော်လည်း၊ ထုတ်သောထားဖြစ်၏" (ဆာလံ ၅၅း၂၁)။ ကြောက်စရာအကောင်းဆုံး စိတ်၏မြားမှာ မြောက်ပင့်ခြင်းဖြစ်သည် (သုတ္တံ ၂၉း၅)။

ဒါဝိတ်ကိုလျှို့ဝှက်ကြံစည်သူတို့က မိမိတို့၏အကြံအစည်ကို အဘယ်သူကမျှမသိပါဟု ယူဆကြသည်။ သင်၏ရှင်ဘုရင်အား ဤသို့ဆက်ဆံရပါမည်လော။ ထိုကဲ့သို့မိမိ၏ခေါင်းဆောင်အား သစ္စာဖောက်ခြင်းက မိမိတို့ကိုယ်ကိုတရားသောဒဏ်ခတ်ခြင်းကို ဖြစ်ပေါ်စေ၏။ သင့်အထက်၌ရှိသော ဤလောက၏တရားသူကြီးဖြစ်သော ဘုရားသခင်က (ကမ္ဘာ ၁၈း၂၅) သူတို့၏ငွေအား ပြန်လည်ပေးဆပ်လိမ့်မည် (ဆာလံ ၆၄း၇)။

**ဆင်ခြင်ရန်** - (ဆာလံ ၆၄း၁၀ ကိုဖတ်လော့)။
**ဆုတောင်းချက်** - (ဆာလံ ၆၄း၁ ကိုအသုံးပြုလော့)။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၅)
**ဆာလံ ၆၅**
ယော ၁း၁-၅

*"ဘုရားသခင်သည်နေရာတိုင်း၌ရှိသောဘုရား၊ အရာခပ်သိမ်းကိုသိသောဘုရား၊ အရာခပ်သိမ်းကို တတ်နိုင်တော်မူသောဘုရားဖြစ်၏"*

## ဘုရားသခင်၏တန်ခိုးတော်သည် ကွယ်ကာပြုစုစောင့်ရှောက်ခြင်းအမှု၌ ထင်ရှားလျက်ရှိ၏

ဘုရားသခင်၏လူတို့သည်ဘုရားသခင်ထံမှ သွေဖယ်သွားသောအခါ ဘာသာမဲ့အမှောင်ထဲ၌ပြန်ရောက်ကြ၏။ ပရောဖက်ဟေရှာယခေတ်တွင် ဤအခြေအနေဖြစ်ခဲ့သည်။ ယုဒပြည်တွင်ရှိသော လဲကျသောသူတို့ကိုမိန့်ဆိုသည်မှာ- "တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ်သောနတ်ဝင်နှင့် စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အားဆိုလျှင်မူကား လူတို့သည် မိမိတို့ဘုရားသခင်၌ မဆည်းကပ်အပ်သလော။ အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ ဆည်းကပ်အပ်သလော" (ဟေရှာ ၈း၁၉)။ ယနေ့တွင် ထိုကဲ့သို့သောအရာသည် အမေရိကတွင် ဖြစ်ပေါ်နေ၏။ အကြောင်းမှာ လူအမြောက်အမြားတို့သည် ဘုရားသခင်ကိုစွန့်ပယ်ကြ၏။ ထို့ကြောင့် အရင်သမ္မတရီကန်၏မယားပင်လျှင် အကြားအမြင်ရှိသောမိန်းမကို တိုင်ပင်လျက် နက္ခတ်ဗေဒင် အားဖြင့် သူမ၏ကောင်းမွန်သောကံကြမ္မာကိုရှာဖွေခဲ့၏။

ဤဆာလံထဲတွင် နေရာတိုင်း၌ရှိပြီး၊ အရာခပ်သိမ်းကိုတတ်နိုင်တော်မူသော အနန္တတန်ခိုးရှင်ဘုရားအကြောင်းကို ဒါဝိတ်သည်ရှင်းလင်းစွာသိမြင်ထားကြောင်း ပေါ်လွင်၏။ သူသည်အသက်ရှင်၍ စစ်မှန်သောဘုရားသခင်ဖြစ်တော်မူ၏ (၁ သက် ၁း၉)။ အသင်းတော်အပေါ် သူ၏ကြည့်ရှုကျွေးမွေးစောင့်ရှောက်ခြင်းကြောင့် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို နားညောင်း၏။ ကျွန်ုပ်တို့၏ ကတိပြုခြင်းကိုလက်ခံ၍ ကျွန်ုပ်တို့၏အပြစ်များကိုစင်ကြယ်စေ၏။ ဒါဝိတ်ကြုံတွေ့သောဘုရားသခင်၏ အထူးဂရုစိုက်မှုက ဘုရားသခင်ကိုရှာဖို့ရန် ကျွန်ုပ်တို့အား အထူးအကူအညီပေး၏။

"အကျွန်ုပ်တို့ကိုကယ်တင်တော်မူသောဘုရား၊ အကျွန်ုပ်တို့၏ပဋ္ဌနာကို နားထောင်၍ အံ့ဘွယ်သောအမှုတို့ကို တရားတော်နှင့်အညီပြုတော်မူ၏" (ဆာလံ ၆၅း၅)။ အချို့သောသူသည် ဘုရားသခင်ကို ပြက်ရယ်ပြု၍ "အကျွန်ုပ်ကို သူသတ်မည်လော" ဟုဆိုကြ၏။ ထိုသို့ဘုရားသခင်ပြုနိုင်ပါသည်။ တမန်တော် ၅ ထဲမှ အာနနိနှင့်ရှဖိရ၏အကြောင်းကို မှတ်သားကြပါလော့။

သူ့အသင်းတော်အပေါ် ဘုရားသခင်၏အထူးဂရုစိုက်မှုကိုကြည့်၍ ဤလောကအားသာမန် အဖြစ်ရှုမြင်ကြပါစို့။ တိုင်းပြည်အုပ်ချုပ်ခြင်းပုံစံတွင်လည်း ဘုရားသခင်၏လက်တော်ကိုမြင်တွေ့ရ ၏။ စင်စစ် ဆာလံ ၄၆ တွင် တိုင်းနိုင်ငံတို့စစ်တိုက်ခြင်း၌လည်း ဘုရားသခင်၏ တန်ခိုးတော်အာဏာစက်ကိုမြင်တွေ့ရ၏။ ဤဆာလံ ၆၅ တွင် ဘုရားသခင်သည် "ဝေးစွာသော မြေကြီးစွန်းနှင့် ပင်လယ်စွန်းတို့၌နေသောသူတို့၏ ကိုးစားရာဖြစ်တော်မူ၏" (ဆာလံ ၆၅း၅)။ ကုန်းနှင့်ပင်လယ်ဖြင့် ခရီးနှင်သူ အနေနှင့် ဖန်ဆင်းထားသောအရာများအပေါ် ဘုရားသခင်၏အနန္တတန်ခိုးတော်အား မလွဲမသွေ မြင်တွေ့နိုင်၏။

**ဆင်ခြင်ရန်** - "သန့်ရှင်းသောဗိမာန်တော်တည်းဟူသော အိမ်တော်၌ ကောင်းသောအရာတို့နှင့် အကျွန်ုပ်တို့သည်ဝပြောကြပါစေသော" (ဆာလံ ၆၅း၄)။
**ဆုတောင်းချက်** - (ဆာလံ ၆၅း၂ ကိုအသုံးပြုလော့)။

**ဆာလံ ၆၆**

ယော၁၀း၃၇-၃၈ *"ထာဝရဘုရားကိုကိုးစားလော့"*

## ဘုရားသခင်၌ကျွန်တော်တို့သည်အစဥ်ဝါကြွားခြင်းရှိပါ၏

ဘုရားသခင်ကိုချီးမြှောက်ခြင်းသည် ဤဆာလံ ၆၆ ၏အကြောင်းအရာဖြစ်၏။ အခန်းငယ် ၁ မှ ၄ အထိ မိတ်ဆက်ပေးခြင်းကိုဖော်ပြပြီးနောက်၊ ကျမ်းရေးသူက မိမိ၏ပရိသတ်တို့အားလာ၍ကြည့်ရှုကြရန်ဖိတ်ခေါ်ခဲ့သည်။ သခင်ယေရှုကိုယ်တိုင် ဤနည်းလမ်းကိုသုံးခဲ့ရာတွင် - "ငါသည် ငါ့ခမည်းတော်၏အမှုတို့ကိုမပြုလျှင် ငါ့ကိုမယုံကြနှင့်။ ပြုလျှင် ငါ့ကိုမယုံသော်လည်း ထိုအမှုတို့ကို ယုံကြလော့" (ယောဟန် ၁၀း၃၇-၃၈)။ အငယ် ၅ မှ ၇ တွင် ပင်လယ်နီကိုခမ်းခြောက်စေသော ဘုရားသခင်၏ "အံ့ဖွယ်ရာအလုပ်" တို့ကို ထင်ရှားစေ၏။ ကျမ်းရေးသူ (ဆာလံဆရာ) ဘုရားသခင်၏သားသမီးတို့ဖြတ်သွားခဲ့သည့် ခက်ခဲသောကာလကို ပြန်ပြောရာတွင် "အကျွန်ုပ်တို့ခေါင်းပေါ်မှာ သူတပါးကိုစီးစေတော်မူပြီ။ မီး၌၎င်း၊ ရေ၌၎င်း သွားရသော်လည်း ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ရောက်ပါ၏" (ဆာလံ ၆၆း၁၂)။ ကျွန်ုပ်တို့သည် ဘယ်လိုအခက်အခဲ၌ပင်ရှိနေပါစေ ဘုရားသခင်အားဖြင့် အောင်မြင်ခြင်းရနိုင်၏။

အထိရောက်ဆုံးသောတရားဟောခြင်းမှာ တရားဟောသူကိုယ်တိုင်ပင်ဖြစ်၏။ ဆာလံဆရာက မိမိ၏ကိစ္စကိုသက်သေခံခြင်းဖြင့် ဖော်ပြ၏။ ကျမ်းရေးသူက မိမိအပြစ်ကင်းနေသော်လည်း ဒုက္ခကြုံတွေ့နေသောအခါတွင် ဘုရားသခင်အား တိုင်တည်လျှောက်လဲ၍ ဘုရားသခင့်ကယ်တင်တော်မူခြင်းခံရခြင်းကိုဖော်ပြသည်။

ဤတိုင်တည်ကတိပြုခြင်းသည် အလွန်အန္တရာယ်ရှိသော အရေးပေါ်အခြေအနေ၌၊ ဘုရားသခင်ထံ စိတ်အားထက်သန်စွာဆုတောင်းခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ကိုက်ညီသော တိုင်တည်ကတိပြုမှုဖြစ်သည်။ "ဘုရားသခင့်ထံတော်၌သစ္စာကတိပြုမိလျှင် သစ္စာဝတ်ကို မဖြေဘဲမနေနှင့်။ မိုက်သောသူတို့ကို အားရနှစ်သက်တော်မမူ။ သစ္စာကတိပြုသည်အတိုင်း ဝတ်ကိုဖြေလော့။ သစ္စာဂတိပြု၍ဝတ်ကိုမဖြေဘဲနေသည်ထက် သစ္စာဂတိအလျှင်းမပြုဘဲနေသော် သာ၍ကောင်း၏။ သင်၏နှုတ်သည် သင်၏ကိုယ်ခန္ဓာပေါ်၌အပြစ်မရောက်စေနှင့်။ အကျွန်ုပ်မှားပါပြီဟု တမန်တော်ရှေ့မှာပြောရသောအကြောင်း မရှိစေနှင့်။ ဘုရားသခင်သည် သင်၏စကားသံကို အမျက်တော်ထွက်၍ သင်ပြုစုရသောအမှုကို အဘယ်ကြောင့် ဖျက်ဆီးတော်မူရမည်နည်း" (ဒေသနာ ၅း၄-၆)။ ကျမ်းရေးသူသည် သူကြုံခဲ့ပြီးသည့် ဘုရားသခင်၏ကယ်တင်မှုများစွာကို မေ့လျော့ခြင်းမရှိဘဲ သူဆင်းရဲဒုက္ခရောက်စဥ် တိုင်တည်ကတိထားသည်အတိုင်း ပြုခဲ့သည်။ သူပေးသည့်ကတိသစ္စာအတိုင်း လုံးလုံးဆောင်ရွက်ခဲ့သည်။ ဆာလံဆရာကဲ့သို့ "ဘုရားသခင်၌ အစဥ်ဝါကြွားခြင်းရှိ၏" ဟု သင်ဆိုနိုင်ပါမည်လား။

**ဆင်ခြင်ရန်** - "အချင်းလူစုတို့၊ ငါတို့ဘုရားသခင်ကို ကောင်းကြီးပေးကြလော့။ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသောစကားသံနှင့် ကြွေးကြော်ကြလော့" (ဆာလံ ၆၆း၈)။

**ဆုတောင်းချက်** - (ဆာလံ ၆၆း၃ ကိုအသုံးပြုလော့)။

သောကြာ၊ စက်တင်ဘာ (၇)

**ဆာလံ ၆၇**

၁ ယော ၁း၈-၉

*“. . . သူ့အပြစ်ကိုလွှတ်ကြလော့၊ လွှတ်လျှင်ကိုယ်အပြစ်လွှတ်လိမ့်မည်”*

## အသင်းတော်သည်အပြစ်လွှတ်ခြင်းနှင့်လောကီလူသားတို့၏ ကယ်တင်ခြင်းအတွက်ဆုတောင်းလျက်ရှိပါ၏

ဤဆာလံသည်တိုသော်လည်း သူ၏ပိုင်နက်ကျယ်ပြန့်မှုသည် အသင်းတော်အားလုံးမှ တစ်ကမ္ဘာလုံးသို့ လက်လှမ်းမီနိုင်သည်။ ၎င်း၏ပိုင်နက်သည် တည့်မတ်စွာနှင့်အလျားလိုက်မျဉ်းဖြတ်ကဲ့သို့ဖြစ်၏။

သနားညှာတာမှုအတွက်မြည်တမ်းခြင်း (ဆာလံ ၆၇း၁)၊ “အပြစ်ခွင့်လွှတ်ခြင်းသည် ကျွန်ုပ်တို့ကြုံတွေ့သည့် သနားဂရုဏာထဲတွင် အမြဲတမ်းပထမကွင်းစက်ဖြစ်သည်။ သနားခြင်းဂရုဏာသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းတွင် အခြေခံအုတ်မြစ်ဖြစ်တော်မူ၏။ အကောင်းဆုံးသော သန့်ရှင်းသူတို့နှင့် အဆိုးဆုံးသောအပြစ်သားတို့သည် ဤအသနားခံခြင်းဖြင့် ပေါင်းစည်းနိုင်၏” (Spurgeon)။

Tientsin တွင် ဒေါက်တာ John Sung က တရားဒေသနာသင်ကြားခြင်းပြုခဲ့သောအခါ လူတို့အား ရှေ့သို့အပြစ်ဝန်ချရန် ဖိတ်ခေါ်ခဲ့၏။ ထိုသို့ဖိတ်ခေါ်ချိန်တွင် တရုတ်နိုင်ငံ၌နာမည်ကျော်ကြားသော တရားဟောဆရာ Ting Li Mei လည်း လူသစ်တို့နှင့်အတူ ဒူးထောက်ရန်ရှေ့သို့ထွက်လာခဲ့သည်။ ထိုနာမည်ကြီးဆရာ၏အပြုအမူက လူငယ်တို့အား နှိမ့်ချသောအသက်တာကို ဖြစ်ပေါ်စေ၏။ ကျွန်ုပ်တို့သည် အပြစ်သားဖြစ်စေ၊ သန့်ရှင်းသူဖြစ်စေ၊ ဘုရားသခင်၏ သနားခြင်းဂရုဏာအောက်တွင်ရှိကြ၏။ “ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ်လှည့်ဖြားကြ၏။ ငါတို့၌သစ္စာတရားမရှိ။ ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ၊ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏” (၁ ယော ၁း၈-၉)။

အသင်းတော်သည် ကောင်းကြီးမင်္ဂလာအတွက်တောင်းလျှောက်၏။ ကောင်းကြီးမင်္ဂလာဆိုသောစကားလုံးမှာ ဘုရားသခင်ထံမှလာသောအရာဖြစ်လျှင် အလွန်ကျယ်ပြန့်လှသည်။ သို့သော်ကျွန်ုပ်တို့အလိုချင်ဆုံးဖြစ်သင့်သော ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာမှာ ဆုလက်ဆောင်မဟုတ်ဘဲ ဆုလက်ဆောင်ပေးသူသာဖြစ်သင့်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သဘောကျစွာစောင့်ရှောက်လျှင် ထိုအရာပင်လျှင် လုံလောက်၏။

ယခုတွင်ပြန့်ပြူးလျက်ရှိ၏။ ရေတံခွန်သည် တောင်ထိပ်ပေါ်မှစီးဆင်းပြီး မကြာမီချိုင့်ထဲ၌စီးကျသကဲ့သို့ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာသည် အသင်းတော်အားဖြင့် တစ်ကမ္ဘာလုံးသို့စီးဆင်း၏။ ကျွန်ုပ်တို့ကောင်းကြီးမင်္ဂလာခံရခြင်းသည် ကျွန်ုပ်တို့ကိုယ်ကျိုးအတွက်သာမက တစ်ကမ္ဘာလုံးအတွက်လည်းဖြစ်၏။ အသင်းတော်၏အပြင်ဘက်တွင်ရှိသော လူတို့သည် (ယုဒဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ) အမှောင်ထဲ၌ပျက်စီးနေကြသည်။ ဤရေတွက်၍မရသော လူမျိုးနွယ်စုတို့သည် “ဤလောကတွင်မျှော်လင့်ခြင်းမရှိ၊ ဘုရားသခင်မရှိ” (ဧဖက် ၂း၁၂) ခရစ်တော်မရှိဘဲ ဖြစ်နေကြ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၆၇း၃ ကိုဖတ်လော့)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ရှင်၏ခွင့်လွှတ်ခြင်းနှင့် ကောင်းကြီးမင်္ဂလာတို့အတွက် အထူးကျေးဇူးတင်ပါ၏။

**ဆာလံ ၆၈**

ဧ ၆း၁၀

*“အကျွန်ုပ်သည် လက်ဝါးကပ်တိုင်၏ စစ်သူရဲဖြစ်သလား”*

## တိုက်လှန်ခြင်းပြုသောအသင်းတော်နှင့်အောင်နိုင်သောအသင်းတော်

ဒါဝိတ်သည် တိုင်းတပါးသို့ရောက်နေသော ပဋိညာဉ်သေတ္တာအား ယေရုရှလင်မြို့သို့ ပြန်ယူလာရန် ပထမအကြိမ်ကြိုးပမ်းမှုမအောင်မြင်ခဲ့ပြီးနောက်၊ လက်မလျှော့ဘဲ ဒုတိယအကြိမ်ပြန်သယ်လာရန် လေဝိအမျိုးသားတို့ကို မောရှေ၏ပညတ်တော်အတိုင်း သန့်ရှင်းစေ၍ ပြင်ဆင်ခဲ့သည်။ ဤဆာလံကို ကျမ်းတတ်ပုဂ္ဂိုလ်တို့က မင်္ဂလာရှိသောအနေအထား၌ရှိစဉ် ဒါဝိတ်ရေးသားခြင်းဖြစ်သည်ဟု ယူဆကြသည်။ ဒါဝိတ်သည် လေဝိတို့ကို ဦးဆောင်၍ ကြိုးတပ်တူရိယာနှင့်အခြားတူရိယာ အစုံအလင်တို့ဖြင့် ဝမ်းမြောက်စွာ အော်ဟစ်ဖျော်ဖြေသူတို့ကို ကြီးကျယ်ခမ်းနားစွာ တိုးပွားစေခဲ့၏။ ဤစီတန်းလှည့်လည်ခြင်းဝတ်က ဖါရောလက်မှဣသရေလတို့ထွက်မြောက်ခဲ့ရာမှ စတင်ကာ ဣသရေလသမိုင်းတွင် ဘုရားသခင်၏အလွန်ကြီးမားသော လုပ်ဆောင်မှုတို့ကို ပြန်လည်အမှတ်ရစေ၏။ သဲကန္တာရခရီးအကြောင်းကိုဎင်း၊ ခရီးစဉ်တစ်လျှောက် တောင်ထိပ်အကြောင်းတို့ကိုဎင်း၊ သိနာတောင်မှစ၍ ဗာရှန်တောင်၌အဆုံးသတ်သည့် “ဘုရားသခင်၏တောင်” ဇိအုန်အကြောင်းကို ဖော်ပြထားသည် (ဆာလံ ၆၈း၁၅-၁၆)။ ဇိအုန်တောင်မှ ဒါဝိတ်အားဖြင့် ဘုရားသခင်၏ အုပ်စိုးမှုစတင်ခဲ့သည်။ ထို့ကြောင့် ဗယ်ာမိန်အမျိုး၊ ဇာဗုလုန်နှင့် နာသလိအမျိုးတို့သည် နိုင်ငံတော်ကိုအင်အားတောင့်တင်းစေပါသည် (၅ ရာ ၁၂း၂၉၊ ၃၃၊ ၃၄)။ အသင်းတော်သည် ဣသရေလလူမျိုးနွယ်ကဲ့သို့ ဂိုဏ်းဂနများစွာရှိသော်လည်း ဘုရားသခင်နှင့်သခင်ယေရှုခရစ် အောက်တွင် တလုံးတဝတည်းဖြစ်ကြ၏။

ဒါဝိတ်၏ပလ္လင်သည် ဣသရေလ ၁၂ မျိုးနွယ်စုပေါင်းစည်းပြီး ယေရုရှလင်မြို့မှစတင်ပြီးနောက် အဲဂုတ္တုပြည်မှ အာရှုရိပြည်ထိ ဒါဝိတ်နှင့်ရှောလမုန်တို့၏အင်ပါယာကို တိုးချဲ့ဖို့ရန် အတွက် အောင်နိုင်ခြင်းကိုမျှော်လင့်ကြ၏။ စစ်အင်အားပြိုင်မှုတွင် အဲဂုတ္တုပြည်သည် ယခုတွင် ဣသရေလ လက်အောက်၌ရောက်နေ၏။ အီသီယိုးပီးယားနိုင်ငံသည် “မိမိလက်တို့ကို ဘုရားသခင်ထံ တော်သို့ အလျင်အမြန်ဆန့်ရလိမ့်မည်” (ဆာလံ ၆၈း၃၁b)။

အခန်းငယ် ၁၈ သည် တိုက်ပွဲပြီးဆုံးပြီးနောက် ဇိအုန်တောင်ပေါ်၌ရှိသည့် မိမိပလ္လင်တော်သို့ ရှင်ဘုရင်သည်အောင်ပွဲဖြင့် ပြန်လာခြင်းကို ဖော်ပြ၏။ ရှင်ဘုရင်သည် ထိုအောင်ပွဲနှင့် ပြန်လာရာတွင် ရန်သူတစ်ချို့တို့ကို အရှင်ဖမ်းလာပြီး မိမိလူတို့အား ဖျက်ဆီးစေ၏။ ဤအချက်ကို တမန်တော်ပေါလုသည် ဧဖက် ၄း၇-၁၂ ၌ အသင်းတော်အား တည်ဆောက်စရာဖြစ်စေဖို့ရန် ဝိညာဉ်ဆုကျေးဇူးပေးအပ်ခြင်း၌အသုံးပြုခဲ့သည်။ အသင်းတော်သည် ခရစ်တော်အတွက် တိုက်ပွဲဝင်နေရသူ၊ စစ်သည်တော်များဖြစ်ကြသည်။ အထက်၌ခရစ်တော်နှင့်အတူ ရှိပြီးသော အသင်းတော်တို့မှာ အောင်နိုင်သောအသင်းတော်ဖြစ်၏။

**ဆင်ခြင်ရန်** - (ဆာလံ ၆၈း၁ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - (ဆာလံ ၆၈း၁၉ ကိုအသုံးပြုလော့)။

*"အကျွန်ုပ်၏အသက်တာကို ကယ်တင်သောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏"*

## ဂေသရေမန်ကိုမမေ့မည်အကြောင်း... ကာရာနီသို့လမ်းပြတော်မူပါ

NIV ကျမ်းစာက ဒါဝိတ်၏ကျမ်းရေးသူဖြစ်ခြင်းကို အခန်းငယ်တစ်ခန်းတည်းဖြင့် ဖယ်ထားခဲ့၏ (ဆာလံ ၆၉း၃၅)။ ထိုအရာက "ယုဒပြည်ကိုအုပ်စိုးသောဒါဝိတ်၏နောက်ပိုင်းသားတော်ကို ရည်ညွှန်းထားသည် (ဆာလံ ၆၉း၃၅)။ ထိုရှင်ဘုရင်သည် ဟေဇကိမင်းဖြစ်နိုင်၏ (၄ ရာ ၁၈-၂၀၊ ၆ ရာ ၂၉-၃၂)။" ဤအချက်ကိုအသုံးပြုပြီး NIV ဘာသာပြန်သူတို့က သန့်ရှင်းသောကျမ်းစာ (KJV) ကိုဆန့်ကျင်ကြ၏။

ဤဆာလံကျမ်းတွင် ဒါဝိတ်သည် မိမိ၏ဗွက်အိုင်ထဲမှအခြားသော အတွေ့အကြုံကို ဖော်ပြခဲ့သည်။ သူ၏စိတ်ဝိညာဉ်သည် ဝမ်းနည်းခြင်းရေလှိုင်းဖြင့် လွှမ်းမိုးထားခြင်းခံခဲ့ရပြီး၊ ပါးစပ်ကျင်းထဲသို့ မြုံချခြင်းကိုခံရ၏ (ဆာလံ ၆၉း၅၊ ၂၊ ၁၄၊ ၁၅)။ သူ့အားအငန်းမရစားသောက်သော ရွံ့ဗွက်သည် သူ၏ရန်သူတို့ကြောင့် တိုက်ခိုက်ခြင်းခံရခြင်းကို ရည်ညွှန်းသည်။

မိမိခံရခြင်း၌ မိမိအပြစ်ကြောင့်ဟုတ်မဟုတ်သေချာစေရန်အတွက် မိမိကိုယ်ကို နှိမ့်ချ လျက် ဘုရားသခင်ထံ ဝန်ချမတောင်းပန်ရသေးသော၊ အပြစ်ရှိမရှိ မိမိစိတ်နှလုံးကို ဆန်းစစ်တော် မူ၏ (ဆာလံ ၆၉း၅)။ ဤအချက်သည် ကျွန်ုပ်တို့ဒုက္ခကြုံသောအခါ အတုယူရမည့်မှန်ကန်သော သဘောထားဖြစ်သည်။ ဤကိစ္စတွင် ကျွန်ုပ်တို့၏စိတ်နှလုံးသည် အပြစ်ကင်းစင်နေသော်လည်း အချို့သောအပြစ်ကိုကျူးလွန်ကောင်းကျူးလွန်နိုင်ကြသည်မဟုတ်လော။

ဒါဝိတ်၏ဆင်းရဲဒုက္ခခံရခြင်းတွင် သာ၍လေးနက်သောရည်ရွယ်ချက်ရှိတော်မူခဲ့သည်။ ဤဆင်းရဲဒုက္ခခံခြင်းကို အသုံးပြုခြင်းဖြင့် ဘုရားသခင်သည် မိမိ၌သာ၍ကြီးမြတ်သော သားတော်သခင်ယေရှုခံရမည့်အချက်ကို ကြိုတင်ဟောကြားခဲ့သည်။ ဆာလံ ၂၂ ကလွဲ၍ ဤဆာလံထက် ခရစ်တော်၏ ဒုက္ခဆင်းရဲခံရခြင်းကို ကိုးကားဖော်ပြသောဆာလံကျမ်းမရှိပါ။ Scofield က မှတ်ချက်ပြုခဲ့သည်မှာ "ဤဆာလံကိုဓမ္မသစ်ကျမ်းစာ၌ကိုးကားရာတွင် ခရစ်တော်၏နှိမ့်ချခံရခြင်းနှင့် ငြင်းပယ်ခံရခြင်းတို့ကို ရည်ညွှန်းပြီး ဟောကိန်းထုတ်ခဲ့သည်" (အငယ် ၄၊ ၇၊ ၈၊ ၁၀-၁၂)။ အငယ် ၁၄-၂၀ က ဂေသရေမန်ဥယျာဉ်၌ပြုသောအရာတို့ကို ဖော်ညွှန်းနိုင်၏ (မသဲ ၂၆း၃၆-၄၅)။ အငယ် ၂၁ က လက်ဝါးကားတိုင်ကိုတိုက်ရိုက်ရည်ညွှန်း၏ (မသဲ ၂၇း၃၄၊ ၄၈။ ယော ၁၉း၂၈)။ ကျိန်ခြင်းနှင့်ဆိုင်သောအခန်းငယ် ၂၂-၂၈ တို့သည် ဣသရေလတို့၏တရားဥပဒေတို့၌ မျက်စိကန်းခြင်းနှင့် (ရော ၁၁း၉-၁၀) ဆက်စပ်ပြီး၊ အငယ် ၂၅ သည် မိမိ၏အပြစ်ကိုဝေငှသည့် သစ္စာဖောက်ယုဒရှကာရုတ်ကို အထူးရည်ညွှန်းထားသည် (တမန် ၁း၂၀)။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ယုံကြည်ခြင်းကြောင့် ကျွန်တော်သည် "ကိုယ်ညီအစ်ကိုတို့တွင် သူစိမ်းဖြစ်ခဲ့ပါ" သလား . . . "တမိတည်းသော ပေါက်ဖော်တို့တွင် တစ်ကျွန်းတစ်နိုင်ငံသားဖြစ်ခဲ့ပါ" သလား (ဆာလံ ၆၉း၈)။
**ဆုတောင်းချက်** - (ဆာလံ ၆၉း၁ ကိုအသုံးပြုလော့)။

**ဆာလံ ၇၀**

မသဲ ၁၁း၂၈-၃၀ *"ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏"*

## ကယ်တင်ရှင် အကျွန်ုပ်ဆုတောင်းသံကို နားညောင်းတော်မူပါ

Fanny J. Crosby (၁၈၂၀-၁၉၁၅) စပ်ဆိုထားသော၊ "ကယ်တင်ရှင်လွန်မသွားပါနှင့်" ဟူသောသီချင်း၏ ထပ်ဆိုရန်အပိုဒ် ပထမစာကြောင်းဖြစ်သည့် "ကယ်တင်ရှင်၊ အကျွန်ုပ်ဆုတောင်းသံကို နားညောင်းတော်မူပါ" ဟူသော စာကြောင်းသည် ဆာလံ ၃၈ ကဲ့သို့ ဤဆာလံအတွက် သင့်တော်သောခေါင်းစဉ်ဖြစ်ပါသည်။ "ယေရှု၊ ယေရှု ကျွန်ုပ်ခေါ်ပါ၏" ဟူသောစကားသည် မျက်မမြင် Bartimaeus ၏ စိတ်ခံစားမှုဖြင့် ပိတ်လှောင်ခြင်းခံရပုံဖော်ပြခြင်းနှင့် တူညီပြီး၊ ဒါဝိဒ်၏ တဆစ်ဆစ်နာကျင်မှုကို ရောင်ပြန်ဟပ်စေသည်။ စစချင်းတွင် "အိုဘုရားသခင်. . ." ဟူသော စကားလုံးသည် ဘုရားသခင်အား ဒါဝိဒ်၏ အရေးပေါ်တောင်းလျှောက်အသနားခံခြင်းကိုပြသည်။ လူတစ်ဦးသည် အန္တရာယ်ကြုံတွေ့ချိန်တွင် တံခါးကိုခေါက်၍ "ကယ်ပါ" ဟုအော်ဟစ်အကူညီတောင်းခြင်းနှင့်တူ၏။

ဤဆာလံကို ဆာလံ ၄၀ နှင့်နှိုင်းယှဉ်လျှင် ဆာလံ ၄၀း၁၃-၁၇ နှင့် တစ်ထေရာတည်း ဖြစ်ခြင်းကို သင်မြင်တွေ့ရမည်။ ထို့ပြင် ဤဆာလံ ၇၀ သည် ဆာလံ ၄၀ မှနှိုက်ယူထားခြင်းဖြစ်၏။ အကြောင်းမှာ ဆာလံ ၄၀ သည်အလွန်ရှည်လျားသည်ဟု ယူဆရသောအချိန်၌ ဤဆာလံ ၇၀ ကို အသုံးပြုဖို့ရန်ဖြစ်သည်။ ဥပမာအနေဖြင့် Dr. John Sung ၏ သီချင်းများသည် သူ၏ကိုယ်ပိုင် မဟုတ်ဘဲ အခြားရှည်လျားသောသီချင်းတို့မှ ကောက်နုတ်ထားခြင်းဖြစ်သည်။ ထို့ပြင် အချို့ကို သူ၏ရည်ရွယ်ချက်နှင့်ညီစေရန် ပြောင်းလဲထား၏။ "ယေရှုကားတိုင်သို့ ကျွန်ုပ်ကိုနီးစေပါ" ဟူသော ထပ်ဆိုရန်အပိုဒ်သည် Revivalist များအရ ဤသို့ဖြစ်၏-

ကားတိုင်တော်၊ ကားတိုင်တော်. . .<br>
အကျွန်ုပ်အပြစ်အပေါင်းတို့သည် ယေရှု၏အသွေးတော်၌<br>
ဆေးကြောခြင်းခံရပါပြီ

ဆာလံ ၇၀ သည် ဆာလံ ၆၉ ၏ဆွဲပြားဖြစ်၏။ ဆာလံ ၇၁ နှင့်သင့်လျော်သော စကားချီး အဖြစ် လေ့လာထားသည်။ ဤဆာလံသည် ဆာလံ ၄၀ ၌ဖော်ပြထားသော အသနားခံတောင်း လျှောက်ခြင်းနှင့် ခြားနားချက်ရှိသည် (ဆာလံ ၇၀း၁၊ ၄၀း၁၃)။ ကျွန်ုပ်တို့သည် သူ့ထံသို့တောင်း လျှောက်သောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးတဆစ်ဆစ်နာကျင်သော နှလုံးသား တို့ကို သိတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို လျှင်မြန်စွာနားထောင် တော်မူ၏။

**ဆင်ခြင်ရန်** - "ကိုယ်တော်သည်အကျွန်ုပ်ကိုမစသောသူ၊ ကယ်တင်သောသူဖြစ်တော်မူ၏" (ဆာလံ ၇၀း၅b)။

**ဆုတောင်းချက်** - (ဆာလံ ၇၀း၁ ကိုအသုံးပြုလော့)။

**ဆာလံ ၇၁**

ယာ ၄း၁၃-၁၇ *ယေရှုအတွက်နေ့စဉ်အသက်ရှင်ပါလော့*

# အသက် ၇၀ လူပျို

ဤဆာလံသည် ဒါဝိတ်ရေးသားခြင်းဖြစ်သည်။ Septuagint (ဟေဗြဲကျမ်းစာကို ဂရိဘာသာဖြင့် ပြန်ဆိုထားသောကျမ်း) က ဒါဝိတ်ရေးခြင်းကိုမှတ်ချက်ချသည်။

ဘုရားသခင်၏ကယ်တင်ခြင်းအတွက် အသနားခံခြင်းနှင့် မိမိ၏ရန်သူတို့လက်မှ ကွယ်ကာခြင်းသည် ဒါဝိတ်၏စိတ်ဆန္ဒဖြစ်သည်။ ဤဆာလံသည် အမိဝမ်းထဲမှ သင်္ချိုင်းထဲသို့ရောက်ရသည့် မိမိ၏ရုန်းကန်မှုတို့ကို ဤဆာလံကပြောဆိုခြင်းဖြစ်သည်။

သူ၏အရိုးအဆစ်တို့တဂွီဂွီမြည်၍ ကြွက်သားတို့လျော့ရဲသောအချိန်၊ သွားများကျွတ်၍ မျက်စိမှုန်သောအရွယ်လွန်အချိန်တွင် ကြီးမြတ်သောဣသရေလရှင်ဘုရင်သည်လည်း သတ္တဝါအားလုံး သွားရာလမ်းသို့သွားရမည်။ အလွန်ပင်ပန်း၍ စိတ်ပျက်စရာပန်းချီကားချပ်ပါတကား။ အသက်ကြီးသောသူတို့၏အိမ်သို့သွားလည်လော့။ သို့ဖြင့် ကြောက်စရာကောင်းသော သင်၏နေ့ရက်ရောက်လာမည်။ ဒါဝိတ်သည် ရှင်ဘုရင်ဖြစ်သောအခါ အသက် ၃၀ မှစတင်ခဲ့ခြင်းမဟုတ်ပါ။ သူ့ဖခင်၏ သိုးကျောင်းသားဘဝ အသက် ၁၅ နှစ်အရွယ်မှစတင်ခဲ့၏။ ဝက်ဝံနှင့်ခြင်္သေ့တို့၏ တိုက်ခိုက်ခြင်းဖြင့် သူ၏ရင့်ကျက်သော လူပျိုဘဝကို မြည်းစမ်းခဲ့သည်။ သူ၏လုပ်သက်ကာလကိုတွက်ချက်လျှင် ၅၅ နှစ်ခန့်ကြာမြင့်ခဲ့သည်။ ကျွန်ုပ်တို့ကြား၌ အဘယ်သူသည် ထိုကဲ့သို့သော နှစ်ရှည်လုပ်ငန်းလုပ်သူရှိသနည်း။

စင်္ကာပူနိုင်ငံတွင် ပင်စင်ယူချိန်သည် ၆၂ နှစ်ဖြစ်ပြီး အမေရိကန်နိုင်ငံတွင် ၆၆ နှစ်ဖြစ်သည်။ ထိုကဲ့သို့နှစ်ရှည်လုပ်ဆောင်သူများအနေဖြင့် တစ်ကြိမ်တစ်ခါမျှ စိတ်သောကမကြုံဖူးသူရှိမည်လော။ ဘဝကို အသက်အားဖြင့် တိုင်းတာရန်မဟုတ်ဘဲ အောင်မြင်မှုအားဖြင့် တိုင်းတာရမည်ဖြစ်သည်။ သခင်ယေရှုသည် အသက် ၃၃ နှစ်တွင်အသေခံခဲ့၏။ သို့သော် ထိုတိုတောင်းသောအချိန်၌ သူ့ဆောင်ရွက်မှုသည် အခြားသူတို့အတွက် နှစ်ပေါင်း ၁၀၀ ခန့်အချိန်ယူရသည်။ ဒါဝိတ်အတွက်မှာမူ သိုးကျောင်းသားအဖြစ်မှ ရှင်ဘုရင်အဖြစ်သို့ ဘုရားသခင်ခန့်တော်မူခဲ့သည်။ ဘုရားသခင်၏အစေကိုခံ၍ မိမိအသက်နှင့်မညီ၊ သန်မာသောသူမှာ ကာလက်ပင်ဖြစ်သည်။ "ဣသရေလအမျိုးသည် တော၌လှည့်လည်စဉ်အခါ ထာဝရဘုရားသည် ထိုသို့မောရှေအားမိန့်တော်မူသောနေ့မှစ၍ ယခုတိုင်အောင် အမိန့်တော်ရှိသည်အတိုင်း အနှစ်လေးဆယ်ငါးနှစ်ပတ်လုံး အကျွန်ုပ်အသက်ကို ရှင်စေတော်မူသဖြင့် ယနေ့မှာအကျွန်ုပ်သည် အသက်ရှစ်ဆယ်ငါးနှစ်ရှိပါပြီ။ သို့ရာတွင် မောရှေစေလွှတ်သောနေ့၌ခွန်အားရှိသကဲ့သို့ ယနေ့၌ရှိပါ၏။ ထိုအခါ ထွက်ဝင်ခြင်းအမှု၊ စစ်တိုက်ခြင်းအမှုကို ဆောင်ရွက်ခြင်းငှါ တတ်စွမ်းနိုင်သကဲ့သို့ ယခုလည်းတတ်စွမ်းနိုင်ပါ၏"(ယောရှု ၁၄း၁၀-၁၁)။

**ဆင်ခြင်ရန်** - (ဆာလံ ၇၁း၁၈ ကိုဖတ်လော့)။
**ဆုတောင်းချက်** - (ဆာလံ ၇၁း၂၀ ကိုအသုံးပြုလော့)။

**ဆာလံ ၇၂**
ဂလ ၃း၁၆

*"အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းကို အကျွန်ုပ်အားပြသသွန်သင်တော်မူပါ"*

# "ရှင်ဘုရင်၏အသက်ရာကျော်ရှည်ပါစေ"

ဟေဗြဲစကားဝှက်အရ ဤဆာလံသည် ရှောလမုန်မင်းကြီးက မိမိကိုယ်တိုင်အတွက် ရေးသားထားခြင်းဖြစ်နိုင်၏။ ရှောလမုန်မင်းကြီးရေးသားထားသည်ဟု Spurgeon ယုံကြည်၏။

ဤဆာလံကို Alexander ကဤသို့ဖြင့် ခွဲခြားထား၏။ ၎င်းတို့မှာ -

(၁) ဖြောင့်မတ်သော (အငယ် ၁-၇)၊

(၂) ကမ္ဘာတစ်ဝှမ်းနှင့်ဆိုင်သော (အငယ် ၈-၁၁)

(၃) ကောင်းမှုပြုတတ်သော (အငယ်၁၂-၁၄)

(၄) မရပ်မနားသော (အငယ်၁၅-၁၇)

ဤအချက်များ၌ ကောင်းကြီးပေးခြင်း (အငယ် ၁၈-၁၉) နှင့် အဆုံးသတ်မှတ်ချက် (အငယ် ၂၀) များကို ထပ်ထည့်ထားပါသည်။

ဤဆာလံသည် ရှောလမုန်မင်းကြီးက ပညာရှိ၍တရားမျှတသော ရှင်ဘုရင်ဖြစ်ဖို့ စိတ်အားထက်သန်မှုကို ပေါ်လွင်စေ၏။ အိပ်မက်၌ ဘုရားသခင်ရွေးချယ်စေသောအရာမှ ပညာနှင့်ယှဉ်သော ရှောလမုန်မင်းကြီး၏ရွေးချယ်မှုအကြောင်းကို ၁ ရာ ၃း၅-၁၅၊ ၆ ရာ ၁း၇-၁၂ တွင်တွေ့ရပါသည်။ Charles Hodge က သူ၏စာအုပ် (၁၈၇၁) ၌ဖော်ပြရာတွင် "ဤဆာလံ ၇၂ တွင် ရှင်ဘုရင်ကို ချီးမြှောက်ခြင်းနှင့် သူအုပ်စိုးခြင်း၏ ကောင်းချီးမင်္ဂလာအကြောင်း ပါဝင်၏။ ဤကျမ်းရေးသူတွင် ဘုရားသခင်ပါဝင်ကြောင်းကို ဤကောင်းကြီးကတိတော်က သက်သေထူ၏။

(၁) သူ၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။

(၂) တစ်ကမ္ဘာလုံးနှင့်ဆိုင်၏

(၃) ဘုရားသခင်နှင့် လုံးလုံးငြိမ်းချမ်းရေးရစေ၍ လူတို့တွင် ကောင်းသောဆန္ဒရှိ၏။

(၄) ချစ်ခြင်းမေတ္တာတော်အားဖြင့် သူ့ထံသို့ ဆက်ကပ်ဖို့ရန် လူတိုင်းအားခေါ်ဆောင်၏။

(၅) သူ့အားဖြင့် မြေပေါ်၌ရှိသော လူအားလုံးကောင်းကြီးမင်္ဂလာခံရမည်။ ဂလာတိ ၃း၁၆ တွင် ကျွန်ုပ်တို့ကို သွန်သင်ထား၏။ သူ့အားဖြင့် ဤလောကသို့ ကယ်တင်ခြင်းမင်္ဂလာရောက်လာမည်။ ထို့ကြောင့် ဤဆာလံ၏ သင်ခန်းစာမှာ "ဤလောက၏ကယ်တင်ရှင်ဖြစ်၏"။

ကြည့်ရှုလော့။ ရှောလမုန်ထက်ကြီးမြတ်သောသူသည် ဤနေရာ၌ရှိ၏။ "အကြောင်းမူကား၊ ငါတို့အဘို့သူငယ်ကို ဘွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာ စက်ရှိလိမ့်မည်။ နာမတော်မူကား၊ အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံတော်မူလိမ့်မည်။ ဒါဝိတ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍ နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ် တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် အလိုတော်အားကြီး၍၊ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်" (ဟေရှာ ၉း၆-၇)။

**ဆင်ခြင်ရန်** - (ဆာလံ ၇၂း၁၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၇၂း၁၈ ကိုအသုံးပြုလော့)။

**ဆာလံ ၇၃**

မာ ၁၀း၂၄-၂၅ *ကောင်းချီးမင်္ဂလာများကိုရေတွက်ပါ*

# ဆိုးယုတ်သောသူ၏ချမ်းသာခြင်းသည်အဘယ်မျှလောက်ကြာမည်နည်း

ဆာလံ ၇၃ နှင့် ၃၇ တို့သည် အကြောင်းအရာအားဖြင့် အံ့သြစရာကောင်းစွာ တူညီနေကြ၏။ ထို့ကြောင့် ဆာလံ ၃၇ ၌ဖော်ပြထားသော အကြောင်းအရာများကို ဆာလံ ၇၃ တွင် အခြားရှုထောင့်အမြင်အားဖြင့် ဖော်ပြခဲ့ပါသည်။ ဤဆာလံ၏အဓိကရည်ရွယ်ချက်မှာ ဆိုးယုတ်သောသူတို့၏ ချမ်းသာကြွယ်ဝမှု နှင့် ဘုရားကိုကြောက်ရွံ့သူ၏ဝေဒနာခံစားရခြင်းဖြစ်သည်။ ဤအချက်ကို ယောဘ၏သူငယ်ချင်းများ မကျော်လွှားနိုင်သည့် ဆူးညောင့်ခလုတ်ဖြစ်သည်။

ကျမ်းရေးသူသည် စိတ်နှလုံးဖြူစင်သူ့ကသရေလတို့နှင့် ဘုရားသခင်အဘယ်သို့ စတင်ရပ်တည်ခဲ့ကြောင်းကို ဖော်ပြသည်- "အကျွန်ုပ်ခွန်အားသည် လူဆယ်ယောက်အားကဲ့သို့ဖြစ်၏။ အကြောင်းမူကား ကျွန်ုပ်စိတ်နှလုံးသည် စင်ကြယ်၏။" ဤအချက်ကို ရှင်ဘုရင်ဒါဝိတ်မိန့်ဆိုခဲ့ခြင်းဖြစ်နိုင်၏။

သို့သော်ကျမ်းရေးသူက သူသည်မတရားသောသူနှင့် လူမိုက်တို့ကိုပင် မနာလိုဖြစ်ခဲ့ကြောင်း ဝန်ခံခဲ့၏ (ဆာလံ ၇၃း၃)။ သူ၏ခြေလှမ်းတို့သည် ချော်နေ၏။ မတရားသောသူတို့၏ အကျင့်စာရိတ္တနှင့်ချမ်းသာကြွယ်ဝမှုတို့နှင့်ပတ်သက်၍၊ သူဖော်ပြချက်တို့သည် မှန်ကန်နေ၏ (ဆာလံ ၇၃း၄-၁၂)။ ပြူးထွက်နေသော သူ၏မျက်စိ၊ မာနနှင့်အစွမ်းကြောင့် ကိုယ်ကိုကိုယ် အထင်ကြီးသောသူတို့သည် ဘုရားသခင်အားမမြင်ကြပါ (ဆာလံ ၇၃း၁၁)၊ လူတို့ကိုလည်း မမြင်ကြပါ (ဆာ ၇၃း၈)။

ကျမ်းရေးသူက သူသည်မိမိ၏စီရင်ဆုံးဖြတ်ခြင်းဖြင့် မတရားသောသူတို့၏ ချမ်းသာကြွယ်ဝခြင်းကို ကြည့်ရှုခဲ့သည့်အတိုင်း အငယ် ၁၃ နှင့် ၁၆ တို့တွင် မိမိ၏ဘေးကျပ်နံကျပ်အနေအထားကို ပြောဆို၏။ သူသည် အလွန်စိတ်ရှုပ်ကြောင်းထင်ရှား၏။ ထိုနည်းတူ ကျွန်ုပ်တို့၏ဉာဏ်ပညာဖြင့် သူတပါးအားတရားစီရင်ဖို့ရန် ကြိုးစားကြလျှင် ကျွန်ုပ်တို့လည်းထိုသို့ကြုံတွေ့ရမည်ဖြစ်သည်။

သူသည်ဗိမာန်တော်သို့ဝတ်ပြုဖို့ရန် ဝင်ရောက်သောအခါ အရာဝတ္ထုအပေါ် သူ၏အမြင်သည် ပြောင်းလဲခဲ့ကြောင်း အငယ် ၁၇ တွင်မြင်တွေ့ရသည်။ အသင်းတော်သို့ ကျွန်ုပ်တို့သည်လာ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာသောအခါ ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားသခင်အား ဆန့်ကျင်နေကြောင်းကို မြင်ရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်မပါဘဲ "သင့်ထက်ပိုသန့်ရှင်းမှု" ကို ခံယူနိုင်သော်လည်း၊ ဘုရားသခင်၏အလင်းတန်းအောက်သို့ ရောက်သောအခါ၊ ကျွန်ုပ်တို့သည် လုံးဝ မသန့်ရှင်းသူဖြစ်ကြ၏။

ဘုရားသခင်၏ထာဝရဖြစ်ခြင်း၌ လူသည်အိပ်မက်ကဲ့သို့ ခဏတွင် ကွယ်ပျောက်သွားသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် မတရားသောသူတို့အား အလွန်ချောသောလမ်းသို့ လွှင့်ပစ်ခြင်းခံရသောသူတို့ကဲ့သို့ မြင်တွေ့ကြ၏။ သူတို့အပေါ် သို့ ဖျက်ဆီးခြင်းချက်ချင်းရောက်လာတတ်၏။ မတရားသောသူတို့အပေါ် ဘုရားသခင်၏တရားသဖြင့် စီရင်ခြင်း၌ ဆာလံဆရာက မိမိ၏မိုက်မဲမှုတို့ကို နားလည်သဘောပေါက်လေ့ရှိသည် (ယောဘ ၁၈း၁)။ ထို့ကြောင့်ကျွန်ုပ်တို့သည် အပြစ်လုပ်သူများဖြစ်သောကြောင့် မိမိကိုယ်တိုင်သောကရောက်နေကြသလား (ဆာလံ ၃၇း၁)။ မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဤလောက၌ မတရားသောသူတို့သည် ချမ်းသာတတ်ကြ၏ (ဆာလံ ၇၃း၁၂)။
**ဆုတောင်းချက်** - (ဆာလံ ၇၃း၂၅ ကိုအသုံးပြုလော့)။

သောကြာနေ့၊ စက်တင်ဘာ (၁၄)

**ဆာလံ ၇၄**

ဗျာဒိတ် ၆း၉-၁၁ *"ထာဝရအတွက် တစ်ကြိမ်ကယ်တင်ခြင်း"*

## ညှင်းပန်းနှိပ်စက်ခြင်းခံရသော အသင်းတော်၏အော်သံ

ဘုရားသခင်၏ အိမ်တော်အား မီးလောင်တိုက်ခြင်းဖြင့်၎င်း၊ တူ၊ လှံ တို့ဖြင့်၎င်း ဆန့်ကျင်တိုက်ခိုက်သော ဣသရေလတို့၏ ရန်သူတို့ကား အဘယ်သူတို့နည်း။ ဆာလံဆရာသည် အာရှုရိဘုရင်သေနာခရိမ် (သို့) Maccabean ကို ရည်ညွှန်းကြောင်းမှာ ဆုံးဖြတ်ရန်ခက်၏။ ဘုရားသခင်၏ အိမ်တော်ဖျက်ဆီးခံရပြီးနောက် ပုရောဖက်တို့သည် အရပ်ရပ်သို့ပျံ့နှံ့၍ ဘုရားသခင်၏လူစုတို့သည် ထိန်းကျောင်းမည့်သူ တစ်ယောက်မှမရှိခဲ့ကြပါ။ သို့သော် ပို၍သိမ်မွေ့ပြီး သေစေသည့်ဘုရားသခင်၏ လူတို့ကို တိုက်ခိုက်မှုမှာ အသင်းတော်အတွင်းသို့ မှားယွင်းသောအယူဝါဒ (သို့) သွန်သင်မှုနှင့် ယုံကြည်ခြင်းကို စွန့်ပယ်ခြင်းတို့ဖြစ်သည်။

အမြဲတမ်း ဖိနှိပ်ခြင်းနှင့် အမြဲတိုက်ပွဲဆင်နွှဲနေရသော အသင်းတော်၏ရုပ်ပန်းချီကားချပ်ပါတကား။ ဤဆာလံက ဟစ်တလာလက်အောက်၌ လူမျိုးတုံးသတ်ဖြတ်ခံရသည့်ယုဒလူတို့၏ ဆင်းရဲဝေဒနာကို ထင်ဟပ်စေလိမ့်မည်။ အထူးသဖြင့် Mao မင်းလက်ထက်က တရုတ်ပြည်မ၌ရှိသော အသင်းတော်သည် ဤဆာလံအားစံထားနိုင်၏။ သို့သော် ဤဆာလံသည် ဘုရားသခင်၏ ရန်သူတို့၏ ရက်စက်ကြမ်းကြုတ်ခြင်းမျှသာ ဖော်ပြခြင်းမဟုတ်ပါ။ ဖိနှိပ်ခံရသောအခါ ဘုရားသခင်စီရင်ခြင်းပေးဖို့ရန် အော်ဟစ်ခြင်းကိုလည်း ဖော်ပြ၏။ ဖိနှိပ်သူအား တရားစီရင်မည့်နေ့ကို ကြွေကြော်သည့်အထိ ကောင်းကင်ဘုံ၌ရှိသောဝိညာဉ်တို့က "သူတို့ကလည်း သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကို သွန်းကြသော အပြစ်နှင့် အလျောက် ဒဏ်မပေးဘဲ အဘယ်မျှလောက်ကာလပတ်လုံး နေတော်မူမည်နည်းဟု ကြီးသောအသံနှင့်ကြွေးကြော်ကြ၏" (ဗျာ ၆း၁၀) ဟူ၍ အော်ဟစ်ကြလိမ့်မည်။

ဆာလံဆရာသည် ဘုရားသခင်၏နေရာတိုင်း၌ရှိခြင်းနှင့် အရာခပ်သိမ်းတတ်နိုင်ခြင်းအကြောင်းကို ကျွန်ုပ်တို့ဆင်ခြင်ရန် ညွှန်ပြ၏။ ဖန်ဆင်းသူသည် မိမိဖန်ဆင်းထားသော အရာတို့ကို အုပ်ချုပ်သောသူလည်းဖြစ်၏။ ဣသရေလကိုကယ်တင်ဖို့ရန် ဂျော်ဒန်မြစ်ကိုပင် အံ့ဖွယ်ဝမ်းမြောက်စေသောသူဖြစ်၏။ စင်စစ်၊ သူသည် ဣသရေလကို ကယ်တင်ရန် သူတို့ဘိုးဘွားတို့နှင့် ပဋိညာဉ်တရားကိုပြုခဲ့သောသူဖြစ်၏။ သူ၏ပဋိညာဉ်နှင့်ဆိုင်သော နာမမှာယေဟောဝါ (သို့) သခင်ဘုရားဖြစ်၏။ သူသည်သင်၏အမှုကို စီရင်လိုသောသူဖြစ်၏ (ဆာ ၇၄း၂၂)။ ကျွန်ုပ်တို့ကို သူကယ်တင်မည်လော။ အမှန်ကယ်တင်တော်မူမည်။ "အကယ်စင်စစ်ဘုရားသခင်သည် ရှေးကာလမှစ၍၊ ကယ်တင်တော်မူခြင်းကို မြေအလယ်၌ပြုသောငါတို့၏ရှင်ဘုရင်ဖြစ်တော်မူ၏" (ဆာလံ ၇၄း၁၂)။

အသင်းတော်သည် နိုင်ငံရေးကမောက်ကမဖြစ်ခြင်းကြောင့်၎င်း၊ လူမျိုးရေးပဋိပက္ခကြောင့်၎င်း၊ ဘာသာရေးညှင်းပန်းနှိပ်စက်ခြင်းကြောင့်၎င်း၊ ဒုက္ခဆင်းရဲကြုံတွေ့လျက် တုန်လှုပ်ခြင်းရှိနိုင်သော်လည်း ကျွန်တော်တို့သည် ဘုရားသခင်အုပ်စိုးလျက်ရှိ၍၊ မိမိ၏ဘုန်းတော်အတွက် အမှုပြုတော်မူကြောင်း လုံးဝသိမှတ်ရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အဆုံးတိုင်အောင် ကယ်တင်တော်မူလိမ့်မည်။ အာမင်။

**ဆင်ခြင်ရန်** - "သန့်ရှင်းရာဌာနတော်ကို မီးရှို့ကြပါ၏" (ဆာလံ ၇၄း၇)။
**ဆုတောင်းချက်** - (ဆာလံ ၇၄း၁၀ ကို အသုံးပြုလော့)။

စနေနေ့၊ စက်တင်ဘာ (၁၅)

**ဆာလံ ၇၅**

မသဲ ၆း၉-၁၀

*"အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းကို ကျွန်ုပ်အားသွန်သင်တော်မူပါ"*

## လူမျိုးအပေါင်း၏အမှုကိုစီရင်တော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့ကိုအသက်ရှင်ခွင့်ပေးတော်မူသေး၏

ဤဆာလံ ၇၅ တွင် အုပ်စုနှစ်က စကားပြောဆိုထားကြောင်း သင်မြင်တွေ့နိုင်၏။ ဤစကားတို့မှာ ဘုရားသခင်ကိုယ်တိုင်နှင့် သူ၏လူတို့ပြောဆိုသောစကားဖြစ်၏။ အခန်းငယ် ၁ တွင် လူတို့သည် ရန်သူတို့လက်မှ ဘုရားသခင်၏အံ့ဖွယ်ကင်တင်မှုပြုခြင်းကြောင့် ဘုရားသခင်အား ချီးမွမ်းကြခြင်းကို တွေ့ရ၏ (ဆာ ၇၅း၃)။ ဤကျေးဇူးချီးမွမ်းခြင်းသီချင်းမှာ အာရှုရိလူတို့ကြောင့်လည်း ဖြစ်နိုင်၏။ ဟေရှာယ ၃၆ နှင့် ၃၇ အား ဖတ်လော့။ ဤကျမ်းပိုဒ်တွင် တစ်ညအတွင်း၌ ဘုရားသခင်၏ ကောင်းကင်တမန်တို့အားဖြင့် အာရှုရိတပ်သား ၁၈၅၀၀၀ တို့ကို ဖျက်ဆီးခံရကြောင်း ဖော်ပြသည်။

အခန်းငယ် ၂ တွင် ဘုရားသခင်က သူသည် "မြေကြီးအားလုံးကို တရားစီရင်သူ" (ကမ္ဘာ ၁၈း၂၅) ဖြစ်ကြောင်း ဖော်ထုတ်၏။ Spurgeon က "ရှင်ဘုရင်အဝေးသို့ရောက်နေသောအခါ၊ ပုန်ကန်သောသူတို့သည် အာဏာရလာ၍ အရာရာတိုင်း ဖရိုဖရဲဖြစ်၍၊ အုပ်စိုးခြင်းအာဏာစက်သည် ဖယောင်းကဲ့သို့ အရည်ပျော်လေ့ရှိ၏။ သို့သော်လည်း ဘုရားသခင်သည် မှန်ကန်သောသူကို စောင့်ထိန်းကျွေးမွေးပြုစုတော်မူ၏။ ထို့ကြောင့် ကြောက်ရွံ့ရမည့်အကြောင်း တစ်စုံတစ်ရာမရှိပါ။ ဘုရားသခင်မစောင့်ထိန်းတော်မူသောအိမ်သည် မုန်တိုင်းကိုလည်းမကြောက်ပါ။ ဘုရားသခင်ပေါ်ထွန်းတော်မူသောအချိန်တွင် ပဋိညာဉ်ပြုတော်မူသောဘုရားသခင်သည် အကျွန်ုပ်တို့၏ယုံကြည်စိတ်ချခြင်းဖြစ်တော်မူလိမ့်မည်" ဟုဆိုခဲ့၏။

ဘုရားသခင်သည် မိုက်မဲသော ဖိနှိပ်သူတို့အား မိမိတို့မိုက်မဲခြင်း၌ ကျင်လည်ရန်နှင့် ဝါကြွားသောသူတို့အား တိတ်ဆိတ်စေရန် အမိန့်ပေးတော်မူ၏။ သူ၏စကားလုံးတို့သည် ညင်သာသော်လည်း အလွန်တန်ဖိုးကြီးသော ဘုရားဆုံးမခြင်းဖြစ်၏။

အခန်းငယ် ၆ မှ ၈ တွင် တိုင်းနိုင်ငံနှင့် အုပ်ချုပ်အာဏာတို့ထွက်ပေါ်ခြင်းနှင့် (ကျဆုံးခြင်း) နေဝင်ခြင်းတို့ကဲ့သို့ ဖြစ်ပေါ်နေသော အရားတိုင်း၌ သူတို့အလိုလိုဖြစ်ခဲ့ကြသည်မဟုတ်ဘဲ ဘုရားသခင်၏ တန်ခိုးလက်ရာတော်ကြောင့်သာ ဖြစ်ကြကြောင်းကို လူတို့ဖြေဆိုခဲ့ကြသည် (ဒံယေလ ၅း၂၀-၂၁)။ မင်းဆိုးမင်းညစ်တို့ အချိန်ကာလကုန်ဆုံးသောအခါ ဘုရားသခင်က မိမိ၏တရားစီရင်ခြင်းခွက်ဖလားကို ထိုမင်းတို့အား သောက်စေလိမ့်မည်။

အငယ် ၉ တွင် ယေဟောဝါအား ချီးမွမ်းခြင်းသီချင်းကို သီဆိုခြင်းဖြင့် ဖြောင့်မတ်သောသူတို့သည် နေကြရမည်အကြောင်းနှင့် အငယ် ၁၀ တွင် ဣသရေလကို ပြန်လည်ပြုပြင်ခြင်းအကြောင်းကို ဖော်ပြသည်။ ထိုပြုပြင်ခြင်း၌ တရားသဖြင့်စီရင်ခြင်းကို စီမံဆောင်ရွက်လိမ့်မည်။ ဖြောင့်မတ်၍ နှိမ့်ချသောသူတို့၏ ဦးချိုကိုချီးမြှောက်၍ မတရားသောသူတို့၏ ဦးချိုကိုကား ချိုးဖျက်တော်မူမည်။ လူမျိုးအပေါင်း၏အမှုကိုစီရင်တော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသက်ရှင်ခွင့်ပေးတော်မူသေး၏။

**ဆင်ခြင်ရန်** - (ဆာလံ ၇၅း၆-၇ ကို ဖတ်လော့)။

**ဆုတောင်းချက်** - (ဆာလံ ၇၅း၁ ကို အသုံးပြုလော့)။

**ဆာလံ ၇၆**

ရော ၈း၂၈-၃၀

*"အကြောင်းမူကား၊ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်ညီညွတ်၏. . . "*

## လူ၏အမျက်ဒေါသကို ဘုရားသခင်မည်သို့စီရင်သနည်း

ဆာလံ ၇၆ ၏သမိုင်းကြောင်းနောက်ခံသည် ဟေဇကိမင်းလက်ထက် ယေရုရှလင်ဝန်းရံခံရသောအချိန် ၄ ရာ ၁၉ ၌တွေ့ရပါသည်။ ရန်သူသည် ဣသရေလ၏ဘုရားသခင်ကို ကဲ့ရဲ့သော အာရှုရိမင်းသနာခရိပ်ဖြစ်၏။ ဟေရှာယအားဖြင့် ဘုရားသခင်က ယေရှုရှလင်သည် ကယ်နှုတ်ခံရမည်ဖြစ်ကြောင်း ဟေဇကိမင်းအား ကတိပေးတော်မူခဲ့၏။ "ထိုညဉ့်တွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတစ်သိန်းရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက်စောစောအချိန်ရောက်သောအခါ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏" (၄ ရာ ၁၉း၃၅)။

သေခြင်းနှင့်ဆိုင်သောကောင်းကင်တမန်သည် အတောင်တော်ကိုဖြန့်လျက်
ရန်သူများအပေါ်၌ လေကိုမှုတ်ထုတ်လျက် ထိုသူတို့သည် အသေကောင်ဖြစ်ကြ၏။
တစ်ချိန်ကလှုပ်ရှားလျက်ရှိသောသူတို့၏ စိတ်နှလုံးသည် ငြိမ်သက်လျက်ရှိပါ၏။

ထိုအရပ်၌ စစ်တိုက်မြင်းတို့သည် အသက်မရှူဘဲ လဲလျောင်းလျက်ရှိကြ၏။
သူတို့ပါးစပ်မှထွက်သော အမြှုပ်တို့သည် မြက်ခင်းပြင်ပေါ်၌ အဖြူရောင်သန်းနေကြပြီး၊
နှင်းပွင့်များကဲ့သို့ အေးခဲနေပါသည်။

မြင်းစီးသူတို့သည်လည်းထိုနေရာ၌ နှင်းဒဏ်ကြောင့် ဖြူဖတ်ဖြူရော်လဲလျောင်းနေကြပါသည်၊
တဲတို့သည်လည်း ငြိမ်သက်လျက်နေ၍ အလံသာ ထီးထီးကြီးရပ်လျက်၊ လှံတံတို့သည်
ကိုင်သောသူမရှိ၊ တံပိုးသည်လည်း မမှုတ်ဘဲနေလေ၏။
-- Lord Byron

ငြိမ်သက်ခြင်းဟုအဓိပ္ပာယ်ရသော Salem သည် ယေရုရှလင်၏နာမည်တစ်မျိုးဖြစ်ပါသည်။ အောင်နိုင်ခြင်းဖြင့် ဘုရားသခင်၏လူတို့သည် "သားရဲနေသောတောင်" (တစ်ပါးအမျိုးသားရန်သူများကိုဆိုလို၏) ၌ အောင်ပွဲခံကြ၏။ လူ၏မကောင်းသောအကြံအစည်မှ ကောင်းသောအမှုကို အစဉ်ပြုတော်မူသော ဘုရားသခင်သည် "လူသား၏အမျက်ဒေါသ" အားဖြင့် ချီးမွမ်းခြင်းခံလေ့ရှိ၏။ လူတို့၏မကောင်းသောအကြံအစည်တို့ကို မထမြောက်ခြင်းငှါ ဘုရားသခင်တားဆီးတော်မူ၏။ ကျွန်တော်တို့သည် အခက်အခဲဒုက္ခကြုံတွေ့၍ ကယ်နှုတ်ခြင်းခံရသောအခါ ပြုခဲ့သောကတိအတိုင်း ဆောင်ရွက်ခြင်းငှါ မမေ့လျော့သင့်ပါ။

**ဆင်ခြင်ရန်** - "အကယ်စင်စစ် လူတို့၏ဒေါသသည် ကိုယ်တော်ကိုချီးမွမ်းလိမ့်မည်။ ကြွင်းသော ဒေါသကိုလည်း ခါးပန်းစည်းတော်မူမည်" (ဆာလံ ၇၆း၁၀)။

**ဆုတောင်းချက်** - (ဆာလံ ၇၆း၁၁ ကိုအသုံးပြုပါ)။

တနင်္လာ၊ စက်တင်ဘာ (၁၇)
**ဆာလံ ၇၇**
မသဲ ၇း၇-၁၁

*"... ဘုရားသခင်ကို ချစ်သောသူတည်ဟူသော ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏..."*

## ခရစ်ယာန်သည် "သေချင်သည်" ဟုမပြောရ

အလွန်စိတ်ဓာတ်ကျနေသောအချိန်၌ ခရစ်ယာန်သည် မိမိအသက်ကိုသတ်သေခြင်းငှါ သွေးဆောင်ခြင်းခံရနိုင်ပါသည်။ အချို့သောသူသည် ထိုသို့ကြိုးစားကောင်းကြိုးစားနိုင်ပါ၏။ သို့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အချိန်မှီကယ်နှုတ်ခြင်းခံရတတ်ပါသည်။ မိမိကိုယ်ကိုသတ်သေမည့်အတွေး သင့်၌ရှိဖူးပါသလား။ မိမိကိုယ်ကိုအပေါ်ပြစ်မှားသော ထိုအပြစ်သည် အလွန်ဆိုးရွားလှပါ၏။ ပညတ်တော်ဆယ်ပါးမှ ခြောက်ချက်မြောက်သည်မိမိအတွက်လည်း အကျုံးဝင်၏။ တရုတ်အတွေးအခေါ်တွင် သင့်ခန္ဓာကိုယ်နာကျင်စေခြင်းသည် သင့်ခန္ဓာကိုယ်ကိုပေးသော သင့်မိဘအား နာကျင်စေခြင်းဖြစ်သည်ဟုဆိုကြ၏။ ဤသည်ကား သားသမီးကျင့်ဝတ်ဖောက်ဖျက်ရာရောက်၏။

အာသပ်စပ်ဆိုသော ဆာလံ ၇၇ သည် ဘုရားသခင်ထံအော်ဟစ်ခြင်းဖြစ်သောကြောင့် သင့်အခက်အခဲမှလွတ်မြောက်ခြင်းငှါ ဤဆာလံကကူညီပေးနိုင်ပါလိမ့်မည်။ ကျွန်တော်တို့သည် လောကီအရာတို့ကိုရှာဖွေခြင်း၌ စိတ်အားထက်သန်ခဲ့ကြသော်လည်း ဘုရားသခင်ကို ချဉ်းကပ်ခြင်းအမှု၌ အားနည်းတတ်ကြ၏။

ဤဆာလံအပိုဒ်ငယ် ၁-၃ ၌တွေ့ရသော အော်ဟစ်ဆုတောင်းခြင်းအတိုင်း ကျွန်တော်တို့ဘုရားသခင်ထံဆုတောင်းကြပါစို့။ အပိုဒ်ငယ် ၄-၉ ၌ ဆာလံဆရာ၏ ငိုကြွေးခြင်းနှင့်မြည်တမ်းခြင်းအသံကို ကျွန်တော်တို့နားစွင့်ကြပါစို့။ အပိုဒ်ငယ် ၁၀-၁၅ တွင် ဆာလံဆရာနှင့်အတူ ဘုရားသခင်အကြောင်းဆင်ခြင်တွေးတောကြပါစို့။ ဘုရားသခင်၏တန်ခိုးတော်နှင့်ဂရုဏာတော်ကို ဆင်ခြင်တွေးတောစဉ် ဘုရားသခင်ထံမှရှုပါရုံကဲ့သို့ မောရှေနှင့်အာရုန်အားဖြင့် မိမိလူတို့အား ပင်လယ်နီကိုဖြတ်ကျော်စေခြင်းအကြောင်း မြင်တွေ့ခဲ့၏။ "ထိုအချိန်၌ပြောစရာစကားမရှိသောသူကဲ့သို့ ချက်ချင်းဤဆာလံကို အဆုံးသတ်ခဲ့၏။ ဘုရားသခင်၏ဝိညာဉ်တော်သည် အဘယ်အချိန်၌ရပ်တန့်ရမည်အကြောင်း သိတော်မူ၏။ ရှည်ရှည်ဝေးဝေးပျင်းစရာကောင်းလောက်အောင် နိဂုံးချုပ်စကားပြောကြားခြင်းထက် ထိုသို့ပြုခြင်းသည် သာ၍ကောင်း၏" (Spurgeon)။

အဘယ့်ကြောင့်ခရစ်ယာန်သည် သေချင်သည်ဟုမပြောသင့်သနည်း။ ဘုရားသခင်ထံမှဝေးကွာသောအချိန်၌ ထိုသို့မိမိကိုယ်ကိုသတ်သေမည့်အကြောင်းကို မိုက်မဲစွာတွေးတတ်၏။ သို့သော်လည်း ဤဆာလံမှသင်ခန်းစာယူကြပါစို့။ ကျွန်တော်တို့အခက်အခဲနှင့်ကြုံတွေ့သောအခါ ကယ်တင်ရှင်ဘုရားသခင် အကျွန်ုပ်တို့၏အဘထံ အော်ဟစ်ဆုတောင်းကြပါစို့။ ဘုရားသခင်သည် ဣသရေလလူတို့ကို ကယ်နှုတ်တော်မူသကဲ့သို့ အကျွန်ုပ်တို့ကိုလည်း ကယ်နှုတ်တော်မူလိမ့်မည်။ ဖါရောနှင့်သကန္တာရ၏ရန်မှ ဣသရေလကိုကယ်နှုတ်တော်မူသကဲ့သို့ အကျွန်ုပ်တို့၏ဘိုးဘွားတို့ကိုလည်း များစွာသော အန္တရာယ်မှကယ်နှုတ်တော်မူခဲ့ပါသည်။ ခရစ်ယာန်သည် သေချင်သည်ဟုလုံးဝမပြောရပါ။

**ဆင်ခြင်ရန်** - "ထာဝရဘုရားသည် အစဉ်စွန့်ပစ်တော်မူမည်လော။ နောက်တစ်ဖန်ကျေးဇူးအလျှင်းမပြုဘဲ နေတော်မူမည်လော" (ဆာလံ ၇၇း၇)။
**ဆုတောင်းချက်** - (ဆာလံ ၇၇း၁ ကိုအသုံးပြုပါ)။

**ဆာလံ ၇၈**

၂ ပေ ၁း၁၈-၂၁

*“ယေရှုခရစ်သည် မနေ့၊ ယနေ့၊
နောင်ကာလအစဉ်အမြဲမပြောင်းမလဲနေတော်မူ၏”*

## သမိုင်းကြောင်းသိခြင်း၏ အရေးပါမှု

ဆာလံ ၇၈း၁-၈ သည် အကျွန်ုပ်တို့နှင့် သားစဉ်မြေးဆက်များအတွက် အကျွန်ုပ်တို့အခြေခံအရင်းအမြစ်သိခြင်း၏ အရေးပါမှုကိုဖော်ပြသော နိဒါန်းဖြစ်ပါသည်။ မောရှေက ဣသရေလလူတို့အား မိမိသားသမီးတို့ကို သမိုင်းအကြောင်း၊ အထူးသဖြင့် အဲဂုတ္တုပြည်မှသူတို့ထွက်ခွာခြင်းအကြောင်းကို သင်ပေးခြင်းငှါ တရားဟောရာကျမ်းထဲတွင် မိန့်တော်မူခဲ့၏ (တရား ၈း၁-၅)။

ယနေ့အသင်းတော်ထဲ၌ တစ်ကမ္ဘာ၊ တစ်ဘာသာလှုပ်ရှားမှု (the Ecumenical Movement) ဖြစ်သော မယုံကြည်ခြင်း၊ ရောနှောခြင်းနှင့် ဆန့်ကျင်ခြင်းရေလှိုင်းဝင်ရောက်လျက်ရှိ၏။ ဤလှုပ်ရှားမှုကို the World Council of Churches က ဦးဆောင်၍ များစွာသော ပရိုတက်စတင့်အသင်းတော်များပါဝင်ကြပြီး၊ ရော်မန် ကာသိုလစ်အသင်းတော်နှင့်လည်းအလွန်ရင်းနှီးခြင်းရှိ၏။ ထင်ရှားသောပုဂ္ဂိုလ် Archbishop of Canterbury နှင့် Billy Graham တို့သည်လည်း ပုပ်ရဟန်းမင်းကြီးနှင့်တကွ ဤတစ်ကမ္ဘာ၊ တစ်ဘာ သာလှုပ်ရှားမှု၌ပါဝင်ကြ၏။ အဘယ့်ကြောင့် ပရိုတက်စတင့်အသင်းတော်သည် ရောမမြို့သို့ ယနေ့ပြန်သွားလိုပါသနည်း။ အဘယ်ကြောင့် နိုင်ငံရေး၌ စာတန်နှင့်အတူ ကစားလိုပါသနည်း။ Shelton ကောလိပ်၏ဥက္ကဋ္ဌဖြစ်ခဲ့ဖူးသော Dr Clyde Kennedy က “ပရိုတက်စတင့်များရောမသို့ယနေ့ပြန်သွားကြခြင်း၏ အကြောင်းရင်းသည် သူတို့၏သမိုင်းကြောင်းကို မသိကြသောကြောင့်ဖြစ်ပါသည်” ဟုဆိုခဲ့၏။ ထို့ကြောင့် ကျွန်ုပ်တို့၏သမိုင်းကြောင်းအရင်းအမြစ်သိခြင်း၏အရေးပါမှုကို ဖော်ပြသောဤဆာလံကို အကြိမ်ကြိမ်ဖတ်ကြပါစို့။ ဆာလံသီချင်းအားဖြင့် သမ္မာတရားဝေငှါခြင်း၏ အစွမ်းထက်မှုကို မောရှေကလည်း မောရှေ၏သီချင်းဟုခေါ်သော တရားဟောရာကျမ်း ၃၂ ကိုရေးသားခြင်းဖြင့် ဖော်ပြခဲ့ပါသည်။

ဣသရေလ၏လွတ်မြောက်ခြင်းအကြောင်းသည် စာဖတ်သူအများစုနှင့်ရင်းနှီးပါသည်။ ဆာလံ ၇၈း၅၈ က တရားသူကြီးများလက်ထက်အကြောင်းကို ဖော်ပြခဲ့၏။ အပိုဒ်ငယ် ၆၀ မှ ၆၄ တွင် နောက်ဆုံးတရားသူကြီးဖြစ်သော ဧလိနှင့်သူ၏ဆိုးသွမ်းသောသားနှစ်ဦးကိုတွေ့ရ၏။ ဧဖရိမ်တောင်ရှိ ရှိလောမြို့၌ ယောရှုလက်အောက်တည်ထားသောတဲတော်သည် ဖိလိတ္တိလူတို့က ပဋိညာဉ်သေတ္တာတော်ကို သိမ်းယူသောကြောင့် ငြိမ်သက်ခဲ့ရ၏ (၁ ရာ ၄)။ အဘယ်အသင်းတော်မှ မိမိ၏လက်ရှိကျရှုံးခြင်းကို လွန်ခဲ့သောအောင်မြင်မှုအားဖြင့် ကြွားဝါခြင်းမပြုနိုင်ပါ။ ဘုရားသခင်သည် ထိုအသင်းတော်ကို ပျက်စီးခြင်းသို့ရောက်စေပါလိမ့်မည်။

**ဆင်ခြင်ရန်** - (ဆာလံ ၇၈း၄ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်ပြုသောအမှုကို အောက်မေ့လျက် ကိုယ်တော်၏ ပညတ်တရားများကို လိုက်လျှောက်မည်အကြောင်း၊ မစတော်မူပါ။

ဗုဒ္ဓဟူး၊ စက်တင်ဘာ (၁၉)
**ဆာလံ ၇၉**
ဖိလေ ၄း၆-၇

*“. . . ဘုရားသခင်သည် ကြောက်ရွံ့သောစိတ်နှင့် ပညတ်တော်တို့ကို၊ စောင့်ရကြမည်. . . ”*

## ကျဆုံးသောယေရှုရှလင်

ဆာလံ ၇၈ ၌တွေ့ရသော ယေရုရှလင်မြို့၌ဖြစ်ပျက်သောအကြောင်းအရာသည် ယေရုရှလင်ကျဆုံးချိန်၌ ဖြစ်ပျက်သောအရာဖြစ်သောကြောင့် ဤဆာလံနှင့်အာသပ် (ဒါဝိတ်လက်ထက်၌နေထိုင်သောသူ) ၏ဆက်နွယ်မှုသည် သူ၏မျိုးဆက်များအားဖြင့်သာဖြစ်နိုင်ပါသည်။ Spurgeon က ဤဆာလံကို ယေရမိရေးသားခြင်းဖြစ်မည်ဟု ထင်မှတ်၏။ ဤဆာလံကို ယေရမိရေးသည်ဖြစ်စေ၊ မရေးသည်ဖြစ်စေ ယေရမိသည် စစ်ပွဲအတွေ့အကြုံများစွာရှိကြောင်း ယေရမိမြည်တမ်းစကား၌တွေ့ရ၏။ ကျွန်တော်တို့သည် ငြိမ်းချမ်းခြင်းရှိသောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်လျက် စစ်ဘေးဒုက္ခသည်များ လွတ်မြောက်ခြင်းအတွက် ဆုတောင်းကြရပါမည်။

ဤဆာလံက တပါးအမျိုးသားလက်ထဲသို့ ယေရုရှလင်ကျဆုံးခြင်းအကြောင်းကို အတိုချုံးဖော်ပြထားပါသည်။ ဗိမာန်တော်ညစ်ညမ်းစေခြင်းအမှုနှင့် မြို့တော်ဖျက်စီးခံရခြင်းအကြောင်း ဖော်ပြခဲ့၏။ ဤသန့်ရှင်းသောမြို့တော်ပို၍ညစ်ညမ်းစေသောအမှုဟူမူကား၊ မင်းသားနှင့်ယဇ်ပုရောဟိတ်တို့၏ အလောင်းများကို သင်္ဂြိုဟ်ခြင်းမရှိခြင်းဖြစ်ပါသည်။ ထိုအလောင်းတို့သည် လင်းတနှင့်သားရဲတို့အတွက် ပွဲတော်တည်ခင်းပေးကြ၏။ အဘယ်ကြောင့် ရွှေယေရုရှလင်သည် ကျဆုံးသော ယေရုရှလင်အဖြစ်သို့ရောက်ခဲ့ပါသနည်း။ ဤသည်ကား မောရှေကြိုတင်ဟောထားသည်အတိုင်း လူသားအပေါင်း၏ လမ်းစဉ်ဖြစ်ပါသည်။ “ယနေ့ငါဆင့်ဆိုသော သင်၏ဘုရားသခင်ထာဝရဘုရား စီရင်ထုံးဖွဲ့တော်မူချက်အလုံးစုံတို့ကို ကျင့်ဆောင်ခြင်းငှါ၊ စကားတော်ကိုနားမထောင်လျှင် သင့်အပေါ်မှာ သက်ရောက်လတ္တံ့သော ကျိန်ခြင်းအမင်္ဂလာများဟူမူကား၊ သင်သည်မြို့၌ အမင်္ဂလာရှိလိမ့်မည်။ တော၌အမင်္ဂလာရှိလိမ့်မည်. . . မိမိအိမ်ထဲသို့ဝင်သောအခါ အမင်္ဂလာရှိလိမ့်မည်။ ပြင်သို့ထွက်သောအခါ အမင်္ဂလာရှိလိမ့်မည်” (တရား ၂၈း၁၅-၁၉)။

ဤဆာလံနှင့်မောရှေ၏ကြိုတင်ဟောပြောချက်၌ နှစ်ပေါင်းနှစ်ထောင်အတွင်း ယုဒလူတို့ကြုံတွေ့ရသော ဝမ်းနည်းစရာအဖြစ်အပျက်နှင့် ဒုတိယကမ္ဘာစစ်အတွင်း ခြောက်သန်းသော ယုဒလူတို့အပေါ် ဟစ်တလာပြုမူခြင်းအကြောင်း၏အဖြေကို ကျွန်တော်တို့တွေ့နိုင်ပါသည်။ ဤသည်ကား သူတို့၏မေရှိယဖြစ်သောယေရှုကိုငြင်းပယ်၍ခရစ်တော်၏သွေးကြွေးကို မိမိတို့နှင့်သားစဉ်မြေးဆက်အပေါ် ကျရောက်ခြင်းငှါ ကျိန်ဆိုကြသောကြောင့်ဖြစ်၏။

**ဆင်ခြင်ရန်** - “. . . သန့်ရှင်းသောဗိမာန်တော်ကိုညစ်ညူးစေ၍ ယေရုရှလင်မြို့ကို ဖြိုဖျက်ကြပါပြီ” (ဆာလံ ၇၉း၁)။

**ဆုတောင်းချက်** - “သို့ဖြစ်၍ ကိုယ်တော်ထံ၌ကျက်စားသော သိုးစုတည်းဟူသော ကိုယ်တော်၏လူ အကျွန်ုပ်တို့သည် ကိုယ်တော်ကိုအစဉ်မပြတ် ချီးမွမ်းပါမည် (ဆာလံ ၇၉း၁၃)။

ကြာသပတေး၊ စက်တင်ဘာ (၂၀)

**ဆာလံ ၈၀**

ရော ၁၅း၄-၆

*"ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဥာဏ်ကိုအမှီမပြုနှင့်"*

---

## မီးရှို့ခြင်းခံရသောစပျစ်နွယ်ပင်သီချင်း

ရှောလမုန်၏ဘုန်းကြီးသောအုပ်စိုးခြင်းအဆုံးတွင် ပျက်စီးခြင်းနှင့်လမ်းလွဲခြင်းဝင်ရောက်လာခဲ့၏။ ထို့ကြောင့် နိုင်ငံတော်သည် နှစ်ခြမ်းကွဲလေ၏။ ဣသရေလအမျိုးဆယ်မျိုးသည် မြောက်ဘက်၌ ယေရောဗောင်နောက်သို့လိုက်၍၊ ကျန်နှစ်မျိုးသည် တောင်ဘက်၌ရှောလမုန်၏သား ရောဗောင်နောက်သို့လိုက်ကြ၏။ ဧဖရိမ်နှင့်မနာရှေသည် ယောသပ်၏သားများဖြစ်ကြပြီး၊ အငယ် ဧဖရိမ်သည် မြောက်ဘက်အမျိုး၏အကြီးအကဲဖြစ်လာခဲ့၏။ တောင်ပိုင်းတွင် ယုဒကမိမိလက်အောက်၌ ရှိမောင်ကိုသိမ်းသွင်းခဲ့၏။ ဗယ်္ာမိန်အမျိုးတစ်ဝက်သည် မြောက်ပိုင်း၌ကျရောက်၍ ကျန်တစ်ဝက်သည် တောင်ပိုင်း၌ကျရောက်၏။

မြောက်ပိုင်းနိုင်ငံသည် အင်အားကြီးသောအာရှုရိ၏ တိုက်ခိုက်ခြင်းကို ယခုခံရ၏။ မစခြင်းအကြောင်း ဘုရားသခင်ထံတောင်းလျှောက်ခြင်းအားဖြင့် ဆာလံဆရာသည် ဤမီးရှို့ခြင်းခံရသော စပျစ်နွယ်ပင်သီချင်းကို စပ်ဆိုခြင်းဖြစ်ပါသည်။ စပျစ်နွယ်ပင်နှင့် သင်္ဘောသဖန်းပင်တို့သည် ဣသရေလကို ကိုယ်စားပြု၍အသုံးပြုသော အပင်နှစ်မျိုးဖြစ်ပါသည်။ ဟေရှာယက ဤပုံဆောင်ခြင်းကို ဟေရှာယ ၅း၁-၇ ထဲတွင် အသုံးပြုခဲ့၏။ နောက်ဆုံးအပိုဒ်ငယ် ၇ တွင် ဟေရှာယက စပျစ်ဥယျာဉ်သည် ဣသရေလ၏အိမ်တော်ဟူ၍၎င်း၊ စပျစ်နွယ်ပင်ကို ယုဒလူများဟူ၍၎င်း ဆိုခဲ့ပါသည်။ ဤအပင်၏ကြီးထွားမှုနှင့် အကိုင်းအခက်တို့သည် ဤကမ္ဘာမြေကို လွှမ်းမိုးကြောင်း ဖော်ပြခဲ့၏။ ထို့နောက် ခြံစည်းရိုးချိုးဖျက်ခံရ၍ သားရဲတို့က ထိုစပျစ်ပင်ကိုဖျက်ဆီးလျက် မီးရှို့ခြင်းခံရခဲ့ပါသည်။ ထို့နောက် ကယ်တင်ခြင်းအမှုအတွက် ဘုရားသခင်ထံတောင်းလျှောက်ခြင်းနှင့် ဘုရားသခင်ထံသူတို့ကို ပြန်လည်ဦးဆောင်နိုင်သော ရဲရင့်သောသူပေါ်ထွန်းခြင်းငှါ၊ တောင်းလျှောက်ခဲ့ကြ၏။

ဤမီးရှို့ခံရသောစပျစ်နွယ်ပင်သီချင်းသည် ခရစ်ယာန်တိုင်းပြည်တိုင်းအတွက် အကျုံးဝင်ပါသည်။ ဗြိတိသျှကဤကမ္ဘာတစ်ခုလုံးကိုတစ်ချိန်က အုပ်စိုးခဲ့၏။ အသင်းတော်ပြုပြင်ပြောင်းလဲခြင်းဖြစ်ပွားပြီးနောက် နှစ်ပေါင်း ၄၀၀ တွင် အင်္ဂလန်သည် ပရိုတက်စတင့်ဖြစ်လာပြီး လူတို့၏အပြစ်များကို ဆန့်ကျင်လျက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောသော ဘုရားသခင်၏လူများပေါ်ထွန်းခဲ့ပါသည်။ ဘုရားသခင်သည် ဂရိတ်ဗြိတိန်ကို ကောင်းကြီးပေး၍ Wycliffe, Knox, Tyndale, Cranmer, Latimer, Ridley နှင့် Puritan များဖြစ်သော John Bunyan, Wesley, Whitefield, Spurgeon, William Burns စသည့် သစ္စာရှိသောပုဂ္ဂိုလ်များပေါ်ထွက်စေခဲ့၏။

၁၉ ရာစုသို့ရောက်သောအခါ သမ္မာကျမ်းစာကို သံသယဝင်သောလူတို့က ခေတ်သစ်ဝါဒီနှင့် သမ္မာကျမ်းစာငြင်းပယ်ခြင်းတို့ကို သွန်သင်ကြသောကြောင့် ထိုအင်ပါယာသည် ကျဆုံးစပြုလာ၏။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိန်သည် မိမိပိုင်ဆိုင်ခဲ့သော ကမ္ဘာ့ဦးဆောင်မှုကို US ထံ ဆက်သခဲ့ရ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၈၀း၆ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၈၀း၃ ကိုအသုံးပြုပါ)။

သောကြာ၊ စက်တင်ဘာ (၂၁)
**ဆာလံ ၈၁**
ယော ၆း၃၇

*“. . . သင်တို့ရှိသမျှသည်လည်း နောင်တ မရလျှင် ပျက်စီးခြင်းသို့ ရောက်ကြ လိမ့်မည်ဟုငါဆို၏”*

## သမိုင်းကြောင်းနှင့်ဆိုင်သောဆာလံ

ဤအာသပ်၏ဆာလံက ဘိုးဘွားတို့၏ယုံကြည်ခြင်းမှ လမ်းလွဲနေသော ယနေ့မျိုးဆက်တို့အား ဆုံးမခြင်းငှါ ဣသရေလ၏သမိုင်းကြောင်း ဘုရားသခင်ပြုတော်မူသော အံ့သြဖွယ်အမှုတို့ကို ပြန်၍ဖော်ပြခဲ့ပါသည်။ သမိုင်းကြောင်းမှ သင်ခန်းစာမယူလျှင် ထိုသမိုင်းသည် ထပ်၍ဖြစ်ပွားပါလိမ့်မည်။ ထို့ကြောင့် သမ္မာကျမ်းစာ၌ ယုံကြည်ခြင်း၏သူရဲကောင်းများဖြစ်သော မောရှေ၊ ရှမွေလနှင့် ဒံယေလတို့ပြုသောအမှုကို ကျွန်ုပ်တို့အတွက် ဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်းသမိုင်းကြောင်း သင်ယူခြင်းဘာသာရပ်သည် ယနေ့အသင်းတော် မေ့လျော့နေသော ဘာသာဖြစ်ပါ၏။

ဆာလံဆရာက ဣသရေလခေါင်းဆောင်တို့အား ဘုရားသခင်၏လူတို့ကို “ပွဲသဘင်နေ့” ပသခါပွဲတော်ကျင်းပခြင်းငှါ နှိုးဆော်ကြရန် တိုက်တွန်းခဲ့၏။ ထိုသို့သော ထူးခြားသော အချိန် သာမယရောက်သောအခါ ချိုးမွမ်းသီချင်းများဖြင့် ဂုဏ်တော်ချီးမွမ်းခြင်းငှါ ကျွန်တော်တို့ပြင်ဆင် သင့်ပါသည်။ ယနေ့တွင် ဤသွန်သင်ချက်ကို အလွန်အကျွံလက်ခံကျင့်သုံးသော အဖွဲ့နှစ်ဖွဲ့ ရှိပါသည်။ ဝိညာဉ်ဆုကျေးဇူးကိုအလွန်အကျွံ ယုံကြည်ကျင့်သုံးသောသူတို့သည် လောကီဆန် သောတူရိယာများနှင့် ဇာတိသဘောအလိုကျသော ဂီတအမျိုးအစားတို့ကို သုံးစွဲခြင်းဖြင့် တစ်ဖက်စွန်းရောက်ခဲ့ကြ၏။ ထိုနည်းတူ Hyper-Reformed တို့သည်တူရိယာမပါဘဲ ဆာလံသီဆိုခြင်း ကိုသာ လက်ခံ၍ အဘယ်တူရိယာမျှ လက်မခံကြပါ။

ဤဆာလံ၏ပထမပိုင်းတွင် အဲဂုတ္တုအပေါ် ယောသပ်၏အုပ်စိုးခြင်းကို ဖော်ပြခဲ့၏။ သို့သော်လည်း ယောသပ်ခေတ်ကုန်ဆုံးသောအခါ ဣသရေလသည် အဲဂုတ္တုလူတို့၏ကျွန်ဘဝသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားသခင်သည် အဲဂုတ္တုပြည်မှသူတို့ကို ကယ်နှုတ်၍တောလမ်းအတိုင်း ခေါ်ဆောင်ခဲ့၏။ မေရိဘစမ်းရေသည် မောရှေကကျောက်ကိုရိုက်၍ ရေထွက်သောနေရာ ရေဖိဒိမ်နားရှိ သိနာတောင်ဝန်းကျင်၌ရှိ၏ (ထွက် ၁၇း၇၊ တောလည် ၂၀း၁၃၊ ၂၄၊ ၂၇း၁၄)။

“ရန်ဖြစ်ခြင်း” ဟုအဓိပ္ပာယ်ရှိသော မေရိဘအကြောင်းဖော်ပြခြင်းသည် လက်ရှိဣသရေလအမျိုးတို့ကို ဆန့်ကျင်၍အသုံးပြုခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် ဘုရားသခင်၏စကားကိုနာမခံသောအခါ အဘယ်အကျိုးဖြစ်ပေါ်သနည်း။ “ငါသည်လည်းထိုသူတို့ကို သူတို့နှလုံးခိုင်မာခြင်း၌အပ်၍ သူတို့သည်မိမိတို့အလိုသို့ လိုက်ကြ၏” (ဆာလံ ၈၁း၁၂)။ သို့သော်လည်းဘုရားသခင်သည် နောင်တရသောသူအား ကျေးဇူးပြုတော်မူ၏။ ဣသရေလထံ အာသပ်ပြောသောစကားသည် ယနေ့အသင်းတော်ထံပြောနေခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - “သင်၌တပါးအမျိုး၏ဘုရားမရှိရ။ တစ်ကျွန်းတစ်နိုင်ငံဘုရားကို မကိုးကွယ်ရ” (ဆာလံ ၈၁း၉)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဆာလံ ၈၁း၇ ၌ဖော်ပြထားသော ကိုယ်တော်၏ကယ်နှုတ်ခြင်း ကတိတော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**ဆာလံ ၈၂**

ဂလ ၆း၇-၁၀

*“မျက်နှာကိုသာကြည့်၍ မစီရင်ကြနှင့်။ တရားသဖြင့်စီရင်ကြလော့ဟု မိန့်တော်မူ၏”*

## တရားစီရင်ခြင်းနှင့်ဆိုင်သောဆာလံ

ကွန်ဖူးရှပ်က “အုပ်စိုးသောသူသည် သိက္ခာသမာဓိနှင့် အုပ်စိုးပါစေ” ဟုဆိုခဲ့၏။ ဒါဝိတ်က “လူတို့ကိုအုပ်စိုးသောသူသည် တရားသဖြင့်စီရင်၍ ဘုရားသခင်ကိုကြောက်ရွံ့လျက် အုပ်စိုးရမည်” (၂ ရာ ၂၃း၃) ဟုဆိုခဲ့၏။ တရားသူကြီးတို့သည် “မတရားသောသူတို့၏မျက်နှာကိုထောက်၍ မတရားသဖြင့်စီရင်ကြ” သောအခါ သူတို့သည် တံစိုးစားကြသောကြောင့် ထိုသို့ပြုခြင်းဖြစ်ပါသည်။

အာသပ်သည် တရားရုံး၌မတရားမှုပေါများစွာ တွေ့ရသောကြောင့် ထိုသူတို့၏ ဆိုးညစ်မှုကို ဆုံးမခြင်းငှါ ဤဆာလံကိုရေးသားခြင်းဖြစ်ပါသည်။ တရားသူကြီးတို့အား သူတို့၏ရာထူးကြီးမားမှုကို အသိပေးခဲ့၏။ သူတို့ကို “ဘုရားတို့” ဟုခေါ်ခဲ့ပါသည်။ ဤဟေဗြဲစကားလုံးသည် အနန္တတန်ခိုးရှင်ဘုရားသခင်ရည်ညွှန်းသောအခါ၌လည်း အသုံးပြုသောစကားလုံးဖြစ်၏။ သူတို့သည် ဤလောက၌ ဘုရားသခင်၏ကိုယ်စား ဖြစ်ကြပါသည်။ The Westminster Confession က “ဘုရားသခင်သည် အစိုးရကို မိမိအောက်၌၎င်း၊ လူတို့၏အပေါ်၌၎င်း မိမိဘုန်းတော်ထင်ရှားဖို့ရန်နှင့် ပြည်သူတို့၏ ကောင်းကျိုးအတွက် ... ကောင်းသောလူတို့ကို ကာကွယ်ခွန်အားပေးရန်နှင့် မကောင်းမှုပြုသော သူတို့ကို ပြစ်ဒဏ်ပေးရန် တာဝန်ပေးတော်မူခဲ့၏” ဟုဖော်ပြထားပါသည်။

တရားသူကြီး၏ စီရင်ချက်သည် ချိန်ခွင်ကဲ့သို့ ငါးဆယ်-ငါးဆယ် တရားမျှတမှုရှိရပါမည်။ အထူးသဖြင့် အကူအညီမဲ့နေသော မုဆိုးမ၊ မိဘမဲ့၊ ဆင်းရဲသားနှင့် ညှင်းဆဲခံရသောသူ၏အမှု၌ တရားသဖြင့် စီရင်ပေးရပါမည်။ သူတို့သည် နှစ်သိမ့်ခြင်းကိုလိုအပ်သောသူများဖြစ်၏။ ဆိုးယုတ်သောသူများ၏ ဖိနှိပ်ခြင်းမှ ကယ်တင်ခြင်းငှါ ဥပဒေ၏အာဏာကို အသုံးပြုရပါမည်။ သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ ထိုသူတို့ကို ကယ်တင်မည့်တရားသူကြီးတို့သည် ငွေကြေး၏သွေးဆောင်ခြင်းကြောင့် အသိဉာဏ်ပျောက်ဆုံး၍ အလင်းပေးမည့်သူဖြစ်ကြသော်လည်း အမှောင်ထဲ၌ စမ်းတဝါးဝါးလျှောက်သွားကြ၏ (ဆာလံ ၈၂း၅)။

အာသပ်ကို ပရောဖက်မိက္ခာက ဤသို့သဘောတူခဲ့၏- “မင်းတို့သည် လက်ဆောင်ကိုရခြင်းငှါသာ တရားမှုကိုစီရင်တတ်ကြ၏။ ယဇ်ပုရောဟိတ်တို့သည် အခကိုရခြင်းငှါသာ သင်ပေးတတ်ကြ၏။ ပရောဖက်တို့သည် ငွေကိုရခြင်းငှါသာ အနာဂတ်ကို ဟောတတ်ကြ၏” (မိက္ခာ ၃း၁၁)။ သင်းအုပ်ဆရာ၊ တရားဟောဆရာနှင့် အသင်းတော်၌ အာဏာရှိသောအသင်းတော်ခေါင်းဆောင်များ သတိပြုကြလော့။ ကျွန်တော်တို့သည် အသင်းသူအသင်းသားများအပေါ် ဖြောင့်မတ်မှန်ကန်စွာ စီရင်ခြင်းပြုကြပါသလား။

**ဆင်ခြင်ရန်** - “ဘုရားသခင်သည် ဘုရားတို့၏ပရိသတ်၌ ရပ်လျက်နေတော်မူ၍ ဘုရားတို့အလယ်၌စီရင်တော်မူ၏” (ဆာလံ ၈၂း၁)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ဖြောင့်မတ်မှန်ကန်ခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

တနင်္ဂနွေ၊ စက်တင်ဘာ (၂၃)

**ဆာလံ ၈၃**

မသဲ ၆း၁၃ *“ငါ့နောက်သို့လိုက်လော့”*

# မျိုးချစ်စိတ်နှင့်ဆိုင်သောဆာလံ

နိုင်ငံသားတိုင်းသည် မိမိမွေးဖွားရာမြေ၊ မိမိနိုင်ငံကို ချစ်ရပါမည်။ ဗြိတိသျှတို့သည် မိမိနိုင်ငံကို အမိမြေဟုခေါ်ပြီး၊ ဂျာမန်လူမျိုးတို့က အဖမြေဟုခေါ်ကြသည်။ မိမိနိုင်ငံကို ကာကွယ်ဖို့ရန် စစ်တပ်ရှိရပါမည်။ စစ်ပွဲကာလတွင် စစ်တိုက်ဖို့ရန် ဖိတ်ခေါ်ခြင်းခံရသောအခါ ကျွန်တော်တို့အသင့်ရှိရပါမည်။

အာသပ်က ဤဆာလံတွင် ဣသရေလလူမျိုးအတွက် မျိုးချစ်စိတ်အကြောင်းကို ရေးသားခဲ့ပါသည်။ ဘုရားသခင်ရွေးနှုတ်တော်မူသော ဣသရေလအမျိုးသည် ဤလောကီကမ္ဘာအတွက် ဘုရားသခင်၏သက်သေဖြစ်၍ တပါးအမျိုးသားတို့အတွက် အလင်းဖြစ်ပါသည်။ မိမိအနီးအနား၌ရှိသော တပါးအမျိုးသားအပေါင်းတို့သည် မိမိကိုတိုက်ခိုက်ခြင်းငှါ စုရုံးကြသောအခါ အလင်း၏သားများတို့သည် ထိုအမှောင်စွမ်းအားကို တိုက်ခိုက်ခြင်းငှါ မိမိကိုယ်ကိုကြိုးစားနှိုးဆော်ကြရပါမည်။

ဤဆာလံ၏သမိုင်းနောက်ခံအကြောင်းသည် ရှင်ဘုရင်ယောရှဖတ်လက်ထက်၊ အာမုန်၊ မောဘနှင့် ဧဒုံ၏တိုက်ခိုက်ခြင်းခံရသောအချိန်ဖြစ်မည်ဟု ထင်ရပါသည် (၆ ရာ ၂၀)။ ယောရှဖတ်သည် လူ၏အကူအညီထက် ဘုရားသခင်၏မစတော်မူခြင်းကို ရှာဖွေသောအခါ ဘုရားသခင်သည် မစတော်မူခဲ့၏။ ဘုရားသခင်က ထိုညွှန့်ပေါင်းစစ်တပ်အကြား၌ ရှုပ်ထွေးခြင်းရောက်စေခဲ့ပြီး၊ အချင်းချင်းတိုက်ခိုက်ခဲ့ကြ၏။ ဤသည်ကား၊ ပြည်တွင်းစစ်ပြင်းထန်သောအချိန်၌ လေဗနုန်တွင် အာရပ်စစ်တပ်အကြား၌ ပေါ်ပေါက်ခဲ့သော အချင်းချင်းတိုက်ခိုက်ခြင်းကို အမှတ်ရစေပါသည်။

အသက်တာ၌သင်ခန်းစာယူခြင်းအားဖြင့် ယေရှုခရစ်တော်၏စစ်မှန်သောအသင်းတော်သည် အသင်းတော်လောက၌ ရန်သူတို့၏ ဝန်းရံခြင်းခံလေ့ရှိပါသည်။ The World Council of Churches ၏ တစ်ကမ္ဘာ၊ တစ်ဘာသာလှုပ်ရှားမှုသည် ရောမနှင့်ပူးပေါင်းခြင်းနှင့်အတူ စစ်မှန်သောအသင်းတော်အား နှောင့်ယှက်နေပါ၏။ သို့သော်လည်း စစ်မှန်သောအသင်းတော်သည် မစခြင်းနှင့် ခွန်အားအတွက် မိမိ၏ဘုန်းကြီးသောဘုရားသခင်ကို အစဉ်ချဉ်းကပ်ရပါမည်။

**ဆင်ခြင်ရန်** - “ထာဝရဘုရားဟူ၍ နာမတော်ရှိသောကိုယ်တော်တပါးတည်းသာလျှင်၊ မြေကြီးတပြင်လုံးအပေါ်မှာ အမြင့်ဆုံးသောဘုရားဖြစ်တော်မူ၏” (ဆာလံ ၈၃း၁၈)။

**ဆုတောင်းချက်** - (ဆာလံ ၈၃း၁-၂ ကိုအသုံးပြုပါ)။

တနင်္လာ၊ စက်တင်ဘာ (၂၄)
**ဆာလံ ၈၄**
၁ ပေ ၂း၉-၁၀

*". . . ငါတို့တွင် အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှါ အလိုရှိတော်ရှိ၍၊. . ."*

## "ဇိအုန်၊ လှပသောဇိအုန်သို့ ကျွန်တော်တို့ချီတက်နေပါ၏"

Robert Lowry (၁၈၂၆-၉၉) က Isaac Watt စပ်ဆိုသော "ထာဝရဘုရားကို ချစ်သောသူများ လာကြလော့" ဟူသည့် ဝတ်ပြုကိုးကွယ်ခြင်းသီချင်း၏ ထပ်ဆိုရန်အပိုဒ်၌ ပေါင်းထည့်ထားသော ပထမစာကြောင်းကို ဤဆာလံ၏ခေါင်းစဉ်အတွက် ကိုးကားထားခြင်းဖြစ်ပါသည်။ ကောရ၏သားများသည် ဗိမာန်တော်၌ သံစုံသီချင်းဆိုခြင်းငှါ ဒါဝိတ်ခန့်အပ်ခြင်းခံရသော လေဝိသံစုံအဖွဲ့ဖြစ်ကြ၏။

ဤဆာလံ၌ရေးသားသောပုဂ္ဂိုလ် ဖော်ပြထားခြင်းမရှိသော်လည်း ဘုရားသခင်အတွက် အိမ်တော်ဆောက်ခြင်းငှါ အလွန်ဆန္ဒရှိသောဒါဝိတ်၏စိတ်သဘောကို ဤဆာလံကဖော်ပြလျက်ရှိပါသည်။

ဗိမာန်တော်သို့ ဘုရားဖူးသွားခြင်းသည် ယုဒလူမျိုးတို့၏ မြတ်သောလက္ခဏာဖြစ်ပါသည်။ မိသားစုတို့သည် အတူတကွခရီးသွားကြပြီး၊ ထိုသို့သွားနေစဉ် တဖြည်းဖြည်းလူအုပ်စုသည် များများလာ၏။ အတူတကွစခန်းချကြပြီး၊ လမ်းတစ်လျှောက်အတူတကွသီချင်းဆိုကြလျက် တောင်တန်းချိုင့်ဝှမ်းတစ်လျှောက် အတူတူဖြတ်ကျော်ကြရင်း၊ မေ့ဖျောက်၍မရသော အမှတ်တရများသိမ်းဆည်းခဲ့ကြ၏။

ယခုခေတ်အခြေအနေဖြင့်ကြည့်လျှင် ဤဆာလံသည် ဘုရားကျောင်းမရှိသော အခြားနိုင်ငံ၌ အလုပ်လုပ်သောခရစ်ယာန်မိသားစုဘဝကို ဖော်ညွှန်းပါ၏။ ထိုသို့သောအမှုကို အချို့သောမွတ်စလင်နိုင်ငံများ၌ တွေ့ရပါသည်။ ထိုသူတို့အတွက် တစ်ခုတည်းသော ဝတ်ပြုကိုးကွယ်ခြင်းအခွင့်အလမ်းသည် ထိုနိုင်ငံရှိ ခရစ်ယာန်နိုင်ငံ၏သံရုံး၌ ကိုးကွယ်ခြင်းသာလျှင်ဖြစ်ပါသည်။ ထိုသူသည် မိမိ မိခင်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ခြင်း၊ ယုံကြည်သူညီအစ်ကိုမောင်နှမများနှင့် မိဿဟာယဖွဲ့ခြင်းတို့ကို အလွန်တောင့်တခြင်းရှိပါလိမ့်မည်။ ဘုရားသခင်၏အိမ်တော်သည် လူတိုင်းအတွက် ဖွင့်ထားလျက်ရှိပါ၏။ စာကလေးနှင့်ငှက်တို့ပင်လျှင် ဘုရားသခင်အိမ်တော်၌နေစရာရှိကြ၏။ မယုံကြည်သောသူများသည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောခြင်းကို ကြားနာခြင်းငှါ ဘုရားသခင်၏အိမ်တော်၌ ဝင်ထိုင်ရသောအခွင့်ရှိပါသည်။ သို့သော်လည်း ဘုရားသခင်၏သားသမီးများ ဘုရားသခင်၏အိမ်တော်၌နေထိုင်ရသောအခွင့်သည် ပို၍မင်္ဂလာရှိပါ၏။

**ဆင်ခြင်ရန်** - "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ ကိုယ်တော်ကျိန်းဝပ်တော်မူရာ အရပ်ဌာနတို့သည် အလွန်နှစ်သက်ဖွယ်ဖြစ်ပါသည်တကား" (ဆာလံ ၈၄း၁)။

**ဆုတောင်းချက်** - အိုထာဝရဘုရား၊ ကိုယ်တော်၏အိမ်တော်၌နေ၍ ကိုယ်တော်ကို တစ်သက်လုံးချီးမွမ်းမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ စက်တင်ဘာ (၂၅)

**ဆာလံ ၈၅**

ဗျာ ၂၀း၆

*“ဘုရားသခင်သည်၊*
*ဘုန်းကြီးတော်မူစည်သတည်း”*

## အတိတ်လွတ်မြောက်ခြင်း၊ ပစ္စုပ္ပန်ဆင်းရဲဒုက္ခ၊ အနာဂတ်ဘုန်းတော်စံစားခြင်း

“ဖမ်းဆီးသိမ်းသွားခြင်း” ဟူသောစကားလုံးကို တွေ့ရသောကြောင့် (ဆာလံ ၈၅း၁) ဆာလံ ၈၅ အား ဗာဗုလုန်၌ကျွန်ခံခြင်းမှ လွတ်မြောက်ပြီးနောက်၌ ရေးသားခြင်းဖြစ်မည်ဟု ခေတ်သစ်ကျမ်းတတ်ပုဂ္ဂိုလ်များက ဆိုကြ၏။ သို့သော်လည်း Spurgeon က ထိုအချက်ကိုငြင်းဆိုပြီး၊ ယောဘ “ဖမ်းဆီးသိမ်းသွားခြင်း” သည် မိမိပြည်မှဖယ်ရှားခြင်းမဟုတ်သောကြောင့် “ဖမ်းဆီးသိမ်းသွားခြင်း” တိုင်းသည် တိုင်းတပါးသို့ရောက်ရှိခြင်းကို မဆိုလိုပါဟုဆိုခဲ့၏။ ထို့ပြင် ယာကုပ်၏ဖမ်းဆီးသိမ်းသွားခြင်း (ဤသည်ကား ဣသရေလအမျိုးအပေါင်းကို ရည်ညွှန်း၏) ဟုဖော်ပြ၍၊ ပို၍သင့်တော်သော ယုဒဖမ်းဆီးသိမ်းသွားခြင်းဟုမဖော်ပြပါ။ အကြောင်းမှာ ဗာဗုလုန်၌ ဖမ်းဆီးသိမ်းသွားခြင်းခံရခြင်းသည် ယုဒလူများနှင့်သာ သက်ဆိုင်ပါ၏။

Spurgeon က ဤဆာလံရေးသားသောသူမှာ ဒါဝိတ်ဖြစ်သည်ဟုဆို၏။ ထိုသို့ဒါဝိတ်ရေးသားခြင်းမှန်လျှင် ဖိလိတ္တိလက်မှ ဣသရေလလွတ်မြောက်ခြင်းအတိတ်အကြောင်းရေးသားခြင်းဖြစ်ပါလိမ့်မည်။ ဣသရေလလည်ပင်းမှ ဖိလိတ္တိတို့၏တံပိုးကို ပထမဆုံးဖယ်ရှားသောသူသည် ရှောလုဖြစ်ပါသည်။ နောက်ဆုံး၌ဂေါလျတ်ကို သတ်ခဲ့သောဒါဝိတ်က ဖိလိတ္တိလူတို့ကိုအောင်နိုင်ခဲ့၏။ ထိုအောင်မြင်မှုသည် ဘုရားသခင်ပေးတော်မူခြင်းဖြစ်ကြောင်း ဆိုခဲ့၏။ သင်အောင်မြင်မှုတစ်ခုခုရသောအခါမာနထောင်လွှားခြင်းမရှိပါနှင့်။ ဒါဝိတ်ပြုသကဲ့သို့ဘုရားသခင်ကိုချီးမွမ်းပါလော့ (ဆာလံ ၈၅း၁-၄)။

ဆင်းရဲဒုက္ခသည် နှစ်ပေါင်းလေးဆယ်အုပ်စိုးစဉ် ဒါဝိတ်ကြုံတွေ့ခဲ့ရသော အချို့အတွေ့အကြုံဖြစ်ပါသည် (ဆာလံ ၈၅း၅-၉)။ ကျွန်တော်တို့ပြဿနာကြုံတိုင်း ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကိုချဉ်းကပ်ကြပါစို့။ ဘုရားသခင်သည် ကျွန်ုပ်တို့ဆုတောင်းသံကို နားညောင်းတော်မူလိမ့်မည်။ “နောက်တဖန် မိုက်သောအကျင့်ကို မကျင့်ကြပါစေနှင့်” ဟူသောအချက်ကို သတိပြုကြပါစို့။ အကျွန်ုပ်တို့၏ပြဿနာအရင်းအမြစ်သည် ဘုရားသခင်၏ပညတ်တော်ချိုးဖောက်ခြင်း၊ အပြစ်တစုံတရာဖြစ်ကြောင်း တွေ့ရတတ်ပါသည်။

ဤဆာလံ၏တတိယအပိုင်း (ဆာလံ ၈၅း၁၀-၁၃) သည် မိမိနောက်၌ အစိုးရသော ရှောလမုန်အုပ်စိုးသောအချိန် ရွှေခေတ်ကာလအနာဂတ်နိုင်ငံကို ဒါဝိတ်ဖော်ပြခြင်းဖြစ်၏။ ထိုနိုင်ငံသည် ဒါဝိတ်၏ကြီးမြတ်သောသားတော် သခင်ယေရှုခရစ်တော်အုပ်စိုးမည့် နှစ်ပေါင်းတစ်ထောင်ရွှေခေတ်ကာလကို အနည်းအကျဉ်းပုံဖော်ခြင်းဖြစ်၏။ ကျွန်တော်တို့သည် နောက်ဆုံးကာလ၌နေ၍ ဆင်းရဲဒုက္ခများစွာ ခံရကြသောကြောင့် ဘုရားသခင်ထံ အစဉ်ဆုတောင်းကြရပါမည်။ ဤကမ္ဘာမြေကြီး၌ နှစ်ပေါင်းတစ်ထောင်အုပ်စိုးခြင်းမကြာမီရောက်ရှိလာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ခံရသော ဆင်းရဲဒုက္ခထဲမှ ပေါ်ထွန်းလာမည့် ရွှေနေ့သစ်ရောင်ခြည်ကို လှမ်းမြင်ရပါသည်။ သခင်ယေရှုကြွလာတော်မူပါ။ အာမင်။

**ဆင်ခြင်ရန်** - (ဆာလံ ၈၅း၈ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - (ဆာလံ ၈၅း၂ ကို အသုံးပြု၍ ဘုရားသခင်ကိုချီးမွမ်းလော့)။

## ဒါဝိတ်၏ဆုတောင်းချက်

ဒါဝိတ်က မိမိ၏ကိုယ်ပိုင်ဆာလံဟုခေါ်သော ဆာလံနှစ်ပုဒ်ရေးသားထားပါသည်။ တစ်ခုမှာ၊ များစွာသောဆာလံတို့သည် ဆုတောင်းခြင်းများဖြစ်ကြသော်လည်း “ဒါဝိတ်၏ဆုတောင်းချက်” ဟုခေါ်သော ဆာလံ ၈၆ ဖြစ်ပါသည်။ အခြားတစ်ခုမှာ “ဒါဝိတ်၏ချီးမွမ်းခြင်း” ဟုခေါ်သော ဆာလံ ၁၄၅ ဖြစ်ပါသည်။

ဤဆာလံနှစ်ပုဒ်ထဲတွင် ဒါဝိတ်က ထွက်မြောက်ရာကျမ်း ၃၄း၆-၇ ထဲမှ မောရှေ၏ အရေးအသားကို ကိုးကားခဲ့ပါသည်- “ထာဝရဘုရား၊ ထာဝရဘုရား ချစ်သနားခြင်းမေတ္တာဂရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက် တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်တော်မူသောဘုရားသခင်ဟု ကြွေးကြော်တော်မူ၏”။

ဒါဝိတ်သည် ဂရုဏာတော်၊ ကျေးဇူးတော်၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသော ဘုရားသခင်၌ မျှော်လင့်ခြင်းရှိ၏။ ထို့ကြောင့် မိမိ၏တောင်းလျှောက်ခြင်းကို နားညောင်းတော်မူမည်ဟု ယုံကြည်ခဲ့ပါသည်။ ဒါဝိတ်သည် လမ်းပြပို့ဆောင်ခြင်းအတွက် ဆုတောင်းခဲ့ပါသည်။ သမ္မာတရားလမ်း၌ လျှောက်သွားမည်အကြောင်း သွန်သင်ခြင်းကို လိုက်နာခြင်းငှါ ဒါဝိတ်အလိုရှိပါ၏။ ဒါဝိတ်၏ဆုတောင်းချက်တွင် ချီးမွမ်းခြင်းများစွာပါ၏။ ချီးမွမ်းခြင်းသည် ဆုတောင်းခြင်းအစိတ်အပိုင်းဖြစ်ပါသည်။ သင်ဆုတောင်းသောအခါ ဘုရားသခင်ကိုချီးမွမ်းပါသလား။

မိမိကိုဆန့်ကျင်သော ထောင်လွှားသောသူ၊ ဘုရားသခင်ကို မထီမဲ့မြင်ပြုသောသူသည် အောင်မြင်ခြင်းမရကြောင်း ဖော်ပြခြင်းဖြင့် ဒါဝိတ်သည်မိမိကိုယ်ကို ခွန်အားပေးခဲ့၏။ ဝါကြွားသောသူနှင့် မောက်မာသောသူတို့ဘက်၌ မရပ်တည်မည်အကြောင်း ကျွန်တော်တို့သတိပြုရပါမည်။

မိမိ၏ရန်သူတို့သည် အရှက်ရစေခြင်းငှါ ဘုရားသခင်သည်မိမိအပေါ် ကောင်းမြတ်တော်မူကြောင်းသက်သေကို ဒါဝိတ်တောင်းလျှောက်ခဲ့၏။ ဤသည်ကား ဥပဒေနှင့်ညီသော တောင်းလျှောက် ခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် အကျွန်ုပ်တို့အား ရန်သူများရှေ့၌ ထင်ရှားသောသက်သေအားဖြင့် ကောင်းကြီးပေးတော်မူလိမ့်မည်။ ဒါဝိတ်၏အသက်တာ၌ ပျက်စီးခြင်းကို ဖြစ်စေမည့်အရာအား ဘုရားသခင်၏မစတော်မူခြင်းဖြင့် ကောင်းကြီးမင်္ဂလာအဖြစ် ပြောင်းလဲသောအရာသင်မှတ်မိပါ သလား။ ၁ ရာ ၂၆ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - “အိုထာဝရဘုရား၊ ကိုယ်တော်သည် ကောင်းသောသဘော၊ သည်းခံတတ်သော သဘောနှင့်ပြည့်စုံ၏” (ဆာလံ ၈၆း၅)။

**ဆုတောင်းချက်** - (ဆာလံ ၈၆း၁၁ ကိုအသုံးပြုပါ)။

ကြာသပတေး၊ စက်တင်ဘာ (၂၇)

**ဆာလံ ၈၇**
တမန် ၁၃း၂၆

*“. . . ထာဝရဘုရားကို မြော်လင့်သောသူတို့မူကား၊. . . ”*

---

## “ဇိအုန်၊ အကျွန်ုပ်တို့ဘုရားသခင်၏မြို့တော်၊ သင်၏ဘုန်းအသရေတော် ကြားပြောခြင်းရှိ၏”

ဣသရေလသည် ကတိတော်ပြည်သို့ဝင်ရောက်ကြသောအခါ ဧဖရိမ်တောင် ရှိလော့မြို့၌ တဲတော်တည်ခြင်းငှါ အမိန့်ပေးခြင်းခံရ၍ ထိုအရပ်၌သူတို့သည် ဝတ်ပြုကိုးကွယ်ခြင်းပြုရမည်ဖြစ်၏။ တဲတော်သည် ရှိလော့မြို့၌ယောရှုခေတ်မှစ၍ ဖိလိတ္တိလူတို့က ပဋိညာဉ်သေတ္တာတော်သယ်ဆောင်သောအချိန် ဧလိခေတ်အထိ တည်ရှိခဲ့၏။ ထိုပဋိညာဉ်သေတ္တာတော် ဣသရေလသို့ ပြန်လည်သယ်ဆောင်သောအခါ၌လည်း အဘိနဒပ်၏အိမ်၌ထားခဲ့ကြ၏ (၁ ရာ ၇း၁)။

ဒါဝိတ်ရှင်ဘုရင်ဖြစ်လာသောအခါ ထိုသေတ္တာတော်ကို ယေရုရှလင်သို့ သယ်ဆောင်ခဲ့၏။ ယေရုရှလင်၌ ဘုရားသခင်ခိုင်းစေသည်အတိုင်း ဗိမာန်တော်တည်ဆောက်ရမည်ဖြစ်၏။ ယေရုရှလင် ဒါဝိတ်၏နန်းတော်တည်ရာ ဇိအုန်သည် ဘုရားသခင်၏အိမ်တော်တည်ဆောက်မည့်နေရာဖြစ်ပါသည်။ ဤအချက်သည် ဇိအုန်သို့မဟုတ်ယေရုရှလင်အား ဣသရေလ၏အခြားမြို့အပေါင်းတို့ထက် ပို၍ချစ်ခင်နှစ်သက်ခံရခြင်းအကြောင်းရင်းဖြစ်ပါသည်။ ယနေ့ဣသရေလသို့ပြန်သွားသောသူတို့သည် ယေရုရှလင်မြို့သို့ဦးစွာ သွားတတ်ကြ၏။ ခရစ်ယာန်ဘုရားဖူးတို့သည်လည်း အကျွန်ုပ်တို့၏သခင် ကားတိုင်၌အသေသတ်ခြင်းခံရာနေရာ၊ သုံးရက်မြောက်သောနေ့၌ရှင်ပြန်ထမြောက်ရာနေရာဖြစ်သော ယေရုရှလင်ကို မဖြစ်မနေသွားရောက်တတ်ကြ၏။ မွတ်စလင်တို့ကပင်လျှင် ယေရုရှလင်မြို့ကို Mecca နှင့် Medina ပြီးလျှင် တတိယအသန့်ရှင်းဆုံးမြို့အဖြစ် သတ်မှတ်ကြ၏။ အကြောင်းမှာ သူတို့၏ပရောဖက်မိုဟာမက်သည် ယေရုရှလင်မြို့မှ ကောင်းကင်သို့ ကြွသွားတော်မူသည်ဟု မှားယွင်းစွာ ထင်မှတ်ကြသောကြောင့်ဖြစ်ပါသည်။

ဆာလံ ၈၇း၁ တွင် ယေရုရှလင်မြို့သည် သန့်ရှင်းသောတောင်ပေါ်၌တည်ထားခြင်းခံရသည်ဟု ဆိုခဲ့၏။ ကမ်းရိုးတန်းမှတက်လာသောသူသည် အဝေးကပင် သန့်ရှင်းသောမြို့တော်၏ လှပမှုကို ရှုစားရပါသည်။ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၆၀၀ မြင့်သောတောင်ပေါ်တွင် တည်ထားခြင်းဖြစ်သောကြောင့် ထိုအရပ်မှ ပတ်ဝန်းကျင်အလှအပများကို မြင်တွေ့နိုင်ပါသည်။ ဝိညာဉ်ရေးရာအားဖြင့် ယေရုရှလင်မြို့သည် ဣသရေလရှိအခြားမြို့အပေါင်းထက် သာလွန်ခြင်းရှိ၏။ အကြောင်းမှာ ထိုအရပ်၌ဘုရားသခင်၏အိမ်တော်တည်ရှိသောကြောင့်တည်း။

ဘုရားသခင်ကျိန်းဝပ်တော်မူရာ ယေရုရှလင်မြို့၌မွေးဖွားခြင်းသည် အလွန်မင်္ဂလာရှိပါ၏။ ဘုရားသခင်၏အသင်းတော်၌ ဒုတိယမွေးဖွားခြင်းခံရခြင်းသည် ပို၍မင်္ဂလာရှိပါသည်။ ဖိလိတ္တိပြည် တုရုပြည်၊ ကုရှုပြည်သို့သော တပါးအမျိုးသားပြည်၌ မမွေးဖွားဘဲ ဘုရားသခင်မွေးဖွားစေသော အကျွန်ုပ်တို့သည် ပို၍ကျက်သရေရှိ၏။ ကောင်းကင်ဘုံ၌ နာမည်ရေးထားခြင်းခံရခြင်းငှါ ငယ်စဉ်အခါမှ ကယ်တင်ခြင်းအလင်းကို လက်ခံရရှိရာနေရာ၊ ခရစ်ယာန်မိသားစု၌ မွေးဖွားခြင်းသည် အလွန်မင်္ဂလာရှိလှပါသည်တကား။

**ဆင်ခြင်ရန်** - (ဆာလံ ၈၇း၂ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏မိသားစုဝင်ဖြစ်သောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

## HEMAN ၏မြည်တမ်းစကား

"မြည်တမ်းစကား" ဖြစ်သော ဆာလံ ၈၈ သည် "ဇေရအမျိုး Heman" ကစပ်ဆိုပြီး၊ ဝမ်းနည်းခြင်းအသံကို ဖြစ်ပေါ်စေသော တူရိယာနှင့်တကွဆိုခြင်းငှါ ကောရသားများထံသို့ ပေးအပ်ခဲ့ပါသည်။ တံပိုးနှင့်မဟုတ်ဘဲ ပုလွေနှင့်ဆိုရမည်ဖြစ်ပါသည်။ "... ငိုကြွေးသောသူတို့နှင့်အတူ ငိုကြွေးခြင်းကို ပြုကြလော့" (ရောမ ၁၂း၁၅)။ ကာလသရေလ၌ ပညာအရှိဆုံးထဲမှတစ်ဦးဖြစ်သော Heman သည် ယေရမိကဲ့သို့ ဘုရားသခင်က နာကျင်ခြင်းဝေဒနာကို ခံစားစေခြင်းအားဖြင့် ဝမ်းနည်းခြင်းကြုံတွေ့နေရသောသူတို့အား နှစ်သိမ့်ခြင်းငှါ ဤမြည်တမ်းခြင်းကို စပ်ဆိုနိုင်ခြင်းဖြစ်၏။

ဆာလံ ၄၂း၅-၈ ထဲတွင် ဤသို့ဖော်ပြထားပါသည်- "အိုငါ့ဝိညာဉ်၊ သင်သည်အဘယ်ကြောင့် ညှိုးငယ်သနည်း။ ငါ့အထဲမှာအဘယ်ကြောင့် မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကို မြော်လင့်လျက်နေလော့။ ငါ့ကိုကယ်တင်တော်မူသောအရှင်၊ ငါကိုးကွယ်သောဘုရားသခင်၏ ကျေးဇူးတော်ကို ငါချီးမွမ်းထောမနာပြုရလေအံ့သတည်း။ ... ရေဘွဲ့တော်များအသံဗလံနှင့်တကွ ဝဲဩဃတစ်ခုကို တစ်ခုဟစ်ခေါ်၍ လှိုင်းတံပိုးတော်အပေါင်းတို့သည် အကျွန်ုပ်ကိုလွှမ်းမိုးကြပါသည်။ သို့သော်လည်း ထာဝရဘုရားသည် နေ့အခါ သနားခြင်းကျေးဇူးတော်ကို ပေးချတော်မူ၏။ ညဉ့်အခါ၌လည်း ဂုဏ်တော်ကိုသီချင်းဆိုလျက် ငါ၏အသက်သခင်ကို ပဌနာပြုလျက်ငါနေ၏"။

ဝမ်းနည်းသောစိတ်နှလုံးမှစီးဆင်းလာသော မျက်ရည်သည် စိတ်နှလုံးဝန်ကို ပေါ့စေပြီး၊ မှောင်မိုက်သောအခြေအနေကို အကောင်းမြင်တတ်ခြင်းငှါ မျက်စိကြည်လင်စေပါသည်။ ဘုရားသခင်၏သားသမီးများအဖို့ ငိုကြွေးမြည်တမ်းစေသောအရာသည် မိမိအတွက်သာမက သူတပါးအတွက်ပင်လျှင် ဝမ်းမြောက်စရာအကြောင်း ဖြစ်လာနိုင်ပါသည်။ Heman ခံစားရသော စိတ်နှလုံးနာကျင်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်အဖို့ ဝမ်းမြောက်စရာသီချင်းအဖြစ် ပြောင်းလဲခဲ့ပါသည်။ ထို့ကြောင့်ဆာလံကို သီချင်းဟုခေါ်ကြခြင်းဖြစ်ပါသည်။

သင့်စိတ်နှလုံးသည် ဝမ်းနည်းခြင်းကြောင့် ပင်ပန်းနေပါသလား။ ဤဆာလံကိုဖတ်ပါ။ သင့်ဝိညာဉ်အဖို့ ဆေးကောင်းတစ်လက်ဖြစ်ပါသည်။ ရှင်ပေါလုဖော်ပြသော နာကျင်ခြင်းဝေဒနာအားဖြင့် မိဿဟာယဖွဲ့ခြင်းအကြောင်းကို ကြည့်ကြပါစို့။ "... ငါသည်လည်း အသေခံ၍ ထိုသခင်ကိုငှင်း၊ ထမြောက်တော်မူခြင်း၏တန်ခိုးကိုငှင်း၊ ဆင်းရဲခံတော်မူခြင်းကိုဆက်ဆံ၍ ခံခြင်းကိုငှင်း သိကျွမ်းခြင်းငှါ" (ဖိ ၃း၁၁)။ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးက "ဤဆာလံ၌ ဆင်းရဲဒုက္ခခံသော ကယ်တင်ရှင်၏အသံကို ကြားရပါ၏" ဟုဆိုခဲ့ပါသည်။ ပို၍မြတ်သောပုလွေမှုတ်သမားသည် ခရစ်တော်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "အကျွန်ုပ်ကို ကယ်တင်တော်မူသောထာဝရဘုရား၊ အကျွန်ုပ်သည် ရှေ့တော်၌ နေ့ညဉ့်မပြတ်အော်ဟစ်ပါ၏" (ဆာလံ ၈၈း၁)။

**ဆုတောင်းချက်** - "အကျွန်ုပ်ပြုသောပဌနာသည် အထံတော်သို့ဝင်ပါစေသော်။ အော်ဟစ်သံကို နားထောင်တော်မူပါ" (ဆာလံ ၈၈း၂)။

စနေ၊ စက်တင်ဘာ (၂၉)

**ဆာလံ ၈၉**

၁ တိ ၁း၁၇

*"ယေရှုတွက် ကျွန်တော်အကောင်းဆုံး လုပ်ဆောင်ပါသလား"*

---

# ဒါဝိတ်၏ရာဇပလ္လင်သီချင်းဆိုကြလော့

ဒါဝိတ်၏ရာဇပလ္လင်တည်ထောင်ခြင်းအကြောင်းဖြစ်သော ဆာလံ ၈၉ ၏ နောက်ခံသမိုင်းအကြောင်းကို ၂ ရာ ၇ ထဲတွင်တွေ့ရပါသည်။ ဒါဝိတ်သည် ဘုရားသခင်၏စစ်ပွဲတိုက်လှန်ပြီးသည်နှင့်တပြိုင်နက် သူ၏စိတ်သည် ဘုရားသခင်၏အိမ်တော်တည်ဆောက်ခြင်းဘက်သို့ ရောက်ရှိခဲ့၏။ ပရောဖက်နာသန်အား ဒါဝိတ်စကားပြောသောအခါ နာသန်က "အကြံတော်ရှိသမျှအတွင်းပြုတော်မူပါ။ ထာဝရဘုရားသည် ကိုယ်တော်နှင့်အတူရှိတော်မူသည်ဟု ပြန်လျှောက်၏" (၂ ရာ ၇း၃)။ ဘုရားသခင်အတွက် မိမိ၏စိတ်အားထက်သန်မှုကြောင့် ဘုရားသခင်က ကောင်းကြီးပေးခဲ့၏။ "...သင်သည် ငါနေစရာဘို့ အိမ်ကိုဆောက်ရမည်လော။ ...သင်သည်အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူ အိပ်ပျော်သောအခါ သင်၏ရင်သွေး၊ သင်မှဆင်းသက်သောသားကို ငါချီးမြှောက်၍၊ သူ၏နိုင်ငံကိုတည်ထောင်မည်။ ထိုသားသည် ငါ၏နာမဘို့ အိမ်ကိုဆောက်လိမ့်မည်။ သူထိုင်သောရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်" (၂ ရာ ၇း၅-၁၃)။

ဘုရားသခင်၏နိုင်ငံတော်အတွက် သင်ကြိုးစားအားထုတ်မှုရှိပါသလား။ ထိုနိုင်ငံတော်ကျယ်ပြန့်ဖို့အတွက် သင်ပေးလှူခဲ့သောအချိန်၊ စွမ်းအားနှင့်ငွေကြေးတို့အတွက် ဘုရားသခင်ဆုလာဘ်ပေးတော်မူမည်။ ဘုရားသခင်သည် အဆပေါင်းများစွာ ပြန်လည်ပေးအပ်မည်ဖြစ်၏။ "သင်တို့သည်အရာရာ၌ သုံးလောက်သောဥစ္စာအမျိုးမျိုး အစဉ်ရှိ၍၊ ကောင်းသောအကျင့်အမျိုးမျိုးနှင့် အထူးသဖြင့် ပြည့်စုံမည်အကြောင်း အမျိုးစုံသော မင်္ဂလာကျေးဇူးနှင့် အထူးသဖြင့် ပြည့်စုံစေခြင်းငှါ ဘုရားသခင်တတ်နိုင်တော်မူ၏" (၂ ကော ၉း၉)။

ရှောလမုန်၏အပြစ်ကြောင့် ဒါဝိတ်နိုင်ငံတော်သည် နှစ်ခြမ်းကွဲခဲ့သော်လည်း ဒါဝိတ်၏နိုင်ငံတော်သမိုင်းအကြောင်း ကြည့်ခြင်းဖြင့် ဘုရားသခင်သည် ဒါဝိတ်၏ပလ္လင်တော်တည်မြဲစေခြင်းအမှုနှင့်ပတ်သက်၍ မိမိ၏နှုတ်ထွက်စကားတော်ကို စောင့်ရှောက်ကြောင်း တွေ့ရပါသည်။ ဤဆာလံ၏ နောက်ဆုံးပိုင်းသည် ဒါဝိတ်၏သားစဉ်မြေးဆက်အပေါ် ကျရောက်မည့် မကောင်းမှုနေ့ရက်အတွက် မြည်တမ်းခြင်းဖြစ်သော်လည်း နောက်ဆုံး၌ဒါဝိတ်၏ ကြီးမြတ်သောသားတော် အုပ်စိုးမည့်အချိန်၌ ဒါဝိတ်၏ပလ္လင်တော်ပြန်လည်တည်ထောင်ခြင်းခံရလိမ့်မည်။ "ဒါဝိတ်မင်း၏ရာဇပလ္လင်ပေါ်မှာ ထိုင်၍နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်" (ဟေရှာ ၉း၇)။ ဤသည်ကား သတင်းကောင်းခေတ်မှစ၍ ဤကမ္ဘာ၌တည်ရှိမည့် နှစ်တစ်ထောင်အုပ်စိုးခြင်းအထိဖြစ်သော ခရစ်တော်၏နိုင်ငံတော်ပင်ဖြစ်ပါသည်။

ယနေ့ဣသရေလသည် အမိမြေ၌ပြန်လည် စုစည်းခဲ့ကြသော်လည်း၊ အာရပ်နိုင်ငံများမှ မရေမတွက်နိုင်သော အမင်္ဂလာများ၏ ဝန်းရံခြင်းခံနေရပါသည်။ ဘုရားသခင်ရွေးနှုတ်တော်မူသော လူမျိုးဖြစ်သောကြောင့် ခရစ်တော်ဤလောကသို့ကြွလာသောအခါ သူတို့သည် ကယ်နှုတ်ခြင်းခံရလိမ့်မည်။ ပို၍ကြီးမြတ်သောဒါဝိတ်သည် မိမိခမည်းတော်၏ပလ္လင်ပေါ်၌ ထိုင်လိမ့်မည်။

**ဆင်ခြင်ရန်** - (ဆာလံ ၈၉း၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၈၉း၈ ကိုအသုံးပြုပါ)။

**ဆာလံ ၉၀**
၁ ကော ၁၅း၂၂-၃၂

*ကျွန်တော်တို့သည်ဤလောက၌ ညှော့သည်များသာဖြစ်ကြ၏*

## မကြာမီပျောက်ကွယ်မည့်ဘဝတစ်ခုရှိ၏၊ ခရစ်တော်အတွက်ပြုသော အမှုသာလျှင်ထာဝရတည်လိမ့်မည်

ဆာလံ ၉၀ ၏ခေါင်းစဉ်က မောရှေသည် ဤဆာလံရေးစပ်သောသူဖြစ်ကြောင်း ဖော်ပြပါသည်။ မောရှေက အခြားဆာလံသီချင်းဖြစ်သော ထွက်မြောက်ရာကျမ်း ၁၅း၁-၁၉ နှင့် တရားဟောရာကျမ်း ၃၂း၁-၄၃ ကိုလည်း ရေးသားထားပါသည်။

Calvin က လူသည်မိမိဘဝတိုတောင်းခြင်းကို သိသော်လည်း ဤလောက၌ ထာဝရနေထိုင်မည့်သူကဲ့သို့ ယခုဘဝနှင့်ဆိုင်သောအရာများအတွက်သာ အစီအစဉ်ဆွဲကြကြောင်း ဖော်ပြခဲ့ပါသည်။ လူ့ဘဝသက်တမ်းသည် နှစ် ၇၀ သာရှိ၍၊ အားကြီးလျှင် နှစ် ၈၀ ရှိကြောင်း သိခြင်းဖြင့် နောင်ဘဝအတွက် ပြင်ဆင်မှုပြုခြင်းသည် ပညာနှင့်ယှဉ်သောအမှုဖြစ်၏။ ဤလူ့ဘဝသက်တမ်းသည် ယနေ့ခေတ်သစ်၏သက်တမ်းဖြစ်ပါသည်။ မောရှေသည် မျိုးဆက်နှစ်ဆက်အသက်ရှင်သော်လည်း သူ၏အသက် ၁၂၀ တွင် "သူ၏မျက်စိမမှုန်သေး၊ ခွန်အားလည်းမလျော့သေး" (တရား ၃၄း၇) ဘဲလျက်၊ သေဆုံးခဲ့ပါသည်။ ယနေ့ခေတ်သစ်ဆေးဝါးအားဖြင့် လူ့အသက်ကို နှစ် ၁၀၀ ထိ ဆွဲဆန့်နိုင်သည်ရှိသော်၊ မောရှေ၏အသက်ကိုမမီသေးပါ။ စာဖတ်သူ၊ သင်သည်ဒီနှစ်၌အသက် မည်မျှရှိပါသနည်း။ နောင်ဘဝအတွက် သင်ပြင်ဆင်မှုပြုပြီးပါသလား။

လူသည် ထာဝရအဘဘုရား၊ အနန္တတန်ခိုးရှင်ဘုရားသခင်ရှေ့တော်၌ နှစ်ပေါင်း ၈၀ အထိ အသက်ရှင်ခဲ့ပါလျှင် ထိုအသက်ရှင်ချိန်သည် ဒီရေကဲ့သို့သာဖြစ်၍၊ ခဏငိုက်မြည်းသော အချိန်ကဲ့သို့သာဖြစ်ပြီး၊ နံနက်၌ ပွင့်လန်းပြီး ညနေ၌နွမ်းလျသွားသောမြက်ပင်ကဲ့သို့သာဖြစ်ပါသည်။ ညဉ့်ယံတစ်ယံကဲ့သို့ဖြစ်၍၊ ပုံပြင်တစ်ပုဒ်ကဲ့သို့သာဖြစ်ပါသည်။ ထို့ပြင် အိုမင်းသောအချိန်အထိ အသက်ရှင်ခြင်း၌ အာမခံချက်မရှိပါ။ အပြစ်ကြောင့်ကျိန်ခြင်းခံရသော ဤလောက၌အသက်ရှင်စဉ် အကျွန်ုပ်တို့အသက်သည် အနာရောဂါ၊ မတော်တဆထိခိုက်ခြင်း၊ စစ်ပွဲ၊ ငတ်မွတ်ခြင်းစသည့် အရာများကြောင့် ပျောက်ဆုံးနိုင်ပါသည်။ ဤအမှုအရာအလုံးစုံတို့သည် ဘုရားသခင်၏အဆုံးစွန် အာဏာတော်အောက်၌ မိမိ၏စီမံချက်နှင့်ခွင့်ပြုချက်အတိုင်း ဖြစ်ပွားကြပါသည်။ ထို့ကြောင့် မောရှေက "လူမျိုးကိုကား၊ ကြေမွစေတော်မူ၏။ အချင်းလူသားတို့ ပြန်ကြလော့ဟု မိန့်တော်မူ၏" (ဆာလံ ၉၀း၃) ဟုဆိုခဲ့၏။ အပိုဒ်ငယ် ၇ ထဲတွင် ဆက်လက်၍ "အမျက်တော်ထွက်သောအားဖြင့် အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်ကြပါ၏။ စိတ်တော်မပြေသောကြောင့် စိုးရိမ်တုန်လှုပ်ခြင်းရှိကြပါ၏" ဟုဆိုခဲ့ပါသည်။

လူ့ဘဝသက်တမ်းတိုတောင်းခြင်းကြောင့် အချို့သောသူသည် Epicurean အတွေးအခေါ်ကို လက်ကိုင်၍ "စားကြကုန်အံ့၊ သောက်ကြကုန်အံ့၊ နက်ဖြန်သေရကြမည်" (၁ ကော ၁၅း၃၂) ဟုဆိုကြ၏။ သို့သော်လည်း သေခြင်းသည် အရာခပ်သိမ်း၏အဆုံးသတ်ဖြစ်ပါသလား။ ဟေဗြဲ ၉း၂၇ တွင် "လူသည်တစ်ခါတည်းသေ၍၊ ထို့နောက်မှ တရားစီရင်တော်မူခြင်းကို ခံရ" လိမ့်မည်ဟု တွေ့ရပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၉၀း၁၀ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်သည် ပညာတရားကိုနှလုံးသွင်းမိမည်အကြောင်း ကိုယ်နေ့ရက်ကာလကို ရေတွက်နိုင်စေခြင်းငှါ သွန်သင်တော်မူပါ။